www.burmeseclassic.com

မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်း ရှုထောင့်

မှုခင်းနှင့်ရသ စုံမဂ္ဂဇင်း

VOL (E) . N0 ( 37 )   ၂၀၁၄ ခုနှစ် ၊ မတ်လ




BURMESE CLASSIC .com

မှုခင်း
မှုခင်း
မှုခင်း
မှုခင်း

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----

မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြ-၀၃၈၂၈ဖြင့် ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံနှိပ်ထုတ်ဝေပါသည်။

30 JAN 2014

နာယက - ဦးတင်လှိုင် (ဝန်ကြီး-ငြိမ်း)

နာယကအဖွဲ့ဝင်များ - ဦးစောငွေ (ဒုညွှန်ချုပ်-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၊ ရဲမှူးချုပ်တင်ဝင်း (ငြိမ်း)၊ ရဲမှူးကြီးအောင်ဗိုင်း (ငြိမ်း)၊ ရဲမှူးကြီး မြင့်စိုး (ငြိမ်း)

ဥပဒေအကြံပေးအဖွဲ့ - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း)၊ ဒုရဲမှူးကြီး ခင်မောင်ဝင်း (ငြိမ်း)၊ ဦးဘဝင်း (ဒုညွှန်မှူး-ထွေ/အုပ်(ငြိမ်း)၊ ဦးရဲထွန်း (လက်ထောက်ညွှန်မှူး-ဥပဒေ-ငြိမ်း)

အကြံပေးလမ်းညွှန်မှု - ဒေါ်သက်ရီ (အကြံပေး-မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

အယ်ဒီတာချုပ် - ဦးသက်နိုင်ဦး (အမှုဆောင်အရာရှိချုပ်)

ဒုတိယအယ်ဒီတာချုပ်နှင့်တာဝန်ခံအယ်ဒီတာ -မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ (မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တွဲဖက်အတွင်းရေးမှူး)

အထွေထွေအုပ်ချုပ်ရေးမှူး- ဒေါ်ညိုညိုစိမ့် (ဒုတိယအမှုဆောင်အရာရှိချုပ်)

အထွေထွေအကြံပေးအဖွဲ့ - ဦးမင်းဆွေ(AE ဆောက်လုပ်ရေး-ငြိမ်း)၊ ဦးအေးမြင့်(SAE-ငြိမ်း)၊ ဗိုလ်ကြီးစိုးပိုင် (ငြိမ်း)၊ ဦးကျော်ဆန်း (လ/ထဦးစီးမှူး)

စီမံလုပ်ငန်းကြီးကြပ်ရေးမှူး- ဒေါ်တင်တင်အောင်

တွဲဖက်အုပ်ချုပ်ရေးမှူး - ဦးဌေးနိုင်၊ ဦးအောင်ကျော်ဦး

စီမံအဖွဲ့မှူး - ဒေါ်ခင်စန်းဝင်း၊ ဒေါ်မြမြလှိုင်

ကွန်ပျူတာ - တင်လင်းဦး

ဖိုင်းတာဝန်ခံ - စောဝဏ္ဏ

BURMESE CLASSIC .com

စီမံလုပ်ငန်းအဖွဲ့ - ဒေါ်လှိုင်လေးဝင်း၊ ဦးတင်ကြိုင်

စာအုပ်ချုပ်အဖွဲ့ - ဦးတင်ဦး၊ ဦးမြင့်ဦးအဖွဲ့

ပုံနှိပ် - စိန်နဂါးပုံနှိပ်တိုက်

အဆုံးဖလင် - EAGLE COLOUR SEPARATION

### ရှုထောင့်ဗီဒီယာအဖွဲ့၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဗီဒီယာရုံးခွဲများ

ဦးအောင်မင်းအဖွဲ့ (ရန်ကုန်တိုင်း)၊ နေပြည်တော်အဖွဲ့၊ ဦးခင်ဇော်ဦးအဖွဲ့ (ကရင်ပြည်နယ်)၊ ဦးသိန်းလှိုင်အဖွဲ့ (မွန်ပြည်နယ်)၊ ဦးသိန်းဇော်ဦးအဖွဲ့ (မူဆယ်/ရှမ်းမြောက်)၊ ဦးစံဇာထီအောင်အဖွဲ့ (လားရှိုး/ရှမ်းမြောက်)၊ ဦးမြင့်အောင်အဖွဲ့ (ကယားပြည်နယ်)၊ ဦးအောင်ကျော်ဦးအဖွဲ့ (ကချင်ပြည်နယ်)၊ ဦးဇော်ရှင်းအဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အရှေ့ပိုင်း)၊ ဒုရဲမှူးကြီးခင်မောင်ဝင်း(ငြိမ်း)အဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အနောက်ပိုင်း)၊ ဦးတင်စိုးအဖွဲ့ (သာယာဝတီခရိုင်/ကြို့ပင်ကောက်)၊ ဦးရွှေဝင်းအဖွဲ့ (ပြည်ခရိုင်)၊ ဦးအောင်သန်းထွန်/ဦးမျိုးဆွေဦးအဖွဲ့ (ပြည်မြို့နယ်)၊ ဦးမြင့်တင်အဖွဲ့ (ပဲခူးမြို့နယ်)၊ ဦးထွန်းမြင့်အဖွဲ့ (ပန်းတောင်း/ဥက္ကံစိုင်)၊ ဦးလှထူးအဖွဲ့ (အောင်လံ/မြလို့)၊ ဦးမျိုးသက်အောင်အဖွဲ့ (ဇီးကုန်း)၊ ဦးအောင်မြင့်အဖွဲ့ (ရွှေတောင်)၊ ဦးတင်ဝင်းအဖွဲ့ (ဂုတီးတုန်း)၊ ဦးခင်သောင်းအဖွဲ့ (သဲကုန်း)၊ ဦးတင်မောင်ကြည်အဖွဲ့ (ပေါင်းတည်)၊ ဦးထွန်းဝေအဖွဲ့ (တံမ)၊ ဦးတင်ဝင်းအဖွဲ့ (အုတ်ဖို)၊ ဦးသိန်းလွင်အဖွဲ့ (နတ်တလင်း)၊ ဦးစိုင်းဇော်ဇော်အဖွဲ့ (အင်းမ/ဝတ်ဂုတ်)၊ ဦးမောင်မောင်သိန်း/ဦးသက်ဝင်းအဖွဲ့ (ခင်းလှ)၊ ဦးမြင့်လွင်အဖွဲ့ (သာပေါင်း)၊ ဦးအေးအောင်အဖွဲ့ (ပေါင်းတလည်)၊ ဦးထူးထူးအဖွဲ့ (လက်ပံတန်း-၁)၊ ဦးဝင်းဇော်အဖွဲ့ (မိုးညို)၊ ဦးအေးစိုးအဖွဲ့ (တသာတ)၊ ဦးမောင်မောင်စိုးအဖွဲ့ (ဘုရားကြီး)၊ ဦးအောင်မျိုးဦးအဖွဲ့ (ကျောက်တံခါး)၊ ဦးအောင်ဇော်မင်းအဖွဲ့ (မြန်အောင်)၊ ဒုရဲမှူးတင်လှိုင်(ငြိမ်း)အဖွဲ့ (ပေါက်ခေါင်း)၊ ဦးချစ်လှအဖွဲ့ (ကြံခင်း)၊ ဦးစိုးမင်းအဖွဲ့ (ဘက်ရဲ)၊ ဦးကျော်နိုင်ဦးအဖွဲ့ (ကဝမြို့နယ်)၊ ဦးသန်းဝင်းအဖွဲ့ (ချောက်)၊ ဦးလှရွှေအဖွဲ့ (ကျောက်ပန်းတောင်း)၊ ဦးစိန်ဝင်းအဖွဲ့ (ရေစကြို)၊ ဦးစိုးမြင့်အဖွဲ့ (ဘိုတလေး)၊ ဒေါ်သန်းသန်းဆွေအဖွဲ့ (တမာရှုတ်)၊ ဦးမိုးအဖွဲ့ (အရှေ့ပိုင်းခရိုင်/သာကေတ)၊ ဒေါ်လှလှကြည်အဖွဲ့ (မြောက်ပိုင်းခရိုင်/လှိုင်သာယာ-၁)၊ ဦးတင်ထွန်းဦးအဖွဲ့ (မြောက်ပိုင်းခရိုင်/လှိုင်သာယာ-၂)၊ ဦးဝင်းလှိုင်အဖွဲ့ (ဒေါပုံ-၁)၊ ဦးတင်လှိုင်အဖွဲ့ (ဒေါပုံ-၂)၊ ဦးထွန်းထွန်းမင်းအဖွဲ့ (ပိုင်းမော်မြို့နယ်)၊ ဦးအောင်အောင်လွင်အဖွဲ့ (မြစ်ကြီးနား)၊ ဦးကြည်ထွန်း/ဦးခင်ဇော်အဖွဲ့ (ဆိပ်ဖြူ)

### သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ၊ (၉၆)၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့။ PH: 01-297297, 01-9000017, FAX : 01-397164

Email : shuhtaunt@gmail.com, nyonyosajnnt@gmail.com, www.shuhtauntheadofficeygn.com

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃာ မေ သရဏံ အညံ နတ္ထိ။

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိံမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေပူရေန္တု သင်္ကပ္ပါ။

ပြောင်း-တစ်ရှာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဇူးအထူးသိလျက် ဆရာစက်၊ ဖြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချီ ယောဇနာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများပြင်မှုမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။

ပြောင်း-နမော ဗုဒ္ဓါနုဘာဝေန၊ ပြောင်း-နမောဓမ္မာနုဘာဝေန၊ ပြောင်း-နမော သံဃာနုဘာဝေန၊
ပြောင်း-နမော ဒူရေ-ဒူရေ သွား ဟုံ-ဟုံ။

BURMESE CLASSIC .com

**ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း**

**နိယာမ ဆရာအောင်ကျော်မင်း**

သာဝိတ္ထုဆန်းဗေဒင်

➤ သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလားကံကောင်း ပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား ဆရာထံလာပြီး အမည်တောင်းခံပါ။

➤ စာမေးပွဲအောင်ဖို့၊ကျန်းမာဖို့၊ချမ်းသာဖို့၊အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ်အနှောင့် အယှက်ကင်း၍နိုင်ငံခြားခရီးအမြန်ရောက်စေဖို့၊ မိမိချစ်သူနွေးထွေးသော မေတ္တာဖြင့်သံယောဇဉ်ကြီးစေဖို့ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌အောင်မြင်ရှုန်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့စသည်တို့ကို ယတြာအစစပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။


ရွှေဥက္ကံ၊ သောင်ကြီးရပ်ကွက်၊ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊ ပန်းသဇင်အ ဆောင် အပေါ်ထပ်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်ဖုန်း ၀၉- ၃၁၅၉၃၉၀၂**

www.burmeseclassic.com

www.burmeseclassic.com

# အဋ္ဌကထာကြေးပိဋကတ်တော်လှူဒါန်းကြစို့



အဘိဓမ္မာပိဋကတော်တွင်

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊

သုတ္တန္တပိဋကတော်တွင် (၂၉) အုပ်စာ

ကြေးသေတ္တာအလှူရှင်များ

လိုအပ်နေပါသဖြင့်

ကြေးသေတ္တာတစ်လုံးလျှင်

၁၅၀၀၀၀ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~

ကြေးစာရေထွင်းလှူဒါန်းရာ၌

သုတ္တန္တပိဋကတွင် (၂၈)အုပ်စာ၊ ကြေးချပ်ရေ (၅၀၀၀) ခန့်မျှ ကြေးပိဋကတ်တော်များ ပြုလုပ်လှူဒါန်းရန် ကျန်ရှိနေပါသေးသဖြင့် ကြေးပြား ၁ချပ်လျှင် ၂၆၀၀၀ကျပ်နှုန်းဖြင့် တတ်စွမ်းသမျှ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~

ဆက်သွယ်လှူဒါန်းရန်ဌာန –

မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ တမ္ဗာအေးဘုရားလမ်း၊ (ရွှေကောင်းဟော့ပေါ့ ရှေ့) ကြားတောရရပ်ကွက်၊ ဗဟန်း။

ဖုန်း – ၅၄၈၈၀၅၊ ၀၉ ၅၁၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃

www.burmeseclassic.com

## ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ မတ်လထုတ် (၂၀၁၄)

## မာတိကာ


**"ကဗျာရှုထောင့်"**

- ချောသန့်စင် (ကြို့ပင်ကောက်) ၁
- ကျော်လွင်ဦး (ပျဉ်းမနား) ၉
- ထက်ဦးလှ (မှုဆယ်) ၁၀
- ကြီးမြင့်နိုင် (လှိုင်ကော်) ၁၁

**"ကာတွန်းရှုထောင့်"**

- ရွှေကိုဦး၊ မြင့်သန်း (မင်္ဂလာဒုံ)၊ ငွဲနေ

**"ဥပဒေရှုထောင့်"**

- မောင်ဉာဏ်ရှင် (ဥပဒေ) ၁၅

**"မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"**

- ကျေးလက်လမင်း (တွံတေး)
  (ရှက်ဂုန်းသီးဘီလူးဆိုးကြီး) ၂၂
- ဝင်းသီတာ (သန်လျင်)
  (စောရဖိုးတုတ်) ၂၈
- မျိုးသစ်
  (အဖေပြန်လာမယ့်လမ်း) ၃၇
- ကျော်သန်းစံ
  (ဆုပ်လည်းစူး စားလည်းရှူး) ၄
- နိုင်မျိုးသစ္စာ (နမ္မတူ)
  (မြင့်မိုရ်တို့၏ထပ်တူညီသီအိုရီ) ၅
- မောင်မောင်စိန်လင်း (နတ်မောက်)
  (ဇရှိသူတို့၏ ဖွဲ့သစ္စာ) ၅
- ဆွေမြင့်သူ (ကြေး/မြေ)
  (မိဘအတွက်တောသူမလေး၏ကလဲ့စား) ၆
- ကေတုလှနိုင်
  (ရွှေနှင့်ငွေနှင့်ပတ္တမြားနှင့်) ၇
- မောင်မောင် (ပိတောက်မြိုင်)
  (ဒီအချစ်) ၈
- မောင်မောင်မြင့် (ဥသဘာမြို့သစ်)
  (မူးယစ်ဆေးဝါးသားကောင်ဖြစ်ခဲ့ရသူများ) ၉
- တွင်းကြီးသားတင်ဝင်းဦး
  (တျှန်မချစ်တဲ့သူ) ၁၀
- ကြည်တင့်နိုင်
  (ထွက်ပေါက်) ၁၁


www.burmeseclassic.com

www.burmeseclassic.com

"ဘာသာပြန်ရှုထောင့်"

- ယုယုလွင်
  (စပ်စပ်စုစုစေ့စေ့စပ်စပ်) ၁၂၁

"ရသရှုထောင့်"

- ရွှီ (တက္ကသိုလ်)
  (နာဂစ်မုန်တိုင်း လေပွေရိုင်းနှယ်) ၁၃၇

"ဆောင်းပါးရှုထောင့်"

- ဆူးသစ်
  (ခင်ရှိန့်မလုံလောက်ပါ) ၁၄၆

"နှလုံးသားရှုထောင့်"

- ဖြူစင်ရှင်း (သချာ)
  (ရင်ဖွင့်အလွမ်း) ၁၅၂

"ဖြောင့်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာသုံးသပ်ချက် ၁၅၈
- ဟန်နီ (တောင်ကြီး)
  (အသိုက်ပြောင်းတဲ့ငှက်) ၁၆၀

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇောဟိန်း (ဒေါပုံ)
  (မာယာပရောဂျက်) ၁၆၆
- ခိုင်စင်သန့်
  (ဖာဆိုလာ) ၁၆၉

"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၂

"ဗေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄

www.burmeseclassic.com

www.burmeseclassic.com



# အနေစုတ်သော်လည်း၊ ရွှေထုပ်တဲ့မြဝတီ



- တပည့်မများသော်လည်း
  တစ်ပြားမရှိပါဘူ
  အများသိတဲ့ ကဝိဆရာ။
- အလိမ္မာ စာမှာရှိတာမို့
  အကြိမ်ကြိမ် အခါခါ
  အလိမ္မာပြည့်တဲ့အောင်
  ချိန်ခါပြည့် သင်ခဲ့ရှာ။
- ဒါတို့ပြည်– ဒါတို့မြေဟု
  မျိုးဆွေကို ချစ်စေကြောင်းရယ်နဲ့
  ကောင်းဆိုးမှာ ကြောင်းကျိုးယှဉ်ပါလို့
  မြင်တတ်အောင် သင်တာပြတာမို့
  မ,တစ်ထောင် တစ်ကောင်ဖွားတို့မှာ
  တောက်ကြွားလို့ ပေါ်ထွက်လာ
  ဆရာတို့မှာ ပီတိပြုံး။
- အနေစုတ်သော်လည်း
  ရွှေထုပ်တဲ့ မြပဝါမို့
  အသပြာ ခဝါချတာပဲ့
  လာသမျှ တပည့်အပေါင်းကို
  နှစ်ထောင်းအားရစွာနှင့်
  ဘဝမှာ အလှဖြာစေတဲ့
  မြတ်ဆရာတွေ ဝုဏ်အထူးကိုကွယ်
  ဦးခိုက်မဆုံး။ ။

ချောသန့်စင်(ထြို့ပြင်ထောက်)




www.burmeseclassic.com

www.burmeseclassic.com



# ပြည်ထောင်စုသတ်သေ

- စည်းလုံးညီညာ၊ အောင်ကြောင်းဖြာဟု
ဥပမာတစ်ခု၊ ဖွင့်ဆိုပြုကြ
စုပေါင်းစပ်ပေါင်း၊ ထင်းတစ်ချောင်းမှ
ထင်းပေါင်းများစွာ စုစည်းရာသို့
ညီညာသိပ်သည်း၊ ထင်းတစ်စည်းနှယ်
စည်းလုံးညီညာ၊ အောင်ကြောင်းဖြာခဲ့
မြန်မာစိတ်ရင်း၊ သွေးသားချင်းတွေ
ရိုင်းပင်းဒီဖိုင်း၊ ပုံဆွဲနိုင်းပြ။
- သမိုင်းလမ်းစဉ်၊ ဝီဝီပြင်နှင့်
ကချင်ရှမ်းချင်း၊ ရောင်းရင်းဆွေမွန်
သူ့ကျွန်မှတိုင်၊ လွတ်မြောက်နိုင်ရန်
ရခိုင်ကယား၊ ကရင်များနှင့်
တို့တားမြန်မာ၊ သွေးစည်းပါ၍
ညီညာလက်တွေ၊ ခိုင်မြဲလေလျက်
မြန်ပြည်အဝှမ်း၊ စုပေါင်းစွမ်းအား
တို့သွေးသားတွေ၊ နိုးကြားနေမည်
အခြေကျကျ၊ အနေလှဖို့
လောကသစ်ဆီ၊ တက်လှမ်းချီ၍
ရေရှည်တည်တံ့၊ ခိုင်ခံ့လာအောင်
ညီနောင်တစ်စု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စု၏၊ သတ်သေတည်း။



ဇော်ထွန်းဦး(ဂျဉ်းခနား)




www.burmeseclassic.com

www.burmeseclassic.com



## ငါတို့ ...မေ့နေကြ

- အရှေ့မှအနောက်သို့
  နေမင်း ခရီးသွားနေသည်။
  ရေခဲ.....အေးတယ်
  မီး.....ပူတယ်
  သကြား.....ချိုတယ်
  သံပရာ.....ချဉ်တယ် မှတ်သားခဲ့၊
  (ကမ္ဘာသည် နေကိုဝိုင်းကြီးပတ်ပတ်)
  ငါတို့ မေ့နေကြ...။
- အရှေ့နဲ့ အနောက်
  အပူနဲ့ အအေး
  အချိုနဲ့ အချဉ်
  အပြုံးမဲ့ သုံးနဲ့လေးတို့ရဲ့ အဘိဓမ္မာ
  ငါတို့ မေ့နေကြ...။
- ပူရင်...ပူတယ်ပြောမှ
  အေးရင်...အေးတယ်ပြောမှ
  သူတော်ကောင်းတို့ရဲ့ ဖွားဖက်တော်
  ငါတို့ မေ့နေကြ...။
- တစ်ခါတစ်ရံ.....
  ရေခဲ...ပူတယ်၊
  မီး....အေးတယ်၊
  သံပရာနဲ့သကြားလည်း ဒီလိုပဲ...
  နီးရာတားကြောင့်
  သတ်ပုံတွေ နေရာရွေ့ခဲ့ကြ။



- ဒီလိုနဲ့.....
  ကြယ်စင်တွေ တွင်းအောင်းဖို့
  အဖြူရောင် တိမ်တိုက်တွေကြား
  ဝါကျအတုတွေ ရေးခဲ့မိကြ၊
  ဒါလည်း .........။ ။

**ထက်ဦးထူ(မူဆယ်)**




www.burmeseclassic.com

www.burmeseclassic.com



## လက်ကျန်ရှင်းတမ်း

- လောဘမီး...
ဒေါသမီး...
မောဟမီး...
မနာလို ဝန်တိုမီး...
အာဃာတမီး...
အတ္တမီး...
အဲဒီ မီးတစ်ဆယ့်တစ်မီး
သူတို့ကိုယ်မှာ တဟုန်းဟုန်းလောင်မြိုက်နေတယ်။



- ကုန်းချောကုန်းတိုက်စကား
ခြိမ်းခြောက်တဲ့စကား
သွေးထိုးတဲ့စကား
ချောက်တွန်းတဲ့စကား
အဲဒီလို... အဲဒီလို မိန်းမလိုမိန်းမရ အောက်လမ်းပညာ
လောင်စာတွေကိုသုံးပြီး...မိုးကိုမီးရှို့ဖို့ကြိုးစားနေတယ်။

- အဲဒီလိုအောက်လမ်းပညာတွေနဲ့
အိမ်ကြက်ချင်းအိုးမဲသုတ်တာ
ပြည်သူတွေအတွက် ဆိုနိုင်ပါ့မလား။

- လက်နက်ပုန်းကိုင်ထားတဲ့ တရားဟောဓမ္မဆရာလေသံနဲ့
အောင်နက်ပါးစပ်ကထွက်တဲ့ နတ်စကားတွေ
ဘယ်သူမျှမှတ်သားကြမယ်တော့ မဟုတ်ဘူး။

- သူလုပ်တော့ ... အပြစ်
ငါလုပ်တော့ ... အကျိုး
ရန်ငြိုးတွေ "ပေးရန်–ရရန်" စာရင်းဖေါ်ရင်း
နောက်ဆုံး အမြွတ်ကဗလာ၊ လက်ကျန်ရှင်းတမ်းပါပဲ။

- မေတ္တာစာရင်း သစ္စာစာရင်း
ကရုဏာစာရင်း
လက်ငင်း "ပေးရန်–ရရန်" စာရင်းဖေါ်ပါမှ
မင်းတို့....
ငါတို့ရဲ့ သမိုင်းလက်ကျန်ရှင်းတမ်း
အဖြေလှပလိမ့်မယ်။

- စိတ်တူကိုယ်တူတရားတွေဟောရင်း
နောက်ကျောကို ဓားနဲ့ထိုးတာတွေ
ရပ်တန်းကရပ်သင့်ပြီ။
ဦ ... ဒူရေ .. ဒူရေ ...သွားတုံဟုံ။

**ကြီးမြင့်နိုင်(ထို့ုင်တော်)**



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ ကျွန်တော့ညီတစ်ယောက် ရိုက်မှုနဲ့တရားစွဲဆိုခံနေရပါတယ်။ တရားလိုဘက်က သူ့ဆွေမျိုး သက်သေတွေချည်းပဲ သက်သေပြထားတယ်။ ခုလို ဆွေမျိုးတွေချည်း သက်သေပြထားတာကို တရားရုံးက လက်ခံပါသလား ဖြေကြားပေးပါဆရာ။

**မောင်ဇော်မင်းလတ်၊ သာကေတမြို့နယ်။**

**ဖြေ။** ပြစ်မှုဆိုင်ရာအမှုများနဲ့ပတ်သက်ပြီး သက်သေခံဥပဒေမှာ သက်သေများဟာ တရားလိုနဲ့ဆွေမျိုးတော်စပ်ရုံနဲ့ ဆွေမျိုးတော်စပ်တဲ့အတွက်ကြောင့် အဲဒီသက်သေများရဲ့ ထွက်ချက်ကိုလက်မခံဘူးလို့ တားမြစ်ထားတဲ့ ပြဋ္ဌာန်းချက်မရှိဘူး။

တရားလိုဘက်က ဖြစ်စေ၊ တရားခံဘက်က ဖြစ်စေ ပြတဲ့သက်သေတရားရုံးမှာ လာရောက်ထွက်ဆိုရင် ဖြောင့်မတ်မှန်ကန်မှု ရှိ မရှိ၊ ရှေ့နောက်ညီညွတ်မှုရှိ မရှိ၊ ယုတ္တိယုတ္တာ ရှိ မရှိ၊ အဲဒီအချက်တွေအပေါ်မှာ မူတည်ပြီး သက်သေထွက်ချက်ဟာ လက်ခံနိုင်စရာ ရှိ မရှိ စဉ်းစားချင့်ချိန်ရတယ်။ ဆွေမျိုးတော်စပ်မှု မတော်စပ်မှုဟာ အရေးမကြီးပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ကျွန်တော်တစ်ခု မေးခွင့်ပြုပါ။ ကျွန်တော်ဟာ အသက်ကြီးပါပြီ။ ကျွန်တော့်မှာ သားသမီး ငါးယောက် ရှိပါတယ်။ ကျွန်တော် မရှိတော့တဲ့နောက်မှာ ကျွန်တော့်သားသမီးတွေ အမွေနဲ့ပတ်သက်တဲ့ပြဿနာ မတက်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေဟာ သေတဲ့အခါ သားသမီးတွေအတွက် စိတ်ချမ်းသာစေချင်တယ်။ အဲဒါ ဘယ်လိုလုပ်ရရင်ကောင်းမလဲ အကြံပြုဖြေကြားပေးပါ ဆရာ။

**ဦးမင်းနိုင်၊ ဗျောဇတ်ထံထားမြို့နယ်**

**ဖြေ။** ဦးမင်းနိုင်မေးတာ ကောင်းပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ သေတမ်းစာရေးခွင့် မရှိဘူး။ သေတမ်း စာရေးခွင့်ရှိရင်တော့ အမွေရှင်ရဲ့ဆန္ဒအတိုင်း သူသေရင် မည်သို့မည်ပုံ ခွဲဝေယူရမယ်ဆိုတာ ရေးထားခဲ့လို့ရပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေနဲ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိသားစု စီမံမှုဆိုတာ ပြုလုပ်နိုင်ပါတယ်။ မိသားစုစီမံမှုဆိုတာ ပစ္စည်းရှင် မသေဆုံးမီ ပစ္စည်းရှင်နဲ့မိသားစုဝင်တွေရဲ့ သဘောတူညီမှုဖြင့် ပစ္စည်းရှင်သေဆုံးတဲ့အခါ အမွေပစ္စည်းများကို မည်ကဲ့သို့ခွဲဝေယူရမယ်ဆိုတဲ့ စီမံမှု ဒါမှမဟုတ် ပစ္စည်းရှင်ကွယ်လွန်ပြီးနောက် အမွေပစ္စည်းများကို မည်ကဲ့သို့ခွဲဝေယူကြမယ်ဆိုတဲ့ မိသားစုရဲ့သဘောတူစီမံမှုကို ခေါ်တယ်။ အဓိကရည်ရွယ်ချက်က အတောမသတ်နိုင်တဲ့ အမွေမှုအရှုပ်အထွေးများ ပေါ်ပေါက်ခြင်းမှဖြစ်စေ၊ သားချင်းတစ်စု အမွေကိစ္စနဲ့ပတ်သက်လို့ စိတ်ဝမ်းကွဲပြားကာ မသင့်မတင့်ဖြစ်ခြင်းမှဖြစ်စေ ကာကွယ်ရန်ဖြစ်တယ်။ ဦးမင်းနိုင်အနေနဲ့ သားသမီးအားလုံးကို ခေါ်ပါ။ အဲဒီလို အားလုံးနဲ့ညှိနှိုင်းတိုင်ပင်ပြီး အားလုံးသဘောတူညီမှုနဲ့ မိသားစု စီမံမှုပြုလုပ်ထားပါ။ ဒီလိုလုပ်ထားခြင်းအားဖြင့် ဦးမင်းနိုင် မရှိတော့တဲ့နောက်ပိုင်းမှာ အမွေကိစ္စနဲ့ပတ်သက်ပြီး ပြဿနာတက်စရာ မရှိနိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ ကျွန်တော့်မိန်းမ မကြွင်ဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်ကတည်းက အိမ်ပေါ်မှဆင်းသွားတယ်။ သူ့ညီမ အိမ်မှာ သွားနေတယ်။ ကျွန်တော်တို့ ပေါင်းသင်းခဲ့ကြတာဟာ ဆယ့်တစ်နှစ်လောက်တောင်ကျော်ပါပြီ။ ကျွန်တော်တို့မှာ ကလေးလဲသုံးယောက်ရှိနေပါတယ်။ ကျွန်တော့မိန်းမ မကြွင်ဆင်းသွားတာက ကျွန်တော်မယားငယ်ယူလို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားတာဖြစ်ပါတယ်။ အခု မကြင်ကို ပြန်ခေါ်ချင်ပါတယ်။ တရားရုံးကနေပြီး မယားခေါ်လို့မှုစွဲရင် ဖြစ်နိုင်မလား ဆရာ ဖြေကြားပေးပါ။

**မောင်ကြွယ်၊ ကြည့်မြင်တိုင်မြို့နယ်။**

**ဖြေ။** မောင်ကြွယ်နဲ့ မကြင်တို့က ပေါင်းသင်းခဲ့တာ ဆယ့်တစ်နှစ်ကျော်လာပြီပဲ။ ကလေးသုံးယောက်လဲ ရနေပြီ။ တစ်လင်တစ်မယားစနစ် ကျင့်သုံးပြီး သားမှတ်မှတ်မယားမှတ်မှတ် ပေါင်းသင်းကြရင် အကောင်းဆုံးပေါ့။ ခုတော့ မင်းက မယားငယ်ယူလိုက်တာကိုး၊ မင်းမှာ အများကြီး အပြစ်ရှိတယ်။ ကလေးတွေမျက်နှာမထောက်ဘူး။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ မယားအများယူနိုင်တဲ့အခွင့်အရေးရှိပေမဲ့ ဘာသာတရား၊ မြန်မာယဉ်ကျေးမှု၊ သားသမီးများကိုထောက်ထားပြီး တစ်လင်တစ်မယားစနစ် ကျင့်သုံးသင့်တယ်။ မောင်ကြွယ်ရဲ့အမေးကို ဆရာဖြေရရင်တော့ မောင်ကြွယ်မှာ မယားငယ်ယူလို့ မပြစ်ရှိတဲ့အတွက် မကြင်ကို မယားခေါ်ယူမှုနဲ့ တရားရုံးမှာ တရားစွဲဆိုရင် အောင်မြင်နိုင်စရာမရှိပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မောင်ညာဏ်ရှင်(ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com



## "မှုခင်းဝထေ‌ဥ္ဇီအမှတ်စဉ် (၆၂) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "ရွှေပြည်တော် မျှော်တိုင်းမဝေးပါ"

မေးခွန်းနံပါတ် (၂) အချုပ်ခန်းအတွင်း မခံချင်စိတ်ကြောင့် ပေါက်ကွဲကာ ကြားခဲ့ရသော သဲလွန်စကြောင့် တရားခံကို ဖမ်းမိရခြင်း ဖြစ်သည်။

မေးခွန်းနံပါတ် (၃) အရက်သောက်ရန် ငွေလိုသောကြောင့်လည်းကောင်း၊ အရက်ဆိုးကျိုးကြောင့် အသိစိတ်တင်းမဲ့ကာ အမှားတွေ ထပ်ဆင့်ကျူးလွန်မိခဲ့ကြပြီး လူသတ်တဲ့အထိ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

မေးခွန်းနံပါတ် (၄) အရက်၏ ဆိုးကျိုးကို သိရှိနားလည်ရန်၊ အရက်သောက်ခြင်းသည် လူ၏စိတ်ကို ကြမ်းတမ်းခက်ထန်စေပြီး အမှားတွေကို ကျူးလွန်နိုင်ရန် ဝန်မလေးကြောင်း သင်ခန်းစာယူသင့်သည်။

---

## "မှုခင်းဝထေ‌ဥ္ဇီအမှတ်စဉ် (၆၃) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "တုံ့ပြန်ကလဲ့စား"

မေးခွန်းနံပါတ် (၂) ခင်မောင်ကျော် တပည့် ညိုကြီး၏ ဝန်ခံချက်

မေးခွန်းနံပါတ် (၃) လောဘ၊ ဒေါသတွေနဲ့ နာကြည်းချက်တွေကြောင့် လူသတ်မှု ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

မေးခွန်းနံပါတ် (၄) ရိုက်စားခွင်ဖန်တီးပြီး စားနေတျကြောင်ဖား၊ သိုက်သမားတို့၏ ရန်ဘေးမှ ရှောင်ရှားနိုင်ကြစေရန် သတိပြုသင့်သည်။

---

## "မှုခင်းဝထေ‌ဥ္ဇီအမှတ်စဉ် (၆၄) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "မာယာကွန်ယက်ထဲ သက်ဆင်းမိသူများ"

မေးခွန်းနံပါတ် (၂) အဆောင်မှူး ဒေါ်ကြေသီဝင်း၏ နဘေးတွင် အနီးကပ်နေထိုင်ရန် အဖော်အဖြစ်ထားပေးသူ မြမာလာထံမှ ရရှိသောသဲလွန်စ



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းနံပါတ် (၃) အယောင်ဆောင် ငွေညှစ်ထားသော ကိစ္စများမပေါ်ပေါက်စေရန်အတွက် နှုတ်ပိတ်သတ်ခြင်း ဖြစ်သည်။

မေးခွန်းနံပါတ် (၄) အပျော်လိုက်စားသော ယောကျာ်းသားများ သတိထားစရာအချက်၊ မသိနားမလည်သော အမျိုးသမီးငယ်များ လိမ်ညာလှည့်ဖြားမှုရန်မှ ကင်းဝေးစေရန် သတိပြုသင့်သည်။

---

## "မှုခင်းဝထုတ္ထိအရှတ်စဉ် (၆၅) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "ငရဲမကြောက်သော မြသောင်းနဲ့အပေါင်းအပါများ"

မေးခွန်းနံပါတ် (၂) နှုတ်ကြမ်းလျှာကြမ်းသော ငါးဒိုင်ပိုင်ရှင် ဒေါ်စန်းနဲ့ အောင်ဝင်းတို့ အပြန်အလှန်ပြောဆိုနေသော စကားများ၊ နွားကျောင်းသားတစ်သိုက်၏ လက်ဆော့ပြီး လောက်လေးခွဖြင့်ပစ်မှုကြောင့် ရရှိလာသော သဲလွန်စ။

မေးခွန်းနံပါတ် (၃) တစ်ဆင့်စကားတစ်ဆင့်ကြား၊ စိတ်ရှည်ထားကာ စုံစမ်းမှုများပြုလုပ်ခဲ့ခြင်း။

မေးခွန်းနံပါတ် (၄) ဖြတ်လမ်းလိုက်၍ ငွေရှာလိုသူများ မလုပ်သင့်မလုပ်ထိုက်သည်များကို ပြုလုပ်ရန် မသင့်တော်ကြောင်းနှင့် ငရဲသို့ကျမည့်လုပ်ရပ်များ မပြုလုပ်မိကြစေရန် သတိပြုသင့်သည်။

---

## "မှုခင်းဝထုတ္ထိအရှတ်စဉ် (၆၆) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "လူမိုက်ကြီးရဲ့ နောက်ဆုံးဇာတ်သိမ်း"

မေးခွန်းနံပါတ် (၂) ဒေါသနဲ့ ပြောထွက်လာသော သဲလွန်စ စကားတစ်ခွန်း

မေးခွန်းနံပါတ် (၃) အရောင်းအဝယ်သမားအဖြစ် ဟန်ဆောင်ကာ ရွာထဲသို့ ဝင်ရောက်ပြီး တရားခံကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်။

မေးခွန်းနံပါတ် (၄) လူတစ်ယောက်ကို ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ နစ်နာအောင်ပြောဆိုပြုမူခြင်းများကြောင့် ဖြစ်ပေါ်လာသော ဒေါသကို မချုပ်တည်းနိုင်ဘဲ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



## "မှုခင်းဝတ္ထုအမှတ်စဉ် (၆၇) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "အချစ်မူးခဲ့သူ ကျော်လှ"

မေးခွန်းနံပါတ် (၂) ကြားခံအောင်သွယ်တော် မောင်နုမ နှစ်ဦးနဲ့ ကြင်ကြင်မေရဲ့ ထွက်ဆိုချက်များ။

မေးခွန်းနံပါတ် (၃) နေရာမရွေး၊ ဒေသမရွေး အသွင်ယူထောက်လှမ်း စုံစမ်းမှုများကြောင့်။

မေးခွန်းနံပါတ် (၄) တစ်ဖက်သတ် အချစ်ကို အဓမ္မရယူလိုသူများ သင်ခန်းစာယူနိုင်ရန်။

---

## "မှုခင်းဝတ္ထုအမှတ်စဉ် (၆၈) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "အတွင်းရန်မီးပွား"

မေးခွန်းနံပါတ် (၂) ဇော်ဦးအောင်၏ အရိပ်အမြွက် ဖွင့်ဟပြောကြားလာသော စကားများ၊ မဝေ၏ စိုးရိမ်ထိတ်လန့်ကြောက်ရွံ့နေမှုများ။

မေးခွန်းနံပါတ် (၃) မိန်းမအတွက် အချစ်စိတ်မွန်ကာ အစ်ကိုဖြစ်သူကို သတ်လိုက်ရခြင်းဖြစ်။

မေးခွန်းနံပါတ် (၄) စိတ်အလိုကိုလိုက်၊ မမှားသင့်သည်ကို အမှားကို ပြုလုပ်မိသူကြောင့် ညီအစ်ကိုချင်း၊ မိသားစုချင်း၊ ဆွေမျိုးသားချင်းဖြစ်လင့်ကစား အချိန်မရွေး ရန်သူဖြစ်ကာ အမုန်းမီးများ တောက်လောင်နိုင်ကြသည်ကို သတိပြုသင့်သည်။

---

## "မှုခင်းဝတ္ထုအမှတ်စဉ် (၆၉) အဖြေမှန်"

မေးခွန်းနံပါတ် (၁) "စားကျက်ထဲက သားကောင်"

မေးခွန်းနံပါတ် (၂) အိမ်တွင်းပုန်းလုပ်နေတဲ့ တရားခံကို အိမ်ပြင်သို့ထွက်အောင်လုပ်သော နည်းဗျူဟာ

မေးခွန်းနံပါတ် (၃) လေ့ကျင့်တားတက်မှာ ချော်လဲပြီး ဒဏ်ရာရသွားတဲ့သူဟာ အိမ်ထဲက အိမ်ပြင်တောင်မထွက်ဘဲ ဒဏ်ရာတွေကို ကျိတ်ပြီးကုသနေတယ်ဆိုတဲ့ သဲလွန်စ



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းနံပါတ် (၄) ရဲနဲ့ဒုစရိုက်သမားများ အားချင်းပြိုင်ရင်တောင် သမင်ဆယ်လှမ်း၊ ကျားတစ်လှမ်းလို ကွာခြားတယ်ဆိုတာကို ဒုစရိုက်မှုကျူးလွန်သူတိုင်း သတိပြုသင့်သည်။ ဆိတ်ကွယ်ရာအရပ်မှာ ထင်တိုင်းကြဲနေတတ်ကြသော ချစ်သူစုံတွဲများ ကျရောက်လာမည့် အန္တရာယ်ကို သတိထားဆင်ခြင်ကာ ရှောင်ရှားနိုင်ကြစေရန်။

---

## "အဖြေမှန်သူများစာရင်းကြေညာခြင်း"

**အမှတ်စဉ် (၆၂)မှ နှစ်ဆိမ့်ဆုရရှိနှစ်ဦးမှာ**

(၁) ဦးလှသိန်း (၁၀/မလမ(နိုင်)၁၁၀၀၈၅)၊ ဘီရုံ၊ ဆိုင်(၁၅၈)၊ အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်မြို့။

(၂) ဦးမောင်မောင်၊ (၅/မမန(နိုင်)၀၀၂၂၄၃၊ ရဲစခန်းအနီး၊ မြောက်ရပ်ကွက်၊ မြောင်မြို့ စစ်ကိုင်းတိုင်းဒေသကြီး။

ဆုငွေကျပ် (၁၀၀၀/-)စီနှင့်၊ မဂ္ဂဇင်းစာအုပ် (၁)အုပ်။

---

**အမှတ်စဉ် (၆၃) အဖြေမှန်သူမရှိပါ။**

**အမှတ်စဉ် (၆၄) အဖြေမှန်သူမရှိပါ။**

---

**အမှတ်စဉ် (၆၅) နှစ်ဆိမ့်ဆုရရှိသူများမှာ**

(၁) ဒေါ်တင့်လှိုင် (၁၂/ဒလန(နိုင်)၀၁၄၄၈၈)၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၂) ဒေါ်ကျော့ခင်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)။

ဆုငွေကျပ် (၁၀၀၀/-)စီနှင့်၊ မဂ္ဂဇင်းစာအုပ် (၁)အုပ်။

---

**အမှတ်စဉ် (၆၆) အဖြေမှန်သူမရှိပါ။**

**အမှတ်စဉ် (၆၇) အဖြေမှန်သူမရှိပါ။**

**အမှတ်စဉ် (၆၈) အဖြေမှန်သူမရှိပါ။**

**အမှတ်စဉ် (၆၉) အဖြေမှန်သူမရှိပါ။**



www.burmeseclassic.com

www.burmeseclassic.com

# ရှက်ပုန်းသီး လူဆိုးကျော်ကြီး

ကျေးလက်လမင်း(တွံတေး)





www.burmeseclassic.com

www.burmeseclassic.com



## "ရှက်ပုန်းသီး လူဆိုးကျော်ကြီး"

**ကျေးလက်လမင်း(တွံတေး)**

(၁)

စာဖတ်သူ မိတ်ဆွေ။

"ခဲတစ်လုံးကို တစ်ကြိမ်ပစ်ရုံမျှဖြင့် ငှက်နှစ်ကောင်ကို ထိသည်"ဟူသော စကားကို စာဖတ်သူ ကြားဖူးပေလိမ့်မည်။ ယုံလည်း ယုံပေလိမ့်မည်။

သို့သော် . . .

ခဲတစ်လုံးကို တစ်ကြိမ်ပစ်ရုံမျှနှင့် ထိုငှက်ကိုပင် (၂)ကြိမ်တိတိ ထိမှန်သည်ဟုဆိုလျှင် စာဖတ်သူ ယုံမှယုံပါ့မလား။

မယုံမရှိပါနှင့်။ ကျွန်တော့်ကိုယ်တွေ့ဖြစ်ပါသည်။

(၂)

ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နယ်တွင် ကျွန်တော် ဒုရဲအုပ်အဖြစ် တာဝန်ကျစဉ် ဖြစ်ပါသည်။ တစ်နေ့ တာဝန်မှူးတာဝန် ထမ်းဆောင်နေစဉ် အသက်(၂၀)ကျော်ခန့် အမျိုးသမီးနှစ်ဦး စခန်းအတွင်းသို့ ဝင်လာပါသည်။ ကျွန်တော်က

"ကဲ ဘာကူညီရမလဲ၊ ဘာကိစ္စလဲပြော"

ဟု မေးလိုက်ပါသည်။ ထိုအခါ အစ်မကြီးဖြစ်သူက -

"ကျွန်မအမည် မသန်းနွဲ့ ဒါက ကျွန်မညီမ မသိန်းနွဲ့ပါ။ ကျွန်မတို့ လမ်းမှာ အလုခံရလို့ အမှုလာဖွင့်တာပါ"

ဟု ပြောပါသည်။ ကျွန်တော်က-

"ကဲ အဖြစ်အပျက်ကို အစအဆုံးပြောပြပါဦး"

ဟု မေးရာ အစ်မဖြစ်သူ မသန်းနွဲ့က

"ကျွန်မတို့ ညီအစ်မနှစ်ယောက် ပေါက်ခေါင်းမြို့နယ်၊ စုပေါင်း ကောက်စိုက်ပြိုင်ပွဲကို လာပြိုင်တာပါ။ ပြိုင်ပွဲပြီးတော့ ကျွန်မတို့ရွာ 'တောင်လည်'ကိုပြန်တာ လမ်းမှာ တောထဲက လူရွယ်တယောက် ဓားနဲ့ထွက်လာပါတယ်။ ကျွန်မတို့ကို မသေချင်ရင် နားဆွဲတို့၊ နားကပ်တို့ချွတ်ပေး၊ မချွတ်ပေးရင် သတ်ပစ်မယ်လို့ ဓားနဲ့ခြိမ်းခြောက်ပါတယ်။ ကျွန်မတို့လဲ ကြောက်လန့်ပြီး နားကပ်(၂)ရန် ချွတ်ပေးလိုက်ပါတယ်။ အိမ်မှာစားဖို့ဝယ်လာတဲ့ အချိုမှုန့်(အိုးတံဆိပ်) ၃ထုပ်လဲ ယူသွားပါတယ်။ ကျွန်မတို့ကိုလဲ ဟိုဘက်လှည့်နေ၊ လှည့်မကြည့်နဲ့၊ အသေပဲလို့ပြောလို့ ကျွန်မတို့လည်း လှည့်မကြည့်ရဲပါ။ အတော်ကြာမှ လှည့်ကြည့်ပြီး သူမရှိမှ ညီမနှစ်ယောက် ကြောက်ကြောက်နဲ့ထွက်ပြေးလာပြီး အခု ရဲစခန်းမှာ လာတိုင်ကြားခြင်းဖြစ်ပါတယ်"

ဟု ပြောပြပါသည်။

ကျွန်တော်က မသန်းနွဲ့၏ တိုင်ချက်ကို စခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံ သတင်းပို့ခြင်း၊ ရဲစခန်းမှတ်ပုံတွင်(၂၀)တွင် ပထမသတင်းပေးတိုင်ချက်အဖြစ် ရေးဖွင့်ကာ မသန်းနွဲ့ကို တိုင်ချက်တွင် လက်မှတ်ရေးထိုးစေပါသည်။ အရေးကြီးသောအမှုဖြစ်၍ ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံ သတင်းပို့ပြီး၊ ရဲ စခန်းမှတ်ပုံတွင် (၂၀)တွင် ပထမသတင်းပေးတိုင်ကြားချက်အဖြစ် ရေးဖွင့်ကာ မသန်းနွဲ့ကို တိုင်ချက်တွင် လက်မှတ်ရေးထိုးစေပါသည်။ အရေးကြီးသောအမှုဖြစ်၍ ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိုင်းရဲတပ်ဖွဲ့မှူးထံ သတင်းပို့ပါသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အမိန့်ဖြင့် ပြစ်မှုကျူးလွန်သူ တရားခံအား (၂၄)နာရီအတွင်း ဖမ်းမိစေရန် ကျွန်တော် ဒုရဲအုပ် ရဲမင်းထွန်းနှင့် ဒုရဲအုပ် သိန်းဦးတို့ ခေါင်းဆောင်သောအဖွဲ့(၂)ဖွဲ့အား နယ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းတပ်ဖွဲ့ဝင်(၃)ယောက်စီ အင်အားဖြင့်ကာ တရားခံနောက်သို့ ချက်ချင်းလိုက်စေပါသည်။ ကျွန်တော်တို့အဖွဲ့အား စခန်းမှစထွက်သောအခါ ညနေလေးနာရီတိတိဖြစ်ပါသည်။

မိုးတွင်းကာလဖြစ်၍ မိုးကတော်တော်ကောင်းပါသည်။ မိုးရွာသဖြင့် လမ်းများမှာ ရွှံ့လမ်းဖြစ်၍ ချောနေပါသည်။ ကျွန်တော်နှင့် အဖွဲ့များ တောစီးဖိနပ်များ မစီးနိုင်ကြဘဲ ခြေညှပ်ဖိနပ်များသာ စီးနိုင်ကြပါသည်။ ရွှံ့ထူသော နေရာများတွင် ဖိနပ်ချွတ်၍ ခြေဗလာဖြင့် တရားခံ နောက်သို့ လိုက်ကြပါသည်။ မကြာခဏ ခြေချော်လဲကျပါသည်။ ပေါက်ခေါင်းမြို့သည် ပဲခူးရိုးမ တောစပ်တွင် တည်ထားသောမြို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောမြို့ဖြစ်ပါသည်။ ပဲခူးရိုးမအတွင်းပိုင်း၌ တည်ထားသော ရွာများဖြစ်၍ မြို့နှင့်အလှမ်းဝေးပါသည်။ ယခုကဲ့သို့ ရွာချင်းယှက်လမ်းများ မရှိသေးပါ။

ကျွန်တော်တို့သည် အခင်းဖြစ်အရပ်သို့ရောက်ရှိပြီး လေ့လာကြည့်သောအခါ တရားခံပြေးလမ်း(၂)လမ်းအား တွေ့ရှိရပါသည်။ မြောက်သို့သွားသောလမ်းနှင့် အနောက်ဘက်သို့သွားသောလမ်းတို့ဖြစ်ပါသည်။ ဒုရဲအုပ် သိမ်းဦးနှင့်အဖွဲ့သည် မြောက်သို့သွားသော လမ်းအတိုင်း တရားခံနောက်သို့လိုက်ပြီး အနောက်သို့သွားသော လမ်းအတိုင်း ကျွန်တော်တို့အဖွဲ့ တရားခံနောက်သို့ လိုက်ကြပါသည်။

ကံကောင်းထောက်မစွာပင် ကျွန်တော်တို့အဖွဲ့ (၁)နာရီခန့် သွားပြီးသောအခါလမ်းတွင် နွားကျောင်းနေသော လူရွယ်တစ်ဦးအား တွေ့ရပါသည်။ နွားများကို သိမ်းပြီး ပြန်လာစဉ် ကျွန်တော်က-

"ညီလေး လမ်းမှာ ထူးထူးခြားခြား မတွေ့ရဘူးလား"

ဟု မေးရာ လူရွယ်က-

"ထူးခြားတယ် ဗိုလ်ကြီး။ ဓားမကိုင်ထားတဲ့ လူတစ်ယောက် ပြေးလာပြီး "ထန်းပင်ချောင်း" ရွာကို ဘယ်လမ်းကသွားရသလဲ"

လို့ ကျွန်တော့်ကို မေးတယ်။ ကျွန်တော်လည်း-

"ဒီလမ်းကသွားလို့ ပြောလိုက်တယ်။ ကျွန်တော့်ကို အချိုမှုန့် တစ်ထုပ်ပေးသွားတယ်"

ဟု ပြောပါသည်။ ကျွန်တော်လည်း အချိုမှုန့်ကို ရှာဖွေပုံစံ

**"ထူးခြားတယ် ဗိုလ်ကြီး၊ ဓားမကိုင်ထားတဲ့ လူတစ်ယောက် ပြေးလာပြီး "ထန်းပင်ချောင်း" ရွာကို ဘယ်လမ်းကသွားရသလဲ"**



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သိမ်းခဲ့ပါ သည်။ ထူးခြားဖြစ်စဉ်၊ ထူးခြားသတင်းရရှိသဖြင့် ကျွန်တော်တို့အဖွဲ့လည်း "ထန်းပင်ချောင်း"ရွာသို့ ဆက်လိုက်လာပါသည်။

(၃)

အချိန်က ည(၇)နာရီခန့် အချိန်။ ကိုရွှေမိုးကလည်း မိုးတွင်းပီပီသဲတုန်းကောင်းကုန်း။ ကျွန်တော်တို့အဖွဲ့မှာ မိုးထဲရေထဲ၌ ကြွက်စုတ်များ သဖွယ် ဖြစ်နေပါသည်။ ထန်းပင်ချောင်းရွာထိပ်သို့ ရောက်သောအခါ ဒေါသကြီး နေသော ယမားချောင်း တစ်ချောင်းအား ဘွားခနဲ ကျွန်တော်တို့ တွေ့လိုက်ကြပါသည်။ အညာဒေသများတွင် ယမားချောင်းအတွင်း လက်ယှက်တွင်းတူး၍ နွေအခါ ရေခပ်နိုင်ကြသော်လည်း၊ မိုးတွင်းကာ လတွင် ပဲခူးရိုးမမှ ရေဒလဟောစီးဆင်းမှုကြောင့် "ဆင်"တောင်မလွတ်ဘဲ သေနိုင်သဖြင့် "ဆင်သေချောင်း" ဟု ခေါ်ကြပါသည်။ တရားခံမဖမ်းနိုင်ခင် ကျွန်တော်တို့အဖွဲ့ ရေနစ်သေရမည့် အဖြစ်။ ရေစီးအားကြောင့် လူကူးတံတားလည်း ကျိုးပဲ့ပျက်စီးသွားပြီး ရေထဲမျောပါသွားပြီ။

မိုးအနည်းငယ် တိတ်၍ ရေစီးအား လျော့နည်းသွားသော အချိန်တွင် ချောင်းတစ်လျှောက် ရေစီးအား အနည်းဆုံးနှင့် အကျယ်ဆုံးနေရာကိုရွေး၍ ကျွန်တော်တို့အဖွဲ့ သက်စွန့်ဆံဖျား သေနတ်များကို အပေါ်မြှောက်၍ ဖြတ်ကူးကြပါသည်။ ရွာသို့ရောက်သောအခါ ည(၈)နာရီခန့် ရှိပါပြီ။ ကျေးရွာလူကြီးများအား ခေါ်ယူပြီး အရက်ပုန်းရောင်းသောဆိုင်များသို့ ဝင်ရောက်ပြီးစုံစမ်းကြပါသည်။ ရွာတောင်ပိုင်း "မဖြူ"တို့အိမ်မှာ ဧည့်သည်ရောက်လာလို့ အရက်(၃)ပုလင်း လာဝယ်သွားကြောင်း စုံစမ်းသိရှိရပါသည်။

ကျွန်တော်တို့အဖွဲ့လည်း ရွာလူကြီးများနှင့်အတူ တောင်ပိုင်းရှိ မဖြူတို့ အိမ်သို့ ဝင်ရောက်ရှာဖွေရာ ဓားမ နှင့် လွယ်အိတ်ကို ဘေးတွင်ချပြီး မူးမူးနှင့်အိပ်ပျော်နေသော တရားခံ ကျော်ကြီးအား တွေ့ရပါသည်။ တရားခံအား လက်ထိတ်ခတ်ပြီး လွယ်အိတ်အတွင်းရှာဖွေရာ သွေးစွန်းနေသော နားကပ်(၂)ရန်နှင့် "အိုး"တံဆိပ်အချိုမှုန့် နှစ်ထုပ် တွေ့ရှိရပါသည်။ သက်သေခံပစ္စည်းများအား ရှာဖွေပုံစံဖြင့် သိမ်းပြီး တရားခံ ကျော်ကြီးကိုဖမ်းပြီး ရဲစခန်းသို့ ချက်ချင်းပြန်ခဲ့ပါသည်။

ည(၁၀)နာရီခန့် အချိန်ဖြစ်ပါသည်။ စခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုတိုင်းရဲတပ်ဖွဲ့မှူးတို့ထံ သတင်းပေးပို့ပါသည်။ ဒုတိုင်းတပ်ဖွဲ့မှူးမှ ကျွန်တော်အား "သား





www.burmeseclassic.com

www.burmeseclassic.com



လေး လွန်ခဲ့တဲ့တစ်နှစ်လောက်က တည်းက လူသတ်ပြီး လုသွားတဲ့ အမှုတစ်ခုရှိတယ်။ မပေါ်သေးဘူး။ ပြစ်မှုကျူးလွန်ပုံ တူတယ်။ တစ်ကိုယ်တော် ကျူးကျော်တာချင်းတူတယ်။ တရားခံရွေးတဲ့ ပစ်မှတ်က အားနွဲ့တဲ့ မိန်းကလေးတွေချည်းပဲ။ ကျူးလွန်တဲ့အချိန် နေ့ဘက်၊ ကျူးလွန်တဲ့နေရာ လူများသွားလာတဲ့ နေရာတွေဖြစ်တယ်။ ဒီအမှုနဲ့ ဆက်စပ်ပြီး စစ်ကြည့်ပါ"ဟု လမ်းညွှန်ပါတယ်။

ဒုတိုင်းရဲမှူး၏ လမ်းညွှန်ချက်အရ ကျွန်တော်လည်း အချုပ်ခန်းသို့သွားကာ တရားခံကျော်ကြီးအား စစ်မေးပါသည်။ ကျွန်တော်က

"ကဲ ... ကျော်ကြီး လွန်ခဲ့တဲ့ တစ်နှစ်ကလဲ ဒီလိုအချိန်မှာ မိန်းကလေးတစ်ယောက်ကို သတ်ပြီး မင်း နားရွက်ကိုဖြတ်တယ်။ နားကပ်နဲ့ လက်စွပ်ကိုယူခဲ့တယ်။ ဒုတိုင်းမှူးက ငါ့ကို အခုပဲပြောလိုက်တယ်။ မင်း မညာနဲ့တော့၊ ယောကျ်ားဆိုတာ လုပ်ရဲရင်ခံရဲရမှာပေါ့"

ဟုပြောရာ အချုပ်ခန်းသံတိုင်ဘေးတွင်ရပ်နေသော တရားခံကျော်ကြီးမှာ ကြောက်စိတ်ဖြင့် ခြေများ တဆတ်ဆတ်တုန်နေပါသည်။ ထို့နောက် အဖြစ်အပျက်အလုံးစုံအား တရားခံ ကျော်ကြီးက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောပြပါသည် ---

"လွန်ခဲ့တဲ့ တစ်နှစ်က၊ နံနက်(၁၀)နာရီခန့်အချိန် ကျွန်တော် တရားခံ ကျော်ကြီးက ကံသာရွာမှ ပေါက်ခေါင်းမြို့အဝင်လမ်း တောစပ်တစ်နေရာ၌ ပုန်းအောင်းနေပါသည်။ လူပြတ်သော အချိန်တွင် အဒေါ်ကြီးတစ်ယောက် တောင်းကြီးကိုရွက်၍လာရာ ကျွန်တော်က အသင့်ဆောင်လာသော ဓါးမြှောင်ကိုပြ၍ နားကပ်ချွတ်ပေး၊ မပေးရင် သတ်ပစ်မယ်"ဟု ခြိမ်းခြောက်ပါသည်။ အဒေါ်ကြီးက ဘာလို့ပေးရမှာလဲ အော်လိုက်ရမလား"ဟု ပြန်ပြောသဖြင့် ကျွန်တော် ကျော်ကြီးလည်း ဒေါသထွက်ပြီး စိတ်မထိန်းနိုင်ဘဲ အဒေါ်ကြီးကို ဓားဖြင့် အကြိမ်ကြိမ်ထိုးခဲ့ပါသည်။ မသေမရှင်ဖြစ်နေသော အဒေါ်ကြီး၏ နားရွက်ကိုဖြတ်ပြီး နားကပ်ကိုယူကာ အဒေါ်ကြီးလက်မှာ ဝတ်ထားတဲ့ လက်စွပ်ကိုယူပြီး ကျွန်တော်နေ

"ကဲ ... ကျော်ကြီး
လွန်ခဲ့တဲ့ တစ်နှစ်ကလဲ ဒီလိုအချိန်မှာ
မိန်းကလေးတစ်ယောက်ကို သတ်ပြီး
မင်း နားရွက်ကိုဖြတ်တယ်။
နားကပ်နဲ့ လက်စွပ်ကိုယူခဲ့တယ်
"

-----



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာ ပေါက်ခေါင်းမြို့နဲ့ မိုင် (၃၀)ခန့်ဝေး ကွာသော ပဲခူးရိုးမအတွင်းရှိ "လှပခြင်းရွာသို့ ပြန်ပြေးခဲ့ပါသည်။ နောက်(၅) ရက်ခန့်အကြာ နားကပ်နှင့် လက်စွပ်အား ပေါက်ခေါင်းဈေးထဲရှိ "စံချိန်မီ" ရွှေဆိုင်တွင် ရောင်းချခဲ့ပါသည်" ဟု ကျော်ကြီးက ကျွန်တော့်အားပြောပြပါသည်။

(၄)

ကျွန်တော်သည် စခန်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိုင်းရဲတပ်ဖွဲ့မှူးတို့ထံ သတင်းပို့ပါသည်။ နောက်တစ်နေ့တွင် ပေါက်ခေါင်းမြို့ ဈေးထဲရှိ "စံချိန်မီ"ရွှေဆိုင်တွင် တရားခံ ကျော်ကြီး ညွှန်ပြချက်ဖြင့် ပစ္စည်းတန်းစီပြခြင်း၊ လူတန်းစီပြခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာ တရားလိုနှင့် သက်ဆိုင်သူများမှ မှန်ကန်စွာ ပြသနိုင်ခဲ့ကြပါသည်။ ထို့နောက် မျက်မြင်သက်သေအားနည်းသော ပထမအမှုအတွက် တရာခံကျော်ကြီးအား တရားရုံးတွင် "ဖြောင့်ချက်" ရယူခဲ့ပါသည်။ တရားခံကျော်ကြီးကလည်း မိမိ၏ အမှားများကို နောင်တရကာ တရားရုံးတွင် ဖြောင့်ချက်ပေးပါသည်။ တရားရုံးမှ တရားခံကျော်ကြီးအား ပထမအမှု (လူသတ်၊ လုယက်မှု) အတွက် ထောင်ဒဏ်(၁၅) နှစ်နှင့် ဒုတိယအမှု (လုယက်မှု)အတွက် ထောင်ဒဏ် (၅)နှစ်၊ စုစုပေါင်း ထောင်ဒဏ် အနှစ်(၂၀)၊ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကို ကျခံစေပါသည်။

ဒုတိယအကြိမ် (လုယက်မှု)ကျူးလွန်သည့်အမှုနှင့် ဆက်စပ်၍ ပထမအကြိမ် (လူသတ်၊ လုယက်မှု) ကျူးလွန်သည့် အမှုအား ဖော်ထုတ်နိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့် တင်စားရမည်ဆိုလျှင် ခဲတစ်လုံးကို တစ်ကြိမ်ပစ်ရုံမျှဖြင့် ထိုငှက်ကို (၂) ကြိမ်တိတိ ထိမှန်သည်ဟုလည်း ဆိုနိုင်ပါသည်။ တရားခံကျော်ကြီးကဲ့သို့ လူဆိုးများအား ရဲတပ်ဖွဲ့ဝင်များမှပင် "**ရွှက်ပုန်းသီးလူဆိုး**"ဟု သတ်မှတ်ကြပါသည်။ ပြစ်မှုကျူးလွန်ပြီး မေ့သလောက်ရှိမှ နောက်တစ်ကြိမ် ပြစ်မှုကျူးလွန်တတ်ကြပါသည်။ ခြေရာဖျောက်နေတတ်ကြသဖြင့်လည်း ဖမ်းဆီးမရနိုင်ပါ။ "နေရပ်"လည်း မြို့နှင့်အလှမ်းဝေးသဖြင့် စုံးစမ်းဖော်ထုတ်ရန် အလွန်ခက်ခဲသော အခြေအနေဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ "စေတနာကောင်း လျှင် ကံကောင်းသည်"ဟူသော ဗုဒ္ဓတရားတော်နှင့်အညီ စေတနာမ ကောင်း၊ လုပ်ရပ်မကောင်းသူတို့၏ သွားရာလမ်းကား ဆူးခင်းလမ်းသာ ဖြစ်ပေလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

(၅)

စာဖတ်သူ မိတ်ဆွေ။

ခဲတစ်လုံးကို တစ်ကြိမ်ပစ်ရုံမျှနှင့် ငှက်နှစ်ကောင်ကို ထိသည်"ဟူသော စကားကို စာဖတ်သူ ကြားဖူးပေလိမ့်မည်။ ယုံလည်း ယုံပေလိမ့်မည်။

သို့သော်. . .

ခဲတစ်လုံးကို တစ်ကြိမ်ပစ်ရုံမျှဖြင့် ထိုငှက်ကိုပင် (၂)ကြိမ်တိတိ ထိမှန်သည်ဟုဆိုလျှင် စာဖတ်သူယုံမှ ယုံပါ့မလား။ မယုံမရှိပါနှင့်။ ကျွန်တော်၏ ကိုယ်တွေ့ ဖြစ်ပါသည်။

*(ရဲအရာရှိတစ်ဦး၏ ဖော်ပြချက်အား ပြန်လည်ရေးသား တင်ပြအပ်ပါသည်။)*

**ကျေးလက်လမင်း-တွံတေး**



www.burmeseclassic.com

www.burmeseclassic.com



# ဓောရ ဖိုးတုတ်

ဝင်းသီဟ(သန့်လျှင်)



www.burmeseclassic.com

www.burmeseclassic.com



## စောရဖိုးတုတ်

### ဝင်းသီတ–သန်းထျင်

"ဟဲ့ ဖိုးတုတ် တစ်ယောက် ရွာထဲပြန်ရောက်နေပြီနော်။ ညအိပ်ရင် ပစ္စည်းတွေ အိမ်ထဲထည့်ပြီး လုံခြုံအောင် ထားကြ"

"အေးဟဲ့ အဲဒီ မသာကောင် ဖိုးတုတ် ရွာပြန်ရောက်လာတာတို့တွေ အိပ်ကောင်းခြင်းအိပ်ရမှာ မဟုတ်ဘူး။ ကျိုးကျိုးကျည်ကျည်ဆို ထထကြည့်နေရတာနဲ့ အိပ်ရေးပျက်တော့မယ်"

ဒါကတော့ ဖိုးတုတ် ရွာပြန်ရောက်နေကြောင်း နှုတ်ဆင့်ကမ်းသတိပေးတာပါ။

ဖိုးတုတ်ဟာ ကျုပ်တို့ရွာမှာ နာမည်ကြီးဗျ။ လူဆိုးမဟုတ်ပေမဲ့ သူခိုးမှ သူခိုးအစစ် အဖော်မရှာတဲ့ သူခိုး၊ တစ်ကိုယ်တော် သူခိုး၊ လစ်ရင်လစ်သလို၊ မရရတာခိုးတဲ့ သူခိုး။ ခိုးတယ်ဆိုပြီး စီးပွားဖြစ် ပွပေါက်ကြံအောင် သူ့ငွေ၊ သူကြွယ်တွေအိမ် တက်ခိုးတဲ့ သူခိုးလည်းမဟုတ်။ ရွာထဲက သူလိုကိုယ်လို မရှိဆင်းရဲသားတွေဆီက မရရတာ လှည့်ပတ်ခိုးတဲ့သူခိုး။ အဲဒီသူခိုးဖိုးတုတ်က မျှတတဲ့စိတ်တော့ရှိတယ်။ တခြားသူစိမ်းအိမ်က ပစ္စည်းတွေ လိုက်ခိုးပြီး သူ့အိမ်က ပစ္စည်းကျ အလွတ်ပေးတယ် မထင်နဲ့။ သူ့အဘိုးအဘွား စုဆောင်းထားခဲ့တဲ့ ရှေးဟောင်းပစ္စည်းလေးတွေ ဈေးကောင်းရမယ်ဆိုလို့ကတော့ သူ့အမေနဲ့ သူ့ညီမလစ်တဲ့အချိန်ဆို ခိုးပြီးသားပဲ။ သူ့ညီအငယ် စိုးလှဆိုတဲ့ကောင်က ရန်ကုန်မှာနေတယ်။ တစ်လတစ်ခါ နှစ်လတစ်ခါ သူ့အမေရှိတဲ့ဆီ ပြန်ပြန်လာတယ်။ သူ့ညီ လာလည်တဲ့နေ့ဆို သူဘယ်မှမသွားဘူး။ အိမ်မှာပဲ တစ်နေကုန် ဝေ့လည်ဝေ့လည် လုပ်နေတာ။

"ညီလေး ထန်းသီးမုန့်နဲ့ ပန်းမုန့်စားမလား။ အစ်ကို သွားဝယ်လိုက်မယ်လေ။ မင်းတို့ရန်ကုန်မှာ ဆေးဆိုးထားတာတွေကွ။ ဒီမှာက အစစ်ရတာ။ ငါ့ညီက ငယ်ငယ်ကတည်းက အဲဒီမုန့်တွေ ကြိုက်တာ အစ်ကိုသိတယ်"

သူ့ညီကတော့ ငါ့အစ်ကို ငါ့ကို တော်တော်ချစ်ရှာသားလို့ ထင်ချင်ထင်မှာ။ အဲဒီလိုထင်ရင် မှားသွားလိမ့်မယ်။ မှန်ဗီရိုပေါ်တင်ထားတဲ့ သူ့ညီရဲ့ လက်ကိုင်အိတ်ထဲက ပိုက်ဆံ ဘယ်လိုခိုးရမယ်ဆိုတာကို ကြံစည်နေတာ။ ငါးမိနစ်လောက် ညှော်ခန်းမှာ လူပျောက်သွားတာနဲ့ ဖိုးတုတ်ခိုးပြီးသွားပြီ။ အဲသလို ခြေမြန်လက်မြန်လည်းရှိရဲ့။ ဘယ်တော့မှာမှ ထင်းခွေမရရင် ကိုယ့်ခြံစည်းရိုးကိုယ် ထင်းချိုးစိုက်မယ့် ဖိုးတုတ်။

တစ်နေ့ မနက်စောစော ကျွန်တော့်အိမ် မျက်စောင်းထိုးက အဖိုးကြီး မခင်စန်းမြင့်တစ်ယောက် အိမ်ရှေ့ထွက်ပြီး ဘယ်သူ့ကိုရည်စူးပြီး ဆဲဆိုနေမှန်းမသိ ဆဲနည်းပေါင်းစုံကို နားမချမ်းသာစွာ ကြားနေရသည်။ မကြာခင်ပဲ ရပ်ကွက်လူကြီး ကိုလေးမြင့် ရောက်လာပြီး---

"ဟဲ့ မနက်စောစောစီးစီး ဘာလို့ ဒီလောက်ဆဲဆိုနေတာလဲ"

ကိုလေးမြင့်လည်း ရပ်ကွက်လူကြီးပီပီ ပါဝါလေးနည်းနည်းပြလိုက်သည်။

"ကျွန်မ သားကြီး ညက ပျောက်သွားလို့ အီး--ဟီး--ဟီး"

ပြောလည်းပြော ငိုလည်းငိုနေတဲ့ အဖိုးကြီးရဲ့ စကားဆုံးတော့ ရပ်ကွက်လူကြီး ကိုလေးမြင့်ရဲ့ စိတ်မရှည်စွာ မေးလိုက်တဲ့မေးခွန်းက–

"ဟဲ့ ခင်စန်းမြင့် နင်ဘယ်အချိန်က လင်ယူပြီး ဘယ်အချိန်က သားကြီးရလိုက်တာလဲ၊ ရပ်ကွက်လူကြီးဖြစ်တဲ့ ငါတောင် မသိလိုက်ရပါလား"

"ဒီမှာ ကိုလေးမြင့် ရှင့်ကို ရပ်ကွက်လူကြီးမို့ ခင်စန်းမြင့် ဒီလောက်သည်းခံနေတာနော်။ တခြားလူဆို ခင်စန်းမြင့်အကြောင်း ကောင်းကောင်းသိသွားစေမယ်။ အခုပျောက်တာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



အောက်က ကျွန်မမွေးထားတဲ့ ငန်းထီး သားကြီးကို ပြောတာရှင့် အဟင့်–ဟင့် ဟီး–ဟီး''

အပျိုကြီး မခင်စန်းမြင့်သည် တစ်ကိုယ်တည်း နေပေမဲ့ သူ့အိမ်အောက်တွင် ငန်းတစ်အုပ် မွေးထားသည်။ ငန်းသားပေါက်လေးများ အရွယ်ရောက်လျှင် ရောင်းထုတ်ပေမဲ့ ငန်းတစ်အုပ်ကိုတော့ မရောင်းဘဲ မျိုးချန်ထားသည်။ ငန်းထီးကြီးသည် အပျိုကြီးနှင့် နှစ်ပေါင်းများစွာအတူနေလာလို့ လားမသိ လိမ္မာသည်။ အပျိုကြီး ဘယ်အရပ်က ပြန်လာပြန်လာ အိမ်ပေါက်ဝကနေ 'သားကြီးရေ'လို့ အော်လိုက်လျှင် ကြားတဲ့အရပ်က 'ဂန်––ဂန်'နှင့် အသံပြုကာ ပြန်ထူးတတ်သည့် ငန်းထီးကြီး၊ ညက ဘာသံမှမကြားရဘဲ ပျောက်သွားသည်။ သူခိုးဘယ်သူဘယ်ဝါမှန်းမသိသေးပေမဲ့ ခိုးသူကို ရည်စူးကာ ဆဲနည်းမျိုးစုံနှင့် ဆဲပြီး ကျိန်စာတိုက်နည်းမျိုးစုံနဲ့ ကျိန်ဆဲနေခြင်းဖြစ်သည်။

"တဲ ဒါဆိုလဲ ဆဲမနေနဲ့တော့၊ ရပ်ကွက်ထဲမှာ လူကြားမကောင်းဘူး။ ရပ်ကွက်ရုံးကို သွားတိုင်"

ရပ်ကွက်လူကြီး ကိုလေးမြင့်က ဆဲတာရပ်ပြီး ရုံးသွားတိုင်ဖို့ပြောတော့ အပျိုကြီး ခင်စန်းမြင့်က–

"မတိုင်ဘူး ရှင်တို့ရုံး သွားတိုင်လဲ သူခိုးမိမှာမှ မဟုတ်တာ၊ သူခိုး လက်ပူးလက်ကြပ်မိလဲ မြက်ပေါက်ခိုင်း၊ အမှိုက်ကောက်ခိုင်းပြီး ပြန်လွှတ်တာ၊ သူခိုးက အပြုံးတောင်မပျက်ဘူး။ အဲဒီ သူခိုးကို ကျုပ်ကိုယ်တိုင် ဖမ်းပြီး ရဲစခန်း သွားအပ်ပြမယ်"

"မတိုင်ဘူး ရှင်တို့ရုံးသွားတိုင်လဲ
သူခိုးမိမှာမှ မဟုတ်တာ၊
သူခိုး လက်ပူးလက်ကြပ်မိလဲ
မြက်ပေါက်ခိုင်း၊ အမှိုက်ကောက်ခိုင်းပြီး
ပြန်လွှတ်တာ၊
သူခိုးက အပြုံးတောင်မပျက်ဘူး။
အဲဒီ သူခိုးကို ကျုပ်ကိုယ်တိုင်ဖမ်းပြီး
ရဲစခန်း သွားအပ်ပြမယ်"

ထိုအပျိုကြီးကား ခေသူတော့မဟုတ်။ တစ်ရွာလုံးနဲ့တစ်ယောက်ပင် ရန်ဖြစ်ရဲသောသူ၊ ပါးစပ်ကလည်း ပွစိပွစိပြော လက်တစ်ဖက်က ငန်းကျောင်းတဲ့တုတ်ကိုကိုင် တဘက်စကိုခေါင်းပေါ်တင်ပြီး ရွာထိပ်သို့ သုတ်ခြေတင်တော့သည်။ ရွာထိပ်တွင် တရုတ်ကြီး ဦးယုခင်၏ ခြံရှိသည်။ ထိုတရုတ်ကြီးသည် ကြက်၊ ဘဲ၊ ငန်းအရှင်များကို ဈေးမှာပေါ်ရောင်းသူဖြစ်သည်။ ရွာထဲက ကြက်၊ ဘဲ၊ ငန်းအရှင်များကို ဝယ်ပြီး သူ့ခြံထဲတွင် လှောင်ထားကာ နေ့စဉ် တုန်နိုင်သလောက် ပေါ်ရောင်းခြင်းဖြစ်သည်။

"ဦးယုခင် ညက ငန်းထီးကြီးတစ်ကောင် လာရောင်းတာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သား"

အပိုျကြီး အမေးရှိတော့ ဦး ယုခင်က–

"ဟဲ့ ငါ့ဆီတော့ ကြက်တွေ၊ ဘဲတွေ၊ ငန်းတွေ လာရောင်းနေကြတာ ပဲ။ ငါ တစ်ဦးချင်း တစ်ကောင်ချင်းတော့ ဘယ်မှတ်မိနိုင်မလဲ၊ အခု ဘာဖြစ်လို့ လဲ"

"ညက ကျွန်မ ငန်းထီးကြီး ပျောက်သွားလို့ ဒီမှာများ လာရောင်းသ ထားလို့ လာရှာတာ"

"ဟဲ့ ကြက်တွေ၊ ဘဲတွေ၊ ငန်းတွေ အကောင်တစ်ရာလောက်ရှိ တာ နင့်ငန်းတစ်ကောင် ဘယ်လိုရှာရ မလဲ"

"ရတယ်ဦးလေး ရှာလို့သာ ပြော၊ ကျွန်မငန်း ကျွန်မတွေ့အောင် ရှာမယ်"

ပြောမရတဲ့အဆုံး ဦးယုခင် လည်း လက်လျှော့ကာ–

"နင့်ငန်း မှတ်မိတယ်ဆိုရင် ဘယ်လိုရှာမလဲ၊ ဘယ်လိုသက်သေပြ မလဲ၊ ဘာအမှတ်အသားရှိလဲ"

"ဒီမှာ ဦးယုခင်၊ ကျွန်မငန်း ဟုတ်မှ ကျွန်မယူမယ်၊ မဟုတ်ရင် မယူ ဘူး"

ပြောပြောဆိုဆိုနှင့် ကြက်၊ ဘဲ၊ ငန်းတွေ လှောင်ထားတဲ့ ခြံထဲဝင် လိုက်တော့ လူရိပ်မြင်တာနဲ့ အားလုံး အသံတိတ်သွားသည်။ ကြက်သံ၊ ဘဲသံ၊ ငန်းသံတိတ်သွားချိန်မှာ အပျိုကြီးက ခြံဝကနေ "သားကြီးရေ"လို့ လှမ်း အော်လိုက်တော့ ငန်းအုပ်ထဲက ငန်းထီး ကြီးတစ်ကောင် လည်ဆန့်ကာ 'ဂန်'ဆို ပြီး ပြန်ထူးသည်။ နောက်တစ်ခါ 'သား ကြီးရေ'လို့ ခေါ်လိုက်ပြန်သည်။ ထိုငန်း ထီးကြီးကပင် 'ဂန်'ဆိုပြီး ပြန်ထူးလေ သည်။

"အဲဒါ ကျွန်မငန်း အဲဒါ ကျွန်မ ငန်း xx သားကြီးရေ xx သား ကြီးရေ"

"ဂန် xx ဂန်"

အပျိုကြီး ခင်စန်းမြင့် သူ့ ငန်းထီးကြီးကို ပြေးပွေ့လိုက်သည်။ ငန်းထီးကြီးကလည်း သူ့သခင်မရဲ့ ပွေ့ ဖက်မှုကို အသာအယာခံလေသည်။ အဲ ဒီတော့မှ ဦးယုခင်က–

"ဒါ xx ဒါ နင်တို့ဘက်က ဖိုးတုတ်လာရောင်းသွားတာ၊ ဖိုးတုတ် xx ဖိုးတုတ်"

"သိတယ် သိတယ်၊ ရွာထဲ မှာ ဒီသေနာကျကလွဲလို့ ဘယ်သူမှ မခိုး ဘူး"

ခိုးရာဝါ ဝစ္စည်းလည်း မိပြီ၊ ခိုးတဲ့သူလည်း သိပြီ။ မိအောင်ဖမ်းပြီး ရဲစခန်းပို့ဖို့ ရပ်ကွက်လူကြီးများ လုပ်ရ ပေဦးမည်။ အဲဒီအချိန်က ကျေးရွာလူ ကြီးက ဦးကျော်သိန်း၊ သူက တော်ရုံ အမှုနဲ့ သူ့ရွာသားကို ရဲစခန်းမပို့ဘူး။ ရွာ မှာတင် ပြီးအောင် ရှင်းသည်။ ပြတ်

"သိတယ် သိတယ်၊ ရွာထဲမှာ ဒီသေနာကျကလွဲလို့ ဘယ်သူမှ မခိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်သည်။ အခုကိစ္စကတော့ မပို့လို့မဖြစ်။ ငန်းအခိုးခံရတဲ့ အပိုျကြီး ခင်စန်းမြင့်က ရဲစခန်းပို့ရမှ ကျေနပ်မယ်ဆိုလို့ သူခိုး ဖိုးတုတ်ကို ရဲစခန်းပို့လိုက်သည်။

အဲဒီအချိန်က ရဲစခန်းမှာ စခန်းမှူးက ဦးအုန်းကြိုင်။ သူက တကယ့် နာမည်ကြီးဗျ။ (နာမည်ကြီးဆို လို့ တလွဲ မထင်ပါနဲ့)။ သူရောက်တဲ့ သက်တမ်းအတွင်းမှာ အမှုကြီးတွေကို တရားခံဖော်ထုတ်နိုင်ခဲ့လို့ နာမည်ကြီးတာပါ။ ကျွန်တော်တို့ရွာက ကျေးရွာလူကြီး ဦးကျော်သိန်းနဲ့လည်း ရင်းနှီးပြီးသားဖြစ်လို့ ကျေးရွာလူကြီးက စခန်းမှူးကြီးဆီကို စာတစ်စောင် ရေးပေးလိုက်ပါတယ်။ မလိမ်မိုး မလိမ္မာတစ်ကြိမ်တစ်ခါ မိုက်တဲ့ ဖိုးတုတ်ကို ရွှေဖော့ရီးနဲ့ ဆုံးမပေးဖို့ပေါ့လေ။ စခန်းမှူးကြီးကလည်း တရားခံလာပို့တဲ့လူပေးတဲ့ စာကိုဖတ်ပြီး ခေါင်းတစ်ချက်ညိတ်ကာ

"ကဲ သူ့ကိုထားခဲ့ ခင်ဗျား တို့ပြန်ကြတော့၊ အခုလို လာပို့တာ ကျေးဇူးတင်တယ်"



တရားခံ လာပို့တဲ့သူတွေ ပြန်သွားတော့ ဖိုးတုတ်ကို သိချင်တာတွေ မေးမြန်းပြီး သူနဲ့ထိုက်သင့်တဲ့ အပြစ်ပေးဖို့ စဉ်းစားရသည်။

"ဆရာ ကျော်သန်းရေလာ"

စခန်းရှေ့ရှိ ရဲတပ်ကြပ် ဆရာ ကျော်သန်းကို လှမ်းခေါ်ကာ-

"ဒီကောင့်ကို စခန်းဝင်းထဲမှာရှိတဲ့ အမှိုက်တွေ၊ စခန်းနောက်က ချုံပုတ်တွေ၊ စခန်းရှေ့က ရေမြောင်းတွေ သေသေချာချာရှင်းခိုင်း၊ ပေါက်တူးနဲ့ ဓားနောက်က စတိုခန်းထဲမှာ ရှိတယ်"

ဖိုးတုတ်ကို အမှိုက်ရှင်း၊ ချုံခုတ်၊ မြောင်းဆယ်ခိုင်းပြီး ည စခန်းထဲမှာပဲ အိပ်စေတာ မနက်ကျတော့ ပြောဆို ဆုံးမပြီး ပြန်လွှတ်လိုက်သည်။ အချုပ်ခန်းထဲတော့မထည့်။ ဖိုးတုတ်ပြန်သွားပြီး စခန်းမှူး ဦးအုန်းကြိုင် စခန်းဝင်းထဲ လှည့်ကြည့်လိုက်တော့ စခန်းဝင်းကြီးဟာ အရင်နဲ့မတူ ပြောင်ရှင်းနေတာပဲ။ အရင် သူ့ရုံးခန်းခေါင်းရင်းက အိုင်နေတဲ့ ရေပုပ်တွေလည်း အခု မရှိတော့ဘူး။ စခန်းနောက်က ပိန်းမြက်နဲ့ နွယ်ပင်တွေ တောထနေတာလည်း ခုတ်ထွင်ရှင်းလင်းထားလိုက်တာ ပြောင်တလင်းပဲ။ သူ့တာဝည့် ငါးယောက်လောက်ကို ခိုင်းရင် ငါးရက်လောက်ကြာတာတောင် ဒီလိုအခြေအနေမျိုး မရနိုင်။ စခန်းမှူး ဦးအုန်းကြိုင် ဖိုးတုတ်အလုပ်လုပ်ခဲ့တာကိုကြည့်ပြီး ကျေနပ်နေသည်။ ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ ည (၁၀)နာရီလောက်မှာ စခန်းထဲမှာ လူငါးယောက်ဝင်လာတယ်။ ဗလကောင်းကောင်းနဲ့လူက တရားခံဖြစ်ဟန် တူတဲ့လူရဲ့ ကုပ်ပိုးကိုကိုင်ပြီး ဘေးနှစ်ယောက်က လက်တစ်ဖက်စီကို ကိုင်ချုပ်ပြီး ဝင်လာကြတယ်။ တရားခံကြည့်လိုက်တော့ ဖိုးတုတ်ဖြစ်နေပြန်တယ်။

"ဘာဖြစ်တာလဲ"

"ဒီလိုပါ ဒီက တရားခံ ဖိုးတုတ်ဟာ ဘုရားကြီးဇရပ်ထဲမှာ တရားစခန်းဝင်နေတဲ့ ယောဂီတွေ လှန်းထားတဲ့ လုံချည်အကျႌတွေ ခိုးပြီးထွက်ပြေးတာ သူခိုး--သူခိုး အော်လို့ ဝိုင်းဖမ်းတော့ ဖိုးတုတ်ဖြစ်နေတယ်။ ဒီမှာ သူ့ဆီက တွေ့တဲ့ပစ္စည်းတွေ"

စခန်းမှူး ဦးအုန်းကြိုင် ကြည့်လိုက်တော့ ယောဂီလုံချည်နှစ်ထည်နဲ့ အကျႌဖြူလက်ရှည်တစ်ထည်-

"ကဲရော့ ဒီလုံချည်၊ အကျႌတွေကို တရားထိုင်တဲ့ ယောဂီတွေကို ပေးလိုက်၊ ခင်ဗျားတို့ ပြန်ကြတော့၊ သူ့ကိုထားခဲ့ ကျွန်တော်တို့ လုပ်စရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com





ဆက်လုပ်မယ်"

စခန်းမှူး ဦးအုန်းကြိုင် တစ်ယောက် ဖိုးတုတ် ဒီတစ်ခေါက် စခန်းကို ရောက်လာခြင်းဟာ ထီခုနစ်ရာဆုပေါက်သလောက်ကို ဝမ်းသာသွားသည်။ ဘာဖြစ်လို့လဲဆို ဒီတစ်ပတ်အတွင်းမှာ အထက်လူကြီးတွေ ဒီကိုလာမယ်ဆိုတဲ့သတင်း ရထားပြီးလို့ အဲဒီ လူကြီးတွေ လာစစ်ရင် စခန်းရဲ့မျက်နှာစာ အတွင်းအပြင် အားလုံး သန့်ရှင်းသပ်ရပ်နေမှ ဖြစ်မည်။ တပ်ဖွဲ့အင်အားနဲ့ လုပ်ရအောင်ကလည်းမလုံလောက်ဘူး။ သူ့နေရာနဲ့ သူ့ကင်းနဲ့ ဘယ်လိုမှ ခေါ်သုံးလို့ မဖြစ်နိုင်၊ အပြင်လူ ခေါ်ခိုင်းရအောင်ကလည်း ဘယ်ကပိုက်ဆံနဲ့ပေးမလဲ။ ဖိုးတုတ်တို့လို ကြက်ခိုး၊ ဘဲခိုးတဲ့ကောင်တွေ မိမှ သူတို့ကို အပြစ်ပေးတဲ့ အနေနဲ့ ခိုင်းရတာ။ နောက်တစ်ခုက ကြီးတဲ့အမှုကို ငယ်စေ၊ ငယ်တဲ့အမှုကို ပပျောက်စေဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ပြုပြီး လုပ်ရတယ်။ အခုဆိုရင် ဦးအုန်းကြိုင် ရဲလုပ်သက် (၂၀)ကျော်ပြီ။ အခြားမြို့တွေ၊ နယ်တွေမှာ တာဝန်ကျတာထက် ဒီမြို့မှာ တာဝန်ကျတာ မသက်သာဘူး။ မြို့လေးက အေးချမ်းပါတယ်။ အမှုအခင်း ကြီးကြီးမားမား မရှိသလောက်ပဲ။ မြို့မှာနေတဲ့လူတွေက စက်ရုံ၊ အလုပ်ရုံနဲ့ ရုံးဝန်ထမ်းတွေဖြစ်လို့ တည်ငြိမ်အေးချမ်းတယ်။ ခက်နေတာက ဦးအုန်းကြိုင်။ ရဲက ရဲအလုပ်မလုပ်ရဘဲ လူကြီးအလုပ်ပဲ လုပ်နေရတယ်။ ဒီမြို့မှာ ဂေါက်ကွင်းရှိတယ်။ တနင်္ဂနွေရုံး ပိတ်ရက်တိုင်း လူကြီးတွေ ဂေါက်သီးလာကစားကြသည်။ သူတို့ကတော့ ပိတ်ရက် လာကစားကြတာပဲ၊ အုန်းကြိုင်တို့မှာ တာဝန်ကြီးတစ်ခုကို ထမ်းဆောင်ရသည်။ တနင်္ဂနွေရုံးပိတ်ရက် မိသားစုနှင့်အတူ ဘုရားသွားချင်သည် မဖြစ်နိုင်။ သားတွေ သမီးတွေကို ကစားကွင်း၊ တိရစ္ဆာန်ရုံ လိုက်ပို့ချင်သည်မဖြစ်နိုင်။ မိမိဆွေမျိုးထဲက နာရေးကိစ္စပေါ်လာလို့ သွားချင်တာတောင် အဲဒီလိုနေ့မျိုးနှင့် တိုက်ဆိုင်လျှင် သွားလို့မရတဲ့ အုန်းကြိုင်တို့ရဲ့ဘဝ---။

စခန်းမှူး ဦးအုန်းကြိုင် သူ့ရုံးခန်း ပြတင်းပေါက်ကနေ အချုပ်သားများထားရာ အချုပ်ခန်းဘက်ဆီ ဘာရယ်မဟုတ် လှမ်းကြည့်မိသည်။ ထော



www.burmeseclassic.com

www.burmeseclassic.com



ဘ၊ ဒေါ်သ၊ မောဟတရားတို့ရဲ့ စေ့ဆော်တိုက်တွန်းမှုကြောင့် ငါကတော့ အဲဒီခိုးဆိုးနေတဲ့သူတွေကို အပြစ်ရစေဖို့ ထမ်းဆောင်ချုပ်နှောင်ခဲ့တဲ့ ငါကိုယ်နှိုက်က ဘာများ ထွက်ပေါက်မှာတဲ့ယ်ရှိသူလား--။

"ဗိုလ်ကြီး"

အတွေးရေယာဉ်ကြောမှာ မျောချင်တိုင်းမျောလို့ ကောင်းနေတုန်း ခေါ်သံကြားလို့ကြည့်လိုက်မိတော့ ဂျူတီစာရေးကြီး ဦးအောင်သန်းက-

"ဒီမှာ တရားခံ လာပို့တယ်၊ ဘာဆက်လုပ်ရမလဲ"

"ဘာအမှုလဲ"

"ခိုးမှု"

"ခေါ်ခဲ့"

စခန်းမှူး ဦးအုန်းကြိုင် စားပွဲရှေ့ရောက်လာတဲ့ တရားခံကြည့်လိုက်တော့ ဖိုးတုတ်။ ပြီးခဲ့တဲ့ တစ်ပတ်ကမှ လုံ့ချည်ခိုးလို့ စခန်းဝင်းထဲ သန့်ရှင်းရေးလုပ်ခိုင်းပြီး နောက်နောင် ဒီလို သူများ ပစ္စည်းမခိုးဖို့ ပြောဆိုဆုံးမပြီး လွှတ်လိုက်တယ်။ အခု ပြန်ရောက်လာတယ်။

"အခု ဘာခိုးတာလဲ"

"ကြက်ခိုးတာ ဆရာ"

တရားခံ ဖိုးတုတ် နောက်မှ လူတစ်ယောက်က ဒန်အိုးတစ်လုံးကိုင်ပြီး ဝင်လာသည်။ ဒါနဲ့ ဦးအုန်းကြိုင်က-

"သူခိုးတာ ကြက်ဆို၊ ဘာလို့ ဒန်အိုးကြီး ယူလာတာလဲ"

"ဟုတ်တယ်ဆရာ သူ ကျွန်တော့် ကြက်ကိုခိုးပြီး ချက်စားတဲ့ ဟင်းအိုးပါ ဆရာ"

"ဟေ ဒါဆိုလဲ မင်း ကြက်ဆို ဒီကြက်သားဟင်းကို မင်းယူသွား၊ အိုးကိုတော့ သူ့အိမ် ပြန်ပေးလိုက်၊ ဒီကောင့်ကို ဆရာတို့ ဆက်လက် အရေးယူမယ်"

တရားခံ လာပို့တဲ့သူများ ပြန်သွားကြတော့ ဖိုးတုတ်တစ်ယောက်ထဲ စခန်းမှူးရှေ့မှာ ငုတ်တုတ်ထိုင်နေလေသည်။

"ဟေ့ကောင် ဖိုးတုတ် မင်းဟာ ခွေးမြီးကောက်ပဲကွ၊ကျည်တောက်ဖြုတ်လိုက်တာနဲ့ ပြန်ကောက်တဲ့ အကောင်ပဲ။ မင်းက သက်သက်ညှာညှာ အပြစ်ပေးလို့မကြောက်ဘူး။ အခု ငါကိုယ်တိုင် အမှုဆွဲပြီး မင်းကို ရုံးတင်ရမယ်။ ရုံးတော်င် ထီးပြန်ဖိနပ်ပြန်ရုံးကို ကျအောင် တင်မယ်။ အနည်းဆုံး သုံးနှစ်နဲ့ ငါးနှစ်ထောင်ကို တန်းနေတာပဲ"

ထီးပြန် ဖိနပ်ပြန် ရုံးကိုတင်မယ်ဆိုတော့ ဖိုးတုတ် ငိုပါလေတော့သည်။ နောက်လက်အုပ်ချီပြီး စခန်း မှူး ဦးအုန်းကြိုင်ကို ရှိခိုးလေသည်။ မြို့နယ် တရားရုံးမှာ ဦးတင်ဖေဆိုတဲ့ တရားသူကြီးကို အမှုသည်တွေက ကွယ်ရာမှာ ထီးပြန်ဖိနပ်ပြန်ဟု ခေါ်ကြသည်။ ဘာကြောင့်လည်းဆို သူ့ရုံး ရောက်တဲ့ တရားခံသည် ထီးနဲ့ဖိနပ်သာ

"ဆရာရယ် --- ဆရာ
ခိုင်းချင်တာခိုင်းပါ။
ဆရာခိုင်းသမျှ လုပ်ပါ့မယ်။
ရုံးတော့မတင်ပါနဲ့ ဆရာရယ်၊
ဟီး-- ဟီး--ရှုတ်--ရှုတ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ပြီး လူက အင်းစိန်ထောင် ရောက်သွားခြင်းကြောင့် တရားသူကြီး ဦးတင်ဖေကို ထီးပြန်ဖိနပ်ပြန်ဟု နာမည်ပြောင်ပေးထားကြခြင်း ဖြစ်သည်။ ဖိုးတုတ်ဆိုတဲ့ကောင် တရားစွဲ ပြီး ဦးတင်ဖေရုံးကို ရောက်မှာတော့ ကြောက်ပုံရသည်။ စခန်းမှူး ဦးအုန်းကြိုင်ကို အကြိမ်ကြိမ် ရှိခိုးနေလေသည်။

"ဆရာရယ် ဆရာ ခိုင်းချင်တာခိုင်းပါ။ ဆရာခိုင်းသမျှ လုပ်ပါ့မယ်။ ရုံးတော့မတင်ပါနဲ့ ဆရာရယ်၊ ဟီး--ဟီး--ရှုတ်--ရှုတ်"

ဦးအုန်းကြိုင် ကိုယ်တိုင်ကတည်း ရဲတပ်ဖွဲ့ထဲရောက်ပြီး စခန်းမှူးရာထူးနှင့် ဥပဒေဘက်တော်သားကွလို့ကြွေးကြော်နေတာ၊ ငယ်စဉ်ကာလသားအစ်သိုက်နှင့် ရွာထိပ်က ကင်းတဲမှာ မီးအင်းစောင့်ရင်း ဦးမောင်ချန် အိမ် စပါးကျီတန်းမှာ အိပ်တန်းတက်တဲ့ ဝပ်ခါနီးကြက်မကြီးကို ခိုး၊ ဘကြီးစိန်မောင် ဘူးစင်က ဘူးသီးနဲ့ ကာလသားချက် ချက်စားကြတာ ကောင်းလိုက်တာ။ မနက်နံလင်းတော့ ဦးမောင်ချန်သမီး အပျိုကြီး ဆဲလိုက်တာ ဂျိုးကိုကူလို့ ဆဲရုံတင်အားမရဘူး။ မေတ္တာပို့လိုက်တာလည်းအားရပါးရ။ 'သူ့ကြက်ခိုးစားတဲ့သူတွေအလနာတိုက်ပါစေ၊ မြွေပွေးကိုက်ပါစေ'

နဲ့" တစ်ခါတလေတော့ ငယ်ဘဝကိုပြန်တမ်းတမိတယ်။ အဲဒီအချိန်က ရာထူးဆိုတာလည်းမရှိ၊ ဂုဏ်ဆိုတာလည်းမရှိ၊ ဝကတိအဖြူရောင် နှောင်ကြိုးမရှိတဲ့ လွတ်လပ်ခြင်းတွေဟာ အဲဒီအချိန်ကပဲ ရှိခဲ့သည်။ ဒါကြောင့်ပင် ဖိုးတုတ်တို့လို ကြက်ခိုးဘဲခိုး၊ အမှုသေးလေးများကိုအချုပ်ခန်းထဲ မထည့်ဘဲ ထိုက်သင့်တဲ့အပြစ်ပေးတာ ပြောဆိုဆုံးမပြီး ပြန်လွှတ်လိုက်တာချည်းပဲ။

နောက်တစ်ချက်က အဲဒီလိုသေးသေးမွှားမွှား အမှုကို အချုပ်ထဲထည့်လိုက်လျှင် အထဲမှာရှိတဲ့ တကယ့်ပဂေးကြီးတွေနဲ့ သွားပေါင်းမိကာ လူဆိုးသူခိုးအကြီးစားဘဝကိုရောက်သွားနိုင်သည်။ ဒီနေ့လူကြီးတွေ ဂေါက်ပွဲရှိသည် ဖိုးတုတ်ကို စခန်းထဲမှာထားလို့မဖြစ်---။

"ဆရာ ကျော်သန်း ဒီကောင့်ကို ကျွန်တော့်အိမ်ကို ခေါ်သွား၊ ပေါက်တူးနဲ့ ဓားပါယူသွား၊ အိမ်ဘေးပတ်ပတ်လည်မှာရှိတဲ့ ချုံတွေကို အကုန်ရှင်းခိုင်း၊ ကျွန်တော့်ဇနီးကို ပြော နေ့လယ် ထမင်းစားချိန်ကျရင် ဒီကောင့်ကိုပါ ကျွေးလို့၊ သူ့ပို့ပြီး ဆရာ ပြန်လာခဲ့နော်။ ဒီနေ့ လူကြီးလမ်းကြောင်း ရှိတယ်"

စခန်းမှူး အိမ်သည် စခန်းနှင့် သိပ်မဝေးလှသော စခန်းဝင်းထဲမှာပင် ရှိသည်။ ဆရာ ကျော်သန်းနှင့် ဖိုးတုတ် ထွက်သွားတော့ စခန်းအပြင်လမ်းမဘက်သို့ လမ်းကြောင်းအနေအထားကို ကြည့်လိုက်သည်။ လမ်းမဟိုဘက်ခြမ်းတွင် ဆွမ်းအုပ်ဆွမ်းချိုင့်ကိုယ်စီဆွဲလို့ ဘုန်းကြီးကျောင်း ဥပုသ်စောင့်သွားကြသည့် ဥပုသ်သည်တွေမြင်မှ ဒီနေ့ဥပုသ်နေ့မှန်း သိလေသည်။ ဩော် ငါတို့ရဲဘဝကလည်း အဖိတ်မှန်းဥပုသ်မှန်းတောင် မသိတော့ပါလား။

ရုံးခန်းထဲ ဝင်ထိုင်ကာ သီလပေး ဆရာတော်ကြီးကို ရည်မှန်းကာလက်အုပ်ချီ၍ ဆရာတော်ကြီးပေးသောကိုးပါးသီလကို ရုံးခန်းထဲကပင် ဆောက်တည်လိုက်သည်။ သီလပေးပြီးတော့အသံချဲ့စက်မှ သီတဂူဆရာတော်ကြီးရဲ့ခန္တီမေတ္တာဆိုတဲ့ တရားခွေကို ဖွင့်သည်။ ဆရာတော်ကြီးရဲ့ အသံကလည်းကောင်း၊ တရားကလည်းကောင်းတော့အဝေးက နာရတာအားမရ ဒါကြောင့်အပြင်မှာရပ်နေတဲ့ တပ်သား အောင်ကြည်ကို လှမ်းခေါ်ကာ-

"အောင်ကြည် ဆရာတော်ကျောင်းမှာ အသံချဲ့စက်ဖွင့်နေတာ စိန်လှမင်း ဓာတ်စက်ထင်တယ်။ အဲဒီမှာစက်ဖွင့်နေတာ စက်ပိုင်ရှင် ဦးတင်အေးလား မသိဘူး။ မင်းသွားပြီးတော့ ဦး



www.burmeseclassic.com

www.burmeseclassic.com



တင်အေးကိုပြော စောစောကဖွင့်တဲ့ သီတဂူဆရာတော်ကြီး တရားခွေကို နှစ်ရက် သုံးရက်လောက် စခန်းမှူးက ငှားပါလို့ ပြောပြီး ငှားခဲ့၊ အခုတော့ မသွားနဲ့ဦး၊ လူကြီးလမ်းကြောင်း ပြန်သွားမှ အေးအေးဆေးဆေးသွား"

ခန္တီဆိုတာ သည်းခံခြင်းပဲ။ သည်းခံခြင်းဟာ မေတ္တာပဲ။ အဲဒီ ခန္တီတရား၊ မေတ္တာတရားတွေ မထားနိုင်ကြလို့ နည်းပါးကြလို့ တစ်ဦးနဲ့တစ်ဦး ရိုက်ကြနှက်ကြ၊ ထိုးကြခုတ်ကြ၊ သတ်ကြဖြတ်ကြတာပေါ့။ အုန်းကြိုင်တို့ စခန်းက အချုပ်ထဲမှာရှိတဲ့ အချုပ်သား ဆယ်ယောက်မှာ ကိုးယောက်က အဲဒီခန္တီ မေတ္တာမရှိကြလို့သာ ဒီသံတိုင်တွေကြား အချုပ်သား ဖြစ်နေရတာပေါ့။

ညနေ (၄)နာရီလောက်မှာ လူကြီးလမ်းကြောင်း ပြန်သွားသည်။ ဒီတော့မှပဲ ရင်ထဲမှ အလုံးကြီးကျတာ တာဝန်မှူး ဒုရဲအုပ် လှထွန်းကို မှာစရာရှိတာမှာပြီး အိမ်ပြန်ခဲ့သည်။ အိမ်မရောက်ခင် ခပ်လှမ်းလှမ်းက ကြည့်တာနဲ့ပင် အိမ်ပတ်ဝန်းကျင်မှာ ပြောင်ရှင်းနေလေသည်။ ဖိုးတုတ်ဟာ အလုပ်လုပ်ရင် တကယ်သေသေသပ်သပ်လုပ်တဲ့ ကောင်ပဲ။ ခက်နေရတာက စောရနက္ခတ်ပါနေတာဆိုးသည်။ သူတို့ရွာက လူတွေကလည်း နည်းနည်းလွန်ပါတယ်။ ထစ်ခနဲရှိ ဖိုးတုတ်၊ ဘာလေး ပျောက်ပျောက် ဖိုးတုတ်ကိုပဲ စွပ်စွဲနေကြတာ၊ ရွာထဲမှာ တခြားသူခိုးမရှိဘူးလို့ ဘယ်သူအာမခံရဲလဲ။ ဒါလည်း သူတို့မှာ ခန္တီမေတ္တာမရှိကြလို့ပဲ၊ လူတွေ တော်တော်ခက်တဲ့ လူတွေပဲ၊ မြေနိမ့်ရာ လှံစိုက်ချင်ကြတဲ့သူတွေ---

ဦးအုန်းကြိုင် ယူနီဖောင်းလဲပြီး ခေါင်းရင်းပြတင်းပေါက်ကနေ ဖိုးတုတ်ကို ကြည့်တယ်၊ မတွေ့ဘူး။ ဓားနဲ့ ပေါက်တူးကတော့ ခေါင်းရင်းမှာ ထောင်လျက်သား။ ဒီကောင် စခန်းကို များ ပြန်သွားသလား။ စခန်းပြန်ရင် သူ့ကို ညစာဘယ်သူက ကျွေးမှာလဲ။ ဒီကောင် ညစာထမင်းတော့ ဝတ်တော့မှာပဲ။ စခန်းမှူး ဦးအုန်းကြိုင်ရဲ့ ကရုဏာတရားတွေက ဖိုးတုတ်အပေါ် ရေစီးကမ်းပြိုလိုက်နေသည်။ ခေါင်းရင်း ပြတင်းပေါက်ကနေ ညော့ခန်းဗီရိုရှေ့ ရောက်တော့ 'ဟာ'ဆိုတဲ့ အာမေဋိတ်သံ ထွက်သွားသည်။

"ဟာ တက်ဆက်ကြီး မရှိတော့ဘူး။ မိန်းမရေ --- မိန်းမရေ"

"ရှင် အစ်ကို ဘာဖြစ်လို့လဲ"

"ဒီမှာ ကြည့်စမ်း တို့ကက်ဆက်ကြီးရော"

"နေ့လယ်တကောင်း ဖွင့်သေးတယ်"

"တော်ပြီ--ငါသိပြီ၊ မင်း ရဲ မိန်းမဖြစ်ပြီး မျက်ကြောသေတဲ့ မိန်းမ"

စခန်းမှူးကြီး သူ့မိန်းမကို အပြစ်တင်နေလေသည်။ "ဖိုးတုတ်-- ဖိုးတုတ် မင်း ငါ့လက်က လွတ်အောင် ပြေးပေါ့ကွာ။ နောက်တစ်ကြိမ် မရောက် လာပါစေနဲ့ ဆုတောင်း၊ ရောက်လာလို့ ကတော့ကွာ အရေဆုတ်ပြီး အရိုးပါ နုတ်နုတ်စင်းပစ်မယ်။

"ဟင်း ×× ဟင်း"

စခန်းမှူးကြီး ဦးအုန်းကြိုင် မျက်နှာကြီးမှာ မီးကျီးခဲပမာ ရဲတွတ်နေ သည်။ မျက်လုံးအစုံတို့သည် ဒေါသ အခိုးအလျှံတို့က တညီးညီးတောက် လောင်ကာ အပြင်ဘက်သို့ ကျွတ်ထွက် မတတ် ပြူးကျယ်နေလေသည်။ ထို အချိန်မှာပင် ရဲတပ်သား အောင်ကြည် စခန်းမှူးရှိရာသို့ ရောက်လာသည်။

"ဗိုလ်ကြီး ဒီမှာ ဦးတင် အေး ပေးလိုက်တာ။ မင်းကွန်းဆရာ တော်ဘုရားကြီးရဲ့ မေတ္တာပွားနည်း (၁၁)နည်းတဲ့"

"ဟေ့ကောင် အောင်ကြည် မင်းအခွေတွေ ပြန်ပေးလိုက်တော့ မေတ္တာလဲ မပွားနိုင်ဘူး။ ဖွင့်စရာ ကက် ဆက်လဲ မရှိတော့ဘူး××"

**ဝင်းသီတာ-သန်လျင်**



www.burmeseclassic.com

www.burmeseclassic.com



# အဖေဖြစ်လာမယ့်လမ်း

မျိုးသစ်



www.burmeseclassic.com

www.burmeseclassic.com



## "အဖေပြန်လာမယ့်လမ်း"

**မျိုးသစ်**

(၁)

ဆေးရုံပေါက်ထွက်တဲ့ တံခါးကစပြီး ကျွန်တော့်ခြေလှမ်းတွေ နှေးကွေးနေတာကို သတိထားလိုက်မိတယ်။ အားလုံးဟာ ကျွန်တော့်အတွက် တုံ့ဆိုင်းသွားခဲ့ပြီပဲပေါ့။

အတွေးတွေ ရှုပ်ယှက်ခတ်ရှုပ်ထွေးပြီး တစ်ခေါင်းလုံးမှာလည်း နောက်ကျိုလို့ ဘာလုပ်လို့ ဘာကိုင်ရမယ်ဆိုတာ မဆုံးဖြတ်တတ်တော့ဘူးလေ။ ဆေးရုံထဲဝင်လာသူတွေ ထွက်သွားသူတွေ အများကြီးပေါ့။ သားသားနားနား ဝတ်စားလာသူတွေက စုတ်ပြတ်နေတဲ့ ကျွန်တော့်ကို သနားစရာ သတ္တဝါတစ်ကောင်လို ငဲ့ကြည့်သွားကြလေရဲ့။

အဲဒါတွေကိုလည်း စိတ်မဝင်စားအားပါဘူး။ ကျွန်တော့်ခေါင်းတွေ ပူနေတယ်။ ဆူနေတယ်။ ကျွန်တော်စဉ်းစားနေတာ တစ်ခုတည်း (အိမ်ကိုဘယ်လိုပြန်ရပ့်မလဲ) ဆိုတာကိုပေါ့။ လာတုန်းကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်၊ ဘာဝယ်မယ်၊ ဘာခြမ်းမယ် စုံနေတာပါပဲ။ ပိုက်ဆံရဖို့ အမြင်ကလည်း ဒီမှာရှိနေတာကိုး။ ခုတော့ သဲထဲရေသွန်တာကမှ ကွက်ကွက်ကလေးကျန်ဦးမယ်။ လုပ်ရက်လိုက်တာ အံ့ပါရဲ့ အပြောကောင်းတဲ့စကားတွေ နားထဲက မထွက်ဘူး။

"မင်း မနစ်နာစေရပါဘူး ညီလေးရယ်။ မင်းအတွက် သုံးထောင်ပေးမှာပါ။ စစ်တာ ဆေးတာ ကုန်ကျသမျှ အားလုံး တို့ခံမယ်။ မင်းကိုအသားတင် ပေးမှာနော်။ မင်းအကျိုးမယုတ်ပါဘူးကွာ။ စိတ်ချသိလား"

အလုပ်အကိုင် အဆင်မပြေလို့ ကားဂိတ်နားမှာ ယောင်လည်လည်ဖြစ်နေတဲ့ ကျွန်တော့်အတွက် သူဟာ ကယ်တင်ရှင်ကြီးပါပဲ။ သူ့မိတ်ဆွေတစ်ယောက် အရေးတကြီး သွေးလိုလို့ ရှာနေတာတဲ့။ သွေးဆိုတာ လူကိုယ့်ခန္ဓာတည်ဆောက်ဖို့ ပါဝင်မှုတစ်ခုပဲ မဟုတ်လား။ ဒါပေမယ့် မိသားစုရဲ့ လိုအပ်ချက်အတွက် သွေးရောင်းရတော့မယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်တော် လွယ်လွယ်ကူကူ ခေါင်းညိတ်လိုက်သည်။

ဆေးရုံမှာ သွေးအမျိုး အစားစစ်ဆေးပြီး အခြားရောဂါ ပိုးရှိ မရှိကို သိနိုင်ဖို့အတွက် လိုအပ်တာတွေ ဆက်စစ်တယ်လေ။ နောက်ဆုံး သွေးတစ်ပုလင်း ထုတ်ပေးလိုက်ရတာ သိပ် မကြာပါဘူး။ ပြီးတော့ ကာယကံရှင်တွေဆီမှာ ပိုက်ဆံတောင်းမိတဲ့ အခါ သူတိုက ကြိတ်ကြောင်တောင် (ဘာတွေဖြစ်နေပါလိမ့်) လို့ တွေးမိတယ်လေ။

"မင်း တို့ခေါ်လာတဲ့ မင်းအစ်ကိုကို တို့သွေးနှစ်ပုလင်းအတွက် စစ်ဆေးခပေးဖို့ ငွေသုံးသောင်းပေးလိုက်တယ်လေ။ မင်းတို့ကို သူပေးမှာပေါ့။ သူ့ကိုတောင်း"

သူတို့ လူတစ်ယောက်က ဖြေပြီး လူမမာဆီ ပြန်ဝင်သွားလိုက်တာ လှည့်တောင် မကြည့်တော့ဘူး။

"ဟာ .. သွားပြီ"

မဖြစ်ဘူး မတွေ့ဖူးခဲ့တဲ့ လူက ပိုက်ဆံယူသွားပြီဆိုတော့ ဘယ်ကို လိုက်တောင်းလို့ တောင်းရမှာလဲ။ နောက်ထပ် သွေးထုတ်နေတာ တစ်ယောက် ရှိနေတုန်းပါ။ သူလည်း ဒီပုံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဆိုခံလိုက်ရပြီပေါ့။ ဆေးရုံတစ်ခုလုံး ပတ်ရှာပါသေးတယ်။ အစတောင် မမြင်ရတော့ဘူး။ ကိုယ့်မှာ ငွေမရှိလို့ သွေးဖောက်ရောင်းတာ ဖြတ်ရိတ်သွားတဲ့လူက ရှိသေးတယ်တဲ့။

အဆုံးမှာတော့ စိတ်ပျက်လက်ပျက် ဆေးရုံကထွက်ခဲ့ရတာပါပဲ။

(၂)

ဇနီးက မမာဘူး။ ကလေးနှစ်ယောက်ကလည်း လူမည်။ မနက်က ထမင်းကြမ်းနဲ့ အကြော်အကြွေးခံကျွေးခဲ့တာက လွဲလို့ ဘာမှ မစီစဉ်ခဲ့ရသေးဘူး။ မိသားစု စားရေးသောက်ရေး ပြီးတော့ ဝတ်ရေးနေရေးအားလုံးက ကျွန်တော့်တာဝန်တွေလေ။ ရင်ထဲက အမောကို သက်ပြင်းချနေရုံနဲ့တော့ မပြီးဘူးပေါ့။ ရှေ့ခရီးကို ဘယ်လိုဆက်ရပါ့မလဲလို့ မှန်းကျပ်မှုတွေနဲ့အတူ လမ်းအတိုင်း လျှောက်လာခဲ့တယ်။ အကျႌအိတ်ထဲက ပေါ့တိုကို လမ်းဘေးကွမ်းယာဆိုင်ဝင်မီးညှိပြီး ဆေးရုံလမ်းမှ ထွက်ခဲ့တဲ့အထိ အတွေးတွေနဲ့ထွေးလုံးရစ်ပတ်လို့ပါ။လမ်းတစ်ဖက် စတိုးဆိုင်ဆီ မျက်စိရောက်သွားမိတယ်။ မှန်ဗီရိုထဲမှာ ထည့်ထားတာတဲ့ အလှကုန်ပစ္စည်းတွေ လူသုံးပစ္စည်းတွေ အပြည့်၊ ထောင့်ကမှန်ပုံးထဲမှာ မုန့်ပဲသရေစာတွေ တိုးလိုးတန်းလန်း ချိတ်ဆွဲထားတာတွေကလည်း မနည်းပါဘူး။ ဆိုင်ပြင်မှာ ထီးတွေ တန်းစီလို့ ဆိုင်ရဲ့ ပုဏ္ဏားကွယ်မှာ ယောက်ျားစီး မိန်းမစီး ရာဘာဖိနပ်စည်းတွေ။ ကျွန်တော့်အတွေးထဲ လက်ခနဲဝင်လာတယ်လေ။ ကျွန်တော့်စိတ်တွေ ထွေနေတော့ မကြံအပ် မစည်အပ်တာသိပေမယ့်လည်း (ငွါဝမ်းပူဆာမနေသာလို့) မတတ်နိုင်တော့ဘူး။ ဖိနပ်တွေ အလစ်သုတ်ဖို့ ကြံမိတယ်။ တိုက်နဲ့ ဆက်ထားတဲ့ အိမ်မှီဆိုင်ထဲမှာ လူအရိပ် အယောင်တောင်မတွေ့ရဘူး။ မျက်နှာချင်းဆိုင် အိမ်တွေက သူ့အလုပ်နဲ့သူ၊ ကြည့်နေကြတာ မဟုတ်တော့ အဆင်ပြေတယ်ဆိုရမယ်။ ကျွန်တော့် စိတ်ကူးအတိုင်း အကောင်အထည်ဖော်နိုင်ဖို့ လမ်းတစ်ဖက်ကူးလာလိုက်တယ်။ကျိုးကန်းတောင်းမှောက်မျက်လုံးနဲ့ ဆိုင်ရှေ့ကို မယောင်မလည် ကပ်သွားပြီး ဆတ်ခနဲ ဆွဲအထွက်မှာ ကြားလိုက်ရတဲ့ အသံတစ်သံက စူးစူးဝါးဝါး။

" သူခိုး, သူခိုး ဟို ဆိုင်က ဖိနပ်စည်းခိုးသွားတယ်"

လမ်းတစ်ဖက်ခြမ်း။ လူငယ်လေးတစ်ယောက် အိမ်ထဲက ထွက်အော်လိုက်တဲ့အသံပေါ့

**ကျိုးကန်းတောင်းမှောက်မျက်လုံးနဲ့ ဆိုင်ရှေ့ကို မယောင်မလည် ကပ်သွားပြီး ဆတ်ခနဲ ဆွဲအထွက်မှာ ကြားလိုက်ရတဲ့ အသံတစ်သံက စူးစူးဝါးဝါး---**



www.burmeseclassic.com

ဝန်းကျင်တစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားတဲ့ အခြေအနေဟာ မဟန်တော့ဘူးဆိုတာသိရခဲ့ပြီး ဖိနပ်စည်းပစ်ချ အားကုန်သုတ်တော့တယ်။ ဦးတည်ရာ ပြေးခဲ့ရတာမျိုး။

''သူခိုးဟေ့ လိုက်လိုက် မလွတ်စေနဲ့''

အော်သံတွေနဲ့အတူ လူအုပ် တစ်အုပ်ကြီး ကျွန်တော့်နောက်ကလိုက်လာမှာ သေချာပါပြီ။ ကျွန်တော် အားကုန်ပြေးနေမိတယ်။ ထက်ကြပ်မကွာ ပါလာတဲ့ အသံတွေကို လှည့်ပြီး ကြည့်မနေနိုင်ဘူး။ အသက်လုပြေးခဲ့ရတာမဟုတ်လား။ ကျွန်တော့်မှာ မောဟိုက်နေပေမယ့် မနားဝံ့တော့ဘဲရှေ့က လမ်းကွေ့ထဲ ပြေးဝင်ခဲ့တယ်။ ရှေ့မှာလည်း လမ်းချိုးတစ်ချိုး မြွေလိမ်မြွေကောက်ပြေးနိုင်မှ မျက်ခြည်ပြတ်မှာပေ့ါ။ ကိုယ့်အတွေးနဲ့ကိုယ် လမ်းချိုးထဲ ပြေးပြီးဝင်သွားခဲ့မိတာ ကျွန်တော့် အမှား လမ်းချိုးဟာ ထိပ်က အိမ်တန်းပိတ်ထားတဲ့ လမ်းတိုတစ်ခုမှန်း ကျွန်တော် မသိခဲ့ဘူး။ ချောင်ထဲပိတ်အဖမ်းခံလိုက်ရသလိုပါပဲ။ ကျွန်တော့်ကို မိသွားကြတော့တယ်။ ထုံးစံအတိုင်း လက်သီးတွေ မိုးသီး မိုးပေါက် တုတ်ချက်တွေကိုလည်း လုံးဝမရှောင်သာ မတိမ်းသာ။ ကျွန်တော် မြေပေါ် ဒူးထောက်လျက်လဲသွားတယ်။ ပြီးတော့ တစ်ကိုယ်လုံးမှာ ဒဏ်ရာအနာတရ ဗရပွ၊ ခေါင်းကွဲတဲ့နေရာက သွေးတွေ စီးကျလို့။

''ဟေ့ တော်တော့ ရဲကင်းပို့လိုက်၊ လက်လွန်ကြမယ်။ ဥပဒေအတိုင်းဖြစ်ကြပါစေကွာ။ မင်းတို့ တရားလိုက တရားခံပြောင်းသွားမယ်။ သတိထားလုပ်ကြ''

အရပ်ထဲက လူကြီးတစ်ယောက်ရဲ့ တားမြစ်သံကြောင့် တော်တော့တယ်။ နို့မို့ဘယ်ထိအောင် လက်စွမ်းပြကြမယ်မသိဘူး။ သူခိုးဆိုတော့ ဒီလိုအလုပ်ခံရမှာ ဓမ္မတာပဲဆိုတာ ကျွန်တော်သိနေခဲ့တယ်။ သူတို့အဲဒီကမှ ကျွန်တော့်ကို ဆွဲထူပြီး ရဲကင်းပို့လိုက်ကြတော့တာပါ။

ⲧⲧⲧⲧⲧ

(၃)

ရဲကင်းက တစ်ဆင့် ကျွန်တော် ရောက်သွားတာ ရဲစခန်း။

ရဲစခန်းမှာ အားလုံး အပြည့်အစုံ စစ်ချက်ယူတော့ ကျွန်တော့်ဖြစ်စဉ် ရာဇဝင်ကို လည်း စစ်မေးပါတယ်။ ကျွန်တော် အမှန်အတိုင်းတွေကိုပဲ ပြောခဲ့တာပါ။ မလိမ်ပါဘူး။

ကျွန်တော့် နာမည် ကျော်သူ၊ ကျွန်တော့်အဖေက ဦးလှထွန်း၊ ကျွန်တော်တို့ မြို့မှာ တော့နာမည်ကြီး စက်ဆရာကြီး တစ်ယောက်ပေ့ါ။ ငယ်စဉ်ဘဝ ဟာ ရွှေမရှား ငွေမရှားနေနိုင်တဲ့ ဘဝဆိုပါတော့။ ကျွန်တော့် ဘခင်က အသက်လေးဆယ့်ငါး နှစ်ကျော်ကျော်မှာ လူပျိုကြီးဘဝ နဲ့ မနေဘဲ အသက်နှစ်ဆယ် လောက်ကွာတဲ့ ကျွန်တော့်အမေ ကိုယူလိုက်တယ်။ လူအိုနောက် ကျသားလိုမျိုး ကျွန်တော့်ကို တော့ ချစ်လိုက်တာတုန်လို့ဆိုပဲ ကျွန်တော် အသက်ငါးနှစ်လောက် မှာ အမေက အိမ်ထောင်ရေး ဖောက်ပြန်ပြီး အိမ်ပေါ်ကဆင်း သွားပါရော။ ကျွန်တော်ဟာ အဖေနဲ့ပဲ ကျန်ခဲ့တယ်။ ဒီမှာတင် ကျွန်တော့် ဖခင်ကြီးရဲ့ ဝမ်းကွဲ ညီမ လင်မယားကို စားရေ

www.burmeseclassic.com



သောက်ရေး စီမံစေခဲ့တယ်ပေါ့။ သူတို့မှာ ကျွန်တော့်ထက် နှစ်နှစ် လောက်ငယ်တဲ့ သမီးလေး တစ် ယောက်ပါလာလို့ ကျွန်တော့် အတွက် ကစားဖော်ရလာတယ် ဆိုရင်လည်း မမှားပါဘူး။ အိမ် ထောင်ရေး ပြိုကွဲခဲ့တဲ့နောက် ကျွန်တော့် ဖခင်ကြီးဟာ စိတ် ညစ်ပြီး အရက်သမားလုံးလုံးဖြစ် သွားရတယ်။ ကျွန်တော့်အဖေရဲ့ အရက်သမား ဘဝအစပါပဲ။ ဖခင်ကြီးဟာ အရက်ကို တရား လွန် တရားမင်းသောက်ပေမယ့် သူ့အလုပ်ကိုတော့ အင်မတန် ရှစိုက်တာပါ။ သူ့အလုပ် သေ သပ်ကျနမှုကြောင့် အပ်သူတွေ ကလည်း များမှများ။ ရသ သောက်ကို ဖခင်ကြီးက ကျွန် တော့် ရှေ့ရေးအတွက် စုတယ်။ သူ့အဖို့ သောက်တာဟာ သောက်တာတခြား၊ အသိတရား သက်မလွတ်ဘူး ဆိုရမှာပေါ့။

ညီမလုပ်သူကိုလည်း မ ရှိခဲ့ရအောင် ထောက်ပံ့ခဲ့ပါတယ်။ ဖခင်ကြီး ကြိုးစား ရှာဖွေသ လောက် ညီမယောက်ျား(ယောက် ျားကို ဘမောင်က လူပေါ်ကြော့၊ ယောက်ျားက အလုပ်လုပ်ဖို့ပြောရင် ဆင်ခြေ, ဆင်လက်တွေနဲ့ ကွေ့ ရှောင်နေတဲ့လူစား။ အလုပ်သာ မလုပ်တယ် လောင်းကစားက ဝါသနာပါသေး။ ဇနီးက မပြော တာမဟုတ်ဘူး။

"ရှင့်မှာ အလုပ်မရှိ အ ကိုင်မရှိ။ ယောက်ဖလုပ်စာ ထိုင် စားနေရုံနဲ့ ပြီးမလား။ ကျွန်မတို့ နောင်ရေးကလဲ ရှိသေးတယ်။ ဒီကြားထဲ ရှင်က လောင်းကစား မက်ပြီး ဖြုန်းတီးနေတာ ဆိုး တယ်။ ရှင်,မရှက်တတ်ပေမယ့် ကျွန်မတို့က ရှက်တယ်တော့။ သမီးလေး မျက်နှာကို ထောက် ပါဦး"

အဒေါ်ဖြစ်တဲ့ မစန်းမြင့် တို့ လင်မယားဟာ ဖခင်ကြီး ကွယ်ရာမှ တကျက်ကျက်။

ဒီလိုနဲ့ ကျွန်တော်က ခုနစ်တန်းအောင်တဲ့နှစ်။ ကျွန် တော့်ညီမဝမ်းကွဲလေးက ငါးတန်း အောင်တဲ့နှစ်မှာ မမျှော်လင့်ဘဲ ဖခင်ကြီး ကွယ်လွန်ခဲ့ပါတယ်။ အသောက်လွန်လို့ သေရတာပါ။ ကျွန်တော့်တို့အဖို့ ရွှေတောင်ကြီး ပြိုသွားသလိုပဲပေါ့။ တစ်အိမ်လုံး အတွက် ဒိုင်ခံလုပ်ကိုင်ရှာဖွေ ကျွေးနေတဲ့ လူတစ်ယောက် ဆုံးပါးသွားခဲ့ရပြီကိုး။

(၄)

အားလုံးဟာ ဖရိုဖရဲပါ ပဲ။ တကယ့်ကို အခက်အခဲရှိလာ တယ်ဆိုတာ ပြောရဦးမှာလား။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ခေတ်ပညာ တစ်ပိုင်းတစ်စ၊ လူပျိုပေါက်သာ သာ အရွယ်။ ဘာမှမလုပ်တတ် မကိုင်တတ်တဲ့ အဒေါ်တို့လင် မယားရယ်၊ အရွယ်မရောက်သေးတဲ့ ညီမလေးရယ်။ ဘယ်လောက်ကသီမယ်ဆိုတာသာ စဉ်းစားကြည့်။ ရှိတာလေးတွေပဲ ထုခွဲနေရတာပါ။

အဒေါ်က မိန်းမသားပေမယ့် မဆိုးပါဘူး။ ကုန်စုံဆိုင်လေးတစ်ဆိုင်ဖွင့်ပြီး ရှိစုမဲ့စု အရင်းကလေးနဲ့ ရောင်းခဲ့ရှာတယ်။ အိမ်စရိတ်ရရင်လည်း မနည်းဘူးဆိုတဲ့ အစီအစဉ်လေးနဲ့လုပ်လိုက်တာပါ။ ဒါပေမယ့် သုံးမယ့် ဖြုန်းမယ့်လူက ရှိနေတယ်မဟုတ်လား။ တစ်နှစ်ကျော်ကျော်လောက်မှာ ဆိုင်ပိတ်လိုက်ရပါလေရော။ ကျွန်တော်တို့ ကျောင်းစရိတ်၊ အိမ်ရဲ့စားရေးသောက်ရေးတွေနဲ့ သူ့လင်ရဲ့ မသိတစ်မျိုး နှိုက်နေတဲ့ ဒဏ်အောက်မှာ သူ့ဆိုင်ဘယ်ခံနိုင်မှာတဲ့လဲ။ ချွတ်ခြုံကျအနေအထားဆိုရမယ်။ အဲဒီအချိန်မှာ ကျွန်တော် ရှစ်တန်းအောင်ခဲ့ပါပြီ။ ညီမလေးက ခြောက်တန်းအောင် ခုနစ်တန်းပေါ့။ နောက်ဆုံးတော့ ကျွန်တော်တို့ အိမ်ကြီးရောင်းခဲ့ရပြီ။ ကိုဘမောင် သားချင်းတွေ ရှိတဲ့ ဒီမြို့ကိုပဲ ပြောင်းလာခဲ့ရတော့တယ်။

ရက်ကွက်ကလေး တစ်ရပ်ကွက်မှာ အဖိုးနည်းဝင်ပါ အိမ်လေးတစ်လုံးဝယ်ပြီး ဖြစ်သလိုလုပ်ကိုင်စားဖို့ အစီအစဉ်။ ကျွန်တော်က ကျောင်းဆက်မတက်တော့ပါဘူး။ ညီမလေးလည်း ထွက်လိုက်ရပြီ။ အဒေါ်ကတော့ ရန်ကုန်–မော်လမြိုင်ဘက်သွား ပစ္စည်းဝယ်၊ ဒီမြို့ဈေးထဲမှာ ပြန်သွင်းပြီး၊ တစ်ခါတစ်ခါ ပင်လယ်ပိုင်းကိုသွား ငါးခြောက်၊ ငါးခြမ်းဝယ်၊ ဒီမှာပြန်ရောင်း၊ သင့်သလိုလုပ်နေရပေမယ့် သူ့ယောက်ျားကတော့ ထုံးစံအတိုင်း ခပ်သာသာ။ ချေးများပြီး မရွေးမချယ်နိုင်အားပါဘူးလေ။ ကျွန်တော် ဈေးဆိုင်တစ်ဆိုင်မှာ ကူရောင်းပေးရမယ့်အလုပ်ရလို့ ဝင်လုပ်နေခဲ့တဲ့နည်းတူပဲ ညီမလေးက ထမင်းချက်၊ အိမ်အလုပ်လုပ်ဖြစ်နေပြီပေါ့။ ကျွန်တော်တို့ ဝမ်းရေးအတွက် ဖြစ်သလို ရုန်းကန်နေရတုန်း နေရခိုက် အဒေါ့် ယောက်ျား ကိုဘမောင်ဖဲဝိုင်း တစ်ဝိုင်းမှာ စကားများလို့ ဓား ထိုးခံရပြီးသေပါရောလား။ အဒေါ် ဟာ သူ့ခင်ပွန်းအတွက် အထိုက် အလျောက် သောကဖြစ်ပေမယ့် သိပ်အလွမ်းအဆွေးကြီး မဟုတ် လှပါဘူး။ သူရဲ့ခရီးသွားတဲ့ လုပ် ငန်းနဲ့အရောင်းအဝယ်လုပ်ပြီး ရှာ ဖွေမြဲ ရှာဖွေကျွေးမွေးခဲ့တယ်။ အိမ်မှာတော့ တစ်စ,တစ်စ အ ရွယ်ရောက်လာတဲ့ ကျွန်တော် တို့ နှစ်ယောက်တည်းရယ်၊ ကျွန် တော်တို့နှစ်ယောက်ဟာ မောင် နှမ နှစ်ဝမ်းကွဲ၊ တော်စပ်ပေ မယ့် အနေနီးစပ်တော့ သွေးနဲ့ ကိုယ်၊ သားနဲ့ကိုယ်မို့ မှောက်မှား မိခဲ့ကြပါတယ်။ သူ့မှာ မဖုံးနိုင် မဖိနိုင်ဖြစ်လာတဲ့ အခြေအနေမှာ ယူပစ်လိုက်ကြရတာပေါ့။ သား ဦးလေး မွေးလာတော့ အဒေါ်လုပ် သူဖြစ်တဲ့ ကျွန်တော့်ယောက် ကြီးဟာ မြေးလေးကို သိပ်ချစ် တယ်လေ။ ဒုတိယ ကိုယ်ဝန် ဆောင်နေရတဲ့နှစ်မှာပဲ အဒေါ် ဟာ သဘောနစ်တဲ့အထဲ ပါသွား ပြန်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝါးတဲ့ ကံကြမ္မာတွေ အစပျိုးခဲ့ လို့ ဆိုရမယ်။

www.burmeseclassic.com



ကျွန်တော့်မှာ အသက်ငယ်ငယ်နှင့် အိမ်အလုပ်က တစ်ခက်၊ ဆိုင်လုပ်ငန်းက တစ်မျိုး တောက်တဲ့ဖားလျား အပြေးအလွှား ဖြစ်နေရတဲ့အချိန်ပါ။

(၅)

ကြမ္မာအဆိုးတွေဟာ မခေါ်ပင့်ရဘဲဝင်လာတတ်တာမျိုး။ ထားလို့ကော ရမတဲ့လား။ ဒီလိုနဲ့ တည်ငြိမ်မယ်မှ မကြာသေးဘူး။ ကျွန်တော့်ဆိုင်က အလုပ်ပြုတ်ခဲ့ရပြန်တယ်။ ဆိုင်ရှင်ရဲ့ စားပွဲအံဆွဲထဲက ငွေနှစ်သောင်း ပျောက်သွားတဲ့လေ။ အကြောင်းပြချက်က ဒါပါပဲ။ ကျွန်တော် မယူတာ အမှန်ပါ။ ယူတဲ့လူကိုလည်း သိပါတယ်။ ပြောလို့ယုံမှာတဲ့လား။ ဘောပွဲတွေရှုံးနေတဲ့ သူ့သားဆိုတော့ ပြောဖို့ခက်တယ်။ ဆိုင်ရှင်ရဲ့ ကိုးစားယုံကြည်မှုအရ စားပွဲထဲက ငွေကို အအမ်းအပြုလုပ်ရာမှာ ဆိုင်ရှင်နဲ့ကျွန်တော်နှစ်ယောက်တည်း တစ်ခါတစ်ခါ ကျောင်းပိတ်ရက်တွေမှာ တက္ကသိုလ်တက်နေတဲ့ သူ့သားလာတတ်ပါတယ်။ သူဝင်ထိုင်ရင်း လုပ်သွားတာ ကျွန်တော်သိပေမယ့် ပြောလို့မဖြစ်ဘူးလေ။ သူတို့က သားအဖအရင်းတွေ၊ မေးရင်လည်း ပြောင်ငြင်းမှာ သေချာနေတော့ ကျွန်တော်ပဲ လည်စင်းခံလိုက်တယ်။ ကျွန်တော်အလုပ်ပြုတ်ခဲ့တဲ့နောက်မှာ စားရေးအတွက် အပူအပြင်းအလုပ်ရှာရပြန်တာပေါ့။



အသိကား ဒရိုင်ဘာတစ်ယောက်ရဲ့ အကူအညီနဲ့ ယာယီကား စပယ်ယာလေးအဖြစ် တစ်ရက်နှစ်ရက်နားလိုက် ထွက်လိုက်ဆိုတဲ့ ပုံမမှန်တဲ့ ဝင်ငွေလေးနဲ့ အလုပ်စခဲ့ရတယ်။ ကလေးငယ် တစ်နှစ်ကျော်ကျော်လောက်မှာ ကျွန်တော့်ဇနီးကလည်း တရှောင်ရှောင်နဲ့ မကျန်းမမာဖြစ်လာပြန်ရော၊ အကျပ် အတည်းထဲကကိုး မထွက်နိုင်သေးဘူး။ ကားက ခါတိုင်းမှ ရက်ခြားလိုက်နေရသေးတယ်။ ကားကို အင်ဂျင်ချထားလို့ ကြာဦးမယ်ဆိုပဲ၊ ခက်တော့ ခက်နေတာ အမှန်။

အဲဒီနေ့က ကားထွက်မယ့် သတင်းကြားလိုကြားငြား သွားမိခါမှပဲ အခုလိုဖြစ်သွားရတယ်။ ခိုးခြင်းဟာ ဘယ်လို အပြစ်ဒဏ်ရှိမယ်ဆိုတာ တွက်ဆလို့ရခဲ့ပါတယ်။ လောကီလည်းမကောင်း၊ သံသရာလည်း မကောင်းတာမျိုးလို့ ဆိုရမယ်။ ကလေးတွေဟာ ဒီအပြစ်ဒဏ်တွေကို ချွေးနဲ့ဆေးကြောပြီးရင် စိတ်သစ် လူသစ်နဲ့ ပြန်လာမယ့်သူတို့အဖေကို သူတို့တွေ ဝမ်းသာအားရ ကြိုကြမှာပဲလား။ ခင်ပွန်းကောင်း တစ်ယောက်အဖြစ် ပြန်လာမယ့် လင်သားကို ဇနီးမယားကတော့ ဝမ်းသာအားရ ကြိုနေမှာပဲလား။ ခုတော့ ..။

မျိုးသစ်



www.burmeseclassic.com

www.burmeseclassic.com



# ဆုပ်လည်း ရူး
# စားလဲ ရူး

ကျော်သိန်းစံ



www.burmeseclassic.com

www.burmeseclassic.com



"ဆုပ်လည်းစူး စားလည်းရူး"

ကျော်သန်းစံ

စိတ်ဆိုသည်မှာ အဆန်းသား။ ဖောက်ပြန်တတ်သော သဘောရှိသည်။ လူဆယ်ယောက်တွင် တစ်ယောက်သည် တစ်ချိန်ချိန်တွင် စိတ်ဖောက်ပြန်တတ်သည်ဟု စိတ်ကျန်းမာမှု ပညာပေးစာအုပ်က ဆိုထားသည်။

ထိုစာအုပ် အဆိုအရ လူသားတို့သည် မိမိကိုယ်ကို မိမိစိတ်ဖောက်ပြန်မှာမဟုတ်ဟု တာဝန်မခံနိုင်ကြပါ။ လူထဲမှ လူတစ်ဦးသာဖြစ်သဖြင့် စိတ်ဖောက်ပြန်လျှင် ဖောက်ပြန်သွားတတ်ပါသည်။ စိတ်ဖောက်ပြန်လာလျှင် လူနာများသည် မိမိကိုယ်ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း အနှောင့်အရှက်ပေးတတ်သည်။

စိတ်ဖောက်ပြန်ခြင်းသည် အသက်အရွယ်အားဖြင့် ကြီးသည်ငယ်သည်မဟူဖြစ်တတ်သည်။ ဒေါ်ခင်နွဲ့ရီသည် အသက်ကြီးခါမှ စိတ်ဖောက်ပြန်ခဲ့သည်။ ဒေါ်ခင်နွဲ့ရီ စိတ်ဖောက်ပြန်သဖြင့် သားဖြစ်သူ မျိုးကိုဝင်းတစ်ယောက် ပြည်ပထွက်ခွာခါနည်းမို့ အကြီးအကျယ်စိတ်ညစ်နေရသည်။

***

ဒေါ်ခင်နွဲ့ရီသည် စိတ်ဖောက်ပြန်သော်လည်း ယဉ်ယဉ်ကလေးနှင့် ဖောက်ပြန်ခြင်းသာဖြစ်သည်။ သူ့အတွက် လူတစ်ယောက်အနားမှာ ရှိနေရသည်။ ဒေါ်ခင်နွဲ့ရီသည် သူ့ယောက်ျား ဦးမြကျော် လုပ်ငန်းရှင်တစ်ဦးဖြစ်၍ ငွေကြေးချမ်းသာသည်။ ဦးမြကျော်ကလည်း ချစ်ခင်ကြင်နာသည်။ သားသမီးများကလည်း ဂရုစိုက်ကြသည်။ ဒေါ်ခင်နွဲ့ရီအဖို့ ဘာမျှ လိုလေသေးမရှိပြည့်စုံသည်။

လူဆိုသည်မှာ ကံကရှိသေးသည်။ အကုသိုလ်ကံ အကျိုးပေးမှုဖြင့် ဒုက္ခကျရောက်တတ်သည်။ ယခု ဒေါ်ခင်နွဲ့ရီကို အကုသိုလ်ကံ အကျိုးပေးနေပြီဖြစ်သည်။

ဒေါ်ခင်နွဲ့ရီသည် စိတ်ဖောက်ပြန်သော ရောဂါနှင့်အတူ သွေးတိုးရောဂါလည်း ရှိနေသည်။ အချို့က သွေးတိုးရောဂါဆိုတာ အင်္ဂလိပ်ဆေးနှင့် အမြစ်မပြတ်နိုင်ဘူး၊ မြန်မာဆေးနှင့်မှ အမြစ်ပြတ်သည်ဟု အကြံပေးသူက ပေးနေကြသည်။

ဒေါ်ခင်နွဲ့ရီက စိတ်မာတတ်ပျော့ညံ့သူဖြစ်သဖြင့် ကြာရှည်မပြောလိုက်ရချေ။ မြန်မာဆေး ဆရာနှင့်ကုသရန် သဘောတူသွားသည်။ မကြာမီ ဒေါ်ခင်နွဲ့ရီသည် မြန်မာဆေးဆရာနှင့် ကုသကြသည်။ မြန်မာဆရာက ကုထုံးအတိုင်း ဝမ်းနုတ်ဆေးကျွေးရာမှ ဒေါ်ခင်နွဲ့ရီခမျာ ဝမ်းသွားများပြီး အားပြတ်သွားလေတယ်။

"ငါ သေသွားရင် ဒုက္ခပဲ။ ငါ့ယောက်ျားနဲ့ ကလေးတွေတော့ ဒုက္ခပဲ။ ငါ့ပစ္စည်းတွေလဲ သူများ သုံးဖြုန်းပစ်မှာပဲ"ဟု ဒေါ်ခင်နွဲ့ရီ တွေးပြီး ပူပန်လာသည်။

အိမ်သို့ ဧည့်သည်များလာလျှင် အိမ်သားများ အလုပ်သွားကြသောအခါ ဧည့်သည်ယူလာသည့်ပစ္စည်း မသန့်ရှင်းဟုဆိုကာ အကြိမ်ကြိမ် ရေဆေးသည်။ ပို၍ဆိုးသည်မှာ ဧည့်သည်ထိုင်သွားသည့်နေရာကို အကြိမ်ကြိမ်ဆေးကြောလေသည်။

***

ဆေးဆက်မကုတော့ဘဲ အိမ်ပြန်လာကြသည်။ ဒေါ်ခင်နွဲ့ရီရောဂါသည် ပိုဆိုးလာ၏။ သူ့အိမ်ဆိုတော့ သူထင်တိုင်းကြဲလေတော့သည်။ မသန့်ရှင်းဟု ထင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအား လုံး၀ ရေနှင့် ဆေးကြောခိုင်းသည်။ အိမ်မှာရှိသည့် ကလေးမများသည် ပင်ပန်းလှပါဘိ။ တစ်နေ့တစ်နေ့ ဆေးတိုက်ရသည့် အကြိမ်ပေါင်း မနည်းလှချေ။

"အဖေ ... အမေ့စိတ် မူမမှန်တော့ဘူးထင်တယ်"

"မင်း အမေ ... စိတ်ကောင်းပါတယ်ကွာ။ အေး ... နည်းနည်းတော့ ပိုသန့်လာတယ်။ ဒါအရေးမကြီးလှပါဘူးကွာ။ အိမ်က ကလေးမလေးတွေ မညည်းမညူ လုပ်ပေးတာပဲ"

"အရင်က ... ဒီလိုမဟုတ်ပါဘူး အဖေ။ ဆေးသွားကုရာမှ ပြန်လာပြီးအချိန်မှာ အခုလိုထူးဆန်းလာတာပါ။ ကျွန်တော်ဖတ်ဖူးတဲ့ စိတ်ရောဂါပညာပေးစာအုပ်မှာ စိတ်ကျန်းမာရေးတို့၊ စိတ်သောကပြဿနာများတို့စတဲ့ စာအုပ်တွေမှာ ဒီလို လက်ခဏခဏ ဆေးတာဟာ စိတ်ရောဂါတစ်မျိုးလို့ ရေးထားတာတွေ့ရတယ်"

"ဘာရောဂါတဲ့လဲ"

"စိတ်စွဲရောဂါတဲ့ အဖေ"

"ဟေ ... ဒီလိုဆို ဒီရောဂါက ကုလို့ရသတဲ့လား"

"အဖေ ... ရတယ်တဲ့။ ဒါပေမဲ့ နည်းနည်းတော့ အချိန်ယူပြီး ကုသရမယ်တဲ့"

"အေး ... ဒါဖြင့်လဲ မင်းတို့အမေကို ဆေးကုဖို့ စည်းရုံးကြကွာ"ဟု ပြောလေသည်။

ထိုအခါ သားသမီးများ တစ်ယောက် တစ်မျိုး အမျိုးမျိုး စည်းရုံးသိမ်းသွင်းကြသည်။



"အမေ ... အခုလို လက်ခဏခဏဆေးတာရယ်၊ လူစိမ်းသြ သည့်တစ်ယောက်နဲ့ထိမိတဲ့ ပစ္စည်း တွေကို ရေဆေးနေတာဟာ သဘာ ၀ကျတဲ့ အလုပ်မဟုတ်ဘူးလို့ သမီး ထင်တယ်"

"ဟဲ့ ... နန်းကလျာရဲ့ အ မေတစ်ယောက် မသန့်ဘူးထင်လို့ ရေဆေးတာ ဘာများဆန်းလို့လဲ ဟဲ့။ ဘာလဲ ရေဆေးတာတောင် မ ဆေးရတော့ဘူးလား"

"အမေ ... အရင်က အခု လိုမဟုတ်ဘူး။ အခုတော့ အဓိပ္ပယ် မရှိတဲ့အလုပ်တွေကို လုပ်လုပ်လာ တယ်"

"အမယ် ... ဘာများလုပ် မိလို့လဲ"

"ဟိုတစ်နေ့က မီးဖိုထဲမှာ ဆားအိုးကြီးကို ရိုက်ခွဲပြီး ဆားခဲကြီး ကို ရေဆေးနေတာ အဓိပ္ပာယ်မရှိ ဘူးထင်တယ် အမေ"

ဟု ပြောပြသည်။

သမီးဖြစ်သူ နန်းကလျာ က အချက်ကျကျ ဖော်ပြနေသည်။ သားဖြစ်သူ မျိုးကိုဝင်းကတော့ ငြိမ် သက်ကာ နားထောင်နေသည်။ ဘာမျှ ဝင်မပြောဘဲ အမေ့ကိုသာ ကြင်နာသောမျက်စိဖြင့် ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ခါ။

ဒေါ်ခင်နွဲ့ရီသည် သမီး၏ ကောကို အကြောင်းအကျိုး ဘာမျှ ပြန်မပြောတော့ဘဲ အခန်းထဲဝင်သွားလေသည်။ သားဖြစ်သူ မျိုးကို ဝင်းက စိတ်မချမ်းမသာနှင့် သက်ပြင်းရှည်ကြီးချလိုက်တယ်။

***

"နေမြင့်လေ အရှုးရင့်လေ"ဆိုသလို ဒေါ်ခင်နွဲ့ရီရောဂါသည် တဖြည်းဖြည်း ပိုဆိုးလာသည်။ အိမ်လာလည်သော ဧည့်သည်များကိုပါ မသန့်ပြန့်ဟု ယူဆလာလေသည်။ တစ်နေ့တွင် နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သဖြင့် မျိုးကိုဝင်း အိမ်သို့ပြန်လာသည်။ အိပ်ရာလိပ်နှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ အိမ်ထဲယူလာရာ၌ ဒေါ်ခင်နွဲ့ရီက လှမ်းပြောလိုက်သည်။

"ဟဲ့ ... ဟဲ့ ... အဲဒီပစ္စည်းတွေကို အိမ်ထဲမသွင်းနဲ့ဦး။ သန့်ရှင်းအောင် ရေဆေးပြီးမှ အိမ်ထဲသွင်းရမယ်"

"အမေကလဲ--- အိပ်ရာလိပ်ကို ဘာဖြစ်လို့ ရေဆေးမှာလဲ အားလုံးစိုကုန်မှာပေါ့"

"ရေစိုသွားတော့ ဘာဖြစ်လဲကွယ့်။ ရေဆေးမှ သန့်ရှင်းသွားမှာပေါ့။ ရေမဆေးရင် အပြင်က ပိုးမွှားတွေပါလာမှာပေါ့"

ဟု ပြောသည်။

အမေ့ရောဂါသည် တစ်နေ့တခြား ပိုဆိုးလာပါလားဟုတွေးပြီး တော်တော်စိတ်မကောင်းဖြစ်သွားသည်။ အမေ စိတ်ချမ်းသာအောင် အားလုံးလိုက်လျောရလေရသည်။

တစ်နေ့တွင် မျိုးကိုဝင်းထံ သူငယ်ချင်းအချို့လာလည်ကြသည်။ သူငယ်ချင်းများ ဧည့်ခန်းထဲထိုင်မိသောအခါ ဒေါ်ခင်နွဲ့ရီက ပြောလိုက်တယ်။

"ဟောတော့ ... ငါ့ကုလားထိုင်တွေ မသန့်ရှင်းတော့ဘူး။ မြမေရေ ရေနဲ့ဆပ်ပြာ အဆင်သင့်ပြင်ထားအေ့"

ဟု အော်ပြောလိုက်တယ်။

ဒေါ်ခင်နွဲ့ရီစကားကြောင့် သူငယ်ချင်းများ ထိုင်ရမလို ထရမလို ဖြစ်ကုန်ကြသည်။

မျိုးကိုဝင်းမှာ သူငယ်ချင်းများကို အားနာသွားသည်။ မျက်နှာလည်း ပျက်နေရှာသည်။ ခဏကြာတော့ သူငယ်ချင်းများနှင့်အတူမျိုးကိုဝင်း ထွက်သွားကြလေသည်။

"မင်းအမေ ... ဘယ်လိုဖြစ်နေတာလဲကွာ"

"စိတ္တဇရောဂါတစ်မျိုး ဖြစ်နေတာပေါ့ကွာ။ ဘယ်အရာဝတ္ထုဖြစ်ဖြစ် မသန့်ဘူးထင်တတ်တယ်။ တစ်ခုခုနဲ့ ထိမိရင် မသန့်ရှင်းတော့ဘူး။ ရောဂါပိုးတွေ ဝင်ကုန်ပြီ

> "ရေစိုသွားတော့ ဘာဖြစ်လဲကွယ့်။
> ရေဆေးမှ သန့်ရှင်းသွားမှာပေါ့။
> ရေမဆေးရင် အပြင်က
> ပိုးမွှားတွေ ပါလာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အကြိမ်ကြိမ်ရေဆေးတော့တာပါပဲကွာ"

***

မျိုးကိုဝင်းသည် မိခင်ဒေါ်ခင်နွဲ့ရီကို ဆေးကုသရန် ပြောကြည့်သည်။ မိခင်က သူ့ဘာမျှမဖြစ်ဘူးဟု ဖွတ်အတင်းငြင်းဆန် နေသည်။ သူက တစ်အိမ်လုံး ရောဂါမကူးစက် မဖြစ်ပွားအောင် ကာကွယ်မှုပြုလုပ်နေသည်ကို အားလုံးကပင် ကျေးဇူးတင်ရဦးမည်ဟု ပြောလေ၏။

ထိုအခါ မျိုးကိုဝင်းသည် လက်လျှော့လိုက်ရပြန်သည်။ သို့သော်လည်း စိတ်တော့ပိုညစ်သွားလေသည်။ ကြာရင် သည်ထက်ပိုဆိုးသွားမည်ဟု တွေးပြီးစိုးရိမ်မိ၏။

တစ်နေ့တွင် မိသားစုအားလုံး ဆုံစည်းမိစဉ် မျိုးကိုဝင်းက သူ့ပညာရေးနှင့် ပတ်သက်၍ ပြည်ပနိုင်ငံတစ်နိုင်ငံမှာ သွားရောက်ရန် မဖြစ်နိုင်သည့်အဆုံး ယခုနှစ် ရန်ကုန်မှာ ဆက်တက်ချင်ကြောင်း ဆွေးနွေးကြသည်။

"အဲ့ဒါ ... အားလုံးရဲ့သဘောထားကို သိချင်ပါတယ်"

"ဟာ ... ကောင်းတာပေါ့ကွာ။ ရန်ကုန်မှာဆက်တက်တာပေါ့"

မျိုးကိုဝင်း ရန်ကုန်တက္ကသိုလ်ဆက်တက်ရန် ဒေါ်ခင်နွဲ့ရီကလွဲ၍ အားလုံးသဘောတူကြသည်။

"သားရေ ... မန္တလေးမှာပဲဆက်တက်တာပေါ့ကွယ်။ ရန်ကုန်ကို ကျောင်းသွားနေမှာ အမေ့အနေနဲ့ လုံးဝစိတ်မချဘူး။ ငါ့သား ပျက်စီးသွားလိမ့်မယ်"

"ဒါတော့ ... မဖြစ်နိုင်ဘူးကွာ။ မင်းသားက လိမ္မာသားပဲ။ ရန်ကုန်မှာ နေပါစေ"

ဟု ဖခင်ဦးမြကျော်က ဝင်ပြောသည်။

"တော် ... မသိဘူး၊ ကိုမြကျော်၊ ရန်ကုန်မှာက ဘိန်းဖြူသမားတွေ ပေါပါဘိသနဲ့။ တော်ကြာ ဘိန်းဖြူစွဲသွားမှဖြင့် လူညွှန့်တုံးရော။ ကဲ ငါ့သား အမေပြောတာ နားထောင်မယ် မဟုတ်လား"

မျိုးကိုဝင်း ငိုင်ကျသွားသည်။ ဘာမျှ ထပ်ပြောစရာမရှိတော့ဘဲ ဖြစ်သွားသည်။ ထိုနေ့မှစ၍ မျိုးကိုဝင်း စိတ်ဓာတ်ကျသွား၏။ မျှော်လင့်ထားသမျှ အချည်းနှီးဖြစ်ရလေသည်။ မိခင်စကားကိုလည်း မပယ်ရှားချင်။ ဘဝကို ဖြစ်သလိုရင်ဆိုင်သွားရန် ဆုံးဖြတ်လိုက်၏။

သူငယ်ချင်းများနှင့် တွေ့ကြပြန်၏။သူငယ်ချင်းများကစာမေ ... ပွဲအောင်လျှင် ရန်ကုန်ကို ကျောင်း... သွားတက်မည်ဖြစ်ကြောင်းပြောကြ... သည်။

"ငါတော့ မတက်တော့ပါ... ဘူးကွာ။ မန္တလေးမှာပဲ ဆက်တက်... မယ်။ ငါ့အမေ သဘောမတူဘူး... ကွာ။ ငါ့ဘဝတော့ ပြီးဆုံးသွားပြီ... သေတာကကောင်းပါတယ်ကွာ"

မျိုးကိုဝင်းက စိတ်ပျက်... အားငယ်စွာ ပြောပြသည်။ မျက်နှာ... မှာ ဝမ်းနည်းနေပုံရတယ်။ သူငယ်... ချင်းများက အားပေးကြသည်။ သို့... သော်လည်း မျိုးကိုဝင်းသည် လေး... လံထိုင်းမှိုင်းစွာဖြင့် ခေါင်းငိုက်စိုက်... နှင့် အိမ်သို့ ပြန်သွားလေသည်။

***

မျိုးကိုဝင်း စိတ်ဓာတ်ကျ... ဆင်းနေသည်။ မိမိရှေ့ရေးကို တွေး... မိတိုင်း မျှော်လင့်ချက်မရှိသဖြင့် ဝမ်း... နည်း ပူဆွေးနေမိသည်။ စကား... လည်း မပြောချင်တော့ဘဲ အိပ်ရာ... ထဲမှာ လှဲနေလေ၏။ အစားပျက်... အအိပ်ပျက်လာသည်။

မိခင်ဖြစ်သူရောဂါလည်း... ပျောက်မည်မထင်။ ဆေးကုသဖို့... ပြောလည်း မရ။ ရန်ကုန်ကျောင်း...



www.burmeseclassic.com

www.burmeseclassic.com



သွားတက်ဖို့ပြောလည်း မဖြစ်နိုင်တော့ဘူး။ ငါသာသေလိုက်ချင်သည်။

"လူတစ်ယောက် စိတ်ဓာတ်ကျပြီး သေချင်တယ်ဟုပြောနေရင် အလေးအနက်ထားပြီး ဂရုစိုက်ရမယ်လို့ စိတ်ပညာပေးစာအုပ်ထဲမှာ ဖတ်ရတယ်။ ဒါကြောင့် မျိုးကိုဝင်းကို ဂရုစိုက်ကြပါ"ဟုမျိုးကိုဝင်း သူငယ်ချင်းများက ပြောသည်။

"ယောက်ျားပဲ အားတင်းထားရမှာပေါ့"

"အားတင်းလို့မရတော့ဘူးဗျာ။ ကျွန်တော့်ဘဝက ဘာမှအသုံးမကျတော့ဘူး။ သေချင်တယ်ဗျာ။ သေသွားရင်ကောင်းမယ်"

"အို ... မပြောကောင်းတာတွေ မပြောပါနဲ့ကွာ။ မင်းစိတ်ကြိုက်ဖြစ်အောင် မင်းအမေကို ပြောပြပေးရမှာပေါ့"

"မပြောပါနဲ့ဗျာ၊ အမေစိတ်မချမ်းသာတာလဲ မလုပ်ချင်ဘူး။ ကျွန်တော့်ဘဝက ဆုပ်လဲစူးစားလဲရှူးဆိုတာလိုဖြစ်နေပြီ။ အမေစိတ်မချမ်းသာတာလဲ မလုပ်ချင်ဘူး။ ကျွန်တော် စိတ်ချမ်းသာတာလဲ မလုပ်ရနဲ့ ဘာများကောင်းတာရှိသေးလဲ၊ သေတာအေးပါတယ်ဗျာ"

"အိုကွာ ... ဒါတွေမတွေးပါနဲ့ မိမိကိုယ်ကို မိမိကောင်းအောင်နေပါ"

အဖေနှင့်အတူ အိမ်သားများက ဖျောင်းဖျပြောဆိုကြသော်လည်း မျိုးကိုဝင်း၏ စိတ်ဓာတ်မှာ ကျဆင်းဆဲပင်ဖြစ်သည်။

"ငါ့ကိုယ်ငါ သတ်သေတာပဲ ကောင်းပါတယ်လေ။ ဒါမှ လုပ်စရာအားလုံး ငြိမ်းသွားမယ်"

ဟု စိတ်ထဲမှာ ဖြစ်ပေါ်နေသည်။

မျိုးကိုဝင်းသည် သတ်သေရန်သာ စိတ်ကူးနေ၏။ ဘယ်နည်းနှင့် သတ်သေရမည်ကို တွေးတောနေမိ၏။ တစ်နေ့သော နံနက်တွင် မျိုးကိုဝင်းသည် သူ့အဖေအနားတွင် အိပ်နေသည်။ မကြာခင် မိခင်ဒေါ်ခင်နွဲ့ရီသည် အောက်ထပ်သို့ ဆင်းသွားလေသည်။ မျိုးကိုဝင်း တစ်ယောက်တည်း ကျန်ခဲ့လေသည်။

အချိန်က တစ်နာရီခန့်ကြာသွားသည်။

"ဒီနေ့ ... ငါ့သား အိပ်လှချည်လား"

ဟု ဒေါ်ခင်နွဲ့ရီ တွေးမိသည်။

"မဖြစ်ပါဘူး ... ဒီကောင်လေး နှိုးဦးမှပဲ"

ဟု ပြောပြောဆိုဆို ဒေါ်ခင်နွဲ့ရီ အိမ်ပေါ်သို့ တက်လာသည်။

သားဖြစ်သူ မျိုးကိုဝင်းကို ကြိုးတစ်ချောင်းနှင့် ထုပ်တန်းမှာ တွဲလွဲကြီးတွေ့ရသည်။

"ကဲ ... ကောင်လေး ငါ့ကို နောက်မနေနဲ့"

ဟု ဒေါ်ခင်နွဲ့ရီက နောက်ပြောင်နေသည်ထင်ပြီး မျိုးကိုဝင်းထံသွားသည်။ ကိုင်လှုပ်ကြည့်သည်။ ဘာမှ လှုပ်ရှားမှု မရှိတော့ပေ။

"အမယ်လေး ... လာကြပါဦးတော့၊ ကျုပ်သားလေး သေပါပြီ"

ဟု ဒေါ်ခင်နွဲ့ရီ အော်လိုက်သည်။

ဒေါ်ခင်နွဲ့ရီ အော်သံကြောင့် အိမ်နီးနားချင်းများ ပြေးလာကြသည်။ မျိုးကိုဝင်းကို စစ်ဆေးကြည့်သည်။ မျိုးကိုဝင်း အသက်မရှိတော့ပါ။ ဇီဝိန်ချုပ်သွားလေပြီတည်း။

**ကျော်သန်းစံ**




www.burmeseclassic.com

www.burmeseclassic.com

# မြင်းမိုရ်တို့၏ ထပ်တူညီသီအိုရီ

နိုင်မျိုးသစ္စာ

(နမ္မတူ)





www.burmeseclassic.com

www.burmeseclassic.com



# မြင်းမိုရ်တို့၏ ထပ်တူညီ သီအိုရီ

နိုင်မျိုးသစ္စာ (နမ္မတူ)

(၁)

အိပ်ပျော်နေရှာသော ဇနီးဖြစ်သူ၏ ကိုယ်ပေါ်သို့ စောင်ကို အသာအယာ လွှမ်းခြုံပေးလိုက်ရင်း သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။ ညက နှလုံးရောဂါထသဖြင့် ဇနီးဖြစ်သူခမျာ မအိပ်ပျော်နိုင်ခဲ့။ မိုးသင်းလု အချိန်မှပင် အိပ်ပျော်သွားရှာသည်။

သူတို့ အိမ်ထောင်ပြုစဉ်အခါက ဇနီးဖြစ်သူတွင် နှလုံးရောဂါရှိသောကြောင့် သားသမီးမယူရန် ဆရာဝန်က တားမြစ်ခဲ့သော်လည်း သားသမီးလိုချင်သော သူ၏ဆန္ဒကို ဇနီးဖြစ်သူသိသဖြင့် သူ့ကိုအသိမပေးဘဲ ကိုယ်ဝန်ရယူခဲ့သည်။ သူ့အတွက် အင်မတန်မှချစ်စရာကောင်းလှသော သမီးလေးတစ်ယောက်ကို အသက်နှင့်ရင်း၍ မွေးဖွားပေးခဲ့သည်။ ကံကောင်းထောက်မ၍ မိခင်ရောကလေးပါ အသက်မဆုံးရှုံးခဲ့။ ထိုအချိန်က မွေးခန်းအပြင်ဘက်တွင် စိုးတထိတ်ထိတ်နှင့် သူစောင့်ထားနေခဲ့ရသည်။ တတ်သမျှ တရားစာများကို ရွတ်ဖတ်နေခဲ့ရသည်။ ကလေးရောမိခင်ပါ အသက်ရှင်သန်လျက် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ဟူသော သတင်းစကားလက်ခံရရှိမှပင် ရင်ထဲကအလုံးကြီး ကျသွားသည်။

တင်းထားသောစိတ်တို့ကို လျော့ချလိုက်သဖြင့် လူတစ်ကိုယ်လုံး နုံးချိပျော့ခွေသွားခဲ့သည်။ သူတို့ဇနီးမောင်နှံ နှစ်ဦးစလုံး သမီးလေးကို ငုံ့ထားမတက်ချစ်ခဲ့ရသည်။ မိခင်၏ အသက်နှင့်ရင်း၍ မွေးရကျိုးနပ်လောက်အောင် သမီးလေးကလိမ္မာသည်။ ချစ်စရာကောင်းသည်။ အလိုက်သိတတ်သည်။ သွက်လက်ထက်မြက်သည်။ ယခုဆိုလျှင် သမီးလေး "ရတနာ" တစ်ယောက် တက္ကသိုလ်ဝင်တန်းကို ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကာ ဆေးတက္ကသိုလ် ပထမနှစ်ကိုပင် တက်ရောက်ပညာသင်ကြား၍ နေလေပြီ။

ဇနီးဖြစ်သူအား ဆေးကုသမှုကုန်ကျရသည့်စရိတ်၊ သမီးလေးအတွက် ကျောင်းစရိတ်တို့ဖြင့် သူ့မှာလည်း လုံးလည်ချာလည် လိုက်နေသည်။ မိသားစုအတွက် ဘဝအမောတွေ မည်မျှပင်ရှိနေပါစေဦး၊ သူ့အလုပ် သူ့တာဝန်ကိုတော့ မပျက်ယွင်းရလေအောင် သူကြိုးစားသည်။ ထိုသို့ တာဝန်ကျေပွန်မှု၊ ရဲရဲဝံ့ဝံ့ ကြိုးစားဆောင်ရွက်မှုတို့ကြောင့်လည်း နိုင်ငံတော်မှ ချီးမြှင့်သည့် ရဲသူရဘွဲ့ကို သူရရှိသည်သာ။ လက်ရှိ သူတာဝန်ထမ်းနေသည်က မူဆယ်မူးယစ်အထူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ရဲအုပ်တစ်ဦး။ အခုတစ်လော သူတာဝန်ယူထားရသည့် မူဆယ်မြို့ပေါ်တွင် မူးယစ်ဆေးဝါးဖြန့်ဖြူးနေသည့် ကိစ္စတစ်ခုနှင့်ပတ်သက်၍ သူဖော်ထုတ်၍မရနိုင်သေးသဖြင့် ခေါင်းကြီးနေသည်။ အထက်မှလည်း အမြန်ဆုံးဖော်ထုတ်ရန် ဖိအားပေးလျက်ရှိသည်။

နေအိမ်တွင် ဇနီးဖြစ်သူအား ငယ်စဉ်ကတည်းက ထိန်းကျောင်းခဲ့သည့် အဒေါ်အပိုကြီးက

www.burmeseclassic.com



အိမ်ထောင်ကျသည်အထိ မခွဲအတူနေထိုင်သဖြင့် အိမ်အတွက် သူ နောက်ဆံမတင်းရ။ အဒေါ်ဖြစ်သူ ပြင်ဆင်ပေးသော နံနက်စာ မုန့်နှင့် ကော်ဖီကို ကမန်းကတန်း သူစားသောက်ပြီး ရုံးသို့ထွက်လာခဲ့လိုက်သည်။ ဒီဇင်ဘာဆောင်းလ နှင်းမြူမှုန်တို့က ပိန်းပိတ်အောင်ကျနေသဖြင့် အပြင်ဘက်တွင် နေဝန်းနီအား ကောင်းစွာမမြင်ရသေး။ အေးစက်သောမြောက်လေပြန်က သူ့မျက်နှာကို ထိခက်ကျီစယ်လာသည်။ အေးမြသောလေကို အဆုပ်တွင်းသို့ ရောက်အောင် အားပါးတရ သူရှူရှိုက်လိုက်သည်။ လေအေးနနှ ရင်တွင်းသို့ ဝင်ရောက်သွားသော်လည်း ရင်တွင်းအပူတို့က ငြိမ်းအေး၍မသွား။

( ၂ )

"ကျွန်တော်တို့ စုံစမ်းထောက်လှမ်းချက်အရ မူးယစ်ဆေးဝါးတွေကိုဖြန့်ဖြူးနေတဲ့သူက တက္ကစီဒရိုင်ဘာ ဦးမြင့်အောင်လို့ သိရပါတယ်။ ဦးမြင့်အောင်ကို သတိထားလေ့လာကြည့်တဲ့အခါ သူ့ရဲ့သုံးစွဲပုံ၊ သွားလာပုံတွေအရ အတော် အဆင်ပြေပုံရတယ်။ တက္ကစီကားမောင်းတာလည်း မတွေ့ရဘူး"

သူ၏အဖွဲ့မှ ဒုရဲအုပ် မင်းဇော်က စုံစမ်းသိရှိရသည့် အချက်အား သူ့ထံတင်ပြလာသည်။

"ကောင်းပြီ ညီလေး၊ ဦးမြင့်မောင်ကို အဆက်မပျက်စောင့်ကြည့်နေပါ။ ထူးခြားဖြစ်စဉ်ရှိရင် ဆက်သတင်းပို့ပါ"

ဒုရဲအုပ်မင်းဇော်က သူ့အား အရိုအသေပေး၍ ရုံးခန်းအတွင်းမှ ထွက်ခွာသွားသည်။ မည်သို့သောအခက်အခဲတွေ ရှိနေစေဦးတော့ သူ့အနေဖြင့် တာဝန်ကျေချင်သည်။ တစ်မျိုးသားလုံး လူညွှန့်တုန်းစေမည့် မူးယစ်ဆေးဝါးအား တရားမဝင် ဖြန့်ဖြူးရောင်းချနေသူ

များအား ဖမ်းဆီးဖော်ထုတ်ရမည်
မှာ သူတို့၏တာဝန်နှင့်ဝတ္တရား
နယ်စပ်ဒေသဖြစ်သည့် မူဆယ်မြို့
လေးတွင် မသမာသူတို့က ဘယ်သူ
သေသေငတေမာရင်ပြီးရော
သည့် သဘောဖြင့် ငွေကြေးရရှိ
တစ်ခုတည်းကို ရှေ့တန်းတင်က
မူးယစ်ဆေးဝါးကို တရားမဝင်ဖြန့်
ဖြူး ရောင်းချလျက်ရှိနေသည်။ မုံး
ကိုးဒေသ၊ မုံးပေါ်ဒေသတို့သည်
ယခင်က ဗကပတို့ ဘိန်းပင်များ
အကြီးအကျယ် စိုက်ပျိုးရာဒေသ
များဖြစ်ခဲ့သည်။ နိုင်ငံတော်၏ စီမံ
ချက်နှင့် သူတို့မူးယစ်(အထူး)တပ်
ဖွဲ့မှလည်း အားသွန်ခွန်စိုက် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပမ်းဆောင်ရွက်မှုများကြောင့် ဘိန်းပင်များအစား ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးလာကြသည်။ မူးယစ်ဆေးဝါး တရားမဝင် ဖြန့်ဖြူးရောင်းချနေမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ သည်။ နိုင်ငံတော်အနေဖြင့် ၁၉၇၄ ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ကိုပြဋ္ဌာန်းခဲ့ရာမှ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြောင်းလဲပြဋ္ဌာန်း၍ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်။

ထိုသို့ တင်းတင်းကျပ်ကျပ်ပြင်းပြင်းထန်ထန် ဆောင်ရွက်နေသည့်ကြားမှပင် ဝိသမလောဘသား စုန်းပြူးတွေက ရှိနေသေးသည်ပင်။

ညနေပိုင်း ရုံးမှ အိမ်သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူကို ဆေးခန်းသို့ပို့သည်။ ညဦးပိုင်းတွင် သမီးလေး “ရတနာ”နှင့် ဖုန်းပြောကြသည်။ အဝေးမှသမီးလေးကို လွမ်းနေရသော သူတို့ဇနီးမောင်နှံအဖို့ သမီးလေးအသံကိုကြားရသောအခါ ဇနီးဖြစ်သူမှာ ဝေဒနာသက်သာသကဲ့သို့ သူ့တွင်လည်း

**မသင်္ကာဖွယ်လူတစ်ယောက် ဦးမြင့်မောင်အိမ်ထဲသို့ ဝင်သွားတယ်။ သူ့ လက်ထဲမှာလည်း အနက်ရောင် အိတ်တစ်လုံးပါတယ်တဲ့----**

စိတ်ညစ်စရာ သောကများ ပြေပျောက်ရသည်သာ။ သားတို့ရှပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းဟူ၍ အဆိုရှိသည်မဟုတ်ပါလား။

“ဦးမြင့်မောင်ကို စောင့်ကြည့်ခိုင်းထားတဲ့ ရဲဘော် နှစ်ယောက်က သတင်းပို့ပါတယ်။ မသင်္ကာဖွယ်လူတစ်ယောက် ဦးမြင့်မောင်အိမ်ထဲသို့ ဝင်သွားတယ်။ သူ့လက်ထဲမှာလည်း အနက်ရောင်အိတ်တစ်လုံးပါတယ်တဲ့”

ဒုရဲအုပ် မင်းဇော်က သတင်းပို့လာသည်။

“ဦးမြင့်မောင်ကို မျက်ခြည်မပြတ် ကြည့်ထားခိုင်းလိုက်ပါ။ ကြီးကြပ်ရေးမှူးထံ တင်ပြပြီး ရှာဖွေဝရမ်းရတာနဲ့ ရပ်ကွက်လူကြီးထံခေါ်ပြီး ဦးမြင့်မောင်အိမ်ကို ဝင်ရောက်ရှာဖွေကြမယ်၊ အဖွဲ့သားတွေအားလုံး အသင့်ပြင်ခိုင်းထားလိုက်”

“ဟုတ်ကဲ့အစ်ကို၊ လေးစားပါတယ်”

သူ့ ညွှန်ကြားချက် အတိုင်း ဒုရဲအုပ်မင်းဇော်က ရဲဘော်နှစ်ယောက်ထံ လက်ကိုင်ဖုန်းဖြင့်ဆက်လက်ညွှန်ကြားခဲ့ပြီး ကြီးကြပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



မှူးထံမှ ရှာဖွေဝရမ်းရရှိပြီးသည်နှင့် ဦးမြင့်မောင်အိမ်ရှိရာ (        )ရပ်ကွက်သို့ သူတို့တပ်ဖွဲ့ကားဖြင့် ထွက်ခွာလာခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေမှူးတို့အား ရှာဖွေဝရမ်းပြသ၍ အကျိုးအကြောင်း ပြောပြကာ သူတို့လည်း တစ်ပါတည်း အတူလိုက်ပါ၍ ဦး မြင့်မောင်အိမ်သို့ လာခဲ့ကြသည်။ သူတို့ကိုမြင်



သောအခါ ဦးမြင့်မောင် တစ်ယောက် အံ့အားသင့်လို့နေသည်။

"ဆ ... ဆရာတို့၊ ဘာ ... ဘာကိစ္စနဲ့"

ဦးမြင့်မောင်က ကြောက်ကြောက်လန့်လန့်နှင့် စကားများပင် ထစ်၍နေသည်။

"ကျွန်တော်တို့ သတင်းအရ ရှာဖွေချင်လို့ပါ။ ရှာဖွေဝရမ်းနဲ့ ရပ်ကွက်လူကြီးတွေကလည်း ပါပါ တယ်"

သူက ရှာဖွေဝရမ်းစာ ရွက်ကို ထုတ်ပြလျက် ပြောသဖြင့် ဦးမြင့်မောင်က

"ရှာပါဆရာ၊ ဆရာတို့ စိတ်ကြိုက်ရှာဖွေပါ"

ဦးမြင့်မောင်၏ ခန္ဓာကိုယ် အား ရဲဘော်တစ်ဦးက စမ်းသပ်ရှာ ဖွေသည်။ ဘာမျှ မတွေ့ရှိ။ အိပ်ခန်း များအား လူစုခွဲ၍ ရှာဖွေကြသည်။ သူတို့တပ်ဖွဲ့ဝင်များ ဦးမြင့်မောင်၏ နေအိမ်နေရာအနှံ့ ရှာဖွေကြပါသော် လည်း မူးယစ်ဆေးဝါးတစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်းမရှိ။ သူက ဒုရဲအုပ် မင်းဇော်အနားသို့ ကပ်၍ တီးတိုး မေးလိုက်သည်။

"ဘယ်လိုလဲ မင်းဇော် မင်းတို့သတင်း မှားနေလား။ အခု ထိရှာတာ နေရာနှံ့နေပြီ ဘာမှ မ တွေ့သေးဘူး"

"ဟုတ်တယ် အစ်ကို ကျွန်တော်တောင် ချွေးပြန်နေပြီ သတင်းကတော့ မမှားဘူး"

သူက ဦးမြင့်မောင်အနား သို့သွားကာ -

"ကဲ ဦးမြင့်မောင် ခင်ဗျား ကို ကျွန်တော်မေးမယ်၊ ခင်ဗျားအ



www.burmeseclassic.com

www.burmeseclassic.com





မှန်အတိုင်းဖြေပါ"

"မေးပါဆရာ။ မေးပါ။ ကျွန်တော်အမှန်အတိုင်းဖြေပါ့မယ်"

"ခင်ဗျား၊ မူးယစ်ဆေးဝါးတွေ ဖြန့်ဖြူးရောင်းချနေတယ်လို့ ကျွန်တော်တို့ သတင်းအတိအကျရထားပြီးသား၊ ခင်ဗျား မူးယစ်ဆေးဝါးတွေကို ဘယ်မှာဝှက်ထားသလဲ၊ အမှန်အတိုင်းပြောရင် ခင်ဗျားသက်သာမယ်"

"ကျွန်တော် အရင်က ဒီအလုပ်တွေ လုပ်ခဲ့တယ်ဆိုတာ မှန်တယ်ဆရာ .... ဒါပေမဲ့ အခု မလုပ်တော့ပါဘူး"

"ခင်ဗျား ကျွန်တော့်ကို ညာနေနော်"

"မညာပါဘူး ဆရာ .... ဘုရားပေးပေး၊ ကျမ်းပေးပေးပါ။ ကျွန်တော် ဒီအလုပ်တွေ လုပ်တာ သမီးလေးမကြိုက်ဘူးဆရာ၊ သမီးလေးမသိအောင် ဒီအလုပ်တွေလုပ်ခဲ့တာပါ။ အခု သမီးလေးသိသွားပြီ၊ သမီးလေးက မကွေး ဆေးတက္ကသိုလ်မှာ ကျောင်းတက်နေပါတယ်။ ကျွန်တော် ဒီအလုပ်တွေ ဆက်လုပ်ရင် ကျောင်းမတက်တော့ဘူးလို့ ပြောတယ်။ ကျွန်တော့်သမီးလေးကို ကျွန်တော်သိပ်ချစ်ပါတယ်။ မိတဆိုးလေးမို့ အဖေဆိုလည်း ကျွန်တော်၊ အမေဆိုတာလည်း ကျွန်တော်ပါပဲ၊ သမီးလေးကို ဆရာဝန်မကြီး ဖြစ်စေချင်တယ်၊ သမီးလေး မကြိုက်တဲ့ အလုပ်ကို ကျွန်တော်မလုပ်တော့ဘူးဆရာ၊ တက္ကစီမောင်းပြီး သမ္မာအာဇီဝအလုပ်ကိုပဲ လုပ်တော့မှာပါ"

"ခင်ဗျားကို အစောပိုင်းက လူတစ်ယောက် အထုပ်တစ်ထုပ် လာပေးတယ်မဟုတ်လား၊ အဲဒါကရော မူးယစ်ဆေးဝါးတွေမဟုတ်လား"

"မဟုတ်ပါဘူးဆရာ၊ အဲဒါက သမီးလေးက ကျွန်တော့်အတွက် လူကြုံနဲ့ ပို့ပေးလာတဲ့ ပုဆိုးတစ်ထည်နဲ့ စာတစ်စောင်ပါဆရာ"

ပြောပြောဆိုဆိုနှင့် ဦးမြင့်မောင်က ဗီရိုအံဆွဲကိုဖွင့်ကာ အနက်ရောင်အိတ်ကလေးအား သူ့ထံသို့ပေးလာသည်။ အိတ်ကိုဖွင့်လိုက်သောအခါ ပုဆိုးတစ်ထည်နှင့်စာတစ်စောင်။ စာကဖွင့်ဖောက်ပြီးသားမို့ သူ့စာအိတ်ထဲမှ စာရွက်ကို ထုတ်ယူကာ ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီအလုပ်ကို ဘယ်တော့မှ မလုပ်ပါဘူးလို့ ကျွန်တော့ကို ကတိပေးနိုင်မလား"

"ပေးပါတယ်ဆရာ၊ ကျွန်တော်ရဲရဲကြီး ကတိပေးပါတယ်"

"ကောင်းပြီ ဦးမြင့်မောင်၊ ကျွန်တော်ခင်ဗျားကို ယုံလိုက်မယ်၊ ဘာလို့လဲဆိုတော့ ဒီစာလေးတစ်စောင်ကြောင့်ပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ"

သူက ဦးမြင့်မောင်ထံသို့ အိတ်အနက်လေးအား ပြန်ပေးရင်း တပ်ဖွဲ့ဝင်အားလုံးကို ပြောလိုက်သည်။

"ကဲ ... အားလုံးပြန်ကြမယ်"

ဦးမြင့်မောင်အိမ်မှ ထွက်ခွာလာခဲ့သော ဗင်ကားအဖြူလေး၏ ကားရှေ့ခန်းတွင် ဒုရဲအုပ်မင်းဇော်က မောင်းနှင်လျက် သူက ဘေးမှထိုင်၍ လိုက်ပါလာသည်။ မည်သည့်အတွက်ကြောင့် ဆက်လက်ရှာဖွေခြင်းမပြုတော့ဘဲ ထွက်လာခဲ့သည်ကို ဒုရဲအုပ်မင်းဇော်နှင့် တပ်ဖွဲ့ဝင်အားလုံး စဉ်းစား၍မရ။ သူ့အား မေးလိုကြသော်လည်း မည်သူ့ကိုမျှ စကားမပြောဘဲ တုံဏှိဘာဝေ ဆိတ်ဆိတ်နေသော သူ့အမူအရာကိုကြည့်၍ မမေးရဲကြ။ သူ့အာရုံထဲတွင်တော့ ဦးမြင့်မောင်ထံမှ ဖတ်ခဲ့ရသော စာလေးတစ်စောင်မှ စာသားများကို ပြန်မြင်ယောင်နေမိသည်။

**ဖေဖေ ....**

*အန်တီလေးတို့နဲ့ကြုံလို့ သမီး စာရေးလိုက်ပါတယ်။ အန်တီလေးတို့ပြောပြလို့ သမီးကိုကျောင်းစရိတ် ထောက်ပံ့နိုင်ဖို့အတွက် ဖေဖေ မူးယစ်ဆေးဝါး အရောင်းအဝယ်လုပ်နေတယ်လို့ သိရတယ်။ အန်တီလေးတို့ တားမြစ်ပေမယ့် ဖေဖေ လက်မခံခဲ့ဘူးဆို။ သမီးကျောင်းမတက်ရရင် နေပါစေ။ ဆရာဝန် မဖြစ်ချင်နေပါစေ။ ဒီအလုပ်ကိုတော့ မလုပ်ပါနဲ့ဖေဖေရယ်။ သမီးက လူသားတွေရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ ဆေးပညာရပ်တွေကို သင်ယူနေတဲ့သူပါ။ မူးယစ်ဆေးဝါးဆိုတာ လူသားတွေရဲ့ အသက်အန္တရာယ်ကို ထိခိုက်စေတဲ့ အဆိပ်တွေပါ။ အဲဒီအဆိပ်တွေကို ရောင်းလို့ရတဲ့ငွေနဲ့ သမီးဒီပညာတွေကို သင်ယူဖို့ ဘယ်လိုထိုက်တန်ပါ့မလဲ။ ဖေဖေ သမီးကို ချစ်တယ်ဆိုရင် ဒီအလုပ်တွေမလုပ်ပါနဲ့တော့။ ဖေဖေ ဒီအလုပ်ကို ဆက်လုပ်မယ်ဆိုရင် သမီးကျောင်းဆက် မတက်တော့ဘူး။*

**သမီးဝါဝါ**

ဦးမြင့်မောင် တစ်ယောက် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ဆိုးကျိုးဖြစ်စေသည့်မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းဝယ်သည့် အလုပ်ကို စွန့်လွှတ်လိုက်ပြီဆိုသော ကတိစကားအား သမီးလေး ရတနာအပေါ် ချစ်မြတ်နိုးသည့် ဖခင်ဖြစ်သူတစ်ယောက်အနေဖြင့် ဦးမြင့်မောင်၏ မိဘမေတ္တာတရားကို စာနာနားလည်ကာ ယုံကြည်ခဲ့ခြင်းဖြစ်သည်ကို သူ၏တပ်ဖွဲ့ဝင်များအား ပြောပြပေဦးမည်သာ ..........။

***နိုင်မျိုးသစ္စာ(နမ္မတူ***



www.burmeseclassic.com

www.burmeseclassic.com



# ဂရှိသူ၏ ကွဲသစ္စာ

မောင်မောင်စိန်လင်း
(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



## "ဇရှိသူ၏ ဖွဲ့သစ္စာ"

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

"ဒီမှာ ကိုမိုး ရှင်ယူထားတဲ့ မယားငယ်ဆိုတာ သူလား"

"ဒီမှာ မိန်းကလေး ကိုမိုးမှာ သားကြီး မယားကြီးရှိတယ်ဆိုတာ နင်သိတယ်မဟုတ်လား။ လူကိုလိုချင်တာလား၊ ငွေကိုလိုချင်တာလား၊ ဒီလိုမရဘူး လာ ကိုမိုး သွားမယ်"

သူဇာခိုင်သည် ယမင်းဘီယာနှင့် စားသောက်ဆိုင်ကြီးတွင် စားသောက်နေသော ခင်ပွန်းသည် မိုးထက်လင်းကို ဆိုင်၏ အပြင်ဘက်သို့ ဆွဲခေါ်သည်။ ဒုတိယဇနီး မိုးသူဇာနှင့် အစ်ကိုဝမ်းကွဲတော်သူ ဇော်လင်းထွန်းတို့ကလည်း မိုးထက်လင်းကို ဆွဲထားကြသည်။ ဆွဲထားသော မိုးသူဇာနှင့် ဇော်လင်းထွန်းတို့အား ရိုက်သည်။ ဆိုင်အတွင်း ရုတ်ရုတ်သဲသဲဖြစ်နေသည်။ စားသုံးသူများ ဝိုင်းကြည့်နေကြသည်။

"ဒီမှာခိုင် အဖြစ်အပျက်ကို ငါရှင်းပြမယ်။ မင်း အရမ်းအရမ်း မလုပ်နဲ့ မင်းမှားသွားမယ်။ မင်းဆက်ပြီးရမ်းကားနေရင် ပြဿနာတက်သွားမယ်၊ လာအပြင်သွားမယ်"

မိုးထက်လင်းသည် ဇနီးသည် သူဇာခိုင်အား ယမင်းဘီယာဆိုင်ကြီး၏ အပြင်ဘက်သို့ ခေါ်သွားသည်။ မိုးသူဇာနှင့် အစ်ကို ဇော်လင်းထွန်းတို့ ဆိုင်ထဲတွင် ကျန်ရစ်ခဲ့သည်။

မိုးထက်လင်းသည် သူ၏ ပရိုဘောက်ကားဆီသို့ ဇနီးသူဇာခိုင်ကို ခေါ်သွားသည်။ ဘုမသိ ဘမသိ သားငယ်ဖြစ်သော (လမင်းထက်) (၆)နှစ်သားလေးမှာ မိခင်ကိုကြည့်လိုက်၊ ဖခင်ကိုကြည့်လိုက်ဖြင့် မိဘနှစ်ပါး အခင်းဖြစ်ပွားနေမှုကို ကြောင်တောင်တောင် ကြည့်နေသည်။

"ဒီမှာခိုင် ငါရှင်းပြတာကို မင်းနားထောင် နားလည်ပြီးရင် မင်းလုပ်ချင်တာလုပ်၊ ဆုံးအောင်တော့ နားထောင်ပါ မိန်းမရယ်"

"ကဲ ကဲ ... အစ်ကို့အရှုပ်တွေကို ရှင်းစမ်းပါဦး"

"မင်းဝက်ချုပ်ရွာကို တစ်လသွားနေချိန်မှာ ငါ ဇော်လင်းထွန်းတို့ အိမ်မှာ သွားလာစားသောက်နေရင်း သူ့ညီမဝမ်းကွဲ မိုးသူဇာနဲ့ ငြိသွားတယ်ကွာ။ တိုရှင်းလိုရှင်းပြောရရင် ဒဂုံအရှေ့ပိုင်းမှာရှိတဲ့ ဦးကြည်ဝိုင်းရဲ့ တိုက်အိမ်ကလေးကို ငါ ခိုးသွားတယ်"

"ရှင်ဘာကြောင့် ဒီလောက်ကဲနေရတာလဲ ရှင်သောင်းကျန်းလှချည်လား"

"နားထောင်ပါ မိန်းမရယ်။ (၇)ရက်ကြာတော့ သူ့မိဘတွေက ရှာဖွေ တွေ့ရှိသွားတဲ့အတွက် ရဲစခန်းမှာ အသက်(၁၆)နှစ်သာ ရှိသေးတဲ့ သူ့သမီးကို ခိုးယူတယ်။ သားမယားအဖြစ်ပြုကျင့်တယ်ဆိုပြီး အမှုဖွင့်တယ်၊ အာမခံမရနိုင်တဲ့ ပုဒ်မဖြစ်လို့ အစ်ကို အချုပ်ခံရတယ်"

"ရန်ကုန်ရောက် ဝက်ချုပ်သားဘောစေ့ ဦးကြည်ဝိုင်း၊ ဒေါ်သန်းအိတို့ထံ ဖုန်းဆက်အကူအညီတောင်းတယ်။ သူတို့က ဝက်ချုပ်သား စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့ကိုသွားပြီး အကူအညီအကြံဉာဏ်တောင်းကြတယ်။ အဆင်ပြေအောင်၊ ပြေလည်အောင် လုပ်လိုက်ပါ။ မပြေလည်ရင်တော့ ထောင်ကျနိုင်တယ်။ လောလောဆယ် အချုပ်ခံရမယ်။ ဒူဘိုင်းကိုအချိန်မီ အလုပ်ခွင်ပြန်မဝင်နိုင်ရင် အလုပ်ပြုတ်သွားမယ်၊ စီးပွားပျက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပြေလည်အောင်ညှိနှိုင်းပါဟု အကြံပြုခဲ့ပါတယ်"

မိုးထက်လင်းသည် ဇနီးဖြစ်သူ သူဇာခိုင်အား မိမိရင်ဆိုင်တွေ့ကြုံခံစားရသည့် အဖြစ်သနစ်၊ အဖြစ်အပျက်များကို အသေးစိတ်ရှင်းပြပါသည်။

"ဒါဆိုရင် အစ်ကိုက တစ်လဝင်ငွေသိန်း(၂၀)ကျော်ရတာကို သိလို့ သူတို့ပိုင်းလုံးရိုက်တာ အပိုင်ကြံတာဖြစ်ရမယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ မိန်းမရယ်၊ အစ်ကို ထောင်ကျခံလို့မဖြစ်ဘူး။ ဒူဘိုင်းပြန်ပြီး အချိန်မီအလုပ်မဝင်နိုင်ရင် အလုပ်ပြုတ်မယ်။ တို့မိသားစု ဘဝပျက်သွားမယ် မဟုတ်လား"

မိုးထက်လင်းသည် ဇနီးသည် သူဇာခိုင် နားလည်မှုရရှိစေရန် ဘဝရှေ့ရေးကိုသာ ရှေ့ရှည်ကြည့်ရန် ဆုံးမခြင်း၊ ညှိနှိုင်းခြင်း၊ ပညာပေးခြင်းတို့ဖြင့် နားလည်မှုရှိစေရန် ရှင်းလင်းတင်ပြ စည်းရုံးရလေသည်။

"မိုးသူဇာတို့ဘက်က ဘာတွေတောင်းဆိုသလဲ၊ ဘာတွေအကျပ်ကိုင်သလဲ အစ်ကို"

"ဘာမှ အကျပ်မကိုင်ပါဘူး။ ဘာမှမတောင်းဆိုပါဘူး။ ဝက်ချုပ်သူ ဝက်ချုပ်သားအချင်းချင်းပဲ မဟုတ်လားမိန်းမရယ်။ အစ်ကိုကသာ ကျွန်တော် သားမှတ်မှတ် မယားမှတ်မှတ် ယူပါ့မယ်၊ ပေါင်းပါ့မယ်၊ ကျွန်တော်တို့ကို လက်ထပ်ခွင့် ထိမ်းမြားခွင့်ပေးပါလို့ ဦးကြည်ပိုင်း၊ ဒေါ်သန်းအိတို့၊ ကိုစံမြိုင်၊ ကိုစံမြင့်တို့ညီအစ်ကိုများကို အကူအညီတောင်းခိုင်းရတယ်"

ဇနီးဖြစ်သူ သူဇာခိုင်သည် လေသံ အတော်ပျော့သွားခဲ့လေပြီ။ ခင်ပွန်းသည် ဒူဘိုင်းသို့ပြန်ပြီး အလုပ် မဝင်နိုင်ပါက တစ်လဝင်ငွေသိန်း(၂၀) မရနိုင်တော့သည့်အပြင် ခင်ပွန်းသည် ထောင်ကျခံရမှာ မလွဲမသွေ ခံစားရမှာကိုလည်း ပူပန်သောကဖြစ်နေရလေသည်။ ဒီအဖြစ်အပျက် မပြေလည်ရင် ဒုက္ခရောက်မည့်အရေး မတွေးဝံ့ဖြစ်လာသည်။

"အစ်ကိုတို့ ဘယ်လိုလင်မယား ဖြစ်သွားတယ်ဆိုတဲ့ အကြောင်း ပြောပါဦးအစ်ကို"

"မိုးသူဇာရဲ့ မိဘ(၂)ဦးတို့က တရားဝင် ထိမ်းမြားလက်ထပ်ကြမှာဖြစ်လို့ အမှုကို ရုပ်သိမ်းခွင့်ပြုဖို့ လျှောက်ထားတဲ့အတွက် အာမခံ

**"မိုးသူဇာတို့ဘက်က ဘာတွေတောင်းဆိုသလဲ၊ ဘာတွေအကျပ်ကိုင်သလဲ အစ်ကို"**

www.burmeseclassic.com



ရခဲ့တယ် ခိုင်၊ အာမခံရပြီး တရားရုံးမှာ မိဘများက သက်သေလုပ်ပြီး ချက်ချင်း ထိမ်းမြားလက်ပေးခဲ့ကြတယ် ခိုင်။ အစ်ကိုမှာရှိတဲ့ ငွေဝါးသိန်းနဲ့ အစ်ကိုစီးတဲ့ ဒီပရိုဘောက်ကားကို လက်ဖွဲ့ပစ္စည်းအဖြစ် ပေးလိုက်ပါတယ် ခိုင်"

သူဇာခိုင်သည် မထင်မှတ်သော ကံကြမ္မာအလှည့်အပြောင်းကြောင့် မယားငယ်ယူခဲ့သော ခင်ပွန်းသည် မိုးထက်လင်း၏ အဖြစ်အပျက်များကြောင့် စိတ်ဒေါသ၊ စိတ်သောက၊ အလူးအလဲ၊ အရှုံးအမှုးခံစားခဲ့ရလေသည်။ ရည်းစားလူလု အူနုကျွဲခတ်ထက် ဆိုးဝါးသော အိမ်ထောင်ရေးထိခိုက်သည့် စိတ်သောကကို ရှူးမတတ်ခံစားခဲ့ရလေသည်။ သို့ရာတွင် အိမ်ဦးနတ်ပြည်ပဖြစ်သော ဒူဘိုင်းသို့ သွားရောက် လုပ်ကိုင်နေသည့် ဝင်ငွေရလမ်းကောင်းသော ခင်ပွန်းဖြစ်သူ၏ အလိုသို့ လိုက်လျောရလေသည်။

မိုးထက်လင်းကား လာခြင်းကောင်းသော ဗီဇ ဖွဲ့ သစ္စာရှိသူတစ်ယောက်ဖြစ်သည်။ သူ၏အဘိုး၏အဖေ ဗိုလ်တုတ်ကျော်သည် မင်းတုံးမင်းကြီး လက်ထက်တွင် ပန်းဘိုအရပ်တွင် ဆင်သည်တော်တွေ၊ မြင်းသည်တော်တွေအတွက် ဓား၊ လှံ၊ ဒိုင်းစစ်သုံးပစ္စည်းများကို ပန်းပဲအတတ်ဖြင့် အမှုထမ်းခဲ့သော မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသားကြီးဖြစ်သည်။ မင်းတုံးမင်း နတ်ရွာလားပြီးနောက် စုဖုရားလတ်မိဘုရားနှင့် သီပေါမင်းတို့ လက်ထက်တွင် နန်း
တွင်း အရေးအခင်းများကြောင့် ရွာ
သို့ပြန်လာပြီး အခြေချနေထိုင်ခဲ့
သည်။ ကျေးလက်ဒေသသုံး လှည်း
ဘီးများကို မီးသခြင်း၊ မီးချခြင်းအ
လုပ်၊ တောင်သူလယ်သမားသုံး
ဓားမ၊ ရဲတင်း၊ ပေါက်တူး၊ ဂေါ်ပြား





www.burmeseclassic.com

www.burmeseclassic.com





သည့် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ခြေရာဖျောက်နေခဲ့သူ၏ မျိုးဆက်မျိုးနွယ်များ ဖြစ်သည်။

မိုးထက်လင်း၏ ဖခင်မှာ ဗိုလ်တုတ်ကျော်၏မြေး (ဦးဝေ့) ဖြစ်သည်။ အဘိုး၏ ပန်းပဲပညာကို ဆက်ခံသော တောသူဌေးတစ်ဦး ဖြစ်သည်။ နတ်မောက်မြို့နယ် အနောက်ဖျားတစ်ဝိုက်မှ ကျေးရွာပေါင်း များစွာတို့မှ တောင်သူလယ်သမားများအတွက် လှည်းဘီးများကို သံခွေတပ်ဆင်ပေးသော မီးချိုးသအလုပ်၊ တောင်ယာသမားသုံးဓား၊ ဂေါ်ပြားစသည့်များကို အမွေဆက်ခံထုတ်လုပ်သူဖြစ်သည်။

မိုးထက်လင်းမှာ ဝက်ချုပ်ရွာ မူလတန်းကျောင်းမှ (၄)တန်း အောင်ခဲ့ပြီး အလယ်တန်းကျောင်း မရှိသောကြောင့်တစ်ကြောင်း၊ (၅) မိုင်ခန့်ဝေးသည့် အလယ်တန်းကျောင်းရှိသည့် တက်ဝန်ရွာသို့ သွားရောက်ပြီး ကျောင်းမနေနိုင်သောကြောင့်တစ်ကြောင်း ကျောင်းမှထွက်ပြီး ဖခင်ဦးဝေ့၏ ပန်းပဲလုပ်ငန်းများကို လူငယ်ဘဝမှ စတင်အမွေဆက်ခံပညာရရှိခဲ့သူ ဖြစ်သည်။

ဝက်ချုပ်ကြီးရွာမှ ရွာသူရွာသားတို့မှာ မိုးတွင်းကာလ ပုံမှန်မိုးမရွာပါက ယာသမားများ၊ ယာလုပ်သားများ၊ လက်လုပ်လက်စားများ၊ အလုပ်မရှိ၊ ဝင်ငွေမရှိ အတိဒုက္ခရောက်ကြရလေသည်။ ထို့ကြောင့်လည်း ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်စသည့် ရေကြည်ရာ မြက်နုရာဆိုသလို သွားရောက်ပြီး အလုပ်လုပ်ရှာသည်။ အလုပ်လုပ်ကြရလေသည်။

မိုးထက်လင်းမှာလည်း ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်းရှိ ဝက်ချုပ်သား (မြလေးရဲ့) ဘုန်းကြီးကျောင်းသို့ တည်းခိုပြီး အလုပ်ရှာခဲ့ရာတွင် "ရွှေကောင်းကင်ဆောက်လုပ်ရေးကုမ္ပဏီ"တွင် သံချိုးသံကွေးအလုပ် ရရှိခဲ့သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သော သံထည်အလုပ်ဖြစ်သောကြောင့် ရာထူးနေရာကောင်းရရှိပြီး ဝင်ငွေကောင်းကောင်းရရှိခဲ့လေသည်။ သံချိသံကွေး ခေါင်းဆောင်ဖြစ်လာခဲ့သည်။ အလုပ်ရှင်အပေါ် သစ္စာရှိရှိ တာဝန်သိသိလုပ်ကိုင်ခဲ့သော သစ္စာရှင်တစ်ဦးဖြစ်သည်။

မိုးကောင်းကင် ကုမ္ပဏီမှ ဒူဘိုင်းမြို့ရှိ ဆောက်လုပ်ရေး လုပ်ငန်းကြီးတစ်ခုထံမှ အလုပ်အော်ဒါရရှိခဲ့သည်။ ဤလုပ်ငန်းကို အလုပ်သမားဝန်ထမ်း (၂၀)ကို ဦး ဆောင်ပြီး (၂)နှစ် မိုးထက်လင်း ဦးဆောင်လုပ်ကိုင်ခဲ့သည်။ အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ဒူဘိုင်းမှ အခြားသော ဆောက်လုပ်ရေးကုမ္ပဏီကြီးမှ မိုးထက်လင်းနှင့် အလုပ်သမား(၂၀)ကို ဆက်လက်ခန့်ထား တာဝန်ပေးခဲ့သောကြောင့် တစ်ဦးလျှင် တစ်လဝင်ငွေ ကျပ်သိန်း(၂၀)ကျော်ရရှိခဲ့ကြသော မြန်မာအလုပ်သမားများဖြစ်ကြသည်။ သစ္စာရှိရှိ တာဝန်သိသိလုပ်ကိုင်ကြသော မြန်မာအလုပ်သမားများ ဖြစ်ကြလေသည်။

အမိမြန်မာနိုင်ငံ၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသား၊ မိခိုသူများလည်း ရွာမှာမနေတော့ဘဲ ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ကံကြမ္မာတဖြစ်လဲ တိုးတက် ကောင်းမွန်ကြသူများ ဖြစ်သည်။

မိုးထက်လင်းသည် ဇနီးသူဇာခိုင်နှင့် သားလေးတို့နှင့် အတူနေ တွေ့ဆုံရန် (ခွင့်နှစ်လ)ယူပြီး ဒူဘိုင်းမှ ရန်ကုန်သို့ပြန်ခဲ့သည်။ ဇနီးနှင့်သားတို့ကိုလည်း တိုက်နှင့်ကားနှင့်ထားနိုင်ခဲ့သော လာခြင်းကောင်းသူဖြစ်လေသည်။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဆိုသူ ဖြစ်လေသည်။

ခင်ပွန်းဖြစ်သူ မိုးထက်လင်းက ငွေထုပ်ပိုက်ပြီး ပြန်လာသောကြောင့် ဇနီးသည် သူဇာခိုင်သည် ဝက်ချုပ်ရွာသို့ပြန်ပြီး သီတင်းကျွတ်ကန်တော့ခြင်း၊ ကထိန်ခင်းအလှူ လှူဒါန်းခြင်းကို တစ်လခန့်နေပြီး ကုသိုလ်ကောင်းမှုပြုနေခဲ့လေသည်။

ရန်ကုန်တွင် ကျန်ရစ်ခဲ့သော မိုးထက်လင်းမှာ ရန်ကုန်ရောက် ဝက်ချုပ်သား အပေါင်းအသင်းရောင်းရင်းများဖြင့် ဝင်/ထွက်

သွားလာနေခဲ့ရင်းဖြင့် ညီရော
မိုးသူဇာဆိုသော လုံးကြီးပေါက်
မျှစ်စို့ပေါက် မိန်းမချောလေးနှင့်
မင် ရင်းနှီးခဲ့သည်။ တဏှာဝါ
ဗဟုကိစ္စာများ လွှန်ကဲလာ
ကြောင့် အသက်(၁၆)နှစ်သ
သေးသူအား ခိုးယူမှုကြောင့် တ
ခံဖြစ်ပြီး အချုပ်ခံခဲ့ရသူဖြစ်သည်

အရပ်ကောင်းတော့
လောင်းလှ ဆိုသကဲ့သို့ ရန်က
ရောက် ဝက်ချုပ်သားများ၏
လည်အောင် ပြုလုပ်စီစဉ်ပေ
ကြောင့် နောက်ထပ် မိန်းမ
ယောက်ယူခဲ့ရပြီးနောက် အလုပ်
ရှိရာ ဒူဘိုင်းမြို့သို့ ထွက်ခွာသွ
လေသည်။ မတတ်သာ၍ ခပ်ခွာ
နေကြလျက်ရှိလေသည်။

***(နီးစပ်မှုသည်***
***ချစ်ခြင်းမေတ္တာကို***
***ပေါက်ဖွားစေသည်။)***


**မောင်မောင်စိန်လ**

**(နတ်မော**

www.burmeseclassic.com

# မိဘအတွက် တောသူမလေးငါ့ တလုံ့စား

ဆွေမြင့်သူ(တွေး/ရေး)





www.burmeseclassic.com

www.burmeseclassic.com



**မိဘအတွက် တောသူမလေး၏**
**ကလဲ့စား**

**ဆွေမြင့်သူ(ကြေး/မြေ)**

၂၀၀၂ ခုနှစ်၊ လယ်ယာမြေဥပဒေ(အသစ်)ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် ယခင်အစိုးရလက်ထက်က လယ်မြေသိမ်းဆည်းခြင်းခံခဲ့ရသော တောင်သူများက ယခုအခါ ထွန်းတုံးတိုက်ပွဲအလီလီ ဆင်နွှဲခဲ့ကြသည်။ သို့မတိုင်မီကမူ ထွန်တုံးတိုက်ပွဲ ဆင်နွှဲဖို့မပြောနှင့်။ ဒေသဆိုင်ရာ အာဏာပိုင်နှင့် တပ်ရင်း/တပ်ဖွဲ့ အစရှိသည့် အဖွဲ့အစည်းများအား ကြောက်ရွံ့လွန်း၍ မိမိလယ်ယာမြေ အသိမ်းခံရမည်ကို တစ်ခွန်းတစ်ခါမျှ ပြန်၍မပြောဆိုဝံ့ကြဘဲ မျက်နှာအောက်ချ ပြန်ခဲ့ကြရသည်။ သို့သော် လုံးဝမကျေနပ်ခြင်းတော့ မရှိခဲ့ကြပါ။ ယင်းတို့အနက် ရန်ကုန်တောင်ပိုင်းခရိုင်၊ ---မြို့နယ်၊ ---ကျေးရွာအုပ်စု၊ နရဲချောင်ကျေးရွာမှ တောင်သူကြီး ဦးရန်ဝေးမှာမူ သိမ်းဆည်းခြင်းခံရသော မိမိ၏ ရေနက်ကွင်းလယ်ယာမြေထဲမှ လုံးဝထွက်ခွာမသွားဘဲ ဖြစ်လိုရာဖြစ်စေတော့ဟု ပေပြီးနေခဲ့သည့်အခါ--။

×××××××

ဦးရန်ဝေး၏ သမီးငယ်ချောစုနွယ်သည် အသက်(၁၆)နှစ်တွင် ဆယ်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်သည်။ စာအလွန်တော်သည်။ ရုပ်ရည်ကလည်း အလွန်ချောမောလှပသည်။

ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့မှာပင် ဖခင် ဦးရန်ဝေးအား အဖွဲ့အစည်းတစ်ခုမှ တရားစွဲဆိုလိုက်သည်ဟု သိရသည်။ သူမ၏မိခင်ကို အကျိုးအကြောင်းမေးကြည့်တော့-

"အနှစ်နှစ်အလလကတည်းက သမီးအဖေတို့၊ အမေတို့ဓားမဦးချ မြေရှင်းခုတ်ထွင် စိုက်ပျိုးလာခဲ့တဲ့ တို့လယ်ယာမြေကို အာဏာပိုင်က သူတို့အဖွဲ့အစည်းကို တရားဝင် ချထားပေးတယ်ဆိုပြီး သိမ်းဆည်းလိုက်ပြီ သမီးရဲ့။ သမီး အဖေက သူတို့ပိုင်တယ်ဆိုတဲ့ လယ်ယာမြေထဲက ထွက်မပေးလို့ ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်စီးမှုနဲ့ ရဲစခန်းမှာ အမှုဖွင့်ကြသတဲ့လေ"

"ဟင် .... သမီးတို့ ဒီမှာ နေထိုင် စားသောက်လာတာ သမီးငယ်ငယ်ကတည်းကဆို၊ ခု သူတို့က ဘာဖြစ်လို့ ဖေဖေ့ကို တရားလာစွဲတာလဲ၊ ဘာဆိုင်လို့လဲ"

"ဆိုင်လား မဆိုင်လား မသိပါဘူး၊ ခုဖြစ်နေတာက သမီးအဖေကို တရားစွဲပြီးထောင်ချမယ်တဲ့၊ သူတို့ဆီမှာ ဒေသဆိုင်ရာအာဏာပိုင်ရဲ့ မြေလွတ်မြေရိုင်း တရားဝင်ခွင့်ပြုမိန့်ရှိတယ်ဆိုပဲ၊ ဘုရား ဘုရား၊ မပြောကောင်း မဆိုကောင်း သမီးအဖေ တရားရှုံးရင် မေမေနဲ့ သမီးတို့ ဒီလယ်ယာမြေထဲက ထွက်ပေးရတော့မယ် သမီးရဲ့ ဟီးဟီး"

မိခင် ဒေါ်နန်းက ချောစုနွယ်နှင့် လူမမယ်ကလေး(၂)ဦးကို သိုင်းဖက်၍ ချုံးပွဲချ ငိုကြွေးနေတော့သည်။

ချောနုနွယ်မှာ ဆယ်တန်းစာမေးပွဲ အောင်မြင်ပါသော်လည်း တက္ကသိုလ် ဆက်လက်တက်ရောက်၍ မိဘနှစ်ပါးကို လုပ်ကျွေးမည်ဟူသောရည်ရွယ်ချက်မှာ ပျက်ပြယ်သွားသလို ခံစားရသည်။

"မဖြစ်နိုင်ပါဘူး အမေ ရယ်၊ ဒီလောက်လဲ စိတ်မပူစမ်းပါနဲ့ တရားကို နတ်စောင့်တယ်ဆိုတဲ့ စကား ရှိပါတယ်"

"တရားကို နတ်စောင့် တယ်ဆိုပေမဲ့ ခုခေတ်က ငွေများ တရားနိုင်တဲ့၊ မတော်လို့များ သူ ဘက်က နိုင်သွားရင် သမီးအဖေ ထောင်ကျသွားနိုင်တယ်၊ အမေတို့



www.burmeseclassic.com

www.burmeseclassic.com



လဲဘယ်ပြေးရပ့်မလဲမသိဘူး။ နောက်ပြီး ဒီလယ်မြေတွေကို လက်လွှတ်ဆုံးရှုံးရရင် ဘာလုပ်စားကြပ့်မလဲတင်"

"အမေရယ်၊ ဝမ်းနည်းစကားတွေ မပြောစမ်းပါနဲ့၊ အဖေလဲ ထောင်မကျဘူး၊ သမီးတို့လဲ ဒီမှာပဲ ဆက်နေရမှာပါ။ လောကမှာ အမှန်တရားဆိုတာ ရှိတာပဲ၊ တကယ်လို ... မပြောကောင်း၊ ပြောကောင်း တစ်ခုခုဖြစ်လာရင်တောင်မှ သမီးတစ်ယောက်လုံးရှိတယ်၊ အဖေတို့၊ အမေတို့၊ မောင်လေး၊ ညီမလေးတွေကို သမီးက ကောင်းကောင်း လုပ်ကျွေးမှာပါ"

"သာဓုပါသမီးလေးရယ်၊ ဒါပေမဲ့ မင်းအဖေအတွက် အမေဝမ်းနည်းလွန်းလို့ပါ။ ဘုရား၊ ဘုရား သမီးအဖေ ဘာမှမဖြစ်ပါစေနဲ့"

"ဟုတ်တယ်။ သမီးလဲ အဖေဘာမှ မဖြစ်ပါစေနဲ့လို့ ဘုရားသခင်ဆီမှာ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်"

xxxxx

သို့သော် ---

မိခင်ဒေါ်နန်းနှင့် သမီးချောစုနွယ်တို့ဆုတောင်း လုံးဝမပြည့်ရှာခဲ့ပါ။

နာမည်နှင့် မလိုက်ဖက်သော ဦးရန်ဝေးသည် ရန်မအေးဘဲ အမှုရှုံးနိမ့်ခဲ့ပါသည်။ ဦးရန်ဝေး၏ လက်ထဲဝယ် ကိုင်ဆောင်ထားသည်က N ဦးပိုင်ဖြင့် သီးနှံခွန်စည်းကြပ်ထားသော မြေခွန်ပြေစာများ။ တရားစွဲဆိုသည့်ဘက်မှ အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်ဆိုတော့ ဦးရန်ဝေးမှာ ဥပဒေကြောင်းအရ မိမိလက်ရှိလုပ်ကိုင်နေသော ရေနက်ကွင်း လယ်ယာမြေပေါ်မှ ဖယ်ရှားခြင်းခံရသည့်အပြင် အာဏာဖီဆန်မှု၊ တရားရုံးသို့ မထီမဲ့မြင်ပြုမှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ် ကျခံရန် အမိန့်ချမှတ်ခြင်းခံရရှာသည်။

သွားပြီ။

ချောစုနွယ်တို့ မိသားစု ဘဝပျက်လေပြီ။

ပို၍ ဆိုးသည်ကား ဦးရန်ဝေးကို ထောင်ဒဏ် သတ်မှတ်ပြီးနောက် အလုပ်ကြမ်းလုပ်ရသည့် တောင်စွန်း၊ ကျောက်ထုစခန်းသို့ ပို့လိုက်ကြသည်ဟု ဆိုသည်။

ဒေါ်နန်းတို့ မိသားစုမှာလည်း ရေနက်ကွင်း လယ်ယာမြေမှ ဖယ်ရှားခြင်းခံရသဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရသည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ဆွေမျိုးများ

**ပို၍ ဆိုးသည်ကား ဦးရန်ဝေးကို ထောင်ဒဏ်သတ်မှတ်ပြီးနောက် အလုပ်ကြမ်းလုပ်ရသည့် တောင်စွန်း၊ ကျောက်ထုစခန်းသို့ ပို့လိုက်ကြသည်ဟု ဆိုသည်။**



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ပြောင်းရွှေ့ခိုကပ်နေထိုင်ကြရသည်။ နေဖို့က အကြောင်းမဟုတ်သော်လည်း စားရေးသောက်ရေးက လိုသေးသဖြင့် နောက်ဆုံး "အကြံကုန် ဂဠုန်ဆားချက်" ဆိုသလို ချောစုနွယ်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် ရန်ကုန်မြို့မှ နာမည်ကြီး KTV ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်အလုပ်လုပ်ကိုင်ပြီး အသက်မွေးရတော့သည်။ ရန်ကုန်သို့ စတင်ပြောင်းရွှေ့မည့်နေ့တွင် သူမ၏မိဘများကို ဒုက္ခအကြီးအကျယ်ရောက်စေသော အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းကိုယ်စားသူမ၏ ဖခင်ကို တရားစွဲဆိုသော ပုဂ္ဂိုလ်ကို မရရအောင် စုံစမ်းမေးမြန်းခဲ့တော့သည်။

သိရပြီ။ ထိုပုဂ္ဂိုလ်၏ အမည်ကား ဦးကိုကိုဝင်း။ ---မြို့လယ်ကောင်မှာ နာမည်ကြီးစားသောက်ဆိုင်ဖွင့်ထားသော မြို့မျက်နှာဖုံးတဲ့။

"တွေ့ကြသေးတာပေါ့ ဦးကိုကိုဝင်းရယ်။ ငါတို့မိသားစု ဒုက္ခရောက်သလို ရှင်လဲ တစ်နေ့နေ့မှာ ဘေးတွေ့ရပါစေ့မယ်၊ တောက်"

xxxxx

ချောစုနွယ်တို့ မိသားစု ရန်ကုန်မှာ အခြေချပြီး (၆)လခန့်အကြာတွင် ဦးရန်ဝေးသည် အကျဉ်းစခန်း၌ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားပြန်သဖြင့် ချောစုနွယ်အဖို့ ဦးကိုကိုဝင်းဆိုသူအပေါ် ပို၍ ပို၍ ဒေါသအမျက် ခြောင်းခြောင်းထွက်မိသည်။

"ငါတို့မိသားစုဘဝပျက်အောင်လုပ်ခဲ့တဲ့အပြင် အဖေ့ကို သေတွင်းထဲပို့တဲ့သူက ကိုကိုဝင်းမှ ကိုကိုဝင်းအစစ်ပဲ၊ ကြည့်ကြသေးတာပေ့ါ ကိုကိုဝင်းရယ်၊ ဒင်းလုပ်ခဲ့တဲ့ ပြစ်ဒဏ်ကို ဒင်းလုလုကြီး ပြန်ခံရမယ်လို့သာ မှတ်လိုက်ပါတော့"

နေ့စဉ်နေ့တိုင်း ချောစုနွယ်စိတ်ထဲမှ ကြုံးဝါးမိသည်မှာ ထိုသို့ပင်ဖြစ်သည်။ ဦးကိုကိုဝင်းဆိုသူကို မျက်နှာပင် မမြင်ဖူးသော်လည်း အလွန်အော့နလုံးနာသည်။ နာကြည်းမုန်းတီးမိသည်။ အစိမ်းလိုက်ဝါးစားချင်လောက်အောင် အသေမုန်းသည်။ ကွယ်လွန်သူ ဖခင်အတွက်နှင့် ဘဝပျက်ခဲ့သော မိသားစုအတွက် ရက်ရက်စက်စက် ကလဲ့စားချေရန် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ မည်သို့ လက်စားချေရမည်ကိုလည်း တေးမှတ်ထားသည်။

တစ်နေ့ ညနေတွင် သူမအလုပ်လုပ်သော KTV ဆိုင်၌ ဧည့်သည်တစ်ဦးနှင့် အမှတ်မထင် တွေ့ဆုံခဲ့ရသည်။ ထိုသူကား ဦး... ကိုဝင်း ဖွင့်လှစ်ထားသော ... သောက်ဆိုင်မှ စက်ပိုင်းဆိုင်... ကျွမ်းကျင်သူဖြစ်၍ မီးစက်ကြီး... ဝယ်ရင်း ရန်ကုန်မှမပြန်ဖြစ်သေ... ဘဲ ဆိုင်မှာ လာရောက်အပန်းဖြေ... သည်ဟု ဆိုသည်။

(၂)နာရီခန့် စားလိုက်... သောက်လိုက်၊ သီချင်းဆိုလိုက်... စကားလက်ဆုံ ပြောမကုန်လည်း... ဖြစ်ပြီးရော နှစ်ယောက်သား ရင်း... ခင်မင်ခဲ့ရာမှ ကိုရွှေချောက ဦးကို... ဝင်း၏စားသောက်ဆိုင်သို့ အလည်... ခေါ်ပါတော့သည်။

"ဒါနဲ့ ကိုဝင်းမင်းရယ်... အစ်ကိုတို့စားသောက်ဆိုင်ကို လာ... လည်ပြီပဲ ထားပါတော့၊ ချောစုက... ဘယ်မှာတည်းရမှာတုန်း၊ အဲဒီမြို့မှာ... အသိမိတ်ဆွေလဲမရှိ၊ ဆွေမျိုး ညာ... တိလဲ မရှိဘဲနဲ့"

"ခင်ရာဆွေမျိုးပဲပေ့ါ ချော... စုရယ်၊ ချောစုကို မြင်မြင်ချင်းပဲ အစ်... ကိုချစ်မိလို့ပါ။ အစ်ကိုတို့စားသောက်... ဆိုင် အနီးအနားမှာ တည်းခိုခန်း... ကောင်းကောင်း ရှိပါတယ်၊ အဲ့ဒီမှာ... တည်းဖို့ အစ်ကိုစီစဉ်ပေးမယ်လေ... အစ်ကိုလဲ မင်းဆီလာရွေ့မှာပေ့... ဘယ်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဘယ်လို၊ ချော ဆီလာတွေ့မယ်၊ တွေ့ရင်ဘာလုပ်မလို့လဲ"

"ဒါက မေးနေစရာ လိုသေးလို့လားကွယ်၊ ယောကျ်ားလေးနဲ့ မိန်းကလေးတို့ သဘာဝဆိတ်ကွယ်ရာမှာ တွေ့ကြုံရရင် ဘာလုပ်ကြမှာလဲ၊ မင်းလဲသိသားနဲ့၊ အဆန်းလုပ်လို့"

"အို ရှက်စရာကြီး၊ အတင့် ..."

"ဒီကိစ္စက ရှက်စရာ မဟုတ်ပါဘူးကွယ်၊ နက်ဖြန် အစ်ကိုနဲ့ တစ်ခါတည်းလိုက်ခဲ့နော်၊ လိုက်မယ်မဟုတ်လားဟင် ချောစု၊ မင်း အစ်ကိုနဲ့ လိုက်မှာပါလေ"

ချောစုနွယ်က မလိုက်ရဲသလို မလိုက်ချင်သလို ဟန်ဆောင်ပြပေမယ့် ရင်ထဲမှာ ဝမ်းသာလွန်း၍ ပြောမပြတတ်အောင် ကျိတ်ခံစားနေမိသည်။

"တွေ့ကြပြီပေါ့ ဦးကိုကိုဝင်း၊ ဒင်းဘယ်ပြေးမလဲ ဝေါက်အိုနေရယ်"

ကိုဝင်းမင်းက လူနာအမဲ ချောက်တောင်းသလို ပူဆာတော့မှ ချောစုနွယ်က စိတ်ပါသလို မပါသလိုနှင့် ခေါင်းအသာညိတ်ပြပြီး-

"နက်ဖြန် တစ်ညတည်းတည်းခိုခန်းမှာ အိပ်မှာနော်၊ သူသိပ်မကဲနဲ့"

"ကောင်းပါပြီကွယ်၊ မင်းအလိုကျဖြစ်စေရပါမယ်"

တကယ်တော့ ချောစုနွယ်မှာ ရန်ကုန်စရောက်ပြီး တစ်နှစ်အတွင်း အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။ ဖိုမကိစ္စလည်း အဆန်းမဟုတ်တော့ပြီ။ ကာရာအိုကေမှာ အချစ်ဦး တစ်ယောက်ကို ကြိုက်နှစ်သက်မိပြီး ဘဝကိုလည်း ပုံအပ်ခဲ့ပြီးပြီ။ နောက် ပိုက်ဆံဝါလား၊ ဦးလေးကြီးတစ်ယောက်၏ မယားငယ်ဘဝကိုလည်း ခံယူထားသည်။

ကိုဝင်းမင်းသည် ဦးကိုကိုဝင်းကို လက်စားချေဖို့အတွက် အုတ်လှေကားတစ်ထစ်မို့ သူ့ကို တစ်ဒင်္ဂလောက် ကိုယ်ခန္ဓာပေးဆပ်ဖို့လည်း ဝန်မလေးတော့ပြီ။

××××

သို့နှင့်--။

နောက်တစ်နေ့ မွန်းတည့် (၁၂)နာရီတွင် ကိုဝင်းမင်းနှင့် တရုတ်စားသောက်ဆိုင်တစ်ဆိုင်၌ ချိန်းဆိုထမင်းစားပြီးနောက် ကိုဝင်းမင်းတို့မြို့သို့လိုက်ပါ၍ ကမ်းနားလမ်းပေါ်ရှိ တည်းခိုခန်းတစ်ခန်း





www.burmeseclassic.com

www.burmeseclassic.com



တွင် တည်းခိုကြသည်။

ရောက်ရောက်ချင်းပင် နှစ်ဦးသား ပျော်မွေ့ကြပြီး၊ ကိုဝင်းမင်းက မီးစက်ကြီးပြင်ဆင်ရန်ဟု ဆိုကာ ဆိုင်သို့ထွက်ခွာသွားသည်။ ညကျရင် ပြန်လာမည်ဟု ဆိုသည်။ အကြံသမား ချောစုနွယ်က ခဏက လေး မှေးစက်ပြီးသည်နှင့် သူပြန်အလာကိုမစောင့်တော့ဘဲ သူညွှန်ပြခဲ့သည့် အတိုင်း ဦးကိုကိုဝင်း၏ Southern Stars စားသောက်ဆိုင်သို့ တည့်တည့်မတ်မတ်သွားကာ ခပ်တည်တည်ဝင်ထိုင်သည်။

လူစိမ်းဧည့်သည် မိန်းကလေးတစ်ဦးတည်း ဝင်လာသည်ကို တွေ့လိုက်သဖြင့် ဆိုင်ထဲမှ တစ်ဦးတည်းသော စားပွဲထိုးက -

"ဒီကညီမလေး ဘာများ သုံးဆောင်မလဲဟင်၊ တဆိတ်လောက်"

"ဆိုင်က တော်တော်လူရှင်းတာပဲ စောလို့လားမသိဘူးနော်၊ ဒါနဲ့ အစ်ကိုက ဒီဆိုင်မှာကြာပြီလားဟင်၊ နာမည်လေးလဲ သိပါရစေ"

"ဗျာ"

"ကဲပါ ကျွန်မကို တိုက်ဂါးဘီယာတစ်လုံးနဲ့ ကြက်ကြွပ်ကြော်တစ်ပွဲပေးပါ။ ကြက်ကြွပ်ကြော်က ဂျုံနဲ့ မပတ်ဘူးနော်"

"ဟုတ်ကဲ့ပါ"

ဆိုင်မှာက ချောစုနွယ်ပြောသလို လူရှင်းနေသည်။ ဘားကောင်တာမှာ ဘောင်ချာဖြတ်သည့် စာရေးမတစ်ယောက်နှင့် စားပွဲထိုး ဖိုးနီ တစ်ယောက်ပဲရှိသည်။

ဖိုးနီက တိုက်ဂါးဘီယာပုလင်းနှင့် ဖန်ခွက်ကိုလာချ၍ ဘီယာပုလင်းကို ဖွင့်ဖောက်ပေးရာ ချောစုနွယ်က ဘီယာခွက်ကို ချက်ချင်းမော့သောက်ရင်း-

"အစ်ကို ညီမအဖော်မရှိလို့ ခဏလောက်ထိုင်ပေးနိုင်မလားဟင်"

"ဗျာ ဘယ်လို"

"ဗျာမနေနဲ့ အစ်ကိုရယ်၊ ညီမအနားမှာ ခဏလောက်နေပေးပါလို့၊ ညီမမှာ ရင်ဖွင့်စရာ စကားပြောစရာတွေ အများကြီးရှိနေလို့ပါ၊ ဒါနဲ့ ဒီဆိုင်ရှင်က ဦးကိုကိုဝင်းဆိုလားပဲ၊ ဟောဟို နံရံမှာ ချိတ်ထားတဲ့ဓာတ်ပုံထဲက လူကြီးလားဟင်၊ သူကော ဒီဆိုင်ကို လာမှာလားဟင်"

"ဟုတ်၊ ဟုတ်ပါတယ်၊ ည(၈)နာရီလောက်ကျမှပဲ လာလေ့ရှိပါတယ်"

"ဟုတ်လား၊ သူလာတဲ့အ
ထိ စောင့်ရဦးမှာပေါ့လေ"

"ဘယ်လို၊ သူလာတဲ့အ
ထိ ဟုတ်လား၊ ညီမလေးနဲ့ ဘော့
က ဘယ်လိုပတ်သက်ကြလို့လဲ၊ ညီ
မလေးကကော ဘော့စ်ကို သိလို့
လား"

"သိပ်သိတာပေါ့ အစ်ကို
ရယ်၊ အစ်ကို့ဘော့စ်က မြာလဲ
တယ်မဟုတ်လား၊ သူလဲနောက်ကျ
ရင် ညီမကို တဖြည်းဖြည်းသိသွား
မှာပါ၊ သူရောက်လာရင် ညီမက
တွေ့ချင်တယ်လို့ ပြောပေးပါ၊ ဒါနဲ့
ကြက်ကြွပ်ကြော်ရပြီလား မသိဘူး"

"ဪ ... ဟုတ်သား
ခုပဲ ယူလာခဲ့မယ်နော်"

ဖိုးနီ စိတ်ထဲ ဇဝေဇဝါဖြ
နေသည်။ သူမကို တစ်နေရာရာမှ
တွေ့ဖူးမြင်ဖူးသလိုလို၊ မနှစ်က
ဆယ်တန်းအောင်စာရင်း ထွက်သည့်
နေ့က တစ်မြို့လုံးမှာ တစ်မြို့လုံးမှ
ဂုဏ်ထူး(၂)ဘာသာနဲ့ နှစ်ချင်းပေါက်
အောင်သွားတယ်ဆိုတဲ့၊ နဲ့ရွှဲချော
ရွာမှ တောသူလေးဆိုတာ သူမများ
ဖြစ်နေမလား?။

မဖြစ်နိုင်ပါဘူး၊ ခု- ဘီယ
လာသောက်တဲ့ကောင်မလေး အပ
စားပဲ၊ လန်းလဲလန်းသေးသ်၊ ရန်ကုန်

www.burmeseclassic.com



သူစတိုင်စစ်စစ်ပဲ၊ နောက်ပြီး သူက ဘော့စ်ကိုတွေ့ချင်တဲ့၊ ကေန္တ ဘော့စ်နဲ့ ရန်ကုန်က ကာရာအိုကေဆိုင်မှာ ဆုံခဲ့ကြဟန်တူရဲ့။

ဖိုးနီက ကြက်ကြွပ်ကြော် တစ်ပွဲကို သွားချပေးသည်။ ချောစုနွယ်က -

"စီးကရက် တစ်ဘူး လောက်"

"ဗျာ"

"လုပ်ပြန်ပြီ ခုခေတ်မှာ မိန်းကလေးတွေ ဘီယာသောက်တာ၊ စီးကရက်သောက်တာ အထူးအဆန်းဖြစ်နေလို့လား၊ ဩော်- တစ်လက်စတည်း တိုက်ဂါးဘီယာ နောက်တစ်လုံး"

"ဟုတ်၊ ဟုတ်ကဲ့"

xxxxx

ဦးကိုကိုဝင်းနှင့်အပေါင်းအသင်းများ ရောက်လာချိန်တွင် ဘီယာ(၄)လုံး သောက်သုံးပြီးသော ချောစုနွယ်မှာ စားပွဲပေါ်မျက်နှာအပ်ရင်း မှောက်နေချေပြီး ဘေးစားပွဲမှ စားသောက်သူများကလည်း သူမကို ဝိုင်းကြည့်နေကြသည်။



"ဟော့ ဖိုးနီ လာစမ်း၊ နံပါတ်(၉)စားပွဲမှာ ကောင်မလေး တစ်ယောက်တည်း ဘာဖြစ်နေတာလဲ မသိဘူး၊ ပြန်နိုင်းလိုက်တော့လေ"

"မဟုတ်ဘူးဆရာ၊ ဒီက ညီမလေးက ရန်ကုန်က ထင်တယ်၊ ဆရာကို သိတယ်တဲ့၊ တွေ့ချင်လို့တဲ့၊ ဆရာ မလာမချင်း ဘီယာသောက်ရင်း စောင့်နေတာတဲ့"

"ဟေ ... ဟုတ်လား၊ ငါ့ကို သိတယ်တဲ့လား၊ ဒါဖြင့်ရင် ကောင်မလေးကိုနှိုးပြီး အပေါ်ထပ်က ငါ့ရုံးခန်းထဲ ခေါ်လာခဲ့"

ဖိုးနီက ချောစုနွယ်ကို လှုပ်နှိုးပြီး ဖေးဖေးမမဖြင့် အပေါ်ထပ်သို့ တွဲခေါ်လာခဲ့သည်။ အမူးမပြေသေးသော ချောစုနွယ်က ဦးကိုကိုဝင်းအား မျက်နှာချင်းဆိုင် မော့ကြည့်ပြီး-

"ဦးက ဦးကိုကိုဝင်းလား ဟင်"

"ဟုတ်ပါတယ် ကလေးမ၊ ကလေးမက ဦးကိုသိတယ်ဆို၊ ဦးကို ဘယ်မှာတွေ့ဖူးတာလဲ၊ ဦး ဆိုင်မှန်း ဘယ်လိုလုပ်သိသလဲ၊ ဘယ်လိုလုပ်ရောက်လာတာလဲ၊ ဘာညှိ



www.burmeseclassic.com

www.burmeseclassic.com





ရွယ်ချက်နဲ့လဲ"

"သမီးမှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ဦးအကြောင်းကို သမီးသိတာလေးတွေတော့ရှိတယ်၊ ဦးကမင်းသားကြီး ကျော်ဟိန်းလိုပဲ၊ ကျော်ဟိန်းကို လူတိုင်းသိပေမဲ့၊ ကျော်ဟိန်းက လူတိုင်းကို မသိနိုင်သလိုမျိုးပေါ့လေ ဟင်း ဟင်း ဟင်း"

"အင်း၊ ဆိုပါဦး၊ မင်းက ဦးအကြောင်းကို ဘာတွေသိထားလို့လဲ၊ မင်းကိုတော့ ဦးက လုံးဝမသိတာအမှန်ပဲ"

"ဦးကိုလေ၊ အောက်ထပ်က ဓာတ်ပုံထဲမှာ မြင်လိုက်ရတော့မှ သမီးသိထားတဲ့ ဦးကိုကိုဝင်းနဲ့ တခြားစီပါလားလို့၊ ဦးက ဓာတ်ပုံထဲမှာထက် အပြင်မှာက ပိုချောတယ်နော်သမီးလေ ဦးကို သိပ်ခိုက်သွားပြီ သိလား"

"ကလေးမ အဓိပ္ပာယ်မရှိတာတွေ ဆက်မပြောပါနဲ့တော့လား။ မင်း ဒီကိုဘယ်လိုလုပ်ရောက်လာပြီး၊ ဘာဖြစ်ချင်သလဲဆိုတာကို သာပြောပါ။ ဦး မင်းကို ကူညီနိုင်ပါတယ်၊ အခုတော့ မင်းအရမ်းမူးနေပြီ၊ ပြန်တော့နော်၊ ဘယ်ကိုပြန်ပို့ပေးရမလဲပြော"

ပြောသာပြောရသည်။ ဘီယာမူးနေသော ကောင်မလေးကို ကြည့်ရင်းကြည့်ရင်း ကိုကိုဝင်းစိတ်ထဲ တစ်မျိုးကြီးဖြစ်လာသည်။ ကောင်မလေးက အလွန်ချောသည်။ ပြစ်မျိုးမှဲ့မထင်လို့တင်စားမရပေမယ့် လှသည်၊ ငယ်သည်၊ သို့သော် လွယ်ပုံရသည်။ သူ့အကြိုက်ပဲလေ။

"ကဲ၊ ဦးကို သမီး ရှင်းရှင်းနဲ့ ဘွင်းဘွင်းကြီး ပြောပြမယ်၊ သမီးတို့ဒီကိုလာတာ အကြောင်းရှိတယ်၊ သမီးက ရန်ကုန်မှာ ကာရာအိုကေ အဆိုတော်၊ ဦးတို့စားသောက်ဆိုင်က ဒီမြို့မှာ နာမည်ကြီးတယ်၊ KTV နဲ့ တွဲဖွင့်ပါလားဟင်၊ ဒါမှ ပိုရောင်းကောင်းမှာ၊ သမီးရဲ့ Supervisor ရှိတယ်၊ တခြား အဆိုတော်ကောင်မလေးတွေလဲ ခေါ်လာမယ်၊ သမီးကတော့ ဒီဆိုင်ရဲ့ Queen ပေါ့လေ

www.burmeseclassic.com



ဘယ့်နှယ်လဲဟင် ဦး"

"အေးကွယ်၊ မင်းပြောတဲ့ အကြံညာဏ်မဆိုးပါဘူး၊ ဦးလက်ခံပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ အလုပ်အကြောင်းတွေ မပြောသင့်ဘူး၊ နက်ဖြန်မနက်မှာ ဆက်ပြောကြရအောင်နော်၊ ဒါနဲ့ မင်းဘယ်တည်းခိုခန်းမှာတည်းသလဲ၊ လိုက်ပို့မယ်"

"မပို့ပါနဲ့ ဦးရယ်၊ သမီးဘယ်မှမသွားချင်တော့ဘူး၊ အရမ်းပင်ပန်းပြီး အိပ်ချင်နေပြီ၊ ခု ဦး အခန်းထဲမှာ အိပ်ပါရစေနော်၊ ဝါး"

ချောစုန္ဒယ်က တစ်ချက်သမ်းလိုက်ပြီး ကြမ်းပြင်(ဂုန်နီကော်ဇော)ပေါ် လှဲချလိုက်တော့သည်။ သူမ ဝတ်ဆင်ထားသော အဝတ်အစားများကလည်း ဖရိုဖရဲမို့ နဂိုကတည်းက မိန်းမကြိုက်တတ်သော ကိုကိုဝင်းအဖို့ ချက်ချင်းပင် ဖိုးကြိုင်းဖြတ် ဖြစ်သွားလေတော့သည်။

×××××

လူသားတိုင်းတွင် ချစ်စရာ အချက်ကလေး တစ်ခုရှိသည်။ အင်းမှာ ဟင်းကောင်းစားရလျှင် မိတ်ဆွေအပေါင်းအသင်းကို သတိရတတ်ကြစမြဲဖြစ်သည်။ ကျားရှေ့ ၌ သူ့အလိုလိုမှောက်လျက်လဲကျလာသည့် သမင်လေးကို စားရကံကြုံ၍ ခံမင်စွာ အားရပါးရ သုံးဆောင်ရပါသော်လည်း အပေါင်းအသင်း အချို့ကိုပါ လက်ဆင့်ကမ်းဆက်သလိုက်သေးသည်မှာ ကိုကိုဝင်း၏ မဟာအမှားကြီးဖြစ်တော့သည်။

စတီရီယိုအဆိုတော် စိုးပိုင်သီချင်းထဲကလို "သနားစရာအသွေးအသားများအလယ် ×× ပြန့်ကျဲကာကျတဲ့ ဆံပင်ကလေးများဝေ့လည် ×× နှလုံးသား ×× စကားမပြောတတ်ပြီ ×× လူသားကိုစားတဲ့ ကျားတစ်ထောင်နယ်မြေအလယ်" ဆိုသည့်အတိုင်း ကိုကိုဝင်းနှင့်အပေါင်းအသင်းများက သူမ၏ဘဝကို တစ်ညလုံး ဖျက်စီးလိုက်သည့်အတွက် ချောစုန္ဒယ်မှာ ဆေးရုံပင် မနည်း တက်ရောက် ကုသလိုက်ရသည်။

သို့သော် သူမ၏ ဆန္ဒတစ်လုံးတစ်ဝလည်း အမှန်ပင်ပြည့်ဝခဲ့လေပြီ။ သူမ ပြန်လည်နိုးထလာသည်နှင့် ဦးကိုကိုဝင်းပါ(၇)ဦးကို မုဒိမ်းမှုနှင့် တရားစွဲဆိုလိုက်သည်။ သူမကို မတရား ကျင့်ကြံသော မုဒိမ်းကောင်များအားလုံးကို တရားခွင်တွင် လက်ညှိုးထိုးပြနိုင်သည်။

နောက်ဆုံးတွင် ကိုကိုဝင်းပါ(၇)ဦးတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုဖြင့် ထောင်ဒဏ်(၇)နှစ်စီ ချမှတ်လိုက်သည်။ ယင်းအမှုမှာ တစ်နိုင်ငံလုံး ဟိုးလေးတကျော်ကျော်ဖြစ်သွားသည်။ နောက်ဆုံး စက်ရုပ်သတင်းမှာ ကိုကိုဝင်းခမျာ အလုပ်ကြမ်း မလုပ်ရသောထောင်ထဲမှာပင် အသက်ဆုံးပါးသွားရှာခြင်း ဖြစ်ပါသည်။

××××

မည်သို့ပင်ဖြစ်စေ၊ ဖခင်နှင့်မိသားစုအတွက် အရှက်ကိုမငဲ့ကွက်ဘဲ အသက်ကိုပင် စတေးဝံ့သည်အထိ ဘဝပျက်သည်အထိ လူယုတ်မာ မသူတော်များကို ကလဲ့စားချေခဲ့နိုင်သော ချောစုန္ဒယ်လို သမီးမိန်းကလေးတစ်ဦး၏ အဖြစ်သနစ်သည် လောကမှာ ဩချ၍ ချီးမွမ်းမဆုံးနိုင်ဖြစ်သကဲ့သို့ အံ့ဩထိတ်လန့်ဖွယ်ရာ ကောင်းလှပါတကား။

**ဆွေမြင့်သူ(ကြေး/မြေ)**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေနှင့်ငွေနှင့်ပတ္တမြားနှင့်

❁ ကေတုလှနိုင်



www.burmeseclassic.com

www.burmeseclassic.com



## "ရွှေနှင့်ငွေနှင့်ပတ္တမြားနှင့်"

ကေတုလုနိုင်

(၁)

"ပညာ့ရိပ်မြုံ" ကျူရှင်သည် ဘတ်စ်ကားဂိတ်နှင့် မလှမ်းမကမ်းတွင်ရှိသည်။ ပေ ၄၀ မြေကွက်တွင် ဆောက်လုပ်ထားသော တိုက်ခံအိမ်တစ်လုံးကို ငှား၍ ဖွင့်ထားသော ကျူရှင်ဖြစ်သည်။ သစ်ရိပ်ဝါးရိပ်များ ရှိသဖြင့် နေအပူလျော့နည်းစေသည်။ အပေါ်ထပ်တွင် ရုံးခန်းထားရှိသည်။ အောက်ထပ်မှာ စာသင်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူ၊ကျောင်းသားတွေကို ကျူရှင်ပေးခြင်း ဖြစ်သည်။ ကျောင်းသူ၊ကျောင်းသား (၅၀)ကျော်လောက်ရှိသည်။

ဆရာ ဦးထွန်းမြိုင်က "ပညာ့ရိပ်မြုံ"ကျူရှင်ကို ဦးဆောင်ဖွင့်လှစ်ထားသဖြင့် ပညာ့ရိပ်မြုံ ကျူရှင်ကျောင်းအုပ်သည် ဦးထွန်းမြိုင်ပင် ဖြစ်နေသည်။ ထို့ကြောင့်လည်း "ပညာ့ရိပ်မြုံ" ကျူရှင်ဟု ပြောသူနည်းသည်။ ဆရာမြိုင်ကျူရှင်ဟု သိကြသူများသာ များသည်။ ဆရာမြိုင်ကျူရှင်သည် ဤအနီးပတ်ဝန်းကျင်တွင် နာမည်ကြီးကျူရှင်မဟုတ်သလို နာမည်မရှိသော ကျူရှင်မျိုးလည်း မဟုတ်ပါ။

ကျူရှင်ခကို အနည်းအကျဉ်းသာ ယူသည်။ ကျူရှင်လခနည်းသောကြောင့် လျော့မသင်။ ဆရာများဘက်က ပုံမှန်အတိုင်းပဲသင်သည်။ ဘာပဲပြောပြော ဆရာမြိုင့်ကျူရှင်မှ ဖြေဆိုသူ ၅၀%အောင်သည်။ ဂုဏ်ထူး ၂ ဘာသာ၊ ၃ ဘာသာ ၃/၄ ယောက်ပါသည်။

"ကလေးတွေက ဆယ်တန်းရောက်လို့သာ ရောက်လာတာ၊ အခြေခံမကောင်းကြဘူး၊ ဆရာက, ကလေးတွေကို အခြေခံကစပြီး သင်ချင်တာ"

ဆရာမြိုင် မကြာခဏပြောသောစကား ဖြစ်သည်။ သူက ကလေးများကို လက်တွေ့သင်ကြားပေးနေရသူ မဟုတ်ပါလား။ သို့သော်လည်း ဆရာမြိုင်က သူကိုယ်တိုင်လည်း ကြိုးစားသင်ပြပေးသည်။ အခြားဘာသာရပ်ဆရာ/ဆရာမများကိုလည်း ဆရာမြိုင်က အထူးကြိုးစားပြီး စာသင်ပြဖို့ မေတ္တာရပ်ခံထားသည်။

ဆရာမြိုင်က ကျောင်းသူ–ကျောင်းသားတွေကို အထူးပြောနေရသော စကားမှာကား အခြားမဟုတ်ပေ။

"အခုတလော ကျောင်းသူ ကျောင်းသားတွေကို သတိပေးစရာရှိတယ်။ အဲဒါက မင်းတို့တွေကျောင်းကိုလာရင် အဖိုးတန်လက်ဝတ်လက်စားတွေ ဝတ်ဆင်မလာကြဖို့ပါပဲ။ ကျူရှင်တက်တာပဲ ကျောင်းမှမဟုတ်ဘဲ၊ ကျူရှင်ပဲ လွတ်လွတ်လပ်လပ်ဝတ်မယ်ဆင်မယ်ဆိုတဲ့ စိတ်ကူးမျိုး ရှိနေကြပုံရတယ်၊ ဆရာကတော့ ကျူရှင်တက်တဲ့အခါမှာလဲ ကျောင်းတက်သလို ကျောင်းဝတ်စုံမဝတ်တာထားပါ။ ယဉ်ယဉ်ကျေးကျေး လုံလုံခြုံခြုံ ဝတ်စားဆင်ယင် စေချင်တယ်။ အထူးသဖြင့် ရွှေ–ကျောက်မျက်စတဲ့ အဖိုးတန်လက်ဝတ်လက်စား ပစ္စည်းတွေမဝတ်စေချင်တာ အမှန်ပါပဲ"

ဆရာမြိုင်က အခုလို ရှည်ရှည်ဝေးဝေး ရှင်းလင်းပြောကြားထားပေမယ့်လည်း ကျောင်းသူ ကျောင်းသားတွေက ပြောတုန်းပြောခိုက်ပဲ ဆရာမြိုင့်စကားကို နားထောင်သည်။ တစ်လလောက်ကြာလာသည်နှင့် အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားကို သူတို့စိတ်ကြိုက်ဝတ်ဆင်သည်။ ရွှေဆွဲကြိုး၊ ရွှေဟန်းချိန်းတို့ကိုလည်း ဝတ်ဆင်လာကြသည်။

ဆရာမြိုင်ကလည်း အလျှော့မပေး၊ မမြင်၍မပြောတာပဲ ရှိသည်။ မြင်လျှင် ..

''ဟဲ့ဟဲ့ .. သန္တာလွင် ဒီကိုလာစမ်း''

ဟု ခေါ်ပြီး

''သမီးတို့ကို ဆရာဘာပြောထားလဲ၊ ဒီလိုရွှေထည် လက်ဝတ်လက်စားတွေ ဝတ်ဆင်မလာပါနဲ့လို့ ပြောထားတယ်လေ။ အခု ကြည့်စမ်း ဟန်းချိန်းကြီး ဝတ်လာလိုက်တာပြူးပြဲလို့ အန္တရာယ်များလို့ ပြောနေတာပါ''

ဆရာမြိုင်ကို ကျတော့ ကျောင်းသားတွေရော .. ကျောင်းသူတွေပါ ပြောရဲဆိုရဲ ရှိကြသည်။

''ဆရာကြီးရယ် .. သမီးတို့ကို မမြင်သလိုနေပေးပါ၊ သမီးတို့မှာ ဒီအချိန်လေးပဲ ဝတ်ရတာ''

ဟု ပြောသူက ပြောသည်။

''ဆရာကြီးတို့က သားတို့အရွယ်မှ မဟုတ်ဘဲ၊ ဒါမျိုးခံစားလို့ ဘယ်ရတော့မှာလဲ၊ သားတို့က အခုမှ တက်သစ်စကလေးတွေလေ ဆရာကြီးရဲ့'' ဟုလည်း ပြောလာကြသည်။

ဆရာမြိုင်ကမူ ကျောင်းသူ၊ ကျောင်းသားတွေ ဘာပြောပြော၊ သူ့ဘက်က အလျှော့ပေးဖို့ စိတ်မကူး၊ ဘယ်လိုထပ်ပြောရမလဲဆိုတာကိုပဲ တွေးနေသည်။ ဆက်တွေး၍ကား အချိန်မပေးနိုင်၊ ကျောင်းသူ၊ ကျောင်းသားတွေကို ပို့ချပေးရဦးမည်။ သူ့စာပြရမည့် အချိန်ရောက်နေပြီ။ ရူပဗေဒဘာသာရပ် ပို့ချပေးနေသော ဆရာမက သူသင်ကြားပို့ချနေသော ပို့ချချက်ကို အဆုံးသတ်နေပြီ။

ဆရာမြိုင်က ဘောဂဗေဒဘာသာရပ် ပို့ချပေးရမည် ဖြစ်သည်။ စာသင်သားတွေရှေ့မှာ ဆရာမြိုင် ရပ်ခါစ ရှိသေးသည်။ အတန်းစာသင်ခန်းထဲသို့ တပည့်မလေး ဥမ္မာကျော် ဒရော သောပါးဝင်လာသည်။ စာသင်သားတွေလည်း အထိတ်တလန့် ဖြစ်သွားကြဟန် ရှိသည်။ ဆရာမြိုင်က

''ဘာဖြစ် လာတာလဲ ဥမ္မာကျော်''

ဟု မေးလိုက်သည်။ ဥမ္မာကျော်က အသံပုံမှန်မဟုတ်ဘဲ ...

''ဟို .. ဟိုလမ်းမပေါ်မှာ သူ .. ဖြိုးဖြိုးမူးလဲသွားလို့ပါ ဆရာကြီး။ ဆရာကြီးအချိန်တက်ဖို့ အမီလာရင်း သူမူးလဲသွားတာ ဆရာကြီး''

''အခု သူဇာဖြိုး ဘယ်မှာလဲ''

''ဟို ..ဟိုလမ်းမပေါ်မှာ သူ ..ဖြိုးဖြိုးမူးလဲသွားလို့ပါ ဆရာကြီး။
ဆရာကြီးအချိန်တက်ဖို့ အမီလာရင်း သူမူးလဲသွားတာ ဆရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လမ်းမမှာပဲ ခတ်ဆီရောင်းတဲ့ တဲမှာပါ ဆရာကြီး"

"လာ လာ"

ဆရာမြိုင်သည် သူ့အချိန်ကို ဆရာမ တစ်ယောက်နှင့် လွှဲထားခဲ့ပြီး သူဇာဖြိုးရှိနေသည် ဆိုသောလမ်းမရှိ ခတ်ဆီရောင်းသည့် တဲကလေးသို့ သုတ်ခြေတင်ရသည်။ သူဇာဖြိုးမှာ သတိမေ့ ရ တစ်ချက် ရတစ်ချက်။ သည်တော့ ဆိုက်ကားဖြင့် အနီးဆုံးဆေးခန်းပို့ရသည်။ ဆေးခန်းဆရာဝန်မက သူဇာဖြိုးကို စမ်းသပ်ပြီးဆေးရုံ ပို့ခိုင်းသည်။ ဆရာမြိုင် ကားငှားရပြန်သည်။ ဉမ္မာကျော်ကိုလည်း ခေါ်လာရသည်။

✖✖✖✖✖

(၂)

သူဇာဖြိုးကို ဆေးရုံရောက်အောင် ပို့ပေးပြီးတော့မှပဲ ဆရာမြိုင့် ရင်ထဲ ပေါ့သွားသည်။ ဒါပေမယ့် လုပ်စရာအလုပ်တွေက ကျန်သေးသည်။

"ဉမ္မာကျော် ‥ တို့ သူဇာဖြိုးအိမ်ကို အသိပေးဖို့ တာဝန်ရှိသေးတယ်"

ဆရာမြိုင်က သူဇာဖြိုးအိမ်ကို အသိပေးဖို့ ဉမ္မာကျော်ကို ပြောလျှင်ကား ဉမ္မာကျော်က–

"ခုနကပဲ ဆေးရုံက ဖုန်းနဲ့သူဇာဖြိုး အမေကို အသိပေးပြီးပြီ ဆရာကြီး အခုလောက်ဆို လာနေလောက်ပြီ"

ဟု ဖြေသဖြင့် ဆရာမြိုင်သည် စိတ်အေးသွားရပြန်သည်။ ဉမ္မာကျော်ကိုပင်–

"ဒီနေရာကျတော့ ငါ့တပည့်က လာဘ်မြင်သားပဲ၊ ဒီလိုမှပေါ့ ‥ ဒါနဲ့နေစမ်းပါဦး၊ သူဇာဖြိုးက အရင်ကရော ဒီလိုပဲဖြစ်တတ်လား"

ဟု မေးသည်။

"သူဇာဖြိုး အခုလို ဖြစ်တတ်ပါတယ် ဆရာကြီး။ သူက သွေးအားနည်းတဲ့ ရောဂါဆိုလား၊ ရှိတယ်လို့ သူဇာဖြိုး ပြောဖူးပါတယ်"

"ဪ ‥ ဒီလိုတဲ့လား ကျောင်းတက်နိုင်လို့ တော်သေးတာပေါ့"

"ရောဂါကလဲ ရှိတယ်။ ကျောင်းလဲတက်ရ ကျူရှင်ကိုလဲ တက်နေရတော့ ပင်ပန်းတာပေါ့ ဆရာကြီး"

"ဒီခေတ် ပညာသင်ရတာလဲ မလွယ်ပါဘူး"

ဆရာမြိုင်မှာ ညည်းတွားရုံပဲ တတ်နိုင်ပုံရ၏။

မကြာလှပါ။ သူဇာဖြိုး အဖေနှင့်အမေ ဆေးရုံရောက်လာကြသည်။ ချက်ချင်းပဲ သူဇာဖြိုးအဖေက ဆရာမြိုင်အား–

"ကျေးဇူးပါပဲ ဆရာကြီးရယ်။ ကျွန်တော့်သမီးကို ဆရာကြီးသာ ဆေးရုံကို အချိန်မီ ပို့ပေးလို့သာပေါ့"

ဟု ပြောသည်။ သူဇာဖြိုး အမေကလည်း သူ့ခင်ပွန်းလိုပဲ ဆရာမြိုင်အား–

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

ဟု ပြောသည်။ ဆရာမြိုင်မှာ အပြုံးကိုသာ ပေးနေရသည်။ ထိုအခိုက် သူဇာဖြိုးကို တာဝန်ကျဆရာဝန်သည် သူဇာဖြိုး ရောဂါဝေဒနာကို စမ်းသပ်ပြီးသွားပြီ ဖြစ်သည်။

"မစိုးရိမ်ရပါဘူး သွေးအားနည်းလို့ပါ"

ဆရာဝန်ကတော့ သည်လောက်ပဲ ပြောသည်။ ဆရာဝန် ထွက်သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သူဇာဖြိုး အမေနှင့် အဖေရုတ်တရက် ချက်ချင်း မျက်နှာပျက်သွားကြသည်။ ဒါကို ဆရာမြိုင်အမှတ်မထားလိုက်ပေမယ့် ဥမ္မာကျော်က အမှတ်ထားလိုက်မိသည်။ ဘာကြောင့်များ ဘာပါလိမ့်ဟု တွေးနေဆဲမှာပဲ သူဇာဖြိုးလည်ပင်းက ရွှေဆွဲကြိုးကို သတိရလိုက်သည်။ ရွှေဆွဲကြိုးပျောက်သွားလို့ များလား။ ဥမ္မာကျော်သည် သူဇာဖြိုးလည်ပင်းကို လှမ်းကြည့်လိုက်သည်။ ရွှေဆွဲကြိုးကို မတွေ့ရတော့ပေ။

''ဘုရား ‥ ဘုရား ဒုက္ခပဲ၊ သူဇာဖြိုး မူးလဲသွားတုန်းက ငါနဲ့ ဆရာမြိုင်ပဲရှိတာ။ ငါဆရာမြိုင်ကို သွားခေါ်တုန်းက သူဇာဖြိုးကို သူစိမ်းတွေနဲ့ထားခဲ့ရတာပဲ။ အဲဒီတုန်းက တစ်ယောက်ယောက် သူဇာဖြိုး ရွှေဆွဲကြိုးကို ဖြုတ်ယူသွားတာပဲဖြစ်ဖြစ်၊ ငါမှားတာပါ၊ ငါက သူဇာဖြိုးကို သူစိမ်းတွေနဲ့ ထားခဲ့မိက ‥‥ ငါ့အမှားပဲ''

ဥမ္မာကျော် အတွေး မပြတ်ခင်မှာပဲ သူဇာဖြိုးတို့ အမေဒေါ်တင်တင်က ဥမ္မာကျော်ကို လက်တို့ပြီး လူနာဆောင်အပြင် ဝရန်တာစကြံသို့ ခေါ်လာသည်။

''သမီး ဥမ္မာကျော်၊ မင်းသူငယ်ချင်း လည်ပင်းက ရွှေဆွဲကြိုးမရှိတော့ဘူး။ ဟိုတလောကမှ သူဇာဖြိုးကို အဒေါ်ထုတ်ပေးလိုက်တာ။ လုပ်ပါဦး သမီးရယ်''

''သူဇာဖြိုး သမီးကို ကျူရှင်တက်ဖို့ လာခေါ်တုန်းက သူ့ဒီရွှေဆွဲကြိုး သူ့လည်ပင်းမှာ ဆွဲထားတယ်လို့တော့ ထင်ပါတယ်။ ကျူရှင်မှာ ရွှေဝတ်လာရင် ဆရာမြိုင်က ပြောလို့ အင်္ကျီထဲ ထည့်ဝတ်တတ်တာကိုတော့ သမီး သိထားပါတယ်။ အဲဒါကြောင့် အမှတ်မဲ့ဖြစ်သွားမိတာပါ''

ဥမ္မာကျော် စကားမဆုံး
မီ ဆရာမြိုင်အနီးသို့ ရောက်လာ
သည်။ အခြေအနေကို ဆရာမြိုင်
သိလိုက်ရသောကြောင့် အတော်
စိတ်မကောင်း ဖြစ်သွား၏။ သို့
နှင့် ဆရာမြိုင်ကပဲ ဒေါ်တင်တင်
ကို ဆေးရုံအနီးက လက်ဖက်
ရည်ဆိုင်ကို ခေါ်လာသည်။ ဒေါ်
တင်တင်၏ ခင်ပွန်း ဦးစိုးမောင်
က သူ့သမီး သူဇာဖြိုး လူနာ
စောင့်အဖြစ် နေခဲ့သည်။

ဆေးရုံအနီးက လက်
ဖက်ရည်ဆိုင်သည် စားသုံးသူများ
ဖြင့် စားပွဲခုံ လူလွတ် မရှိသ
လောက်ပင်။ ထို့ကြောင့် လူလွတ်
လျက်ရှိသော ဆိုင်ခန်းညာဘက်





www.burmeseclassic.com

www.burmeseclassic.com



ဆောင်နားရှိ စားပွဲတွင် ဆရာမြိုင်တို့ သုံးယောက်နေရာယူလိုက်ကြသည်။ စားပွဲထိုး လူရွယ်က ချက်ချင်းရောက်လာသည်။ ဉမ္မာကျော်နှင့် ဒေါ်တင်တင်က အအေးမှာသည်။ ဆရာမြိုင်က ကော်ဖီကျဲ ပုံမှန်မှာသည်။ ဘေးမှာ စကားပြောသံတွေ ပျံ့လွင့်နေသည်။

"စိတ်တော့ မကောင်းပါဘူး ညီမရယ်"

သူဇာဖြိုးတို့ အမေက အသက် (၃၀)ကျော် အရွယ်ပဲ ရှိသေး၍ ဆရာမြိုင်က ညီမဟု ခေါ်လိုက်သည်။ ဆရာမြိုင်မှာ အသက် (၆၀)ကျော်ပြီ ဖြစ်သည်။

"သူဇာဖြိုး မူးလဲတဲ့အချိန်မှာ ဉမ္မာကျော်က ကျောင်းကိုပြေးလာပြီး ကျွန်တော့်ကို ခေါ်တဲ့အချိန်မှာ သူဇာဖြိုးဟာ သူ့သိမ်းတွေနဲ့ ရှိနေခဲ့တယ်မဟုတ်လား။ ဒီအချိန်မှာ သူ့ရွှေဆွဲကြိုး ပျောက်သွားတာ ဖြစ်မယ်။ ပြုတ်ကျတာလဲ မဖြစ်နိုင်ဘူး။ မရိုးသားတဲ့ လူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်နိုင်ပါတယ်"

ဆရာမြိုင်က ရှင်းပြသောအခါ ဒေါ်တင်တင်က

"ကျွန်မ ဘာဆက်လုပ်ရမလဲ ဆရာ၊ ဒီရွှေဆွဲကြိုး ရွှေတစ်ကျပ်သားကျော်တယ် ဆရာ၊ လုပ်ပေးထားတာ မကြာသေးဘူး"

ဟု စိုးရိမ်တကြီး ပြောပြနေသည်။

"ကလေးတွေကို ကျွန်တော့်ကျူရှင်လာရင် အဖိုးတန်ရွှေထည်ပစ္စည်းတွေ ဝတ်ဆင်မလာဖို့ ကျွန်တော်အမြဲ ပြောနေတာပါ၊ ဒီလိုအဖြစ်မျိုး ဖြစ်လာမှာကို မဖြစ်ရအောင် ကျွန်တော် ကြိုတင်ပြောထားတာပါ"

"ဟုတ်ပါတယ် ဆရာရယ်"

ဒေါ်တင်တင်မှာ သူ့သမီးသူဇာဖြိုးရွှေဆွဲကြိုး ပျောက်ဆုံးသွားခြင်း ကိစ္စကို ဤမျှသာ ပြောနိုင်ပါတော့သည်။

✖✖✖✖✖

(၃)

"ကဲ ‥ တပည့်တို့ ဆရာ မင်းတို့ကို ဆရာ့ကျူရှင်တက်လာရင် အဖိုးတန်လက်ဝတ်လက်စား ဝတ်ဆင် မလာပါနဲ့လို့ အတန်တန် မှာခဲ့တယ် မဟုတ်လား။ အခုကြည့် မင်းတို့သူငယ်ချင်း သူဇာဖြိုး ရွှေဆွဲကြိုး ပျောက်သွားတဲ့ကိစ္စ၊ တို့လူမျိုးတွေ လူတစ်ဖက်သား ဒုက္ခရောက်နေရင် ဝိုင်းဝန်း ကူညီတတ်တဲ့ စေတနာတရား မရှိဘူး၊ မဟုတ်ပါဘူး ရှိကြပါတယ်။ ဒါပေမယ့်လဲ လောဘမသတ်နိုင်တဲ့ လူလစ်ရင် လစ်သလို လုပ်တတ်တဲ့ အကျင့်မျိုးရှိတဲ့ လူမျိုးတွေကလဲရှိသေးတယ်လေ။ မင်းတို့ကြားဖူးတယ် မဟုတ်လား၊ ကိုယ့်ပစ္စည်း အထားအသို အသိမ်းအဆည်းမတတ်ရင် သူကြွယ်တောင် သူခိုးဖြစ်တယ်ဆိုတာ"

ဆရာမြိုင် ပြောပြနေသော အကြောင်းအရာကို သူ့တပည့်ကျောင်းသူ၊ ကျောင်းသားကလေးများက စိတ်ဝင်တစား နားထောင်နေကြသည်။ သူဇာဖြိုးနှင့် ဉမ္မာကျော်တို့ကတော့ ကျူရှင်မှာ သည်အကြောင်း စကားစပ်တိုင်း ဆရာမြိုင်ကို အားနာနေကြသည်။ သည်ကိစ္စနှင့်ပတ်သက်၍လည်း သူဇာဖြိုးက ဆရာမြိုင်အား အကြိမ်ကြိမ် အခါခါ တောင်းပန်ခဲ့သည်။


ဒေါ်တင်တင်က ပထမ



www.burmeseclassic.com

www.burmeseclassic.com





ပိုင်းမှာ သူဇာဖြိုး ရွှေဆွဲကြိုး ပျောက်သွားသည့် အရေးကိစ္စတွင် ဆရာမြိုင်နှင့် ဥမ္မာကျော်တို့ နှစ်ယောက်မှာ မပြေးသော်ကန်ရာရှိနေသည်ဟု ဆိုကာ တာဝန်ရှိကြသည်ဟု မှတ်ထင်ထားခဲ့သေးသည် မဟုတ်လား။

''ဆရာဆိုတာ ဒီလိုပါပဲကွယ်။ ကျောင်းသားမိဘများဟာ သူတို့ သားသမီးတွေကို အလွန်မေတ္တာ ကြီးမားကြတယ် မဟုတ်လား။ သူတို့ဘက်က ကြည့်ရင်လဲ မမှားပါဘူး။ ဆရာတို့က ရိုးနေပြီ။ ကြုံဖူးတာများပြီ။ ဆရာတို့က ဆန့်ကျင်မပြောဘူး ဒီလို ကိစ္စမျိုးတွေမှာ ဆရာတို့မှာ လုံးဝ တာဝန်ရှိတယ်ဆိုရင်တောင် ဆရာ စိတ်မဆိုးဘူး၊ ဆရာတို့မှာ တာဝန်ရှိပါတယ်လို့ပဲ ပြောမှာပါ။ တကယ်လဲ ဆရာတို့မှာ တာဝန်ရှိပါတယ်''

ဆရာမြိုင်လို ဆရာမျိုးကတော့ တွေ့ရခဲ့သည်။ ''နှုတ်ဆက်ပါတယ် ဆရာချစ်'' ဝတ္ထုထဲက ကျောင်းဆရာ မစ္စတာချစ်ပ်၊ အနစ်နာခံပုံ၊ သည်းခံတတ်ပုံ၊ တပည့်တွေအပေါ် သံယောဇဉ်ကြီးမားတတ်ပုံကိုကား အပြင်မှာ တကယ်ရှိကောင်းရှိမည် ဖြစ်သော်လည်း မစ္စတာချစ်ပ်ကတော့ ဝတ္ထုထဲက ဇာတ်ကောင်တစ်ယောက်ပင် မဟုတ်ပါလား။ လူ့လောကမှာ မစ္စတာချစ်ပ်မျိုးရှိနိုင်မလား။

သူဇာဖြိုး ဆရာမြိုင့် ကျူရှင်တက်ရင်း ရွှေတစ်ကျပ် သားကျော် ရွှေဆွဲကြိုးပျောက် ဆုံးသွားပြီး နောက်ပိုင်းမှာ ကာ ဆရာမြိုင် ကျူရှင်တွင်အဖိုးတန် လက်ဝတ်လက်စား ဝတ်ဆင်လာ သူ မရှိတော့ပါပေ။ ဝတ်လာသူ မရှိတော့လည်း သည်လိုပြဿနာ မျိုးလည်း မရှိသလောက် ကင်း ရှင်း၍ သွားသည်။

တက္ကသိုလ်ဝင်တန်း စာ မေးပွဲအောင်စာရင်း ထွက်သော အခါ ဆရာမြိုင်ကျူရှင်လာတက် သောကျောင်းသူ၊ ကျောင်းသား (၃၀)ကျော်အနက် (၂၀)ကျော် အောင်မြင်ခဲ့ကြသည်။ သူဇာဖြိုး နှင့် ဥမ္မာကျော်တို့ နှစ်ယောက်ဆို လျှင် အမှတ်ကောင်းကြရုံမက ဂုဏ်ထူးဘာသာများပင် ပါလာ၍ ဆရာမြိုင်မှာ ပီတိဖြစ်၍နေ သည်။

သည်နေ့ကတော့ ထူ ထူးခြားခြား ကျောင်းသူဥမ္မာကျော် နှင့် သူဇာဖြိုးဆရာမြိုင်ရုံးခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ရှိလာကြသည်။ သူတို့တွေ ဆရာမြိုင်ကို လာရောက်တန်တော့ခဲ့ပြီးဖြစ်ကြသော်လည်း ယခုတစ်ဖန် ရောက်လာသဖြင့် ဆရာမြိုင်က–

"သူတို့ တက္ကသိုလ်မှာဘာ ‥ ဘာသာတွဲတွေယူရမလဲ အကြံဉာဏ်တောင်းဖို့ထင်တယ်" ဟု အတွေးရောက်လိုက်မိသည်။ သို့သော် ဥမ္မာကျော်က–

"ဆရာကြီး လက်ဖက်ရည်ဆိုင်ကို ကြွရောက်ပေးဖို့ လာဖိတ်တာပါ" ဟု ပြောလာသည်။ သူဇာဖြိုးကလည်း–

"ဟုတ်ကဲ့ပါ ဆရာကြီး ကျေးဇူးပြုပြီး ကြွလာပေးပါ"

ဟု ပြောသဖြင့် ဆရာမြိုင်လည်း–

"ငါ့ တပည့်တွေကတော့ ထူးခြားနေပါလားဟေ့ ‥ ကဲကဲ ‥ ဒီလိုဆိုလဲ ကြွရတာပေါ့" ဟု ပြောပြီးလုပ်လက်စ အလုပ်တွေကို ကျောင်းစာရေးမောင်သူရကို သိမ်းဆည်းစေလျက် ဥမ္မာကျော်တို့နှင့်အတူ လက်ဖက်ရည်ဆိုင်သို့ လျှောက်လာခဲ့သည်။ လာရသောလမ်းတွင် ရေမြောင်းကူးတံတားတစ်ခုကို ကျော်လာရသည်။ နောက် ကား(၆)စီးသွားကားလမ်းမကြီးကို ဖြတ်ရသေးသည်။ လက်ဖက်ရည်ဆိုင်သို့ရောက်သောအခါ ဥမ္မာကျော်တို့နှင့်အတူ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သူ အိအိဖြိုးကို တွေ့ရသည်။

"အိအိဖြူ ဘယ်သူ့ကိုစောင့်နေတာလဲ"

"ဆရာကြီးတို့ကိုပဲ သမီးစောင့်နေတာပါ"

ဆရာမြိုင်သည် ရုတ်တရက် သူ့တပည့်မလေးတွေ ဘာတွေလုပ်နေမှန်း စဉ်းစားမရ၊ သည်တော့မှ သူဇာဖြိုးက ပျောက်ဆုံးခဲ့သော ရွှေဆွဲကြိုးကိုထုတ်ပြကာ–

"ဒီအကြောင်း ပြောပြချင်လို့ပါ ဆရာကြီး"

ဟု ပြောလာ၏။

"အေး ဟုတ်ပြီ ပြောစမ်း ‥‥ ဒီအကြောင်းကို ဆရာလဲ အတော့်ကို စိတ်ဝင်စားသွားပြီ"

သည့်တွင် စားပွဲထိုးမိန်းကလေးတစ်ဦး ရောက်လာ၍ ဥမ္မာကျော်ကပဲ သွက်သွက်လက်လက်နှင့် ဘယ်သူဘာစားမယ်၊ ဘာသောက်မယ်ဆိုတာ မှာလိုက်သည်။ ထို့နောက် အိအိဖြိုးက ထိုင်ခုံကိုရွှေ့တိုးထိုင်ရင်း ‥

"ဒီလိုပါ ဆရာကြီး ‥ သမီးမှာ မောင်လေးတစ်ယောက်ရှိပါတယ်။ ဒီနှစ် ရှစ်တန်းပါ။ အထက မှာတက်နေတယ်၊ သူက အရင်အပေါင်းအသင်းများ





www.burmeseclassic.com

www.burmeseclassic.com



တာလေးတွေ ရှိတယ်။ ဆရာကြီး သမီးက စကားသိပ်မပြောတတ်ဘူးနော်၊ ခုပြောတာတောင် လည်နေသလားလို့''

ဟု ပြောလေရာ အားလုံးက ဝိုင်းရယ်လိုက်ကြသည်။ ဆရာမြိုင်က . . .

''ပြောတတ်သလိုသာ ပြော၊ မြန်မာလို ပြောတာ ဆရာသိတယ်''

ဟု ပြောသည်။ စားပွဲထိုး မိန်းကလေးက အအေးတို့ လက်ဖက်ရည်တို့ကို ဘန်းပေါ်မှာ တင်ယူလာပြီး စားပွဲပေါ်ချပေး သွားသည်။ အိအိဖြိုးက သူ့စကားဆက်သည်။ နောက်စားပွဲက စားသုံးသူတစ်ယောက် ဟန်းဖုန်းကျယ်ကျယ် ပြောနေ၍ အိအိဖြိုးလည်း စကားသံကို မြှင့်ပြောနေရသည်။

''သူဇာဖြိုး မူးလဲတဲ့နေ့က ဥမ္မာကျော် ကျောင်းလာပြီး ဆရာကြီးကို ခေါ်နေတုန်း အဲဒီနေရာကို မောင်လေးရောက်သွားတာ။ သူပြောတာကတော့ ပြုတ်ကျတာတွေ့လို့ ဓာတ်ဆီရောင်းတဲ့လူနဲ့ တခြားလူတစ်ယောက် သူဇာဖြိုးသတိရအောင် လုပ်နေတုန်း ရွှေဆွဲကြိုးကို ကောက်ယူလာတာလို့ ပြောပါတယ်။ ဘာပဲပြောပြော ခိုးတာ ခိုးတာပါပဲ ဆရာကြီးရယ်''

''ဆက်ပြောပါဦး . .''

''မောင်လေး ကျော်ကျော်က ဒီရွှေဆွဲကြိုးကို မပြဘဲ ရွှေထည်ပစ္စည်း တစ်ခုကောက်ရထားတယ်။ ရောင်းပြီး သမီးလိုအပ်နေတဲ့ ကျူရှင်လခနဲ့ စာအုပ်တွေဝယ်ပေးမယ်လို့ ပြောပါတယ်၊ ဒါပေမယ့် သမီးက လက်မခံပါဘူး။ ကောက်ရတာလဲ အလုပ်လုပ်လို့ရတဲ့ငွေမဟုတ်လို့ မသန့်ရှင်းဘူး။ ငါလက်မခံဘူး၊ မသန့်ရှင်းတဲ့ငွေနဲ့ ငါစာမေးပွဲ မအောင်ချင်ဘူးလို့ ပြောလိုက်ပါတယ်''

ထိုအခါ ဆရာမြိုင်က

''သမီးမှန်ပါတယ် . .''

''ဆရာကြီး သွန်သင်ဆုံးမခဲ့လို့ပါပဲ''

''အေး . . အေး . . ဒါနဲ့ ဆက်ပြောပါဦး''

''သမီးလဲ ဒီကိစ္စကို မေ့မေ့လျော့လျော့ပါပဲ။ ဒါပေမယ့် စာအုပ်ရှာရင်း မောင်လေး ကျော်ကျော်ရဲ့ ကွန်ပါဘူး အံဝှက်ထဲမှာ ဒီ ရွှေဆွဲကြိုးကို တွေ့ပါတယ်။

တွေ့တွေ့ချင်းပဲ သူဇာဖြိုး
ဆွဲကြိုးဆိုတာ သိလိုက်ရတာ
ချက်ချင်းပဲ မောင်လေး ကျော်
ကျော်ကို ရှာခေါ်လာပြီး သူဇာ
လက်ထဲကို ပြန်အပ်နိုင်းခဲ့
တယ်။ နောက်ကို ဒီလို မရိုးသာ
တဲ့ အလုပ်မျိုး ဘယ်လို အ
အလမ်းပဲရှိရှိ မလုပ်တော့ဘဲ
ရိုးသားသားနဲ့ နေသွားဖို့လဲ က
တောင်းခဲ့ပါတယ်''

သည်မှာ သူဇာဖြိုးက

''အဲဒီနေ့က သမီး
ဝမ်းသာဝမ်းနည်းကြီး ဖြစ်ခဲ့
တယ်ဆရာကြီးရယ်''

ဟု ဝင်ပြောသည်။

ဆရာမြိုင်မှာကား သူ
ကျူရှင်ကျောင်းကလေးမှ
လို တောက်မည့်မီးခဲ တ
တပည့်သူငယ်ကလေးများ
လာသည်ကို ပွဲတွေ့ဒိဋ္ဌတွေ့
ရသောအခါ ကြည်နူး၍မ
ခံစား၍ နေရပါတော့၏။

*ကေတုလှ*



www.burmeseclassic.com

www.burmeseclassic.com



# ဒီအချစ်

မောင်မောင်(ပိတောက်မြိုင်



www.burmeseclassic.com

www.burmeseclassic.com



## ဒီအချစ်

### မောင်မောင်(ပိတောက်မြိုင်)

အချစ်နှင့် ပတ်သက်၍ ဒဿနတွေ၊ အမိပ္ပာယ်ဖွင့်ဆိုချက်တွေ အမျိုးမျိုးရှိခဲ့သည်။

အချစ်ဆိုတာ သုညကစခဲ့တာဟုဆိုကြသည်။ ချစ်သူနှင့်သာဆိုရင် တော်စဉ်ခုနစ်တန်ကိုပဲ ဖြတ်ကျော်ရမလား၊ သဲကန္တာရလမ်းကိုပဲ ကူးဖြတ်ရမလား၊ သတ္တိတွေအပြည့်ရှိသည်ဟု ဆိုကြသည်။

အချစ်ဆိုတာ ဖြေရှင်း၍မရသော၊ အဖြေရှာမရသော ပုစ္ဆာဖြစ်သည်၊ အချစ်မှာမျက်စိမရှိ၊ အချစ်ဆိုတာ ရင်ထဲကခံစားချက်ပဲ၊ ဘယ်တော့မှမကုန်ခန်းနိုင်ဘူး၊ အချစ်က နီးရခြင်းကို တောင်းတသည်၊ ဝေးရမည်ကိုကြောက်သည်၊ ပိုင်ဆိုင်မှုကို အားထုတ်သည်၊ ဆုံးရှုံးမှာကို ကာကွယ်သည်ဟု ဆိုကြပြန်သည်။

အချစ်ဆိုသည်မှာ ရယူပိုင်ဆိုင်လိုခြင်းမဟုတ်။ ပေးဆပ်နေရခြင်းဖြစ်သည်။ အချစ်ဆိုတာခွင့်လွှတ်ခြင်းနှင့် အနစ်နာခံခြင်းဖြစ်သည်။ အချစ်သည် ယောကျ်ားတို့အတွက် အားဆေးတစ်ခွက်ဖြစ်သည်။ အချစ်သည် တစ်ခါတစ်ရံမှာ သိမြင်ခြင်းကိုဖုံးကွယ်စေသည်။ အချစ်သည် အေးမြခြင်းလား၊ ပူလောင်ခြင်းလားဆိုသည်မှာ ဝေခွဲရန် ခက်သည်။

မည်သို့ပင်ဖြစ်စေ၊ ဒီအချစ်ကြောင့်ပင်၊ အိပ်ပျော်နေသော နလုံးသား နိုးထလာရုံရှိသေး၊ သေပွဲဝင်ခဲ့ရသော မောင်ရေချမ်း၊ အချစ်မိုက်ရူးရဲ မောင်အောင်ထူးနှင့် တင်ထွန်းတို့ အလုပ်ကြမ်းနှင့်ထောင်ဒဏ်(၁၀)နှစ်၊ အချစ်ငတ်နေသူ မအေးမေကတော့ ပူဆွေးသောကရောက်ခဲ့ရသည်။

ဤကြေကွဲဖွယ် မှုခင်းဇာတ်လမ်းလေးကို စခန်းမှူးရဲအုပ်လှမြင့်ကလည်း ဝမ်းနည်းကြေကွဲစွာဖြင့်ပင် ကိုယ်တိုင်စစ်ဆေးခဲ့ရသည်။

× × ×

ပေါက်ခေါင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်စပ်တွင် အရှေ့ကြို့ကုန်းရွာနှင့် လှည်းကူးရွာအကြား၌ လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း၊ ကျေးရွာဥက္ကဋ္ဌကြီး ဦးပန်းအောင်နှင့် အဖွဲ့လာရောက် သတင်းပို့သဖြင့် စခန်းမှူး ရဲအုပ်လှမြင့်နှင့်အဖွဲ့က အခင်းဖြစ် အရပ်သို့ ချက်ချင်း လိုက်သွားခဲ့သည်။

အခင်းဖြစ်အရပ် ရောက်သည့်အခါ မြင်ကွင်းကရင်နင့်စရာကောင်းလှသည်၊ အသက်နှစ်ဆယ်ကျော်ခန့်ရှိသော လူရွယ်လေးတစ်ဦး၊ တောတန်းလေးတစ်နေရာတွင် ကွေးကွေးကလေး လဲလျက် အသက် ပျောက်နေသည်ကို တွေ့ရသည်။ အလောင်းကိုစစ်ဆေးကြည့်သည့်အခါ၊ ဝဲဘက်ရင်ညွှန့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့ကိုတွေ့ရသည်။ အလောင်းနားတွင် ရော်ဘာဖိနပ် တစ်ဖက်မှလွဲ၍ အခြားသက်သေခံ အထောက်အထားတစ်စုံတစ်ရာ မတွေ့ရပေ။

အလောင်းကို ဆေးစာရေးသား၍ဆေးရုံပို့ရန်စီစဉ်ရသည်။ အခင်းဖြစ်နေရာနှင့် အလောင်းကိုဓာတ်ပုံရိုက်ယူသည်။ မြေပုံကြမ်းလည်း ရေးဆွဲသည်။ အခင်းဖြစ်ချိန်မှာ မှောင်ရီပျိုးချိန်ဖြစ်၍ မျက်မြင်သက်သေရရန် ခဲယဉ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်သံပြုသံတော့ ကြားကြောင်း သက်သေသုံးဦးတော့ရှိသည်။

× × ×

အမှုနှင့်ပတ်သက်၍ အမိကထား စစ်ဆေးရန်မှာ ကျေးရွာ ဥက္ကဋ္ဌနှင့် အသံများ ကြားလိုက်သည်ဆိုသော သက်သေများပင်ဖြစ်သည်။ သေဆုံးသူမှာ ---ရွာသား မောင်ရေချမ်းဆိုသူဖြစ်သည်။ အသောက်အစား ကင်း၍ ရိုးသားသည်။ လူချစ်လူခင်ပေါသည်ဟု သိရသည်။ ဤလိုလူရွယ် အသတ်ခံရသည်မှာလည်း စိတ်ဝင်စားစရာတော့ ကောင်းနေသည်။ လူသတ်ကောင်ကတော့ ငုပ်ကောင်ဖြစ်နေသေးသည်။ အမှုဖြစ်ပွားရခြင်း အကြောင်းအရင်းကို လေ့လာရသည်။

-----ရွာတွင် မုဆိုးမကြီးသုံးယောက်ရှိသည်။ ဒေါ်လုံးတင်၊ ဒေါ်ကြွင်လှနှင့် ဒေါ်မြခင်တို့ဖြစ်သည်။ ဤဘဝဇာတ်ခုံပေါ်က မုဆိုးမကြီးသုံးယောက် ဘဝဇာတ်လမ်းက မထူးဆန်းသော်လည်း စိတ်ဝင်စားစရာကောင်းသလိုတော့ရှိသည်။

ဒေါ်လုံးတင်က သူ့ခင်ပွန်းဆုံးသွားတော့ သားလေး တစ်ယောက်ကျန်ခဲ့သည်။ သူ့နာမည်က မောင်ရေချမ်းဖြစ်သည်။ ခင်ပွန်းသည်က ပြည့်စုံစွာ စီးပွားရှာဖွေမပေးနိုင်ခဲ့ဖြင့် သားအမိနှစ်ယောက် ဆင်းဆင်းရဲရဲဖြင့်ပင် ရှာဖွေစားသောက်နေခဲ့ရသည်။ သားလေးအရွယ်ရောက်လာသော်လည်းကျောင်းပင် ကောင်းကောင်းမထားနိုင်၊ လေးတန်းလောက်နှင့်ပင် ကျောင်းထုတ်ထားခဲ့ရရှာသည်။ သားလေး မောင်ရေချမ်းက သူများ အိမ်တွင် လယ်သူရင်းငှား(လယ်လုပ်သား) လုပ်ရသည်။ အမေ ဒေါ်လုံးတင်က ကောက်သင်းကောက်သည် (ရိတ်သိမ်းပြီးလယ်များမှ အကြွင်းအကျန် စပါးနှံများကိုကောက်ယူခြင်း)။

ဤနည်းအားဖြင့် သားအမိနှစ်ယောက်ဘဝကို ရပ်တည်နေကြရသည်။ ရိုးသားကြသည်။ ကြိုးစားကြသည်။ မောင်ရေချမ်းကလည်း အသောက်အစား ကင်းသည်။ ရပ်ထဲရွာထဲ လူမှုရေးကိစ္စများတွင် ရှေ့တန်းကပင်ဆောင်ရွက်သူဖြစ်၍ လူချစ်လူခင်ပေါများသည်။



www.burmeseclassic.com



မုဆိုးမကြီး ဒေါ်ကြင်လှမှာလည်း သားလေးတစ်ယောက်ရှိသည်။ သူ့နာမည်က မောင်အောင်ထူးဖြစ်သည်။ သူတို့သားက ဘဝပေးကုသိုလ်ကံကောင်းသည်ဟု ဆိုရပေမည်။ ခင်ပွန်းဖြစ်သူမသေမီက ရှာဖွေစုဆောင်းထားသော ငွေကြေးဥစ္စာများ ပြည့်စုံလှသည်။ သူတို့ကျေးရွာတွင် ချမ်းသာသော လူစာရင်းဝင်ဖြစ်သည်။

ဒေါ်ကြင်လှက တစ်ဦးတည်းသောသား ဖတဆိုးလေးကို တုန်နေအောင်ချစ်သည်။ အရာရာကို အလိုလိုက် အကြိုက်ပေးထားသည်။ ဘာလုပ်လုပ်ဘယ်သောအခါမှ အပြစ်မမြင်။ အချစ်သာမြင်နေတတ်သည်။ အလိုလိုက်လွန်းတော့လည်း အမိုက်စော်ကားဆိုသလို ဒီကောင်ကလည်း ဆိုးလိုက်သည်မှာ ကမ်းကုန်သည်။ ကျောင်းထားပြန်တော့လည်း ဆယ်တန်းအထိတော့ ရောက်ပါရဲ့။ ဆယ်တန်းကိုမကျော်နိုင်ဘဲ နောက်ဆုံးကျောင်းထွက်ခဲ့သည်။ အရွယ်လေးက ရလာသည်နှင့်အမျှ သောက်စားမူးယစ်ရမ်းကားမှုတွေဖြစ်လာသည်။ မူးလာရင်လက်ရဲဇာတ်ရဲ ဖြစ်လာပြန်သည်။ ရပ်ကွက်ရုံးနှင့်ရဲစခန်းများတွင် သူ့အမေ လိုက်ရှင်းရနေသည်မှာ အကြိမ်ပေါင်းများလှပြီဖြစ်သည်။

မုဆိုးမကြီး ဒေါ်မြခင်ကလည်း အကျိုးပေးကောင်းခဲ့သူဟု ဆိုနိုင်ပါသည်။ ခင်ပွန်းသည်က လုပ်ခင်း၊ ကိုင်ခင်း၊ ငွေကြေးဥစ္စာများကို ပြည့်ပြည့်စုံစုံလေး ရှာဖွေပေးနိုင်ခဲ့သည်။ သူ့မှာလည်း သမီးချောလေးတစ်ယောက်သာရှိသည်။ သူ့နာမည်က မအေးမေဖြစ်သည်။

ခင်ပွန်းသည် ထားခဲ့သော ငွေကြေးဥစ္စာများနှင့် သားအမိနှစ်ယောက် မကြောင့်မကြနေထိုင်စားသောက်နိုင်သည့် အနေအထားတွင်ရှိသည်။ မအေးမေက ပညာတော်သည်။ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့သည်။ သို့သော်လည်း သမီးကိုမခွဲနိုင်ဟုဆိုကာ တက္ကသိုလ်သို့ ဆက်မထားတော့ပေ။ ဘွဲ့တွေဘာတွေ ရသွားရင်လည်း အစိုးရအလုပ်တွေဘာတွေဝင်လုပ်နေရင် သမီးလေးနဲ့ခွဲရဦးမှာလို့ အကြောင်းပြပြန်သည်။

× × ×

ကံကြမ္မာရဲ့ အလှည့်အပြောင်းတစ်ခုကလည်း အလွန်ပင်ကြောက်စရာကောင်းလှသည်။ မောင်ရေချမ်းရဲ့ဘဝကို ကံကြမ္မာက အဆုံးသတ်ပေးလိုက်သည်ဟု ဆိုရပေမည်။

မောင်အောင်ထူးနှင့် မအေးမေတို့က ဆယ်တန်းအထိကျောင်းနေဖက်များဖြစ်ကြသည်။ ရှစ်တန်းကိုးတန်းလောက်ကစလို့ မောင်အောင်ထူးက မအေးမေကို စိတ်ဝင်စားသည်။ အကြိမ်ကြိမ်ချစ်ရေးဆိုခဲ့သည်။ ဆောင့်ကြွားကြွားနှင့် ထောင့်မကျိုးသော မောင်အောင်ထူးကို မအေးမေက လုံးဝစိတ်မဝင်စားခဲ့ပေ။ ပညာကိုမကြိုးစားဘဲ စာမေးပွဲအခါခါကျနေပြန်တော့ မအေးမေ ကြည့်မရသည်မှာ အမှန်ဖြစ်သည်။နောက်ဆုံးကျောင်းက ထွက်ပြီး အရက်ကလေးတမြမြဖြစ်လာတော့ မအေးမေနှင့် ဝေးသထက် ဝေးရသည့် ကိန်းဆိုက်သွားသည်။ သို့သော်လည်း မောင်အောင်ထူးက အားမလျှော့၊ အခါအခွင့်ကြုံတိုင်း မအေးမေကို ချစ်ရေးဆိုစမြဲဖြစ်သည်။ နောက်ဆုံး

www.burmeseclassic.com



**“ဒီမှာ မောင်လေး သေသေချာနားထောင်စမ်း၊ ငါ့ကိုအောင် ထူးဆိုတဲ့ကောင်က ထိကပါးရိကပါးနဲ့ ရည်းစားစကား လိုက်ပြောနေတယ်”**

တော့ တစ်ဖက်သတ် ချစ်သူ မောင်အောင်ထူးဘဝရောက်သွားခဲ့သည်။

မောင်ရေချမ်း ဘဝကတော့ အချစ်ဆိုတာသူဘာမှစဉ်းစားခွင့်မရ။ မိခင်ကြီး ဒေါ်လုံးတင်သာလျှင် သူ့ဘဝအတွက်ပထမ၊ သူ့ဘဝအတွက် ဒုတိယ၊ တတိယ လို့ပင်ဖြစ်သည်။ အမေ့ကိုလုပ်ကျွေးနေရသည်ကို သူကျေနပ်သည်။ အမေစိတ်ချမ်းသာလျှင် သူပျော်သည်။

မိခင်ကိုလုပ်ကျွေးသော မောင်ရေချမ်းကို သားလိမ္မာလေးအဖြစ် အများကအသိအမှတ်ပြုကြသည်။ တစ်ရွာလုံးကလည်း သနားချစ်ခင်ကြသည်။ ထိုအထဲတွင် မအေးမေက အကြင်နာပိုခဲ့သည်။ မောင်ရေချမ်းတို့သားအမိကို ပေးကမ်း စွန့်ကြဲမှုများ ရှိခဲ့သည်။ ဤသည်ကို မဆီမဆိုင် မောင်အောင်ထူးက မနာလိုဝန်တိုဖြစ်နေသည်။ မောင်ရေချမ်းကတော့ ဒါတွေကို ဘာမှစိတ်မဝင်စား၊ သူ့အလုပ်သာသူလုပ်သည်။ ပေးရင်ယူသည်။ ကျွေးရင်စားသည်။ ပေးရ ကောင်းစေ ကျွေးရကောင်းစေ သူ့စိတ်မှာ ကို ဘယ်မိန်းကလေးကိုမျှလည်း သူမမျှော်မှန်းရဲ၊ မအေးမေကိုလည်း အစ်အကြီးထက်မပိုသော ခင်မင်မှုဖြင့်သာ ဆက်ဆံခဲ့သည်။

မအေးမေက မောင်ရေချမ်းထက်ငါးနှစ်ခန့်ကြီးသည်။ အပျိုကြီးဘဝဆိုတော့လည်း တစ်ခါတရံ စိတ်ကူးယဉ်မှုလေးများ ရှိကောင်းရှိပေလိမ့်မည်။

“မောင်ရေချမ်း ဒီကိုခဏလာစမ်း၊ အစ်မ ပြောစရာရှိလို့”

“ဟုတ်ကဲ့မမ၊ ဘာခိုင်းစရာ ရှိလို့လဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ”

မောင်ရေချမ်းက တရိုတသေနှင့် ပြန်ပြောလိုက်သည်။

BURMESE CLASSIC .com

“မင်းကလဲ မြန်မြန်လာစမ်းပါ၊ ခေါ်လိုက်တာနဲ့ ဘာလုပ်ပေးရမလဲ၊ ဒါပဲပြောနေတယ်၊ မင်းဦးနှောက်ထဲမှာ အလုပ်တစ်ခုပဲရှိနေသလား၊ လာ မမပြောမယ်”

မောင်ရေချမ်း ရိုသေကိုင်းရှိုင်းစွာဖြင့် ခပ်ကုပ်ကုပ်ကလေး ဖြင့် မအေးမေ အနားသို့ ကပ်သွားသည်။

“ဒီမှာ မောင်လေး သေသေချာနားထောင်စမ်း၊ ငါ့ကိုအောင်ထူးဆိုတဲ့ကောင်က ထိကပါးရိကပါးနဲ့ ရည်းစားစကားလိုက်ပြောနေတယ်”

“အဲဒါ ကျွန်တော်နဲ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လို့လဲ"

"ဘာပြောတယ် နင်တော် တော်စိမ်းကားတဲ့ကောင်လေးပဲ၊ နင့်ကို တို့အိမ်မှာ သူရင်းငှားအဖြစ်နဲ့ နိုင်းထားပေမဲ့၊ မောင်လေးတစ်ယောက်လို သဘောထားတယ်၊ ကိုယ့်အိမ်သားလိုပဲ သတ်မှတ်ထားတာပါ"

"ကျွန်တော်လဲ အလုပ်ကြိုးစားလုပ်တာပဲမမရယ်"

"ဒါပြောတာ မဟုတ်ဘူး ဟဲ့၊ တော်းလေးရဲ့ ငါ့ကိုအောင်ထူးက ရည်းစားစကားပြောတာကို မင်းက ဒီအတိုင်းပဲ ကြည့်နေတော့မှာလား"

"ကျွန်တော်ကဘာလုပ်မှာလဲ။ အစ်မတို့ကလဲ ချမ်းသာတယ်။ ကိုအောင်ထူးတို့ကလဲ ချမ်းသာတယ်။ ဘယ်လောက်ဟန်ကျသလဲ"

"ဟဲ့-- သေနာလေးရဲ့ ငါကမှ သူ့ကိုမကြိုက်တာ"

"အစ်မက ဘယ်သူ့ကို ကြိုက်တာလဲ"

"နင့်ကို"

"ခင်ဗျာ"

မောင်ရေချမ်း အလန့်တကြားဖြင့် အာမေဋိတ်သံထွက်သွားသည်။ သူ့နားပင်သူမယုံ။ အသားတွေလည်းဆတ်ဆတ်တုန်သွားသည်။ နှလုံးသားတွေလဲ ခုန်သွားတော့သည်။ အိပ်ပျော်နေသောသူ့နှလုံးသားတွေ နိုးထသွားလေပြီဖြစ်သည်။

ပညာမတတ်၊ ဉစ္စာမရှိပေမဲ့ ရိုးသားကြိုးစားခဲ့သည့် မောင်ရေချမ်းကံတရားသည် အကျိုးပေးခဲ့ပြီဖြစ်သည်။ အချစ်ငတ်နေသော အပျိုကြီးမမနှင့် အချစ်နှလုံးသားနိုးထလာသောမောင်လေးတို့ ရွှေလက်တွဲ၍ အိမ်ထောင်ရေးပန်းတိုင်သို့ ဝင်ရုံသာရှိတော့သည်။ မောင်ရေချမ်း၏ ရိုးသားမှု၊ ကြိုးစားမှုဂုဏ်ကြောင့် မအေးမေ၏ မိခင် ဒေါ်လုံးတင်ကလည်း သဘောတူ လက်ခံနိုင်သည့် အခြေအနေတွင်ရှိသည်။

သဘောမတူ၊ လက်မခံနိုင်သူက မောင်အောင်ထူးပင်ဖြစ်သည်။ အနာပေါ်တုတ်ကျသည့်နှယ် အခံရခက်နေတော့သည်။ ရည်းစားလူလု၊ အူနကျွဲခတ်လို့တော့ ပြော၍မရ။ သူနှင့်အေးမေက သမီးရည်းစားမဟုတ်၊ သူကသာတစ်ဖက်သတ် ချစ်နေခြင်းဖြစ်သည်။ တစ်ဖက်သတ် အချစ်ဟာဆိုးပါသည်။ မေ့မရနိုင်သည်က ခက်လှသည်။ သော ကိန်းဆိုက်နေတော့သည်။ အောင်ထူး အရှုံးတစ်ပိုင်း ဖြစ် သည်။ ဆိုရပါမူ အချစ်ရောဂါ တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ ပင် ဆိုရပေတော့မည်၊ အောင်ထူး အတွက် ကုရာဆေးကတော့ ရက်ပင်ဖြစ်သည်။ အေးမေ သတိရတိုင်း စိတ်ညစ်တော့ ရက်ကိုသောက်သည်။ အရက် သောက်တော့ စိတ်ပိုညစ်သည်။ အောင်ထူးနှင့်အရက်၊ အရက်နှ အောင်ထူး ချာချာလည်နေတော သည်။

ဤဇာတ်လမ်းသည် ဤ အမှုနှင့်များ ဆက်စပ်နေလေ သလားလို့ စခန်းမှူးရဲအုပ်လှမြင့် တွေးနယ်ချဲ့ခဲ့မိသည်။ တွေးနေ ဖြင့်မပြီး။ အမှုနှင့်ပတ်သက်၍ တင်း စကားလေးများ ရလိုရ စခန်းမှူး ရဲအုပ်လှမြင့်နှင့်အဖွဲ့ ကွက်အတွင်း ခရီးဆန့်ခဲ့ကြသ သတင်းပေါင်းစုံထွက်ရှိရ အရက်ဆိုင်သို့ရောက်ခဲ့ကြသည်။

www.burmeseclassic.com



“ကျွန်တော့် အသည်းတွေတော့ကွဲပါပြီ ကိုတင်ထွန်းရယ်။ အေးမေက ယောက်ျားယူတော့ ယ်တဲ့ဗျ၊ ကျွန်တော် ဘာလုပ်ရမသဲဗျာ၊ အီး--အီး”

အောင်ထူးကအရက်ရှိန်လေးရလာတော့ ရင်တွင်းခံစားချက်ကို ဖွင့်ချသည်။ ယောက်ျားတန်မဲ့အရှက်မဲ့စွာ ငိုချလိုက်သေးသည်။

“ဘာခက်သလဲကွာ၊ အဲဒီကောင်ကို ရှင်းပစ်လိုက်ရုံပေါ့”

“ခင်ဗျားပြောတော့ လွယ်လိုက်တာ၊ ကျွန်တော်က ဘယ်လိုရှင်းနိုင်မှာလဲဗျာ”

“ငါ့တာဝန်ထားစမ်းပါ အောင်ထူးရာ၊ မင်းငါ့ကိုနေ့စဉ် အရက်တိုက်နေတဲ့ ကျေးဇူးတွေက ငါ့အပေါ်မှာအများကြီးကွ၊ အဲဒီကျေးဇူးကို ငါဆပ်မယ်၊ ဒီကောင်ကို ငါရှင်းပေးမယ်”

“ခင်ဗျား တကယ်ပြောတာလား”

“စိတ်ချစမ်းပါ အောင်ထူးရာ”



ဤစကားများသည် အရက်ဆိုင်ပိုင်ရှင် ကိုညိုကြီးထံမှရရှိသော သတင်းစကားကောင်းများပင်ဖြစ်သည်။

လူသတ်တရားခံကို အကြမ်းဖျင်း ကောက်ချက်ချနိုင်ပြီဆိုတော့ တရားခံထွက်ပေါက်များကို အချိန်မီပိတ်ဆို့ထားနိုင်ရန် အရေးကြီးသည်။ ပေါက်ခေါင်းနယ်မြေက ကျယ်ဝန်းလှသည်။ လမ်းပန်းဆက်သွယ်ရေးကလည်း အနည်းငယ်ခက်ခဲတဲ့သဘောရှိသည်။

အခင်းဖြစ်ကျေးရွာမှနေ၍ ပိတ်ဆို့ရေးလမ်းကြောင်းကို စဉ်းစားကြည့်ပါက၊ အရှေ့ဘက်တွင် အုတ်တွင်း၊ ဖြူးနှင့် နတ္တလင်းမြို့နယ်များရှိသည်။ အနောက်ဘက်တွင် ပေါင်းတည်၊ သဲကုန်းနှင့် ပုတီးကုန်းမြို့နယ်များရှိသည်။ အရှေ့ဘက်မြို့နယ်များကတော့ တောနှင့်တောင်တန်းများထူထပ်သဖြင့် တရားခံအလွယ်တကူထွက်သွားရန် ခက်ခဲသည့်သဘောရှိသည်။ အနောက်ဘက်မြို့နယ်များကတော့ လမ်းပန်းဆက်သွယ်ရေး ပြေပြစ်သည့်သဘောရှိသည်။ ဤမြို့နယ်များသို့ အ

www.burmeseclassic.com



ထူးအာရုံစိုက်ရန် စခန်းမှူးရဲအုပ်လှမြင့် စိတ်ကူးထားသည်။

မည်သို့ပင်ဖြစ်စေ နီးစပ်ရာမြို့နယ်များသို့ ပိတ်ဆို့နိုင်ရေးအတွက် စကားပြောကြေးနန်းဖြင့် အကူအညီတောင်းထားရသည်။ မိမိဖြန့်ကြက်ထားသော ရဲကင်းများကိုလည်း အထူးဂရုစိုက်ကြည့်ရန် တပ်လှန့်ထားရသည်။

အောင်ထူးနှင့် တင်ထွန်းတို့အခြေအနေကို လျှို့ဝှက်ထောက်လှမ်းကြည့်သည့်အခါ ဒီကောင်နှစ်ကောင် ရုတ်တရက်ပျောက်နေကြောင်း သိရသည်။ အောင်ထူးက သူ့ဦးလေးတော်သူရှိရာ သဲကုန်းမြို့သို့သွားကြောင်းလည်းသတင်းအစအနရထားသည်။

စခန်းမှူးရဲအုပ်လှမြင့်နှင့်အဖွဲ့ အချိန်ဆွဲနေ၍မဖြစ်။ သဲကုန်းသို့ သုတ်ခြေတင်ရလေသည်။ အနည်းငယ်နောက်ကျသွားပြီဖြစ်သည်။ အောင်ထူးသူ့ဦးလေးထံရောက်လာသည်။ ငွေငါးထောင်တောင်း၍ချက်ချင်း ပြန်ထွက်သွားသည်။ အဖော်တစ်ယောက်လည်း ပါကြောင်းသတင်းရခဲ့သည်။ သေချာသွားပြီဖြစ်သည်။ လူသတ်တရားခံ အောင်ထူးသာဖြစ်နိုင်သည်။

စခန်းမှူးရဲအုပ်လှမြင့်နှင့်အဖွဲ့ ပုတီးကုန်းရဲစခန်းသို့ ခရီးနှင်ခဲ့သည်။ ပုတီးကုန်းရဲစခန်းမှူးကလည်း ကိုယ်ဖိရင်ဖိကူညီခဲ့သည်။ ပုတီးကုန်း ရဲစခန်းတွင် အခြေပြုလျက် လှုပ်ရှားခဲ့သည်။

စိတ်ကူးမှန်သွားသည် ဟုဆိုရပေမည်။ ပုတီးကုန်းရဲစခန်းမှူး၏ မိတ်ဆက်ပေးမှုကြောင့် ဦးရဲမြင့်ဆိုသူနှင့် အဆက်အသွယ်ရသည်မှာ အကျိုးသက်ရောက်သွားသည်ဟု ဆိုရပေမည်။ ဦးရဲမြင့်က ကော်လံစားသတင်းထောက်ဖြစ်သည်။ စိတ်ဓာတ်က မဟုတ်မခံ၊ အမှန်ဘက်က အမြဲရပ်တည်ခဲ့သူဖြစ်သည်။ အမှန်တရားကို အများအတွက် သက်ဆိုင်ရာသို့တင်ပြမည်ဆိုလျှင် အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်တွင်မက သူ့ဓာတ်ပုံပါကပ်၍ တင်ပြရဲသူဖြစ်သည်။

စခန်းမှူးရဲအုပ်လှမြင့်က ဦးလှမြင့်ကို တရင်းတနှီးမိတ်ဆက်ဆက်ဆံ၍ ဤအမှုမှ တရားခံကို ဖမ်းမိရေးအတွက် အကူအညီတောင်းရသည်။ ဦးရဲမြင့်ကလည်း ကျေကျေနပ်နပ်နှင့်လက်ခံခဲ့သည်။

ဦးရဲမြင့်က ပုတီးကုန်း၊ သ[...] ကုန်းမြို့နယ်များကို နှံ့စပ်သည်။ အ[...] ပေါင်းအသင်းလည်းများသည်။ အ[...] များအတွက်ရပ်တည်တတ်သော[...] ဦးရဲမြင့်ကို နယ်သူနယ်သားများက[...] လေးစားကြသည်။ ယုံကြည်မှု[...] လည်းရှိကြသည်။ ဦးရဲမြင့်က ကျေး[...] ရွာများသို့လှည့်၍ ပွင့်လင်းမြင်သာ[...] အောင် ရှင်းပြထားသည်။

“ပေါက်ခေါင်းမြို့နယ်က[...] လူသတ်တရားခံနှစ်ယောက် ကျွန်[...] တော်တို့နယ်မြေဘက် ရောက်နေ[...] တယ်လို့ သတင်းထွက်နေတယ်၊ အဲ[...] ဒါခင်ဗျားတို့ လက်ခံမထားကြပါနဲ့[...] လက်ခံမိရင်တော့ ခင်ဗျားတို့ပါအမှု[...] ပတ်မှာ သေချာတယ်နော်”

ဦးရဲမြင့်က ဤမျှသာပြော[...] သည်။ သူ့စကားများသည် လူသတ်[...] ကောင်များအတွက် နယ်မြေကျဉ်း[...] သွားသည့်သဘောရှိသည်။ အခင်း[...] ဖြစ်ပြီး ငါးရက်မြောက်သောနေ့မှာ[...] ပင် ကျေးရွာသားတစ်ဦး၏ သတင်း[...] ပေးချက်အရ အောင်ထူးနှင့်တင်[...] ထွန်းတို့ကို ပုတီးကုန်းနှင့်သဲကုန်း[...]



www.burmeseclassic.com

www.burmeseclassic.com



အကြားတွင် ဖမ်းဆီးမိခဲ့သည်။

× × ×

ပေါက်ခေါင်းမြို့နယ် ရဲစခန်း၏ရုံးခန်းတွင်ဖြစ်သည်။

"မောင်အောင်ထူး အမှုအခြေအနေကတော့ ရှင်းနေပါပြီ၊ မင်းတို့ဘယ်လိုကျူးလွန်ခဲ့တယ်ဆိုတာ ပြောပြစမ်းပါဦး"

အောင်ထူးထံမှ စကားသံချက်ချင်းထွက်မလာ။ ခေါင်းငိုက်စိုက်လျက် မျက်ရည်များသာကျနေသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ရှိုက်ချလိုက်ပြီး ဝမ်းနည်းကြေကွဲသံဖြင့်ပြောသည်။

"ကျွန်တော် အေးမေကို အရမ်းချစ်ခဲ့ပါတယ် ဦးလေးရယ်၊ သူက ကျွန်တော့်ကို လုံးဝမချစ်ဘူးဖြစ်နေပါတယ်"

"အဲဒါရှင်းနေတာပဲကွ၊ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားရုံပဲပေါ့"

"ကျွန်တော်က သူ့ကို မစွန့်လွှတ်နိုင်ဘူး ဖြစ်နေတယ်၊ တနေ့ပြန်ချစ်နိုး၊ ပြန်ချစ်နိုးနဲ့ အခွင့်ကြုံတိုင်း ကြိုးစားနေမိတာပါ"

"မင်းမလဲကွာ၊ မရောင်းပါဘူးဆိုတာကို အတင်းချိန်ပါ၊ ချိန်ပါဆိုတာမျိုးဖြစ်နေပါလား"

"ဟုတ်ပါတယ်ဗျာ၊ ဒီကြားထဲ ပိုဆိုးတာက အေးမေဟာ သူတို့အိမ်ကသူရင်းငှား ရေချမ်းနဲ့လက်ထပ်တော့မယ်ဆိုတော့ ကျွန်တော် အတော်ခံပြင်းသွားပါတယ်၊ အရမ်းလဲ ခံစားခဲ့ရတယ်၊ တောက်"

အောင်ထူးက သူ့စကားကိုမဆက်နိုင်ဘဲ တောက်တစ်ချက်ခေါက်လျက် မျက်ရည်များတွေတွေကျကာ မချိတင်ကဲခံစားနေရပါသည်။

"ဒီမှာအောင်ထူး အချစ်မှာမျက်စိမရှိဘူးဆိုတာ မင်းမကြားဖူးဘူးလား၊ ရှမ်းကြိုက်ရင်နွားချောတယ်တဲ့ကွ၊ ထားပါတော့လေ မင်းဘာဆက်လုပ်မလဲဆိုတာ ပြောပါဦး"

"ကျွန်တော် အတော် ခံစားနေတယ်ဗျာ၊ အရက်ကိုပဲ ဖိသောက်နေမိတယ်၊ တစ်နေ့အရက်ဝိုင်းမှာ ကျွန်တော့်ခံစားချက်တွေကို တင်ထွန်းကိုပြောပြမိတယ်၊ ကိုတင်ထွန်းက ဒီကောင့်ကိုရှင်းပစ်လိုက်ရင်ပြီးတာပဲ၊ ငါတာဝန်ထားလိုက်လို့ ပြောပါတယ်--

"အဲဒီနေ့က ကျွန်တော်တို့နှစ်ယောက် အရက်ကို မူးနေအောင်သောက်လိုက်ကြတယ်၊ ဓားမြှောင် တစ်ယောက်တစ်ချောင်းစီကိုင်ပြီး ရေချမ်းလယ်ထဲက အပြန်

**ဒီမှာအောင်ထူး အချစ်မှာမျက်စိမရှိဘူးဆိုတာ မင်းမကြားဖူးဘူးလား၊ ရှမ်းကြိုက်ရင်နွားချောတယ်တဲ့ကွ၊ ထားပါတော့လေ မင်းဘာဆက်လုပ်မလဲဆိုတာ**



www.burmeseclassic.com

www.burmeseclassic.com



မှာ တောတန်းလေးတစ်နေရာက စောင့်နေကြပါတယ်--

"ရေချမ်း ရောက်တဲ့အခါ ကိုတင်ထွန်းက နောက်ကနေ ပွေ့ဖက်ပြီး ရင်ဝကို ဓားနဲ့ထိုးလိုက်ပါတယ်၊ ရေချမ်းလဲကျသွားတော့ ကိုတင်ထွန်းက ကျွန်တော့်ကို ဟော့ကောင် လုပ်လေကွာလို့ ပြောတာနဲ့ ကျွန်တော်လဲ ဝမ်းဗိုက်ကို တစ်ချက်ထိုးလိုက်ပါတယ်၊ ပြီးတော့ ကျွန်တော့်တို့နှစ်ယောက် ထွက်ပြေးကြပါတယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ မင်းတို့ထွက်ပြေးကြတော့ အ ခုလွတ်သေးရဲ့လား၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်နိုင်ဘူးကွ၊ နောက်တစ်ခုမေးဦးမယ်၊ အခုရေချမ်းသေသွားပြီ၊ မင်းမျှော်မှန်းထားသလို မအေးမေဆီက အချစ်ကို မင်းရရဲ့လား"

အောင်ထူး ဘာမျှ မဖြေနိုင် ခေါင်းငိုက်စိုက်ကျလျက်သာ ငြိမ်နေတော့သည်။

"အေး---မင်း မှတ်ထား၊ အချစ်ဆိုတာ လုယူလို့လဲမရဘူး၊ ဓားပြတိုက်ယူလို့လဲမရဘူး၊ အချစ်ကို အချစ်နဲ့ပဲ ရယူနိုင်တယ်ကွ"

"ဟိုကောင်တင်ထွန်းကလဲ ဘယ်လိုဖြစ်တာလဲပြောစမ်း"

"ကျွန်တော့်ကို အောင်ထူးက နေ့တိုင်း အရက်တိုက်ပါတယ်၊ သူ့ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာအများကြီးရှိပါတယ်၊ သူက ကျွန်တော့်ကို အကူအညီတောင်းလာတော့ ကျွန်တော်ကလဲ မူးမူးတူးတူးနဲ့ အလွယ်တကူပြောလိုက်တာကနေ အခုလိုဖြစ်သွားတာပါ"

"ကောင်းရောကွာ၊ မင်းဟာကူညီတာမဟုတ်ဘူး ဒုက္ခပေးတာ၊ မင်းတို့အခုအချုပ်ထဲရောက်ပြီး၊ နောက်ထောင်ထဲရောက်ဦးမယ်နားလည်လား၊ မင်းတို့သိပ်မိုက်တဲ့ကောင်တွေ"

စခန်းမှူးရဲအုပ်လှမြင့်က ကရုဏာဒေါသဖြင့် ပြောချလိုက်သည်။ တစ်ဆက်တည်းမှာပင် ကင်းမှူးကို အမိန့်ပေးလိုက်သည်။

"ဟော့--ကင်းမှူး ဒီကောင်နှစ်ယောက်ကို အချုပ်ခန်းထဲ ထည့်လိုက်၊ ရဲစာရေးကြီး ဒီကောင်နှစ်ယောက်ကို ရေချမ်းသတ်မှုနဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၄ အရ အဖမ်းပြလိုက်ပါ။ မနက်ဖြန် ရီမန်ယူမယ်၊ ရီမန်စေ့တာနဲ့ တရားစွဲမယ်"

ပြစ်မှုကျူးလွန်သူ အောင်ထူးနှင့် တင်ထွန်းတို့က ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သွေးစွန်းနေသည့် ဓားမြှောင်နှစ်ချောင်းကို ထုတ်ပေးခဲ့သဖြင့် သိမ်းဆည်းရရှိခဲ့သည်။ အခြားသက်သေထွက်ဆိုချက်များလည်း ရရှိပြီးဖြစ်သည်၊ အမှုက ပြည့်စုံသွားပြီဖြစ်သည်၊ အောင်ထူးနှင့် တင်ထွန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၄ (လူသတ်မှု/ပူးပေါင်းကြံစည်ကျူးလွန်မှု)တို့ဖြင့် တရားစွဲဆွဲတင်ခဲ့သည်။

**အချစ်မိုက်ရူးရဲလူမိုက်ကလေး**
**များကိုရည်ညွှန်းပါသည်၊**
**အသိတရားဖြင့် သတိထားနိုင်**
**ကြပါစေ၊**

**မောင်မောင်(ပိတောက်မြိုင်)**



www.burmeseclassic.com

www.burmeseclassic.com




# မူးယစ်ဆေးဝါးသားကောင် ဖြစ်ခဲ့ရသူများအကြောင်း

မောင်မောင်မြင့်(ဥဿာမြို့သစ်)





www.burmeseclassic.com

www.burmeseclassic.com



**"မူးယစ်ဆေးဝါး သားကောင်ဖြစ်ခဲ့ရသူများ အကြောင်း"**

**မောင်မောင်မြင့် (ဥဿာမြို့သစ် )**

(၁)

ကြာတော့လည်း ကြာခဲ့ပါပြီ၊ ဒါပေမယ့် ကြာနေပြီဖြစ်သော မူးယစ်ဆေးဝါး မှုခင်းဖြစ်ရပ်များက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည့်။ နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ရောက်တိုင်း၊ မူးယစ်ဆေးဝါး သားကောင်ဖြစ်ခဲ့ရသူများအကြောင်းကို ရင်နှင့်ဖွယ်ရာပြန်လည် ကြားယောင်နေမိသဖြင့် တွေ့မြင်ကြားသိခဲ့ရသော ဤဖြစ်ရပ်မှန်ဇာတ်လမ်းကို သင်ခန်းစာယူနိုင်ရန် မှတ်တမ်းတင် ဖန်တီးတင်ပြလိုက်ရပါသည်။

ကျွန်တော် ရဲတပ်ဖွဲ့ဝင် အရာရှိဝန်ထမ်းဘဝ ပြည်နယ်တစ်နယ်တွင် တာဝန်ကျခဲ့စဉ် အချိန်က ဖြစ်ပါသည်။ကျွန်တော် ခင်မင် ရင်းနှီးခဲ့ရသော ကိုဇော် ဆိုသူ ဌာနဆိုင်ရာ အရာရှိငယ်တစ်ဦးပြောပြခဲ့သည့် ဖြစ်ရပ်မှန်အား ပြန်လည် ကြားယောင်မိနေခြင်းလည်း ဖြစ်ပါသည်။ ကိုဇော် ပြောခဲ့သည့် ဖြစ်ရပ်မှန်က "ကျွန်တော်နဲ့ ကျွန်တော်တာဝန်ကျရာမြို့က သူဌေး ကိုမောင်ကောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ သောက်ကြ ထိုင်ကြရင်း ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်က လူပျိုလူလွတ်ဆိုတော့ မြို့ပေါ်မှာ အိမ်ခန်းလေး တစ်ခန်းငှားနေပါတယ်။ ကိုမောင်ကောက်နဲ့ ရင်းနှီးသွားရာမှ တစ်ယောက်အိမ်တစ်ယောက် အဝင်အထွက်များ ရှိလာပါတယ်။ ကိုမောင်ကောက် အိမ်ဝင်ထွက်သွားလာရင်းနဲ့ သူ့ဇနီးချော မမူယာနွယ်နဲ့လည်း ကျွန်တော့်ကို မိတ်ဆက်ပေးပြီး ခင်မင်သွားခဲ့ရသလို ကိုမောင်ကောက်၊ မမူယာနွယ်တို့ နှစ်ယောက်လုံးရဲ့ အသက်ဟာ ၃၈ နှစ် အရွယ်တွေရှိပြီး ကျွန်တော်နဲ့လည်း သက်တူရွယ်တူတွေ ဖြစ်နေကြပါတယ်။ သူတို့ ဇနီးမောင်နှံနှစ်ယောက်မှာ အသက် (၁၈)နှစ်အရွယ်(၁၀)တန်းကျောင်းသား မောင်ကောင်းထက်နဲ့(၁၆)နှစ်အရွယ် (၉)တန်း ကျောင်းသူ သမီးလေး ပပနွယ်တို့ပါရှိကြတဲ့အတွက် မိသားစုအားလုံးနဲ့ ခင်မင်ရင်းနှီးသွားခဲ့ပါတယ်။

ကျွန်တော်က ကိုဇော် ပြောနေသည့်ကြားမှ ကြားဖြတ်၍–

"ကိုမောင်ကောက်တို့ မိသားစုက သူဌေးဆိုတော့ သူတို့ စီးပွားရေးက ဘာလုပ်ငန်းတွေ လုပ်ပြီး ဘယ်လောက်ချမ်းသာနေကြသလဲ"

ဟု မေးလိုက်ရာ ကိုဇော်က–

"ဘာ စီးပွားရေးတွေ လုပ်လဲဆိုတာကိုတော့ကျွန်တော်လဲ အတိအကျ မသိရသေးဘူး။ ချမ်းသာတဲ့အနေအထားကတော့ နေတဲ့တိုက်အိမ်ကြီးကလဲဟီးနေတယ်။ လင်မယားနှစ်ယောက် စီးတဲ့ကားကလဲ တစ်ယောက် တစ်စီး၊ သားနဲ့သမီးကျောင်းပို့ ကျောင်းကြိုကားက တစ်စီး ဈေးသွား ဈေးပြန်ကားက တစ်စီး ဆိုတော့ အားလုံးလေးစီးရှိတယ်။ ကားမောင်းတဲ့သူကလဲ လေးယောက်ရှိတယ်။ အိမ်မှာ ထမင်းချက် ဟင်းချက် အိမ်ဖော် အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးက နှစ်ယောက်ရှိတယ်။ ဒါမြင်နေရတဲ့ စီးပွားရေး အခြေအနေ ချမ်းသာနေမှုကိုပြောပြတာပါ''

ကျွန်တော်က

''အခု မြင်နေရတဲ့ စီးပွားရေး အခြေအနေကတောင် တော်တော် ချမ်းသာနေတာပဲနော်။ နောက်တော့ဘယ်လိုဆက်ဖြစ်တယ်ဆိုတာ ဆက်ပြောပါဦးဗျာ''

ဟု ပြောလိုက်ရာ၊ ကိုဇော်က–

''ကျွန်တော်နဲ့ ကိုမောင်ကောက်တို့ မိသားစုအားလုံး ခင်မင်ရင်းနှီးတာ (၆)လလောက်ကြာတော့ ကိုမောင်ကောက်တို့ ဇနီးမောင်နှံက တစ်နေ့ သူတို့ အိမ်သွားလည်ရင်းက ကျွန်တော့်ကို တစ်ယောက်တည်းနေရတာ နေရေးထိုင်ရေး စားရေးသောက်ရေး အခက်အခဲရှိမှာပေါ့။ သူတို့အိမ်ကလဲ အကျယ်ကြီး၊ မိသားစုကလဲ နည်းနေတော့ အခန်းလွတ်တွေကလဲ



ရှိတယ်။ ကျွန်တော်ကို လာနေပါလို့ခေါ်တယ်။ ကျွန်တော်ကလဲ အခက်အခဲမရှိပါဘူး ရပါတယ်လို့ အကြိမ်ကြိမ်ပြောပေမယ့် နောက်ဆုံးတော့ အတင်းအကျပ် အကြိမ်ကြိမ် ခေါ်တဲ့အတွက် ကျွန်တော်လဲ အားနာနာနဲ့ပဲ နေသွားဖြစ်ခဲ့တယ်။ အနေအထိုင်အစားအသောက် အားလုံး အခမဲ့ ပေါ့ဗျာ''

ကိုမောင်ကောက်က ပြောသေးတယ်–

''သူ့အိမ်မှာ ဝန်ထမ်း အရာရှိ တစ်ယောက်ရှိနေတော့ လူတွေက ပိုလေးစားတာပေါ့တဲ့။ ကိုမောင်ကောက် အိမ်ကိုလဲ နေ့/ည လူဝင်လူထွက်၊ ကားဝင်၊ ကားထွက်ကလဲများနေတာတွေ့နေရတယ်––

''ကျွန်တော်လဲ ကိုမောင်ကောက် အိမ်မှာနေပြီး တစ်လလောက်နေတော့ တစ်နေ့ည ၉ နာရီလောက်ပေါ့ဗျာ။ ကိုမောင်ကောက်က သူ့အိမ်က အခန်းလွတ်တစ်ခုထဲကို လက်ဖက်ရည်သောက်ရအောင် ခေါ်တော့ ကျွန်တော်လဲ သွားခဲ့တယ်။ အခန်းထဲရောက်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို အစားအသောက်၊ ဘီယာ၊ စီးကရက်တွေနဲ့ ဧည့်ခံတယ်။ ကျွန်တော်လဲ ဘီယာ သောက်တတ်တော့ သောက်မိတယ်။ ဘီယာလေး သောက်တာများလာတော့ ကျွန်တော့်ကို စီးကရက်သောက်ခိုင်းတယ်။ စီးကရက်ကတော့ ၅ သုံးလုံးဘူး ဖောက်ထားတာပါ။ ကျွန်တော်က စီးကရက်လဲ ကြိုက်တော့သောက်မိတယ်။ စီးကရက်သောက်ပြီး မကြာခင်မှာ ခေါင်းတွေပိုမူးလာပြီး အိပ်ချင်လာတယ်။ နောက်ဆုံးတော့ အိပ်ပျော်သွားတယ်။ ည ၁၂ နာရီလောက်ကျတော့ ကျွန်တော် အိပ်ရာကနိုးပြီးကြည့်လိုက်တော့ ကိုမောင်ကောက်က စီးကရက်ကို အားရပါးရ ရှူရှိုက်နေတာ တွေ့ရတယ်။ ကျွန်တော်က ကျွန်တော့်အခန်းထဲ သွားအိပ်တော့မယ် ပြောတော့ ကိုမောင်ကောက်က ရပါတယ်ဗျာ။ ဒီမှာပဲ အိပ်ပါ။ စီးကရက်လဲ ထပ်သောက်ပါဦးလို့ ပြောတော့ ကျွန်တော်လဲ စီးကရက်ကို အကြိုက်တွေ့ပြီး နောက်တစ်လိပ် ထပ်သောက်မိပြီး အိပ်ပျော်သွားပြန်တယ်။ နောက်နေ့မိုးလင်းမှ နှစ်ယောက်စလုံး နိုးလာကြတယ်။ အခန်းထဲမှာ အိပ်ရာကလဲအဆင်သင့်ရှိတော့ စီးကရက်သောက်ပြီး အိပ်ကောင်းသွားတာပေါ့ဗျာ''

''အိပ်ရာက နိုးတော့ ကိုမောင်ကောက်က ကျွန်တော့်ကိုညက အိပ်ကောင်းရဲ့လား စီးကရက်က အိပ်ဆေးပါတဲ့ စီးကရက်ဆိုတော့ အိပ်ကောင်းတယ် ပြောရာ ကျွန်တော်က သောက်လို့လည်း ကောင်းတယ်။ အိပ်လို့လည်းကောင်းတယ်။ ဒါပေမယ့် ခေါင်းသိပ်မကြည်သေးဘူးဗျာ''ဟုပြောရာ ကိုမောင်ကောက်က သောက်လေ့သောက်ထ မရှိသေးလို့ပါ။ နောက်ဆိုရင်တော့ ခေါင်းပါကြည်လာမှာပါဟုပြောရာ ကျွန်တော်က ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော်က ရုံးသွားရဦးမယ်ဆိုတော့ ကျွန်တော့် အခန်းပြန်လိုက်တော့မယ် ပြောပြီး၊ အခန်းပြန်၍ ရေမိုးချိုးပြီး ရုံးသွားရန် ပြင်လိုက်ပါတယ်။ ဦးခေါင်းကတော့ ရေချိုးလိုက်တော့ ကြည်သလိုဖြစ်သွားပါတယ်။

ကျွန်တော်လည်း ရုံးသွားအလုပ်ကိစ္စများလုပ်ပြီး ညနေ ၅ နာရီလောက်ရုံးဆင်း အိမ်ပြန်ခဲ့တယ်။ အိမ်ရောက် ရေမိုးချိုးပြီး အနားယူရင်း ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင်း ညက အဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်နေတဲ့ အချိန်မှာပဲ ကိုမောင်ကောက် ကိုယ်တိုင် ကျွန်တော့်ကို ထမင်းစား လာခေါ်သဖြင့် ကျွန်တော်လည်း ညနေ ၆ နာရီလောက် ထမင်းစားခန်းလိုက်သွားပြီး ကိုမောင်ကောက်နဲ့ နှစ်ယောက်အတူ ထမင်းစားနေရင်းက ကိုမောင်ကောက်က ဒီညလည်း ၉ နာရီလောက် ညက ဘီယာသောက်တဲ့ အခန်းထဲလာပြီး ဘီယာသောက်ရအောင်လို့ပြောရာ ကျွန်တော်က မသောက်တော့ပါဘူးဗျာ။ အားနာပါတယ် ပြန်ပြောလိုက်ရာ ကိုမောင်ကောက်က အားနာစရာမလိုပါဘူး။ ဒီညတော့ သူငယ်ချင်းတစ်ယောက်ကိုလည်း ခေါ်ထားတော့ သူနဲ့လည်းမိတ်ဆက်ပေးရမယ်။ လာဖြစ်အောင်လာခဲ့ပါဗျာ ဟုခေါ်နေသဖြင့် ကျွန်တော်လည်း မနေ့ညကသောက်ခဲ့တဲ့ စီးကရက်အကြောင်းကိုမေးမယ်အကြံရပြီး ဟုတ်ကဲ့ လာခဲ့ပါ

www.burmeseclassic.com



မယ်ဟု ပြောလိုက်ပါတယ်။

ည၉နာရီကျော်လောက် အချိန် ဘီယာသောက်တဲ့ အခန်းထဲ ကျွန်တော်သွားခဲ့ရာ ကိုမောင်ကောက်နဲ့အတူ အသားဖြူဖြူ ခန့်ခန့်ညားညား ထောင်ထောင်မောင်းမောင်းနဲ့ ကျွန်တော်တို့ အသက်အရွယ်လောက်ပဲရှိတဲ့ ညွှန့်သည် တစ်ယောက်ကို တွေ့ရပြီး နှစ်ယောက်စလုံး ဆက်တီခုံပေါ် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ကြပြီး ကိုမောင်ကောက်က ကျွန်တော့်ကို ညွှန့်သည်နဲ့ မိတ်ဆက်ပေးတယ်–

"ဒီက ကျွန်တော်တို့မြို့က လောပန်ကြီး ကိုထွန်းတောက်ပေါ့ဗျာ။ ဈေးရပ်ကွက်မှာနေပြီး စတိုးဆိုင်ကြီးဖွင့်ထားတယ်။ ကားအရောင်းအဝယ်တွေလဲ လုပ်တယ်။ သဘောလဲကောင်းပါတယ်။ ကျွန်တော့်ကို ခင်မင်သလိုပဲ ခင်ပါဗျာ"ဟု မိတ်ဆက်ပေးရာ ညွှန့်သည်ကလည်း လိုအပ်တဲ့ အကူအညီရှိလည်း ပြောရန်နဲ့ အိမ်လည်း လာလည်ပါဟု ခေါ်ပါတယ်။

ကိုမောင်ကောက်က ဆက်ပြီး ကျွန်တော့်ကိုလည်း "ဌာနဆိုင်ရာက အရာရှိ ကိုဇော်ပါ။ ကျွန်တော်နဲ့ခင်တာက တော့ ၆ လလောက်ရှိသွားပါပြီ။ သဘောလည်းကောင်းပါတယ်။ အားလည်းကိုးရပါတယ်။ လူရိုး လူကောင်း တစ်ယောက်ပါ။ တစ်ယောက်တည်း အိမ်ငှားနေပြီး ထမင်းကို ဆိုင်မှာလခပေးစားနေတဲ့အတွက် အိမ်မှာခေါ်ထားတာပါ"ဟုပြောလိုက်စဉ် ကိုထွန်းတောက်အား ကျွန်တော်က သိရတာ ဝမ်းသာပါတယ်။ မိတ်ဟောင်းဆွေဟောင်း တစ်ယောက်လိုပဲ ခင်ပါဗျာ။ လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပါဟု အပြန်အလှန် မိတ်ဆက်ကြရင်း ရင်းနှီးခင်မင်စွာသိကျွမ်းခဲ့ကြရပါတယ်ဗျာ။

**ဘီယာလဲသောက် စီးကရက်လဲသောက်ကြရအောင် ပြောလျက် စားပွဲပေါ်ကို ဘီယာပုလင်းများ ချပေးပြီး ဖောက်ထားတဲ့ ၅သုံးလုံးစီး ကရက်ဘူးနဲ့ မီးခြစ်ကို ချပေးပြီး တဲ သောက်ကြပါဦးဟု ပြောပါတယ်။ ဘီယာပုလင်းများအား ဖောက်ပြီး ဖန်ခွက်ထဲ ငှဲ့ပေးပါတယ်။**

တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်ပေးပြီး ကိုမောင်ကောက်က "ဘီယာလဲသောက် စီးကရက်လဲသောက်ကြရအောင် ပြောလျက် စားပွဲပေါ်ကို ဘီယာပုလင်းများ ချပေးပြီး ဖောက်ထားတဲ့ ၅ သုံးလုံးစီးကရက်ဘူးနဲ့ မီးခြစ်ကို ချပေးပြီး ကဲ သောက်ကြပါဦးဟု ပြောပါတယ်။ ဘီယာပုလင်းများအား ဖောက်ပြီး ဖန်ခွက်ထဲ ငှဲ့ပေးပါတယ်။ ဘီယာသောက်ပြီး စီး



www.burmeseclassic.com

www.burmeseclassic.com



ကရက်လည်း သောက်ကြပါဟု လည်းပြောပါတယ်။ ကျွန်တော် လည်း ဘီယာသောက်လိုက် စီးကရက် သောက်လိုက်နဲ့ အပန်းဖြေနေကြပါတယ်''

ကျွန်တော်က စီးကရက်သောက်နေရင်းက ကိုထွန်းတောက်အား ''ဒီ စီးကရက် ၅ သုံးလုံး စီးကရက် ဆိုပေမယ့် ကျွန်တော်သောက်ဖူးခဲ့တဲ့ ၅သုံးလုံးစီးကရက်နဲ့ မတူဘူးနော်။ အရသာပိုရှိပြီး ခံစားမှုက အပြည့်ပဲ''ဟုပြောလိုက်ရာ ကိုထွန်းတောက်က ''ဒီစီးကရက်က ကျွန်တော့်အိမ်မှာလည်း ရောင်းတယ်။ ကိုမောင်ကောက် အိမ်မှာလည်း ရောင်းတယ်။ သောက်ကောင်းအောင်ဆေးနည်းနည်းထည့်ထားတယ်''ပြောရာ၊ ကျွန်တော်က ''ဘာဆေးလဲ'' ဟုမေးလိုက်ရာ ကိုထွန်းတောက်က

''ကိုဇော်ကလည်းဗျာ အရာရှိကြီးတစ်ယောက်ဖြစ်နေပြီး ဒီလောက်အရသာရှိတဲ့ ဆေးကို မသိဘူးလား၊ လိုတရပြီး စည်းစိမ်ယစ်မူးစေတဲ့ ဆေးဖြူပေါ့ဗျာ'' ဟု ပြောလိုက်မှ ကျွန်တော်လည်း ''ဗျာ'' ဟု စကားတစ်လုံးသာထွက်နိုင်ပြီး အံ့ဩသွားရသော်လည်း လက်ထဲညှပ်သောက်နေသော စီးကရက်ကို ဆက်သောက်နေရင်း မျက်လုံးများမှေးလာပြီး အိပ်ပျော်သွားခဲ့ရပါတယ်။ ကျွန်တော်လည်း စီးကရက် နှစ်လိပ်ဆက်သောက်မိသွားသဖြင့် အိပ်ပျော်သွားခဲ့ရာမှ အိပ်ရာမှ နိုး၍ လက်မှနာရီကို ကြည့်လိုက်ရာ နံနက် ၆ နာရီကျော်နေပြီး ကျွန်တော်တစ်ယောက်တည်း အခန်းထဲကျန်နေသဖြင့် ကမန်းကတန်း အိပ်ရာကထပြီး ကျွန်တော်နေတဲ့ အခန်းပြန်သွားပြီး ခဏအကြာရေမိုးချိုးအနားယူလိုက်ရပါတယ်။

(၂)


ကျွန်တော်လည်း ရုံးကို နံနက် ၈ နာရီအရောက်သွားရမည်ဖြစ်သဖြင့် ဘာမှမစားတော့ဘဲ ခြိုးခြံချွေတာစွာနှင့်စုဆောင်းဝယ်ယူထားတဲ့ မော်တော်ဆိုင်ကယ်လေးစီးပြီး ရုံးကိုထွက်သွားခဲ့ပါတယ်။ ရုံးရောက်ပြီး အလုပ်များလုပ်နေရင်းက နံနက် ၉ နာရီကျော်လောက်မှာဗိုက်ကဆာလာလို့ ရုံးဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်တစ်ခွက်နဲ့ မုန့်ဟင်းခါးတစ်ပွဲမှာစားပြီး အလုပ်များဆက်လုပ်နေခဲ့ပါတယ်။ နံနက်စာကိုတော့ နေ့လယ် ၁၂ နာရီကျော်မှ ဆိုင်မှာသွားစားပြီး အလုပ်ဆက်လုပ်နေခဲ့ရာမှ ညနေ ၆ နာရီကျော်မှ အလုပ်များပြီး၍ အိမ်ပြန်သွားခဲ့ပါတယ်။

အိမ်ပြန်ရောက်ပြီး ရေမိုးချိုးလျက် ကျွန်တော်နေတဲ့အခန်းရှိ ကုလားထိုင်တွင် အနားယူလျက် သတင်းစာဖတ်နေစဉ် အချိန် ကိုမောင်ကောက်၏ ဇနီး မမူယာနွယ်က အခန်းအဝမှနေပြီး ကျွန်တော့်အား ထမင်းစားလာခေါ်သဖြင့် နာရီကြည့်လိုက်ရာ ည ၇ နာရီထိုးနေပြီဖြစ်ပါသည်။ ယခင်ရက်တွေက ကိုမောင်ကောက် ထမင်းစားလာခေါ်နေကျဖြစ်ပြီး ဒီနေ့မှာ မမူယာနွယ်က ထမင်းစားလာခေါ်သဖြင့် ''ကိုမောင်ကောက် မတွေ့ဘူး၊ ဘယ်သွားလဲ'' မေးလိုက်ရာ မမူယာနွယ်က

''အစ်ကိုက ကိုထွန်းတောက်နဲ့ နေ့လယ်က အရေးကြီးကိစ္စနဲ့ ခရီးထွက်သွားကြ

www.burmeseclassic.com






တယ်။ လေး၊ ငါးရက်လောက်ကြာမယ်။ အစ်ကိုက ကိုဇော် ကို စားသောက်နေထိုင်ရေး၊ လိုအပ်တာ အားလုံးအကုန်လုပ်ပေးလိုက်ပါလို့ မှာသွားတယ်။ ဘာမှ အားမနာပါနဲ့ ကျွန်မ အကုန်အကူအညီပေးပါမယ်'' ပြောရာ၊ ကျွန်တော်က ''အားနာပါတယ် မမူယာနွယ်ရယ်၊ ကျွန်တော် ထမင်းစားပြီးရင် ဘာမှ မလိုတော့ပါဘူး'' ဟု ပြောလျက် ထမင်းစားခန်းထဲ လိုက်သွားပြီး ထမင်းစားရာ ထမင်းပွဲတွင် ကျွန်တော်နဲ့ မမူယာနွယ် နှစ်ယောက်တည်း ဖြစ်နေပါတယ်။ မမူယာနွယ်က ''ကိုဇော် ဘာမှ အားမနာနဲ့နော်၊ အစ်ကိုက မှာသွားတယ်။ ည ၉ နာရီကျရင်လည်း အခန်းထဲကို ဘီယာနဲ့ စီးကရက်ဘူးချပေးထားလို့ မှာသွားတယ်'' ဟု ပြောရာ ကျွန်တော်က ''ကျွန်တော်တစ်ယောက်ထဲလည်းမသောက်တတ်ပါဘူး၊ ညကျရင် ဘာမှမလုပ်ပါနဲ့''လို့ ပြောလိုက်ရာ မမူယာနွယ်က ''ကိုဇော်ရယ် အားမနာပါနဲ့၊ အစ်ကိုက သေသေချာချာ မှာသွားတာ၊ ကျွန်မ မလုပ်ပေးရင် အစ်ကို ပြန်လာရင် ကျွန်မကို ဆူနေဦးမယ်'' ပြောသဖြင့် ကျွန်တော်က ''ကိုမောင်ကောက် ပြန်လာရင် ကျွန်တော့် ပြောပါ့မယ်၊ မဆူစေရပါဘူး''ဟု ပြန်ပြောခဲ့ပါတယ်။

(၃)

ကျွန်တော်လည်း ည ၉ နာရီလောက်ကျတော့ နေ့လယ်ကလည်း မနားရတဲ့အတွက် စောစောပဲ အိပ်တော့မယ်စိတ်ကူးနှင့် အိပ်ရာထဲဝင်ခဲ့ပါတယ်။ ဒါပေမဲ့ အိပ်မရ၊ အချိန်ကျလာတော့ ဘီယာသောက်ချင်သလိုလို၊ စီးကရက်သောက်ချင်သလိုလို စိတ်တွေက ပြင်းပြလာတယ်။ ကြိတ်မှိတ်ပြီး အိပ်ကြည့်တော့လည်းမရ၊ ထထိုင်လိုက်၊ အိပ်လိုက်ဖြစ်နေတယ်။ ကျွန်တော် ဝယ်ထားတဲ့ စီးကရက်သောက်ကြည့်လိုက်တော့လည်း အာသာမပြေ မရဖြစ်နေတယ်။

ဒီနေရာမှာတော့ ကိုဇော်ပြောပြနေတဲ့ကြားက ကျွန်တော် အင်းစိန် မှုခင်းတပ်ဖွဲ့မှာ ''မူးယစ်ဆေးဝါး စုံစမ်းမှု သင်

www.burmeseclassic.com



တန်း''တက်ရောက်စဉ်အချိန်က ဆရာများ သင်ကြားပြောပြခဲ့သော ''မူးယစ်ဆေးဝါးကို ဘယ်လိုနေတယ်ဆိုပြီး တစ်ခါတလေတောင် မစမ်းကြည့်နဲ့ စွဲသွားတတ်တယ်'' ဆိုတာကို သတိရလိုက်မိပါတယ်။ ကိုဇော်လည်း တစ်ခါနှစ်ခါသုံးရာက နေစွဲလမ်းသွားတဲ့အခြေအနေ ဖြစ်နေတယ်လို့ သိလိုက်ရပါတယ်။

ကိုဇော် ဆက်ပြောနေတာကတော့ ''ကျွန်တော်လည်း အိပ်မရ ဖြစ်နေတဲ့ အချိန်မှာပဲ အခန်းဝက ''ကိုဇော်''ဟု မမူယာနွယ်ခေါ်သံကို ကြားလိုက်ရပြီး ''အခန်းထဲမှာ ဘီယာနဲ့ စီးကရက် အဆင်သင့်ချထားပြီးပါပြီ''ဟု ပြောရာ ကျွန်တော်က ဟန်ဆောင်ပြီး ''ဒီညတော့ ကျွန်တော် တစ်ယောက်တည်း မသောက်တော့ပါဘူး''ဟု ပြောလိုက်ရာ မမူယာနွယ်က အခန်းထဲ ဝင်လာပြီး ''လာပါကိုဇော်ရယ်၊ အဖော်မရှိရင် မူယာလည်း အတူသောက်ပေးပါ့မယ်'' ပြောလျက် ကျွန်တော့်လက်ကို အတင်းလာဆွဲသဖြင့် ကျွန်တော်လည်း မလွှဲမရှောင်သာတော့ဘဲ မမူယာနွယ် လက်ဆွဲခေါ်ရာ အခန်းထဲကို လိုက်သွားမိပါတယ်''

အခန်းထဲ ရောက်သွားသည်နှင့် မမူယာနွယ်က စားပွဲပေါ်အသင့်ရှိနေတဲ့ ဘီယာဘူးများအား ဖောက်လျက် ဖန်ခွက်ထဲထည့်ပေးပြီး သောက်ခိုင်းသဖြင့် ကျွန်တော်လည်း အားမနာနိုင်တော့ဘဲ သောက်နေစဉ် မမူယာနွယ်က ဘီယာဘူး ဖောက်သောက်နေသည်ကို တွေ့ရပါတယ်။ ဘီယာသောက်နေရင်းမှ ငါးသုံးလုံးဘူးထဲမှ စီးကရက်တစ်လိပ်ကိုပါ ထုတ်ယူလိုက်ပြီး မီးညှိပြီး ဖွာနေရင်းက ကျွန်တော့်ကိုလည်း စီးကရက် သောက်ရန်ပေးသဖြင့် ကျွန်တော်လည်း အောင့်မထားနိုင်တော့ဘဲ မမူယာနွယ်လက်ထဲက စီးကရက်ကို ယူပြီး သောက်လိုက်ရာ မကြာခင်မှာပင် မျက်လုံးများမှေးလာပြီး အိပ်ချင်စိတ်များဖြစ်လာစဉ် မမူယာနွယ်က ကျွန်တော့်ရင်ခွင်ထဲရောက်လာရာမှ ကျွန်တော်လည်း အိပ်ပျော်သွားခဲ့ပါသည်။ ည ၁၂နာရီခန့်အချိန် တစ်ရေးနိုး၍ ကြည့်လိုက်ရာတွင်လည်း မမူယာနွယ်မှာ ကျွန်တော့်ရင်ခွင်ထဲ၌ပင် ကျွန်တော်ကောင်းစွာ သိလိုက်ရတာကတော့ ကျွန်တော်လည်း မူးယစ်သားကောင်အမိုက်ကောင်တစ်ယောက် ဖြစ်သွားခဲ့ရခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်က ကိုဇော်ပြောပြနေသည်ကို နားထောင်ရင်းကပင် ''စိတ်ဝင်စားဖို့တောင် ကောင်းလာပါလား ကိုဇော်ရဲ့ ဆက်ပြောပါဦး'' လို့ ပြောလိုက်ရာ ကိုဇော်က ဆက်ပြောပြလိုက်တာကတော့ ကိုမောင်ကောက်ဟာ လေးရက်ငါးရက်ပြန်လာမယ် ပြောပေမယ့် တစ်လလောက်အထိ ပြန်မရောက်လာတော့ကျွန်တော်လည်း မူးယစ်ဆေးဝါး သားကောင်နဲ့ လူမှုရေးဖောက်ပြန်တဲ့ သားကောင် အကြိမ်ကြိမ်ဆက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံး မူးယစ်ဆေးဝါးသားကောင် ဘယ်လောက်အထိဖြစ်ခဲ့ပြီးဘယ်လောက်အထိ စိတ်ကူးယဉ်ခဲ့သလဲဆိုရင်၊ ခုတင်တစ်လုံးပေါ်မှာ မမူယာနွယ်နဲ့ နှစ်ယောက်အတူ အိပ်နေပြီး ခေါင်းအုံးထဲကို ၅ သုံးလုံးစီးကရက်ကဆေးတွေနဲ့ ဘိန်းဖြူဆေး



www.burmeseclassic.com

www.burmeseclassic.com



ုန့်တွေ အပြည့်ရောထည့်ထား
ပြီး၊ အိပ်တဲ့ခုတင်ဘေးမှာလည်း
အခေါင်းတစ်လုံးထား ခေါင်းအုံး
ထဲကို ပိုက်တစ်ချောင်းတပ်ထား
ပျက် မီးရှို့ရှုနေရာမှ ခေါင်းအုံး
ထဲက ဆေးတွေလည်းကုန် လူ
ပည်းသေပြီး အခေါင်းထဲက အ
ကျဖြစ်အောင်တောင် စိတ်ကူး
ယဉ်ခဲ့ပါတယ်''

''ကျွန်တော်လည်း
ိတ်ကူးယဉ်ချင်တိုင်းယဉ်၊မူးယစ်
ဆေးဝါးသားကောင်ဖြစ်ချင်တိုင်း
ဖြစ်၊လူမှုရေးဖောက်ပြန်ချင်တိုင်း
ဖောက်ပြန်နေရာက၊ မကြာခင်
ရက်ပိုင်းမှာပဲ၊ကိုမောင်ကောက်
နဲ့ကိုထွန်းတောက်တို့ နှစ်ယောက်
နယ်စပ် တစ်နေရာမှာ မူးယစ်
ဆေးဝါးတွေနဲ့ အဖမ်းခံလိုက်ရ
တယ်လို့ သတင်းအတိအကျကြား
လိုက်ရတဲ့အချိန်မှာ ကျွန်တော်
အသိတရား တစ်ခုရလာတယ်။

''ငါဟာ ဝန်ထမ်း တစ်
ယောက် ဒီအိမ်မှာ ဆက်နေလို့
မသင့်တော်တော့ဘူးဆိုပြီး မမူ
ယာကိုယ်တောင် ဘာမှမပြော
အသိမပေးဘဲ အဆက်အသွယ်

ကျွန်တော်လည်း
စိတ်ကူးယဉ်ချင်တိုင်းယဉ်၊မူးယစ်
ဆေးဝါးသားကောင်ဖြစ်ချင်တိုင်း
ဖြစ်၊လူမှုရေးဖောက်ပြန်ချင်တိုင်း
ဖောက်ပြန်နေရာက၊ မကြာခင်
ရက်ပိုင်းမှာပဲ၊ကိုမောင်ကောက်
နဲ့ကိုထွန်းတောက်တို့နှစ်ယောက်
နယ်စပ်တစ်နေရာမှာ . . .

အားလုံးဖြတ်ပြီး သူတို့အိမ်ပေါ်
ကပါ တစ်နေရာကိုပြောင်းနေခဲ့
ပြီး မူးယစ်ဆေးဝါးကိုပါ နည်း
မျိုးစုံနဲ့ မရရအောင် ဖြတ်ခဲ့ပါ
တယ်ဗျာ''လို့ပြောနေသော်လည်း
ကိုဇော်ဟာ ပြောနေရင်းက တ
ဝါးဝါးနဲ့ သမ်းလိုက်၊ ဂနာမငြိမ်
ဖြစ်လိုက်၊ မျက်ရည်တွေကျလိုက်
ဖြစ်နေတာကိုကြည့်ခြင်းအားဖြင့်
မူးယစ်ဆေးဝါး ဖြတ်တာမကြာ
သေးဘူး။ သုံးနေကျအချိန် မသုံး
ရလို့ဖြစ်တဲ့ လက္ခဏာတွေ ပြနေ
တယ်ဆိုတာကို အတွေ့အကြုံ
များအရ သိလိုက်ရပါတယ်။

(၄)

ဩော် ကြောက်စရာ
ကောင်းလိုက်တဲ့။ လူကိုအညွန့်
တုံးစေနိုင်တဲ့၊ သေစေနိုင်တဲ့ မူး
ယစ်ဆေးဝါးရယ်၊မြေကြီးပေါ်မှာ
ပေါက်နေကြတဲ့ ဘိန်းပင်၊ ကို
ကားပင်၊ ဆေးခြောက်ပင်တွေ
က တစ်ဆင့်ဖြစ်ပေါ်လာတဲ့ မူး
ယစ်ဆေးဝါးတွေက မြေကြီးပေါ်
မှာ အတူနေထိုင်တဲ့ လူသား
တွေကို အမျိုးမျိုး ဒုက္ခပေးပြီး
နှိပ်စက်နေတာပဲလို့တောင်
ကလေးတွေးတွေးမိလိုက်ပါတယ်။
တကယ်တော့လည်း အပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



က လုပ်တာမဟုတ်ပါဘူး။ အဲဒီအပင်တွေကို လူတွေက အမျိုးမျိုးပြုပြင် ပြောင်းလဲပြီး မူးယစ်ဆေးဝါး အမျိုးမျိုး ဖြစ်အောင် ပြုလုပ်ကြပြီး လူသား အချင်းချင်း သတ်နေကြ၊ ဒုက္ခရောက်အောင်လုပ်နေကြတာပါ။

နိုင်ငံတော်ကလည်း လူတွေ ဒုက္ခမရောက်အောင် ဒီအပင်တွေကို မစိုက်ရတဲ့အပြင်၊ ကျန်းမာရေးဝန်ကြီးဌာနက "မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအမှတ်–၁/၉၃ အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး မူးယစ်ဆေးဝါး ၁၂၅ မျိုးကို သတ်မှတ်ပေးခဲ့ပါတယ်။ နောက်ထပ် အမိန့်ကြော်ငြာစာနဲ့လည်း ဘိန်းစာပင်၊ မှိုပင်တစ်မျိုးနဲ့ရှားစောင်းပင်တစ်မျိုးကိုပါ မူးယစ်ဆေးဝါးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့်အပြင် အင်မ်ဖက်ထမင်း (Amphetamine)အပါအဝင် ဆေးဝါး ၂၈မျိုးကိုပါ မူးယစ်ဆေးဝါးများအဖြစ် ကြေညာခဲ့ပါသေးသည်။

နိုင်ငံတော် အစိုးရ အနေဖြင့်လည်း လူများကို လူညွန့်တုံး၍ သေစေနိုင်သည်အထိ အမျိုးမျိုး ဒုက္ခပေးနေသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ အန္တရာယ်မှ တားဆီးကာကွယ်နိုင်ရန် ဗဟိုအဖွဲ့၊ ပြည်နယ်၊ တိုင်းအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအဖွဲ့များကိုပါ ဖွဲ့စည်းလျက် လုပ်ငန်းတာဝန်အသီးသီးကိုပါ ချမှတ်ပေးခဲ့ပါသည်။ မူးယစ်ဆေးစွဲသူများကိုလည်း မှတ်ပုံတင်ခြင်း၊ ဆေးကုသပေးခြင်းတို့ကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအား အမိန့်၊ ညွှန်ကြားချက်နှင့်ဥပဒေများအတိုင်း ထုတ်ပြန်ထားသည်ကို မလိုက်နာလျှင်လည်း အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ၁၅ နှစ်အထိနှင့် အကန့်အသတ်မရှိ ထောင်ဒဏ်အပြင် သေဒဏ်အထိပါ သတ်မှတ်ထားပါသည်။

ဒီလောက်အထိ အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေများ ထုတ်ထားပြီး လိုက်နာခြင်းမရှိသူများကို ကျူးလွန်တဲ့ပြစ်မှု အမျိုးအစားအလိုက် ထောင်ဒဏ်မှ သေဒဏ်အထိပါ သတ်မှတ်ထားသည့် လူများကို သေသည်အထိ အမျိုးမျိုး ဒုက္ခပေးနေသော မူးယစ်ဆေးဝါးများကို ဘာကြောင့် အသုံးပြုခဲ့ရသလဲ ကိုဇော်ရယ်လို့သာ စိတ်ထဲမှာ ရင်နင့်ရင်နာစွာနှင့်ပင် ကိုဇော်ကိုအပြစ်တင်လိုက်မိပါသည်။

(၅)

ကိုဇော်ရဲ့ သေသည်အထိ စိတ်ကူးယဉ်ခဲ့မှုများ နောင်တစကားများကို ကြားရပြီး နောက် ကျွန်တော်လည်း ကိုဇော်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်မိနေရာက "ကဲ ကိုဇော်ရဲ့ ရင်နင့်ဖွယ်ရာ အကြောင်းများကို သိလိုက်ရတော့ စိတ်မကောင်းခြင်းများစွာနဲ့ ရင်နာရပါတယ်။ ကိုဇော်ရယ်လို့ ပြောလိုက်မိပြီး နောက်ဆုံး ကိုမောင်ကောက်၊ မမှူယာနွယ်တို့ မိသားစုတွေရော ဘာတွေဖြစ်ကုန်လဲဆိုတာ ပြောပြပါဦး"ဟု ကိုဇော်ကိုဆက်မေးလိုက်ရာ ကိုဇော်က–

"ကျွန်တော်လည်း ကိုမောင်ကောက် အိမ်မဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးကတည်းက သူ့အိမ်ကိုတစ်ခါမှ ပြန်မသွားခဲ့ပါဘူး။ နောက်ဆုံးအသိ တစ်ယောက်ဆီက ကြားခဲ့ရတဲ့ သတင်းကတော့ ကိုမောင်ကောက်နဲ့ ကိုထွန်းတောက်တို့နှစ်ယောက်ဟာ နယ်စပ်တစ်နေရာမှာ မူးယစ်ဆေးဝါးတွေကို ရောင်းဖို့အတွက်လက်ထဲမှာဖမ်းမိခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်းတို့အတွက် စစ်ဆေးပေါ်ပေါက်ချက်တွေအရ ထောင်ဒဏ် (၁၅) နှစ် ကျသွားတယ်လို့ ကြားရပါတယ်။ မမူယာနွယ်ကလည်း သူ့အိမ်လာနေကျ မူးယစ်ဆေးဝါးအရောင်းအဝယ်သမား တစ်ယောက်နဲ့လိုက်ပြေးတယ်။ သားဖြစ်သူ မောင်ကောင်းထက်ကလည်း မူးယစ်ဆေးဝါးနဲ့ အနေနီးနေတော့ မူးယစ်ဆေးဝါးစွဲသွားပြီး သုံးစွဲရန်အတွက် မူးယစ်ဆေးဝါးကို လက်ဝယ်ထားရှိသည်ကိုဖမ်းမိသွားသဖြင့် ထောင်ဒဏ် ၅ နှစ်အချခံရပြီး ထောင်ထဲမှာ ရောက်နေပါတယ်။ သမီးဖြစ်သူ ပပနွယ်ကတော့ သူတို့အိမ်မှာ ကျောင်းပို့/ ကျောင်းကြို လုပ်နေတဲ့ကောင်လေးနဲ့ လိုက်ပြေးတယ်။ ဒီကောင်လေးကလည်း မူးယစ်ဆေးစွဲနေတယ်လို့ သိရတယ်။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်မိပါတယ်ဗျာ''လို့ ပြောပြ သိလိုက်ရတော့ ကြားရတဲ့ ကျွန်တော်ပင် ကိုဇော်နှင့်အတူ ကိုမောင်ကောက်တို့ မိသားစုအတွက် ရင်နင့်အောင် ခံစားလိုက်ရပါသည်။

တကယ်တော့လည်း ကိုဇော်နဲ့ ကိုမောင်ကောက်တို့ရဲ့ မိသားစု အားလုံး ဇာတ်လမ်းဟာ ကြားရသူတိုင်းအတွက် ရင်နာစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေမှာအမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ဘယ်သူမပြု မိမိမှုပင်ဖြစ်ပါသည်။ ကိုဇော်ပြောပြခဲ့သော ဤဖြစ်ရပ်မှန်မှုခင်းအား အမည်များပြောင်းလဲ ဖန်တီး တင်ပြလိုက်ရသော်လည်း ဇာတ်လမ်းမှ ဇာတ်ကောင်အချို့မှာ မူးယစ်ဆေးဝါး၏ ဒုက္ခပေးမှုကြောင့်၊ လူ့ဘဝမှ ပျောက်ကွယ်သွားကြပြီဖြစ်ကြောင်းကိုလည်း သိရပါသည်။

သို့ဖြစ်၍ ''မူးယစ်ဆေးဝါး သားကောင်ဖြစ်ခဲ့ရသူများအကြောင်း''ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲ သုံးစားမှုနှင့်တရားမဝင် ရောင်းဝယ်မှုများ တိုက်ဖျက်ရေးနေ့ဖြစ်သည့် ယခုနှစ် ဇွန်လ ၂၆ ရက်နေ့မှ နေ့စဉ်ရက်ဆက် နောက်နှစ် နောက်နှစ် ဇွန်လ ၂၆ ရက်နေ့များတိုင်အောင် မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုများအား လူသားတိုင်းက ခွန်အား စွမ်းအားရှိသမျှ တိုက်ဖျက်နိုင်ကြရန်နှင့် သင်ခန်းစာများယူနိုင်ကြရန်မှုခင်းရှုထောင့်မှ မှုခင်းဖြစ်ရပ်မှန်အား ပုံဖော်ဖန်တီး တင်ပြလိုက်ရပါသည်။

မူးယစ်ကင်းစင်သော ကမ္ဘာကြီး ဖြစ်စေရန် ရည်ရွယ်လျက်–

မောင်မောင်မြင့်

(ဥဿာမြို့သစ်)



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မချစ်တဲ့သူ

တွင်းကြီးသားတင်ဝင်းဦး



www.burmeseclassic.com

www.burmeseclassic.com



**"ကျွန်မချစ်တဲ့သူ"**

**တွင်းကြီးသားတင်ဝင်းဦး**

"သမီး .... ချစ်သူရှိနေပြီလား"

"ချစ်ကော ချစ်တတ်ရဲ့လား"

ဒီစကားတွေက အမေ့နှုတ်ဖျားကနေ ထွက်လာတဲ့စကား။ ကျွန်မကို ပြောခဲ့တဲ့စကား။ ကျွန်မကို ချစ်သူရှိနေပြီလား။ ချစ်တတ်ပြီတဲ့လား ---။

× × ×

အဖေ့ အသုဘချပြီး၊ သုသာန်ကအပြန်မှာတော့ ကျွန်မတို့အိမ်လေးထဲမှာ ခြောက်ကပ်ကပ်ကြီးဖြစ်နေတယ်။ အမေ့ခမျာ အဖေသေခင်နဲ့ သေပြီးတဲ့အချိန် အသုဘချပြီးတဲ့ အခုအချိန်အထိ ငိုခဲ့တာဆောင် မျက်ရည်က မကုန်နိုင်ဘူး။

"ကိုအေးကျော်ရယ် ... ဖြစ်ရလေတော် ...."

ပြောရင်းငိုရင်းနဲ့မို့ အမေ့ကိုကြည့်ရင်း ကျွန်မရော၊ အစ်ကိုကြီးရော မောင်လေးဖြစ်သူပါ မျက်ရည်တွေနဲ့လေ။ သြော် ... ဘဝဆိုတာ အိမ်မက်ဆိုရင် သေခြင်းတရားဆိုတာ အိမ်မက်ထဲက သွေးပျက်စရာတွေပဲ ဖြစ်တော့မပေါ့လေ။ အဲဒီအိပ်မက်သေးသေးလေးလောက်သာနေကြရတဲ့ ဘဝဆိုတဲ့ တံလျှပ်ပမာဏလေးထဲမှာ အချစ်ဆိုတဲ့အရာက အရာရာကို ပြောင်းလဲပေးနေခဲ့တယ်လို့ ကျွန်မထင်တယ် ----။

ကြည့်လေ။ ကျွန်မချစ်တဲ့အဖေ၊ အမေချစ်တဲ့အဖေ၊ အစ်ကိုကြီးနဲ့ မောင်လေးချစ်တဲ့ အဖေ သေသွားပြီ။ အပြန်လမ်းကို သွားခဲ့ပြီ။ အဖေဆိုတာ အမေ့အပေါ်ရော ကျွန်မနဲ့ သူ့သားနှစ်ယောက် အပေါ်မှာရော သိပ်ကိုချစ်ခဲ့တာ။ အဲ- ချစ်ခဲ့ပေမယ့် မလွဲမရှောင်သာတော့တဲ့အချိန်၊ သေချိန်ရောက်ခဲ့တဲ့အချိန်မှာတော့ လမ်းခွဲသွားကြရတာပဲလေ။

"တိတ်ပါတော့ အမေရယ် ... နော်"

အစ်ကိုကြီးချစ်မောင်က ပြောရင်း အစ်မေ့ကို ချော့တယ်။ ချော့နေတဲ့ အစ်ကိုကြီးရဲ့မျက်လုံးတွေမှာလည်း မျက်ရည်တွေနဲ့။ မောင်လေး ချစ်အေးမှာတော့ အိမ်ထောင့်မှာထိုင်ရင်း လက်နဲ့မျက်နှာအုပ်ပြီး ငိုနေရှာတာ။ ကျွန်မမှာတော့ ဖြေဆည်ရာမရဖြစ်နေရင်းနဲ့ အမေ့လက်တွေကို ဆုပ်ကိုင်ရင်းနဲ့ အသံတိတ်ငိုနေမိတယ်လေ ----။

ဒီနှစ် ကျွန်မခြောက်တန်းတက်တဲ့နှစ်၊ မောင်လေးချစ်အေး ငါးတန်းတက်တဲ့နှစ်။ အစ်ကို ချစ်မောင်ကတော့ စီးပွားရေးအခြေအနေအရ မတက်နိုင်လို့ကျောင်းထွက်ခဲ့ရရှာတာ။ လေးတန်းအောင်အပြီး ငါးတန်းတက်မယ်အလုပ် ကျောင်းထွက်၊ အရွယ်နဲ့မလိုက်အောင် အလုပ်တွေလုပ်ခဲ့ရတဲ့ ဘဝမျိုး။

အခု ကျွန်မအသက်ဆယ့်တစ်နှစ်၊ မောင်လေးအသက်က ဆယ်နှစ်။ အစ်ကိုချစ်မောင်အသက်က တစ်ဆယ်နှစ်နှစ်အရွယ်။ ဒီအချိန် ဦးစီးဦးရွက်ပြုပြီး မိသားစုစားဝတ်နေရေးကို ရှာကျွေးခဲ့တဲ့ အဖေ---။

ကျွန်မတို့ မောင်နှမတွေ ချစ်တဲ့ အဖေ---

အမေချစ်တဲ့ မိသားစု--။

ဝေးခဲ့ကြရပြီ။ အချစ်ဆိုတဲ့အရာက တကယ်ဝေးကြရတော့မှ တကယ်လွမ်းကြရတာပါလားလို့ နားလည်မိလိုက်တဲ့ ကျွန်မ---။

× × ×

နှလုံးသားနဲ့ရှင်သန်ရတဲ့ လူတိုင်း အချစ်ဆိုတာရှိကြတယ်။ အချစ်ရှိတော့ ပေါင်းဆုံခွင့်ရဖို့ကြိုးစားတတ်ကြတာချည်းပါပဲ။ အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ရဲ့ဘဝက ဘဝတူဆင်းရဲသားအချင်းချင်းဖြစ်ပေမယ့် အချစ်ဆိုတဲ့အရာကိုတော့ ခင်မင်မှုနဲ့ရပ်တန့်မသွားနိုင်ကြဘူး။ ခင်မင်မှုထက်ကျော်လွန်တဲ့ အချစ်မျိုးနဲ့ချစ်ခဲ့ကြတယ်လေ။

"ဟုတ်တယ်အေးရင် .... ငါ နင့်ကိုချစ်တယ်"

ဆင်းရဲပေမယ့် အရိုးရှင်းဆုံးပြောခဲ့တဲ့စကား။

"ကိုကျော်အေးကလဲ ... ဘာမှန်းလဲမသိဘူး။ အေးရင်ရှက်တယ်"

အဲဒါ- အဖေ့ကို အမေက ပြန်ချစ်တဲ့ အဖြေပေးခဲ့တဲ့စကား။

ချစ်ပါတယ်လို့မပြောပေမယ့် အမေ့မျက်လုံးတွေက အဖေ့အချစ်ကို လက်ခံသလို ကြည်နေတာကိုး။ ချစ်သူတွေဘဝ ရောက်ပြီးတဲ့နောက် နှစ်ဖက်မိဘတွေ ခွင့်ပြုချက်နဲ့ ကန်တော့တစ်ပွဲပြင်၊ လူကြီးသူမ လေးငါးဦးနဲ့ မင်္ဂလာပွဲပြီးလိုက်ကြတာ။

နှလုံးသားရှိတဲ့ အဖေနဲ့ အမေရဲ့ဘဝက အချစ်နဲ့တည်ဆောက်လိုက်ကြရင်းနဲ့ ပေါင်းဆုံခွင့်ရခဲ့ကြပြီးတဲ့နောက်၊ အမေက အဖေ့မိဘတွေဆီ အပြီးလိုက်ခဲ့ပြီး ဘဝကို ထူထောင်ခဲ့ကြတာတဲ့။

အိမ်ထောင်ကျအပြီးအဖေက ထွန်ငှား၊ ထယ်ထိုးအလုပ်

# "ဟုတ်တယ် ကိုကျော်အေး ... ကျုပ် ... ဟိုဒင်းရှိနေပြီတော့"

လုပ်တာရှိသလို၊ တောလည်ထွက်တာ၊ ထင်းခုတ်ထွက်တာလည်းရှိခဲ့... အမေကတော့ ပျိုးနုတ်ကောက်စိုက်... ပဲသိမ်းငရုတ်ဆွတ် အလုပ်အပြင်... ဟင်းရွက်ရောင်းတဲ့အလုပ်နဲ့ ဘဝ... ဝမ်းမီးကို ဖြေရှင်းရင်းနဲ့ ကိုယ်ဝန်... ရှိခဲ့တာအမေ---။

"ဟုတ်တယ် ကိုကျော်... အေး ... ကျုပ် ... ဟိုဒင်းရှိနေပြီ... တော့"

ဗိုက်ကို ပွတ်ရင်း ပြော... တော့ အဖေ့ခမျာ သိပ်ကိုဝမ်းသာ... သွားတယ်။

"တကယ်နော်၊ အေးရင်"

"အင်း"

အဲဒီနောက်မှာတော့ အ... မေ့ကို ချစ်တဲ့စိတ်ကြောင့်ရော၊ မမြင်... ရတဲ့ ရင်သွေးအတွေးကြောင့်ရော... အဖေက အမေ့ကိုတော့ အလုပ်မ... ခိုင်းတော့ဘူး။ နောက်တော့ အမေ... မွေးလာတော့ သားယောကျ်ား... လေး။

"သားဦးမို့ ချစ်လွန်းလို့... ချစ်မောင်လို့ အမည်ပေးမယ် အေး... ရင်"

"အင်း ... ကောင်းသား..."

အဲဒါနဲ့ အစ်ကိုချစ်မောင်... မွေးအပြီး၊ နောက်တစ်နှစ်အကြာ...

www.burmeseclassic.com



ကျွန်မကို ဆက်ပြီးမွေးခဲ့တဲ့ အမေ။

"ဟား-ရုပ်ကလဲချော၊ အသားအရေကလဲကောင်း။ ကုသိုလ်ကံထူးတဲ့ မိန်းကလေးပဲဟေ့၊ ဒါကြောင့် ဖွေးနုလို့ အမည်ပေးကြတာပေါ့"

အစ်ကိုချစ်မောင် တစ်နှစ်ကျော်ကျော်မှာ ကျွန်မကိုမွေးတော့ ပေးတဲ့အမည်က ဖွေးနုတဲ့။ နောက်တစ်နှစ်ကြီးတစ်နှစ်ငယ် သဘောနဲ့ နောက်ထပ် မောင်အငယ်လေး ချစ်အေးကို မွေးပြီးနောက် လုံးဝ ကလေးမယူခဲ့ကြ တော့ဘူး။

"ဟုတ်တယ်အေးရင် ... ကလေးသုံးယောက်ဆို တော်ရောပေါ့။ နောက်ထပ် သားသမီး မယူတော့နဲ့၊ သားသမီးနည်းရင်လဲ မကောင်း၊ များပြန်ရင်လဲ အဆင်မသတ်ဘူးတဲ့"

စီမံကိန်းချခဲ့တဲ့ အဖေအကြံ။ ဒီအကြံကြောင့် နောက်ထပ် သားသမီးမယူတော့ဘဲ ကျွန်မတို့ ဘဝကိုသာ ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့တဲ့ အဖေနဲ့အမေ။ အရင်ကထက် အလုပ်ပိုလုပ်ခဲ့တဲ့ အဖေ။ အရင်ကထက် ကျွေးမွေးပေးခဲ့တဲ့ အမေ။

အစ်ကို ကျောင်းလိုက်ရွယ်ရောက်တော့ ကျွန်မနဲ့မောင်လေး ကျောင်းမလိုက်ရသေးဘူး။ ကျောင်းသွားတိုင်း နှုတ်ဆက်တဲ့ အစ်ကို။ ကျောင်းပြန်လာရင် စာကျက်တတ်တဲ့အစ်ကို။ နောက်နှစ် အစ်ကို နှစ်တန်းအရောက် ကျွန်မ တစ်ကန်းတက်၊ မောင်လေးချစ်အေး ကျောင်းမလိုက်သေးဘူး။ နောက် အစ်ကို သုံးတန်း၊ ကျွန်မ နှစ်တန်း၊ မောင်လေးက တစ်တန်း အတက် ---။

မောင်နှမသုံးယောက်၊ ကျောင်းသွားအတူတူ၊ ကျောင်းပြန်အတူတူ---။

ကျွန်မတို့ကို ကြည့်ပြီး ကျေနပ်နေတဲ့ အဖေ။ ဝမ်းသာနေတဲ့ အမေ။ ဆုံးမစကားတွေ ပြောခဲ့တဲ့အဖေ။ ကြိုးစားဖို့ပြောခဲ့တဲ့ အမေ။ အဲဒါ--- အချစ်စိတ်ကြောင့်၊ သံယောဇဉ်ကြောင့်၊ မေတ္တာတရားကြောင့် ---။

နောက်တော့ အစ်ကိုချစ်မောင် လေးတန်းဖြေအပြီး ငါးတန်းတက်မယ်အလုပ် ကျောင်းက အပြီးထွက်လိုက်ရတယ်လေ---။

"စိတ်မကောင်းဘူး သားရယ် ... နော်။ မင်း ... ကျောင်းထွက်တော့၊ အဖေနဲ့အတူ တောထဲလိုက်လုပ်ကွာ ... နော်"

အဖေ့စကား နားထောင်ရင်း အစ်ကိုချစ်မောင် မျက်ရည်ကျနေတယ်။ အမေ အားလုံးရှင်းပြပါတယ်။ ဒီနှစ်ထဲရောက်မှ အဖေ့ခများ အလုပ်ကပင်ပန်းလွန်းတော့ ကျန်းမာရေးချူချာလာတယ်။ အရင်ကလို သွက်သွက်လက်လက် မရှိတော့ဘူး။ ပိန်လည်း ပိန်သွားတာ ကျွန်မ သိတယ်။ ပြီးတော့ ထွန်ငှား၊ ထယ်ထိုးအလုပ်ထက် တောထဲသွား သားကောင်ရှာတာ၊ ထင်းခုတ်တာလောက်ပဲလုပ်တော့တဲ့ အဖေ။ အမေ့ခများမှာလည်း အဖေခုတ်ပေးတဲ့ ထင်း၊ အဖေရှာလာတဲ့သားကောင်တွေ ရောင်းရ၊ ဟင်းရွက်ဈေးရောင်းရသာလုပ်နေရတာ။ ဒီအလုပ်ရဲ့ ဝင်ငွေနဲ့ သားသမီးသုံးဦး ကျောင်းထားပေးလို့ မဖြစ်တော့တဲ့အခြေအနေ။ ဒီအကြောင်းတွေ ရှင်းပြရင်း အစ်ကိုချစ်မောင် နားလည်သွားတယ်။ မငိုတော့ဘဲ ကျောင်းထွက်ပါ့မယ်လို့ ပြောရှာတယ်။

"ကျွန်တော် ... ကျောင်းထွက်ပါ့မယ် အဖေရယ် ... နော်"

ဒီတုန်းက ကျွန်မရင်ထဲ အတော်ခံစားခဲ့ရတယ်။ ဘဝရဲ့ ကံ



www.burmeseclassic.com

www.burmeseclassic.com



တရား အကြောင်းချင်းရာကိုလည်း မကျေနပ်ချင်ဘူး။ မြေနိမ့်ရာလှံ စိုက်ချင်တဲ့ အကုသိုလ်တရားရဲ့ တိုက်ကွက်ကို ရင်ဆိုင်ချင်ပေမယ့် ကုသိုလ်တရား အားနည်းခဲ့လေတော့ ဘယ်လိုမှ ရင်မဆိုင်ရဲတော့တဲ့ ဘဝ မျိုးဆိုတော့ ဒူးထောက် အရှုံးပေး ရုံက လွဲလို့ ဘာတတ်နိုင်မှာလဲ။

ကျောင်းတွေဖွင့်တော့ ကျွန်မနဲ့ မောင်လေးကျောင်းသွား တော့ အစ်ကိုခမျာ ငေးကြည့်ရင်းနဲ့ လေ။

"ညီမလေး ကောင်း ကောင်းသွားနော်၊ ညီလေးကို ဂရု စိုက်၊ စာလဲကြိုးစား"

"ဟုတ်ကဲ့ပါအစ်ကို"

ပြောရင်း နှုတ်ဆက်ရင်း ကျွန်မတို့ ကျောင်းလာခဲ့ပေမယ့် အစ်ကိုကတော့ အဖေနဲ့တောထဲ လိုက်ရတယ်၊ အမေနဲ့ တောထဲ ထွက်ရတယ်။ အဖေနဲ့လိုက်ရရင် ထင်းခွေသယ်ရ၊ သားကောင်တွေ ကောက်ရတဲ့ အစ်ကို။ အမေနဲ့လိုက် ရရင်လည်း ဟင်းရွက်ခူးရတဲ့ အစ် ကို။ အမေနဲ့ရွာထဲလိုက်ပြီး သား ကောင်တွေရောင်း၊ ထင်းတွေဟင်း ရွက်တွေ ရောင်းရတဲ့အစ်ကို။ အစ် ကို့ကိုကြည့်ပြီး မချင့်မရဲနဲ့ ဖြစ်ခဲ့ရတဲ့ ကျွန်မ။ ပြီးတော့ အဖေနဲ့အမေကို ကြည့်ပြီး မိဘဝတ္တရားနဲ့ တာဝန် တွေကျေလွန်းလှပါလားဆိုပြီး သနား မိတဲ့ကျွန်မ၊ နားလည်မိတဲ့ ကျွန်မ - --။

အဲသလိုနဲ့ ကျွန်မနဲ့ မောင်လေး ကျောင်းအတူတူ တက် ရင်းနဲ့ အဖေနဲ့အမေ အရိပ်ကိုခိုရင်း၊ မိဘနှစ်ပါးရဲ့ ချွေးစက်တွေ ကျနေ တာကိုကြည့်ရင်း ခြောက်တန်းအ တက်၊ မောင်လေးချစ်အေး ငါးတန်း အရောက်၊ အဖေဆုံးပါးခဲ့တယ် လေ။

"ကျောင်းတွေ ဖွင့်တော့ မယ်နော် .... အေးရင်"

တောထဲကထင်းခုတ်ရာ ကအပြန် အဖေက အမေ့ကို ပြော ခဲ့တဲ့စကား။ ကျနေတဲ့ချွေးစက်တွေ ကို လက်ဖမိုးမည်းကြီးနဲ့ ဘယ်ပြန် ညာပြန်သုတ်ရင်း ပြောခဲ့တဲ့အဖေ့ စကားရဲ့ အဓိပ္ပာယ်ကို ကျွန်မသိ တယ်။ အစ်ကိုကြီးရော မောင်လေး ပါသိတယ်။ ကျောင်းတွေဖွင့်ရင် ကျွန်မတို့ မောင်နှမနှစ်ယောက်ရဲ့ ကျောင်းစရိတ်အတွက် အဖေပူနေ တာ။

"ဟုတ်တယ် ကိုကျော် အေး"

"ငွေလိုပြီလေ---"လို့ အ
ဖေက ကျွန်မတို့ကို မသိမသာအ
ခတ်ကြည့်ပြီး ခပ်တိုးတိုးလေး ပြေ
ခဲ့တယ်။ အမေက ခေါင်းညိတ်ပြပြ
ပြုံးပြခဲ့တာ၊ အမေ့အပြုံးတွေက ခ
ချိုချို ခပ်သဲ့သဲ့လေး။ နောက်တော့
အဖေ့ခမျာ ထင်းခုတ်ဓားကြီးကို
သွေး၊ အရင်ရက်ကထက် ထင်းတွေ
ပိုခုတ်၊ ရွာထဲလှည့်ရောင်း။ အခြာ
ရွာတွေလည်းရောင်း။ ပြီးတော့
တောလည်ထွက်ရင် အရင်က နေ့
ခင်းသာထွက်တဲ့အဖေ။ အခု ညပိုင်
ပါထွက်။ ပြောင်းခင်းတွေ၊ နှမ်းခင်
တွေထဲအိပ်တဲ့ တောစာဝါတွေကို
ပိုက်ထောင်ပြီးဖမ်း။ အခုည တော
လည်ထွက်ရင် မိုးလင်းခါနီးမှပြန်
လာ။ ရလာတဲ့ငှက်တွေကို အမွေ



www.burmeseclassic.com



နတ်၊ အမေကလှည့်ရောင်း နာရီ ဝက်ခန့်ပဲအိပ်။ ပြီးတော့ ထင်းခုတ်ထွက်။ အဖေပင်ပန်းသလို အမေလည်းပင်ပန်း--၊ အစ်ကိုကြီးကလည်း မနားရရှာတဲ့ဘဝ။

ကျောင်းဖွင့်လို့တစ်လအကြာ၊ အဖေတစ်ဦးတည်း ညပိုင်းတောလည် အထွက်မှာတော့ မြောင်းခင်းစပ်က ပိုးထိခဲ့တာ။ ပိုးထိတာသိတော့ အဖေ့ခမျာ တစ်ဦးတည်းအိမ်အရောက်ပြန်လာ၊ အိမ်ပေါက်ဝအဝင် ဘိုင်းခနဲ့ပစ်လဲကျသွားတာ---။

"ဟင် ကိုကျော်အေး ... ဘာ ... ဘာဖြစ်"

"အေး ... အေးရင်၊ ငါ ... ငါ ... ပိုးထိလာပြီ၊ အဲ ... အဲဒါ ... ငါ ... နေရတော့မယ်မထင်ဘူး၊ ငါ ... ငါလဲရင် ကလေးတွေနောင်ရေးစိတ်မချဘူးဟာ။ ဒီ ... ဒီတော့ ... နင် ... နင် ... ကလေးတွေကို ဆုံးမသွန်သင် ... ပြီးတော့ ......"

အဖေက ကျွန်မတို့မောင်နှမသုံးယောက်ကိုကြည့်ရင်း ပြောနေတယ်။ အသံကတုန်ခါနေတယ်။ မြွေက မြွေဆိုး။ ဒီတော့ အဆိပ်တက်တာ မြန်တယ်။ အဖေ့တစ်ကိုယ်လုံးညိုနေပြီ။ ပြောရင်း ဇက်ကျိုးကျသွားတဲ့ အဖေ---။

"ကို ... ကိုကျော်အေး"

"အဖေ ... အဖေ ..."

"အဖေ ......"

အော်သံက အပြိုင်၊ ငိုသံက အပြိုင်။ ကျွန်မတို့ အော်ဟစ်ငိုသံကြောင့် ဘေးအိမ်ကလူတွေအားလုံး ရောက်လာကြတယ်။ အကျိုးအကြောင်းသိတော့၊ ညတွင်းချင်းပဲ အဖေ့အလောင်းပြင် နောက်ရက် အသုဘချ။

အဖေ့ရုပ်လောင်းကို မြေမြှုပ်လို့ မြေဖို့တော့ ကျွန်မရင်ထဲမှာ နှလုံးသားတွေ ကြွေကျနေသလိုမျိုး ခံစားနေခဲ့ရတယ်။ အမေကတော့ ရှိုက်ကြီးတငင်ငိုရင်း အဖေ့ကို ကြည့်နေတာ။

"သွားတော့ ကိုကျော်အေးရယ် ... အရင်က ... တော်သွားရင် ပြန်လာမယ်ဆိုပြီး မျှော်ခဲ့ရတာ၊ အခု ... တော်က မပြန်လမ်းသွားပြီဆိုတော့ ---"

"အဖေရယ်--"

အဖေ့ကို ကန်တော့၊ သုသာန်မြေကို ကျောခိုင်းပြီးပြန်ခဲ့တဲ့ ကျွန်မတို့မိသားစု မောင်နှမသုံး


## အသံက တုန်ခါနေတယ်။
## မြွေက မြွေဆိုး။
## ဒီတော့ အဆိပ်တက်တာ မြန်တယ်။
## အဖေ့တစ်ကိုယ်လုံးညိုနေပြီ။
## ပြောရင်း ဇက်ကျိုးကျသွားတဲ့ အဖေ---။

www.burmeseclassic.com



ယောက် ငိုရင်းရှိုက်ရင်း ---။

အပြန်လမ်းက ခြောက်ကပ်ကပ်။

× × ×

"သမီးတို့အဖေမရှိတော့ဘူးဆိုတော့ အမေ့လုပ်အားနဲ့ သားကြီးလုပ်အားနဲ့ ဘဝခရီးဆက်ဖို့အတော်ကြိုးစားရလိမ့်မယ်သမီး။ ဒီတော့ ---"

အဖေဆုံးအပြီး တစ်လအကြာ တောထဲကပြန်လာတဲ့ အမေကပြောလာတယ်။ အမေ ဘာပြောချင်သလဲဆိုတာ ကျွန်မသိတယ်။ ဘဝဝမ်းရေးတောင်မှ အနိုင်နိုင်ရုန်းကန်နေရတာမို့ ကျွန်မတို့မောင်နှမရဲ့ပညာရေးအတွက် အလွန်ခက်ခဲတယ်လို့ အမေကပြောတာ။ အမေပြောတာ မှန်တယ်။

"အဲဒီတော့ သမီးကျောင်းထွက်မယ်အမေ .... နော်"

အမေ မပြောခင် အမေ့ကို ကျွန်မပြောလိုက်တယ်။ ဟုတ်တယ်။ အမေက ကျွန်မကို ကျောင်းထွက်ပါလားသမီးရယ်လို့ ပြောမထွက်ဘူးလေ။ ဒီတော့ ကျွန်မရင်ထဲအရင်ပြောလိုက်တော့ အမေ့ရင်ထဲပေါ့သွားမှာ။

"စိတ်မကောင်းပါဘူးသမီးရယ်"

"ရပါတယ်အမေ၊ သမီးလေ အမေနဲ့အတူ၊ အစ်ကိုနဲ့အတူ တောထဲလိုက်မယ်၊ ငွေရအောင်ရှာမယ်။ ပြီးရင် ဟောဒီမောင်လေးရဲ့ပညာရေးကို ဆုံးခန်းတိုင်အောင် တော့ထားပေးမယ် အမေ"

ကျွန်မပြောတော့ အမေကငိုတယ်။ အစ်ကိုချစ်မောင်က ကျွန်မကိုမကြည့်ဘဲ တစ်ဖက်လှည့်ငိုနေတာ။ မောင်လေးချစ်အေးကတော့ ခေါင်းငုံ့ရင်း ရှိုက်နေတယ်။ ဘဝဆိုတာ ဒီလိုပဲလေ။ ရေများရာမိုးရွာတတ်ပေမယ့် ရေနည်းရာအရပ်မှာတော့ မိုးကခေါင်တာ သဘာဝပဲလေ။ ရေနည်းရာအရပ်မှာ ဖြစ်ရတဲ့ငါးတွေလို ရေများရာအရပ်မှာပျော်ချင်ပေမယ့် ဘယ်လိုမှပြောင်းရွှေ့လို့မှ မရတာ။ တောင်ပံပါတဲ့ ငါးဆိုရင်လည်း အတောင်ပဲအားကိုးပြီး ရေများရာအရပ်ကိုပျံ၊ ရေများရာမှာ ပျော်ချင်တာပေ့ါ။

အခုတော့ ကျွန်မတို့ဘဝ ရေနည်းငါး။ ငါးရံ့ပြာလူးဘဝ။ မြေနိမ့်ရာ လုံ့စိုက်ခံနေရတဲ့ဘဝ။ နွံရာဝဲစွဲနေတဲ့ဘဝ။

"ညီမလေး တကယ်ကျောင်းထွက်မှာလား"

ဒါ အစ်ကိုချစ်မောင်ရဲ့အ[illegible] မေး။ ဒီအမေးကို ကျွန်မ ဟာ[illegible] ဆောင်ပြုံးပြရင်းခေါင်းညိတ်ပြလိုက်[illegible] တော့ မျက်ရည် လေးငါးစက်[illegible] ကြမ်းပြင်ပေါ် ကျဆင်းသွားတယ်။

မေမေ့ခမျာ ခံစားနိုင်ပုံမ[illegible] ဘူး။ အိမ်ထဲဝင် ကျွန်မတို့မသ[illegible] အောင်ငို ---။

"စိတ်မကောင်းဘူးဟာ[illegible] အစ်ကိုက ညည်းကို ကျောင်းဆရာ[illegible] ဖြစ်အောင်ထားမယ်ဆိုပြီး စိတ်ကူ[illegible] ထားတာ"

မှသားမပါ အညာနတ္ထိနဲ့ ပြောခဲ့တဲ့ အစ်ကိုချစ်မောင်ရဲ့စကား[illegible] က ကျွန်မရင်ထဲ အေးမြသွားတယ်။

"ဘယ်တတ်နိုင်မလဲ အစ်[illegible] ကိုကြီးရယ် ... နော်"

အစ်ကိုကြီး ဘာမှ မပြော[illegible] တော့ဘူး။ နောက်တော့ ခြောက်[illegible] တန်းကနေ အပြီးထွက်။ မောင်[illegible] လေးကိုကျောင်းဆက်ထား။ အရင်[illegible] က ကျောင်းသွားကျောင်းပြန် ပျော်[illegible] ခဲ့တဲ့ကျွန်မ။ အခုတော့ အမေနဲ့ အစ် ကိုကြီးနဲ့ အတူတောထွက်။ မောင် လေးချစ်အေးက[illegible] ကျောင်းသွား--။

"မောင်လေး ကြိုးစား[illegible] နော်"



www.burmeseclassic.com

www.burmeseclassic.com





"ညီလေး ... ကြိုးစားသိသား။ အစ်ကိုတို့ မင်းကို ပညာတတ်ဖြစ်အောင်ထားပေးမယ်။ သိလား"

"ဟုတ်ကဲ့"

ငါးတန်းကျောင်းသားကိုဆုံးမခဲ့တဲ့ ကျွန်မနဲ့ အစ်ကိုကြီး။ မောင်လေးရဲ့ အနာဂတ်ဘဝကိုတွေးရင်း အလုပ်လုပ်ရတာကို ပင်ပန်းတယ်လို့ မထင်တဲ့ ကျွန်မနဲ့ အစ်ကိုကြီး။ ကျွန်မတို့ရဲ့ရည်ရွယ်ချက်ကိုသိရလို့ ကျေနပ်မှုတွေနဲ့ ရှိနေခဲ့တဲ့ အမေ---။

အမေ့ခများမှာတော့ အဖေမရှိတော့ပေမယ့် သားသမီးသုံးဦးရဲ့အလယ်မှာ ဖြေသာသလိုဖြေရင်း နေသာသလိုနေခဲ့တဲ့ အဖြစ်မျိုး ဒီလိုနဲ့ မောင်လေးခုနစ်တန်းအောင်သွားတယ်။ လာမယ့်နှစ်ရှစ်တန်း---။

"ညီမလေး"

"ဘာလဲအစ်ကိုကြီး--"

"ဟို-- အမေလေ အသက်အရွယ်ကလဲ ကြီးလာပြီ။ တစ်ဘဝလုံး ပင်ပန်းထားတာရော၊ အမေ့စိတ်ကြောင့်ရော၊ စိတ်ထောင်းကိုယ်ကျေဖြစ်နေရှာပြီဟ။

တစ်ခါတစ်လေ တောထဲထွက်ရင် ခြေထောက်တွေမလွတ်ချင်တော့ဘူး၊ မောမောနေရှာတယ်။ ဒီတော့ ဒီနှစ် အမေ့ကို အလုပ်မခိုင်းတော့ဘူးဟာ။ နားခိုင်းရအောင်"

အစ်ကိုချစ်မောင်စကားကြောင့် ကျွန်မ -- အမေ့ကို သတိပြုမိတော့တယ်။ ဟုတ်တယ်။ အသက်အရွယ်ရလာတဲ့ အမေ။ တောထဲထွက်ရင် မောနေရှာတဲ့ အမေ။ ပါးရည်နားရည်တွေကျ၊ ပိန်ချိနေတဲ့ အမေ---။

"ဟုတ်တယ်နော် အမေ့ကို အနားပေးကြရအောင်။ အဲဒါဆိုရင် အစ်ကိုကြီးနဲ့ ညီမလေးတို့ အရင်ကထက် နှစ်ဆပိုပြီး ကြိုးစားမှဖြစ်မှာ"

အဲသလိုနဲ့ မောင်နှမနှစ်ယောက်တိုင်ပင်။ ပြီးတော့ အရင်ကထက်အလုပ်ပိုလုပ်။ အမေက ငြင်းသေးတယ်။ ဒါပေမယ့် စိတ်သွားတိုင်းကိုယ်မပါတော့တဲ့ အမေ့ခများကျွန်မတို့ရဲ့ အကြံကို လက်ခံခဲ့ရတယ်လေ။ အစ်ကိုက ထင်းခုတ်၊ ကျွန်မကသယ်ပြီးရောင်း။ အစ်ကိုက တောလည်ထွက် ကျွန်မက အစ်ကိုရတဲ့သားကောင်တွေ ရောင်းရင်းနဲ့ ဘဝလမ်းကို ဖြေရှင်းရင်း မောင်လေးရဲ့ပညာရေးကို မြှင့်တင်ပေးကြဖို့ ကြိုးစားခဲ့တာ---။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်တန်းတက်တဲ့ မောင်လေးချစ်အေး---။

အဲဒီ ရှစ်တန်းနှစ်မှာပဲ သေ သေခဲ့ရတာ--။

× × ×

"ဖြစ်ရလေ--- မောင်လေးရယ်"

"ညီလေးရာ--- ဖြစ်ရလေကွာ"

ညီလေးရဲ့ အလောင်းကို မြေချခါနီး၊ မောင်လေးရဲ့မျက်နှာလေးကို နောက်ဆုံးကြည့်ရင်း ငိုခဲ့ကြရတာ၊ မျက်ရည်မခမ်းနိုင်ကြဘူး။

"လူလေးရဲ့ ... အမေ့အချစ်ဆုံးကြီးရဲ့၊ သေမင်းခေါ်ရာ လိုက်သွားပြီလား။ သားလေးရဲ့"

ရင်ဘတ်စည်တီးငိုခဲ့တဲ့ အမေ။ ငိုနေတဲ့ကျွန်မနဲ့ အစ်ကိုက ချော့ခေါ်ခဲ့တဲ့အဖြစ်။

"နေရစ်တော့ ... နေရစ်တော့ သားလေး"

ပြောရင်း မေ့သွားလို့ နာနပ်ယူ၊ နှိပ်ယူရတဲ့အမေ။ သတိထားပါအမေရယ်လို့ပြောရင်း ကျွန်မကိုကျွန်မ မေ့မလဲမသွားအောင် ဂရုစိုက်နေရတဲ့ကျွန်မ။ မောင်လေးကို မြေစိုင်ခဲတွေနဲ့ဖို့ပြီးသွားပြီ။ ကျွန်မတို့လည်း ရွာထဲဝင် အိမ်ကိုရောက်ခဲ့ပြီ။ အဖေဆုံးတုန်းက တစ်ခါ၊ အခု မောင်လေးဆုံးသွားပြန်ပြီ။ ဘဝဆိုတာ သူ့တရားအတိုင်း သူ့ကံအတိုင်း သွားနေကြတဲ့သတ္တဝါတွေ။ သေမျိုးတွေ။ ကံရှိသလောက်နေ၊ ကံကုန်ရင် သေရတဲ့အမျိုး။

အခုတော့ ကျွန်မတို့ကို ချစ်ပါတယ်ဆိုတဲ့ အဖေနဲ့ မောင်လေးက စွန့်ခွာသွားခဲ့ပြီ။ စွန့်ခွာသွားတဲ့သူတွေ ချစ်ပါတယ်ဆိုတဲ့ ကျွန်မတို့သားအမိသုံးယောက် နေခဲ့ရပြီပဲ။ သေသူကို သေမယ့်လူတွေက မှန်းပြီး လွမ်းကြငိုကြတာ မဆန်းတော့ပါဘူး။ ဒီလိုပဲ ဘဝအဆက်ဆက် ငိုလာကြမှာပဲလေ။

မောင်လေး သေခဲ့ရတာက အဲဒီနေ့က မိုးတွေမတရားရွာနေတာ။ ဒါ မိုးရွာထဲ လေပြင်းထဲကနေ ကျောင်းသွား။ ထီးမရှိတဲ့ မောင်လေး။ အဝတ်အစားတွေနဲ့ လွယ်အိတ်မိုးစိုမှာကြောက်တဲ့ မောင်လေး။

"မမ ... ဟို ... ပိုက်ဆံအဆင်ပြေရင် ... ထီး ... ထီးတစ်လက်လောက်၊ ဝယ်ပေးပါလား ဟင်"

အဲသလို ပြောခဲ့တဲ့ မောင်လေး။ ဘဝအခြေအနေကိုသိလို့ အတင်းအကျပ် မပူဆာရှာ၊ ကြိုးစားပြီး သတ္တိမွေးပြောခဲ့တဲ့ မောင်လေး

"ဒီတစ်ခါ ထင်းတွေရောင်းပြီး မမ ဝယ်ပေးမယ်လေ နော်"

"ဟုတ်တယ်ညီလေး ဒီတစ်ခါ တကယ်ဝယ်ပေးမယ် သိလား"

အစ်ကိုကြီးရော ကျွန်မပါ ပြောခဲ့သေးတာ။ ဒါပေမဲ့ ဝယ်မပေးဖြစ်ဘူး။ အခုတော့ ထင်မှတ်မထားပဲရွာတဲ့မိုး။ ထင်မှတ်မထားဘဲ တိုက်လာတဲ့လေပြင်း။ ဒါနဲ့ ဒီလေပြင်းက မောင်လေးရဲ့အသက်ကို ခေါ်သွားတာ။ မောင်လေးခမျာ သစ်ပင်အောက်အဝင် သစ်ကိုင်းကျိုးကျပြီး ပိမိပြီး နေရာမှာ ပွဲချင်းပြီးဆုံးသွားတာ။

အင်းလေ လူဆိုတာ ချစ်ရင်လည်းခွဲရမှာ။ မုန်းကြရင်လည်း ခွဲကြရမှာ။ ပြီးတော့ ချမ်းသာရင်လည်း သေရမှာ၊ ဆင်းရဲရင်လည်း သေကြရမှာ။ ခုတော့ သိပ်ချစ်ကြတဲ့ ကျွန်မတို့မိသားစု ဝေးကုန်ကြပြီ ဝေးခဲ့ကြပြီ---။

မောင်လေး ဆုံးပြီးတဲ့နောက် မစားနိုင် မအိပ်နိုင်ဖြစ်တဲ့ အမေ--။



www.burmeseclassic.com

www.burmeseclassic.com



"အမေ အိပ်နော်၊ ကြိုး စားအိပ် ... ဘာမှ တွေးမနေနဲ့နော်"

အမေကြိုက်တဲ့ အစာကို ကျွေး၊ အမေ့ကို ချော့ရတာက အ မော။ အမေကတော့ အရင်တုန်း ကလိုမဟုတ်တော့ဘူး။ အဖေပေး ခဲ့တဲ့ ဒဏ်ချက်တွေ၊ မောင်လေးပေး ခဲ့တဲ့ သောကတွေကြောင့် စိတ်ကြေ ကိုယ်ကြေဖြစ်လို့ ။

အဲသလိုနဲ့ --

အစ်ကိုနဲ့ ကျွန်မ --

သူ့အလိုလို သွားနေတဲ့ အချိန်ဆိုတဲ့ ကာလအတွင်းမှာ လှုပ် ရှားရုန်းကန်ရင်း နေခဲ့ကြတာ---။

အစ်ကိုမှာ ချစ်သူရှိနေသ လို ကျွန်မမှာလည်း--- ချစ်သူရှိနေပြီလေ---။

× × ×

အစ်ကိုချစ်သူက လက် ထပ်ချင်ပြီဆိုတဲ့အကြောင်း၊ အစ်ကို က အမေ့ကို ပြောလာတယ်---။

"ဟုတ်တယ်အမေ၊ သူ က လက်ထပ်ချင်ပြီတဲ့၊ အဲဒါ---"

ဒီစကားကြောင့် အမေ ရော ကျွန်မပါ ခေါင်းငုံ့နေရင်း စဉ်း စားခဲ့ရပြီလေ။

"သားရယ် အမေတို့မှာ ဘယ်လိုလုပ်ပြီး တင့်တောင်းတင့် တယ်ဖြစ်အောင် လုပ်နိုင်မှာလဲ။ သားရဲ့ဘဝကို သားကောင်မလေး သိမှာပါ"

"ဟုတ်ပါတယ် အမေ ကန်တော့တစ်ပွဲ၊ လူလေးငါးဦးနဲ့ဆို ရင်ရပါပြီ။ ပြောရတာကလဲ ဝတ္တရား အရပါ၊ သားလေ အမေတို့ စိတ် ဆင်းရဲအောင် မလုပ်ပါဘူး။ အသိ ပေးတဲ့ သဘောပါနော်၊ သားနဲ့ ကောင်မလေးက အားလုံးစီစဉ်ပြီး သွားပြီ အမေရဲ့။ အမေနဲ့ ညီမလေး ကို ကြိုပြောထားတာ"

"အင်းလေ အဆင်ပြေရင် ပြီးတာပါပဲကွယ်နော်"

ကျွန်မ ဘာမှဝင်မပြော ဘူး။ အစ်ကိုကြီးနဲ့ယူမယ့် ကောင်မ လေးကိုလည်း သိတယ်။ ဘဝတူတွေ ပဲလေ။ အဆင့်အတန်းခွဲခြားစရာ မလိုတဲ့ ဘဝမျိုးထဲက။ နှုတ်ခမ်းပဲ့ ချင်းမှုတ်ရမယ့်ဘဝ။ ဆီးသီးနဲ့လဲ အိုးကွဲဆိုတဲ့ဘဝ။ အသွင်တူ အိမ် သူဖြစ်ရမယ့်ဘဝ။

နောက်တော့ ကောင်မ လေးမိဘတွေဆီသွား၊ မင်္ဂလာရက် ရွေး။ မင်္ဂလာပွဲ တစ်လအလို။ အစ် ကိုကြီးက သူ့မင်္ဂလာပွဲအတွက် သုံး ဖို့ငွေရှာခဲ့တယ်လေ။ ထင်းတွေခုတ်၊ တောလည်ထွက်။ ရတဲ့ထင်းတွေ၊ သားကောင်တွေကို ကျွန်မကို ရောင်း နိုင်း။ အိမ်အတွက်လည်းသုံး၊ စု လည်း စုထားခဲ့တဲ့ အစ်ကိုကြီး---။

ပြော်--- ဘဝမှာ ထင်

"သားရယ် အမေတို့မှာ
ဘယ်လိုလုပ်ပြီး
တင့်တောင်းတင့်တယ်ဖြစ်အောင်
လုပ်နိုင်မှာလဲ။ သားရဲ့ဘဝကို
သားကောင်မလေးသိမှာပါ"

www.burmeseclassic.com



မှတ်မထားတာတွေ ဖြစ်လာခဲ့တတ်တာ ဘဝရဲ့သစ္စာတရားလေ။ သောကဆိုတာ တောင်ပံပေါက်ပြီးရောက်လာရင်၊ ဒုက္ခတွေကလည်း အဖော်တွေနဲ့ ရောက်လာတတ်တာပဲကိုး။ သေခြင်းဆိုတဲ့ သစ္စာတရားက ကျွန်မတို့မိသားစုကို ဘယ်ဘဝကများ အငြိုးထားနေသလဲမသိဘူး။ ကြည့်ပါဦးတော့---။

မင်္ဂလာဆောင်ဖို့ တစ်ပတ်အလို အစ်ကိုကြီး ဆုံးပါးခဲ့ရတယ်လေ---။

"ဖြစ်ရလေ သားကြီးရယ်"

အဖေနဲ့မောင်လေး သေပြီးနောက်၊ သိပ်စကားမပြောတော့တဲ့ အမေရဲ့ အသံလေ။ ကျွန်မတောင်မှ အမေ့အသံကို ကြားလိုက်ရတော့ ကျွမ်းနေတဲ့အသည်းတွေ ပိုပြီး ကျွမ်းစေခဲ့တယ်။ အမေ့ခမျာ အစ်ကို့အလောင်းကို ကြည့်ရင်းနဲ့ မငိုတော့ဘူး။ မငိုဘဲနဲ့ ကြိတ်မှိတ်ခံစားနေရတဲ့ဝေဒနာက ပိုဆိုးတယ်ဆိုတာ ကျွန်မသိတယ်။

"အမေ ငိုချလိုက်၊ ငိုချလိုက်လေ ... ငို ... ငိုလိုက်"

ငိုသံပါကြီးနဲ့ အမေ့ကို ပြောနေတဲ့ ကျွန်မ။ ဒီတော့မှ ချုံးပွဲချငိုလိုက်တဲ့အမေ။ ငိုရင်း ပြောနေတဲ့အမေ---။

"သားကြီးရေ ... မင်းအဖေနောက်၊ မင်းညီလေးနောက် လိုက်သွားပြီပေါ့ဟုတ်လား သားကြီး ... မင်း ချစ်ပါတယ်ဆိုတဲ့ အမေရယ်၊ မင်းညီမရယ်၊ မင်းချစ်သူရယ်ကို မင်း ချစ်ရက်နဲ့ ခွဲခွာသွားခဲ့ပြီပေါ့"

အမေက အစ်ကို့ရုပ်အလောင်းကိုဖက်ရင်း၊ ပါးပြင်နှစ်ဖက်ကိုနမ်းရင်း ငိုနေခဲ့တယ်။ ကျွန်မကတော့ အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ကိုက်ရင်းကျိတ်ငိုနေခဲ့တယ်။ အစ်ကို့အဖြစ်က တကယ်ကြေကွဲစရာ။ မင်္ဂလာဆောင်ဖို့ တောထဲ

ထင်းခုတ်ရင်းနဲ့ နေပူလွန်းတော့ [illegible] နောက် သွေးကြောပြတ်သလို[illegible] လေဖြတ် သလိုလိုဖြစ်ပြီးတော့[illegible] သေခဲ့ရှာတာ။ တောလည်သူတွေ[illegible] တွေတော့ အစ်ကို အသက်မ[illegible] တော့ဘူး။ ဒါနဲ့ အစ်ကို့ကို အိမ်[illegible] သယ်။

အစ်ကိုဆုံးတယ်လို့ကြ[illegible] တော့ အစ်ကို့ကောင်မလေးရော[illegible] လာပြီး ငိုရှာတယ်လေ။ ချစ်သူ[illegible] တယ်ဆိုတော့ ချစ်တဲ့သူ ငို[illegible] မဆန်းပါဘူးလေ။ ဒါနဲ့ နေလယ်[illegible] အသုဘချ။ အစ်ကို့ကို မြေမြှုပ်။ [illegible] မေကတော့ ပြောရင်းငိုရင်း---။

ကျွန်မကတော့--- အ[illegible] တုန်းကရယ်၊ မောင်လေးရယ်၊ အ[illegible]

"သားကြီးရေ ... မင်းအဖေနောက်၊ မင်းညီလေးနောက် လိုက်သွားပြီပေါ့ဟုတ်လား သားကြီး ... မင်း ချစ်ပါတယ်ဆိုတဲ့ အမေရယ်၊ မင်းညီမရယ်၊ မင်းချစ်သူရယ်ကို မင်း ချစ်ရက်နဲ့ ခွဲခွာသွားခဲ့ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ်၊ သူတို့ရုပ်လောင်းတွေ မြေမြှုပ်တာကြည့်ရင်း၊ ငိုရင်းနဲ့ ကြုံခဲ့ရပြီမို့ စိတ်ထဲမှာတော့ အသိတစ်ခုဝင်လာတယ်။

"ဟင် ... ငါလဲ ... တစ်နေ့သေရမှာ၊ သူတို့လိုပဲသေရမှာ"

တွေးမိတဲ့ အဲဒီအတွေး။

ဒါနဲ့ အစ်ကိုရုပ်အလောင်း မြေမြှုပ်အပြီး အမေ့ကို ချော့ခေါ်။ အိမ်ကိုပြန်ကြ။ သေတဲ့သူကို သုသာန်ပို့ပေးလိုက်ကြတာက သေမယ့်လူတွေ။ မသေသေးခင်အချိန်မှာ သေရမယ့်သေခြင်းတရားကို ဆင်ခြင်မိကြရဲ့လား။

ကျွန်မကတော့ ---

× × ×

နောက်တော့ အိမ်လေးမှာကျန်ခဲ့တာက အမေနဲ့ကျွန်မ။ အမေကတော့ လုံးဝကိုစကားမပြောတော့ဘူး။ ထမင်းခူးပေးရင် စားချင်စားတယ်၊ မစားချင် မစားဘူး။ ရေခပ်ပေးပြန်တော့လည်း သောက်ချင်မှသောက်တာ။ အိပ်ချိန်ရောက် ပြန်တော့လည်း ငုတ်တုတ်ထိုင်ချင် ထိုင်နေပြန်ရော---။

သေမင်းကခေါ်သွားကြပြီ ကျွန်မအနေနဲ့ကတော့ အားကိုးအားထားရမယ့်လူမရှိတော့ ကျွန်မကိုယ်တိုင်ပဲ တောထဲလိုက်၊ ကြုံရာအလုပ်လုပ်ရင်းနဲ့ ဘဝကိုရုန်းကန်ခဲ့တာ။ တော်ပါသေးရဲ့။ ကျွန်မမှာ ချစ်သူရှိနေလို့။ ဘဝတူချစ်သူ။ လက်လုပ်လက်စား၊ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝတူချစ်သူ။

"ဖွေးနုရယ် ... ငါလေ ... ပြောရမှာအားနာလို့"

"ပြောလေ"

"လက်ထပ်ချင်ပြီဟာ၊ အားနာတာက ဟို ... နင်တို့အိမ်မှာ အပူတွေနဲ့ချည်းကြုံနေရတာ ဆိုတော့"

အောင်မြင့်က အစ်ကိုသေထားတဲ့အကြောင်း ရည်ရွယ်ပြောလိုက်တာ။

"အပူဆိုတာ လူတိုင်းရှိတာလေဟယ်၊ လက်တွေ့အပူတွေ သူနဲ့ မတွေ့သေးတာပဲရှိတာပါ။ လူတိုင်း အဲဒီသေခြင်းကြောင့် ပူတဲ့အပူ မျိုး တွေ့ကြရမှာပဲ"

"ဒါဆိုရင် လက်ထပ်ဖို့ကိစ္စ ဘယ်လိုသဘောရလဲ"

"နင့်သဘောပဲ အောင်မြင့်"

အဲဒါနဲ့ အစ်ကိုသေပြီး လေးလအကြာမှာ အောင်မြင့်မိဘတွေက မင်္ဂလာပွဲကျင်းပဖို့ ပြင်လာတယ်။ ကျွန်မကို ခေါ်ပြခဲ့တာ။ အဲဒါနဲ့ အမေ့ကိုပြောတော့ အမေကပြုံး





www.burmeseclassic.com

www.burmeseclassic.com



တယ်။

"သမီး သဘော"

"ဟို ... အမေ့သဘောက"

"သမီး .... သဘော"

အမေ့သဘောထားမေး တော့ အဲဒါပဲထပ်ဖြေခဲ့တဲ့ အမေ။ နောက်တော့ မင်္ဂလာပွဲကျင်းပဖို့ စီစဉ်ကြတယ်။ ရပ်ရွာသူကြီးအချို့ ရယ်၊ သူ့ဘက်ကိုယ့်ဘက် ဆွေမျိုးအချို့ရယ်နဲ့ပဲ မင်္ဂလာပွဲကျင်းပမယ်တဲ့။ မင်္ဂလာပွဲပြီးရင် အောင်မြင့်က ကျွန်မအိမ်မှာ အပြီးလိုက်နေမယ်။ အမေ့ကို လုပ်ကျွေးမယ်တဲ့။ အားကိုးရာမဲ့နေတဲ့ ကျွန်မအတွက်တော့ ကျွန်မချစ်တဲ့ အောင်မြင့်က မဟာ တံတိုင်းကြီး အားကိုးစရာ မဟုတ်ပါလား။

ဒါနဲ့ မင်္ဂလာပွဲကို အကျဉ်းချုံးပြီး ကျင်းပခဲ့တယ်။ အဲဒီနေ့မှာပဲ အောင်မြင့်တစ်ယောက် ကျွန်မအိမ် လိုက်လာတယ်။

နောက်ရက်---

တောထဲအထွက် အောင်မြင့် ဆုံးပါးသွားခဲ့ပြန်တယ်လေ။

× × ×

"အောင်မြင့်ရယ် ..."

ဒီတစ်ခါ အောင်မြင့်ရုပ်အလောင်းကိုကြည့်ပြီး မချိတင်ကဲဖြစ်နေတာကကျွန်မ။ အောင်မြင့်အလောင်းကိုဖက်၊ သူ့ရဲ့ ဘယ်ညာပါးပြင်ကို အငမ်းမရနမ်းရင်း ငိုနေတဲ့ ကျွန်မ။ ကျွန်မငိုတာကို --- အမေကကြည့်ရင်းနဲ့---။

အောင်မြင့် ဆုံးတဲ့သတင်းကြားတော့ သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းတွေလာကြ။ ငိုကြ။ အသုဘချဖို့ပြင်ကြ။ မနေ့ကမှ မင်္ဂလာပွဲပြီးတာ။ ဒီကနေ့ အမင်္ဂလာနေ့။ အပြောင်းအလဲကမြန်ပ့ါ။ မင်္ဂလာပွဲအတွက် ကြည်နူးကျေနပ်အပြုံးတွေပြုံးခဲ့တာက မနေ့က။ ဒီနေ့တော့ ကြေကွဲဝမ်းနည်းမှုတွေနဲ့ ငိုသံလွှမ်းခဲ့တာ။ လောကတရားအရတော့ သူကံသူ စီရင်သွားတာလေ။ နေခွင့်ရတုန်းလေး နေသွားကြရတာ။ သေ တဲ့ လူနဲ့ သေမယ့် လူ။ ပြုံးနေတဲ့ လူနဲ့ ငိုနေတဲ့ လူ။ ဒါပဲကွာခြားတာ။ ဘာ ပဲဖြစ်ဖြစ် အပူမီးတွေ အကြိမ်ကြိမ် တွေ့ခဲ့ဖူးတဲ့ ကျွန်မ။ ဒီတစ်ခါ ပိုပြီးပူလောင်နေတယ်လို့လည်း ထင်နေတာ။

အသုဘချချိန်ရောက်တော့ အလောင်းကိုမ အခေါင်းထဲထည့်။ ပြီးတော့သုသာန်ဆီသယ်။ ကျွန်မကတော့ ရင်ဘတ်စည်တီး ငိုပွဲကြီးဆင်နွှဲနေလိုက်တာ ဘုရားမေ့ တရားမေ့။ ဘေးကနေထိန်းပြီးချေ နေတဲ့၊ တရားပြနေတဲ့ ဆုံးမစကား တွေ ကျွန်မ နားမဝင်ခဲ့ဘူး။ သုသာန် ရောက်တော့ တရားဟောရေစက် ချ။ အောင်မြင့်အလောင်းကို မြေ မြှုပ်။

"ရှင်သေမင်းကြီး .... မတရားဘူး .... လုံးဝမတရားဘူး"

ကျွန်မငိုရင်း တီးတိုးပြော မိတဲ့စကား၊ မှန်သလား မှားသလား မသိဘူး။ သေမင်းကို ရန်တွေ့မိတဲ့ ကျွန်မ။

"သမီး ... သတိထား" လို့ အမေက ကျွန်မကိုဖက်ရင်းပြောနေ တာ။ အို ကျွန်မ မဖြေသာဘူး။ မြေ ကျင်းထဲက အလောင်း၊ အလောင်း ပေါ်မှာ မြေစိုင်မြေခဲတွေချကြ။ မကြာ ပါဘူး။ မြေသားတွေက အောင်မြင့် တစ်ကိုယ်လုံး ဖုံးအုပ်သွားပြီ။

"ပြန်ကြစို့ ဖွေးနု"

"ပြန်ရအောင် သမီး"

အတင်းချော့၊ အတင်းဆွဲ ခေါ်တော့ ဆံပင်ဖားလျားချရင်း ရှုန်း ကန်ရင်းပါလာခဲ့တဲ့ ကျွန်မ အိမ် ရောက်တဲ့ အထိငိုတုန်း။ အောင်မြင့် အနေနဲ့ မင်္ဂလာပွဲပြီး ဒီကနေ့ပဲ တောထဲ သင်းခုတ်



www.burmeseclassic.com

www.burmeseclassic.com



အထွက် တော ကြောင်တစ်ကောင်မြင်လို့ လိုက်ပြီး ဖမ်းဖို့အပြေး ရေတွင်းပျက်ထဲကျ သေခဲ့ရတာ။ ရေမရှိပေမယ့်အောက်က ငုတ်တွေစူးပြီး သေခဲ့ရတာ။ တစ်ကိုယ်လုံး သွေးတွေနဲ့။ မြင်လို့မကောင်းတဲ့အဖြစ်---။

လူ .... သေခြင်းတရားထဲ နေရတဲ့လူ၊ ဘယ်အချိန်၊ ဘယ်အကြောင်းနဲ့၊ ဘယ်အရပ်၊ ဘယ်အချိန် သေရမယ်ဆိုတာ မသိတဲ့သတ္တဝါ။ ဒါ--- လူ---။ လူ---။

အခုတော့ အိမ်မှာ ကုသိုလ်ကံလက်ကျန်လေးနဲ့ အသက်ရှင်နေတာက အမေနဲ့ကျွန်မ။ အမေကလည်း အပူသည်၊ ကျွန်မကလည်း အပူသည်။ အပူသည် အချင်းချင်းတရားမပြနိုင်တဲ့ သောကတွေနဲ့---။

အို--- ဘဝက အကျည်းတန်လိုက်တာ---။

× × ×

"သမီး ချစ်သူရှိနေပြီလား"

"ချစ်ကော ချစ်တတ်ရဲ့လား"

ကျွန်မကို ပြောခဲ့တဲ့ စကား။ အပူသည်မကြီး အမေက၊ အပူ သည်လက်သစ် ကျွန်မကို မေးမိတဲ့ စကား။ အခုတော့ အမေမရှိပြန် ဘူး။ အောင်မြင့်ဆုံးလို့ တစ်နှစ်အကြာမှာ သောကအလွမ်းတွေက၊ ဝေဒနာတွေအဖြစ်နဲ့ နှိပ်စက်ခံရတဲ့ အမေ။ ဘယ်မှာ သက်ဆိုးရှည်နိုင်မှာလဲ။

ကျွန်မကို ချစ်သူရှိနေပြီလားတဲ့။

ချစ်တတ်ပြီလားတဲ့---။

အိုး---။ အမေရယ်။ လူ့ဘဝရောက်စက အဖေနဲ့အမေကို ချစ်ခဲ့တာ။ နောက် အစ်ကိုနဲ့ မောင်လေးကို ချစ်ခဲ့တာ။ နောက်- ချစ်သူတစ်ဦးကို ချစ်ခဲ့တာ။ ကျွန်မ ချစ်သူတွေ တစ်ဦးပြီးတစ်ဦး သေသွားကြပြီ။

ဒါ---ဒါဆိုရင်---အမေပြောတဲ့ တကယ်ချစ်ရမယ့် ချစ်သူကရော--- ကျွန်မရဲ့ တကယ့်ချစ်သူတွေရော ဟုတ်ရဲ့လား။ အမေ မေးခဲ့တာ- အဲသလို မဖြစ်နိုင်ဘူး။ ကျွန်မ အဖြေရှာကြည့်တော့---

ကျွန်မ တကယ်ချစ်ရမယ့် ချစ်သူရှာကြည့်တော့ တွေ့ခဲ့ပါပြီ---။

"အမေ-သမီး ချစ်သူရှိနေပြီ၊ တကယ်ချစ်တတ်ပြီ အမေ---"

သေသွားတဲ့ အမေ့ကို တမ်းတရင်း ပြောမိတဲ့စကား၊ တကယ်လည်း ကျွန်မချစ်သူတွေ့ခဲ့ပြီ။ ချစ်တတ်သွားပြီ။ ဒါကြောင့်လည်း ကျွန်မလေ --- လူ့လောကကိုငြီးငွေ့သွားတယ်။ ဘုရားရိပ် တရားရိပ် ခိုမယ်၊ သီလရှင်ဝတ်တော့မယ်လို့ အပြီးဆုံးဖြတ်လိုက်တယ်။ ရှိနေတဲ့ အိမ်ဝင်းလေးကိုရောင်း၊ ကွယ်လွန်သွားသူတွေအတွက် ကောင်းမှုလုပ်၊ အမျှဝေ---။

ပြီးတော့- သီလရှင်ဝတ်ဖို့ စစ်ကိုင်းတောင်ကိုအလာ---။

တကယ် ချစ်ရမယ့်လူက ကျွန်မကိုယ်ကျွန်မ---။

အဲဒီအချစ်ကမှ သံသရာပြတ်မှာ---။

အဲဒီအချစ်ကမှ တကယ်အချစ်စစ်---။

ကျွန်မချစ်တတ်သွားပြီ။

**တွင်းကြီးသား တင်ဝင်းဦး**



www.burmeseclassic.com

www.burmeseclassic.com

# ထွက်ပေါက်

ကြည်တင့်နိုင်





www.burmeseclassic.com

www.burmeseclassic.com



## "ထွက်ပေါက်"

ကြည်တင့်နိုင်

"ကောင်းတယ် သမီးရဲ့ လုပ်ရပ်မှန်တယ်။ ကိုယ့်ရဲ့ ထွက်ပေါက်ကို တရားသဖြင့်၊ ဥပဒေဘောင်ထဲက လုပ်ရတဲ့ သမီးစိတ်ဓာတ်ကို လေးစားပါတယ်"

ကျွန်တော် နေ့စဉ်ထိုင်နေကျဖြစ်သော ၄၀ ရပ်ကွက်ရှိ "သိန်းကျော်ပွင့်"လက်ဖက်ရည်ဆိုင်တွင် အမှတ်မထင် သိကျွမ်းခင်မင်ခဲ့သည့် အေးမိစံဟု ကျွန်တော် နာမည်ပေးထားသည့် မိန်းကလေးတစ်ဦးနှင့် စကားလက်ဆုံကျနေခြင်းဖြစ်သည်။

ဤလက်ဖက်ရည်ဆိုင်ပိုင်ရှင်သည် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးသော အရာထမ်း ဝန်ထမ်း တစ်ဦးဖြစ်ခဲ့ပြီး တစ်ဖက်မှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် မိသားစုလက်ဖက်ရည်ဝိုင်းလေးကိုဖွင့်ရန် မန္တလေးမှ ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။ လက်ဖက်ရည်ကို အချိုရည်ကျကျနှင့် ကောင်းမွန်စွာ ဖျော်တတ်သော အညာသားလေး အောင်သိန်းဌေး၏ လက်ရာကို ကြိုက်နှစ်သက်သဖြင့် သိန်းကျော်ပွင့်လက်ဖက်ရည်ဆိုင်တွင် နေ့စဉ်နံနက်တိုင်း လက်ဖက်ရည် သောက်ရောက်ခဲ့ရသည်။

နိုင်ငံဝန်ထမ်းအငြိမ်းစားဘဝဖြင့် မိမိဝါသနာပါရှိရာ စာပေရေးသားနေသော ကျွန်တော့်ဘဝတွင် ဝန်ထမ်းဘဝမှ ရရှိခဲ့သော ရောဂါတစ်ခုရှိသည်။ အဆိုပါ ရောဂါမှာ တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်ခန့်မှာ လက်ဖက်ရည်ကျကျ မသောက်ရလျှင် မနေနိုင်သော ရောဂါဖြစ်သည်။ လက်ဖက်ရည်စွဲသည့် ရောဂါဖြစ်မည်ထင်ပါသည်။ သို့ဖြစ်၍ နေ့စဉ် နံနက်တိုင်း နယ်မြို့များသို့ ခရီးမသွားဖြစ်ခဲ့လျှင်၊ သည်ဆိုင်လေးသို့ ရောက်ဖြစ်ခဲ့သည်။ ဤဆိုင်သို့ အများဆုံးရောက်လာကြသူများမှာ ကျွန်တော်ကဲ့သို့ ပင်စင်စားကြီးများသာဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ လူငယ် စုံတွဲများနှင့်၊ မေခလာနှင့်ရုပ်ချင်းဆင်တူသော၊ မမိုးမိုးတို့ တူအရီးနှစ်ယောက်နှင့် သူ၏ ဖခင်နှင့်မိခင်တို့လည်း ပါတတ်ကြသည်။ မမိုးမိုးနှင့်အတူ ပါလာတတ်သော သူမ၏ တူမလေးဖြစ်သူ၊ ကလျာမှာ ချောမောလှပပြီး အသားအရေမှာ ဖြူစင်ဝင်းလဲ့နေသည်။ မနိမ့်မမြင့် အရပ်လေးနှင့် အနည်းငယ်ဝနေသယောင်ထင်ရသော်လည်းကြည့်ကောင်းသော ဥပဓိရုပ်ရည်နှင့် ပြုံးရွှင်နေသော မျက်နှာလေးမှာ အပြစ်ကင်းစင်သော ကလေးငယ်တစ်ဦး၏ အသွင်သဏ္ဌာန်မျိုးဖြစ်သည်။ စကတ်ထဘီကို ဝတ်တတ်ပြီး ဆံပင်တိုလေးနှင့်ဖြစ်ရာ၊ မြန်မာအမျိုးသမီးတစ်ဦးနှင့် မတူဘဲ ကီမိုနိုဝတ်ထားသောဂျပန်မလေးနှင့် တူနေရာ သူမကို ကျွန်တော်က အေးမိစံဟု အမည်ပေးထားသည်။ သူမ၏ အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီဖြစ်သည်။ သူမ၌ သားလေး တစ်ယောက်၊ သမီးလေးတစ်ယောက်ရှိသည်။

အေးမိစံလေး၏ ဘဝမှာ ရုပ်ရည်နှင့်မလိုက်အောင်ပင် ကြမ်းတမ်းလှသည်။ နေပြည်တော်၊ ပျဉ်းမနားဇာတိဖြစ်သော အေးမိစံလေးမှာ အိမ်ထောင်ရေးကံဆိုးရှာသူဖြစ်သည်။ သူမ၏ခင်ပွန်းဟောင်းဖြစ်သူ ခင်မောင်ရင်ဆိုသူမှာ တစ်မိသားစုတည်း အတူနေသူ၊ ညီမအရင်းကို သွေး



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ခိုးယူပေါင်းသင်းပြီး နေအိမ်မှဆင်းသွားခဲ့သည်။

အိမ်ထောင်ရေးနှင့် လူမှုရေး သစ္စာဖောက်ဖျက်ခဲ့သူနှင့် လမ်းခွဲခဲ့ပြီးနောက်၊ သားလေးနှင့် သမီးငယ်လေးတို့ကို ကုမ္ပဏီ တစ်ခုတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ကျွေးမွေးခဲ့သည်။ သို့သော် ကုမ္ပဏီမှ သူဌေး၏ ညီဖြစ်သူ ဘာသာခြား လူငယ်တစ်ဦးက သူတို့၏ ဘာသာသို့ ကူးပြောင်းပြီး သူနှင့်လက်ထပ်ပါလျှင် တိုက်နှင့်ကားနှင့်ထား၍ ကလေးနှစ်ယောက်၏ ပညာသင်ကြားရေးကို တာဝန်ယူမည်ဟု ပြောဆိုကမ်းလှမ်းပြီး နားပူနားဆာ ဖွတ်အတင်းနှောင့်ယှက်လာရာ အေးမိစံသည် အဆိုပါကုမ္ပဏီမှ ချက်ချင်းနုတ်ထွက်ခဲ့သည်။

မိမိဘဝကို မိမိကိုယ်တိုင် သိက္ခာရှိရှိ ထိန်းသိမ်းခဲ့ပြီး၊ နောက်ဆုံး ပန်းရန်သမားဘဝဖြင့် သမ္မာအာဇီဝဘောင်တွင်းမှ ကလေးနှစ်ယောက်ကို မိခင်ကောင်း ပီသစွာ၊ လောကဓံကို ကြံ့ကြံ့ခိုင်ကာ စောင့်ရှောက်ခဲ့သော အာဇာနည်မိခင် တစ်ယောက်ဖြစ်ခဲ့သည်။ လေးစားဖွယ်ကောင်းသော မြန်မာမျိုးချစ်မိန်းကလေးတစ်ဦးပင်။

"ကဲ သမီး၊ ဇာတ်လမ်းလေး ဆက်ပါဦး"

ကျွန်တော်၏ စကားကြောင့် အေးမိစံသည် သူမ၏ ဒေါ်ဒေါ်ဖြစ်သူ မမိုးအားကြည့်လိုက်သည်။

"ပြောလိုက်လေ၊ ကလျာ ဒီဦးဦးက သမီးအကြောင်း ဝတ္ထုရေးမှာ ဦးဦးက စာရေးဆရာလေ"

"ဟုတ်လား၊ ဒါဖြင့်၊ သမီးပြောပြမယ်။ နားထောင်"

"သမီးက နိုင်ငံ... ကုမ္ပဏီ"မှာ အလုပ်လုပ်ခဲ့တာ... တစ်နေ့ သမီးအလုပ်က ပြန်လာ... တာ အမှတ်-၃၆ ဘတ်စကား... ကြီးပေါ်မှာပေါ့။ လူတစ်ယော... က ကားပေါ်မှာ နေရာခုံလွ... တွေရှိရက်သားနဲ့ သမီးနား လာ... ကပ်ထိုင်တယ်။ သူ့ပါးစပ်က အ... ရက်စော်တွေ နံနေတယ်။သူ့အ... သက်က သုံးဆယ်ကျော်လော... ရှိမယ်ထင်တယ်။ အရပ်ပုပု၊ အ... သားညိုညို"

"သူ့လက်တစ်ဖက်... သမီးခါးကို မသိမသာ လှမ်း... တယ်။ ကားပေါ်မှာ လူတွေ...

---

**တစ်နေ့ သမီးအလုပ်က ပြန်လာတာ**

**အမှတ်-၃၆ ဘတ်စကားကြီးပေါ်မှာပေါ့။**

**လူတစ်ယောက်က ကားပေါ်မှာ နေရာခုံလွတ်တွေရှိရက်သားနဲ့**

**သမီးနား လာကပ်ထိုင်တယ်။**

**သူ့ပါးစပ်က အရက်စော်တွေ နံနေတယ်။**

**သူ့အသက်က သုံးဆယ်ကျော်လောက်ရှိမယ်ထင်တယ်။**

**အရပ်ပုပု၊ အသားညိုညို--**



www.burmeseclassic.com

www.burmeseclassic.com



အများကြီး၊ သမီးသိပ်ရှက်သွားတယ်။ နေရာပြောင်းဖို့ကလည်းခုံထွက်ကမရှိ . . .''

''သူ့ပါးစပ်က တိုးတိုးတိုးတိုးနဲ့၊ ချစ်စရာသိပ်ကောင်းတာပဲ၊ ဘယ်မှာနေလဲ၊ လိုက်ခဲ့ရမလားနဲ့ စုံနေတာပဲ ဘာတွေပြောမှန်းမသိဘူး''

သမီး ရှက်လည်းရှက်၊ ဒေါသလည်း ထွက်တာပေါ့နော်။

နောက်ဆုံးသမီး အကြံတစ်ခုရပြီး ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။

ဒီကောင်စုတ်ကို မှတ်လောက်အောင် ပညာပေးလိုက်ဦးမယ်ပေါ့။

''ဒီမှာ၊ ဒီမှာ၊ ရှင်ငြိမ်ငြိမ်နေ၊ ကျွန်မနောက်လိုက်ခဲ့၊ လူတွေရိပ်မိကုန်မယ်'' ဆိုပြီး သူ့ကို မတိုးမကျယ် ပြောလိုက်တယ်။

သကောင့်သားက၊ သမီးပြောတာ ကြားသွားတယ်။ အရက်ဆိုပြန်နေတဲ့ သူ့မျက်နှာက စပ်ဖြီးဖြီးနဲ့ ငြိမ်သွားတယ်။

၃၆ ဘတ်စ်ကားကြီးက

သမီးဆင်းမယ့် မှတ်တိုင်ကျော်သွားပြီ။ သမီး တွေးထားတဲ့ အကြံအစည်ကို အကောင်အထည်ဖော်ဖို့ မဝတလမ်းဆုံမှာ ဆင်းလိုက်တယ်။

အကြံသမား။ တဏှာရူးကောင်ကလည်း သမီးဆင်းတဲ့ မှတ်တိုင်မှာ ဆင်းတယ်လေ။ သမီးနောက်ကို လိုက်လာတယ်။ သည်တော့မှ သမီးက သူ့ကို၊ နီးစပ်ရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ခိုင်းပြီး–

''ရှင် ဒီမှာ ဆက်ဆက်စောင့်နေနော်။ ကျွန်မ ဒီနားမှာ တည်းခိုခန်း တစ်ခန်းရှိတယ်။ စုံစမ်းပြီး ပြန်လာခဲ့မယ်''

ပြောလိုက်တော့ သူ သိပ်သဘောကျသွားတာပေါ့။

သမီးလဲ သူ့ကိုထားခဲ့ပြီး ဒဂုံရဲစခန်းကို လက်ကိုင်ဖုန်းနဲ့ အမြန်ဆက်လိုက်တယ်။

''စခန်းမှူး ဦးဇော်ဝင်းရှိပါသလားရှင်''

''ဟုတ်ကဲ့ ကျွန်တော်တာဝန်မှူးပါ။ ပြောပါ ဘာအကူအညီပေးရမှာလဲ''

''ကျွန်မ မဝတ လမ်းဆုံမှာ စောင့်နေပါတယ်ရှင်။

---

''ရှင်

ဒီမှာ ဆက်ဆက် စောင့်နေနော်။

ကျွန်မ ဒီနားမှာ တည်းခိုခန်းတစ်ခန်းရှိတယ်။

စုံစမ်းပြီး ပြန်လာခဲ့မယ်''



www.burmeseclassic.com

www.burmeseclassic.com





ဇော်ဝင်းရှိန်ရဲ့အစ်မပါ။ အရေး ကြီးလို့ ရဲကားနဲ့နယ်ထိန်းတစ်ဦး ပါ အမြန်လိုက်ခဲ့စေချင်ပါ တယ်''

''ဟုတ်ကဲ့ ကောင်းပါ ပြီ။ ဇော်ဝင်းရှိန်ကို အခုပဲ လွှတ် လိုက်ပါ့မယ်''

မကြာမီ ရဲကားရောက် လာတယ်။ အတော်ပဲ၊ လက် ဖက်ရည်ဆိုင်ထဲမှာ ထိုင်စောင့်နေ တဲ့ သူ့ကို မူးယစ်ရမ်းကားမှုနှင့် လက်ထိတ်ခတ်ပြီး ဖမ်းလိုက်ရော – ဟား ဟား။

သကောင့်သားက ရဲ ကားနောက်ပါသွားရင်း နောက် တော့ တွေ့ကြသေးတာပေါ့တဲ့။ ကြုံးဝါးသွားလိုက်သေးတယ်။

သူ့စကားလည်း ဆုံး ရော လူဆိုးထိန်းလက်ဝါးစောင်း က သူ့နားထင်ကို ဖျောင်းခနဲ ရိုက်လိုက်သံ ကြားလိုက်ရတယ် လေ။

''မှတ်ထား၊ မိန်းမ သားဆိုပြီး စော်ကားချင်တဲ့ ကောင်''

အေးမိစံလေး၏ ပြော စကားနှင့် သူ၏ လျှင်မြန် ဖျတ် လတ်မှု၊ ရဲရင့်မှုရှိပုံကို ကျွန်တော် သဘောကျ နှစ်သက်မိသည်။

မိန်းမသားဆိုပြီး မ တော်မတရားကြံစည်ချင်သူများ ကို အေးမိစံကဲ့သို့ သတ္တိရှိရှိ ဥပ ဒေကိုအကာအကွယ်ယူကာဖြေ ရှင်းနိုင်ကြပါစေဟု ဆန္ဒပြုမိပါ သည်။

မိမိတို့၏ အခက်အခဲ အကျပ်အတည်းကို ထွက်ပေါက် အနေဖြင့် အမှန်တရားဘက်မှ တရားဥပဒေနှင့်တာဝန်ရှိသူများ အမြဲ ထာဝရ ရပ်တည် ကူညီ လျက် ရှိပါသည်။

အမျိုးသမီးတိုင်း အ ရှက်နှင့် ဂုဏ်သိက္ခာကို ကော စွာ ကာကွယ်နိုင်ကြပါစေ

ကြည်တင့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# ဝပ်ဝပ်ရရ စွေစွေစပ်စပ်

ယုယုလွင်



www.burmeseclassic.com

www.burmeseclassic.com



**"စပ်စပ်စုစု**
**စေ့စေ့စပ်စပ်"**
ယုယုလွင်

အစ်ဂနေးရှပ်(စ်)၊

ထူးခြားသော ဆံပင် အဖြူရောင်ပိုင်ရှင် လူငယ် ကလေးသည် တစ်နေ့သော အားလပ်ရက်တွင် အစီအစဉ်မရှိပါပဲ နှင့် တောင်ကုန်းများ၊ ကုန်းမြင့်များရှိရာနေရာသို့ လမ်းလျှောက်၍ ခရီးထွက်လာခဲ့သည်။ ခရီးစဉ် ဒုတိယနေ့တွင် ဘယ်လဒါတောင်ကြားဆီသို့ ရောက်လာသည်။ ထိုနေရာသည် ထူးခြားသောနေရာ ဖြစ်သည်။ တစ်လျှောက်လုံး ကုန်းမြင့်ပြောင်ချောချောများကိုသာ တွေ့လာခဲ့ရပြီးမှ ရုတ်တရက်တွေ့ရသော သစ်တောအုပ်ငယ်ကလေးသည် သီးသန့်ဖြစ်နေသဖြင့် ထင်ရှားစွာပေါ်လွင်လျက်ရှိသည်။ ရှေးခေတ်က ခံတပ်တစ်ခုဖြစ်ခဲ့သော နေရာဖြစ်သည်။

ထိုနေရာသို့ ရောက်အောင် မတ်စောက်သော ဆင်ခြေလျှောကို မောပန်းစွာတက်လာပြီးနောက် တောင်ကုန်းထိပ်အရောက်တွင် တောင်ကုန်းများ၏အလယ်ရှိ မြေနိမ့်ပိုင်းနေရာသို့ လှမ်းဆင်းလိုက်သည်။ ထိုနေရာသည် ပန်းကန်ပြား ပုံသဏ္ဌာန် ဖြစ်နေသည်။ ဟောဟဲဟောဟဲ ဖြစ်နေသော အစ်ဂနေးရှပ်(စ်)သည် အသက်ရှူပြန်မှန်အောင် ပြုလုပ်ရင်း လတ်ဆတ်သောလေကို တဝကြီးရှူကာ အမောပန်းဖြေလေသည်။ အမောဖြေနေရင်း ဟိုဟိုသည်သည် လျှောက်ကြည့်ခဲ့ရာ ထိုနေရာ၏ မလှမ်းမကမ်းတွင် စီးကရက်တိုများကို တွေ့လိုက်ရလေသည်။

ဆေးလိပ်ကို စွဲမြဲစွာ သဲကြီးမဲကြီးသောက်တတ်သူများသည် အမြစ်ကျွတ်၍ လဲနေသော ထင်းရှူးပင်ကြီးပေါ်တွင် ထိုင်ကာ တော်တော်ကြာကြာ စကားပြောခဲ့ကြပုံရလေသည်။ ပြန့်ကြဲနေသော စီးကရက်တိုများမှာ များလွန်းလှသဖြင့် သတိထားမိရင်း ဖြစ်လေသည်။ ထိုစီးကရက်တိုများကို ရေတွက်ကြည့်သောအခါ အလိပ်တစ်ရာကျော်ခန့် သောက်ခဲ့သည်ကို တွေ့ရသည်။ စီးကရက်တစ်လိပ် ကုန်ရန် ဆယ်မိနစ်ကြာသည်ဆို [...] ပါစို့။ အနည်းဆုံး နှစ်နာရီ[...] စကားထိုင်ပြောခဲ့ကြသည်ဆိုလျှ[...] ပင် လူဆယ်ယောက်လော[...] တော့ ရှိလိမ့်မည်။

စီးကရက်တိုများက[...] သေချာစွာ စစ်ဆေးကြည့်သော[...] အခါရုရှားမှလာသော စီးကရက်[...] အမျိုးအစားများ၊ ဘရက်ဂင်က[...] ဆေးဖြင့်လိပ်ထားသော တောင်[...] အမေရိကဘက်မှ ဝင်သော[...] ဆေးလိပ်အမျိုးအစားကိုလည်း[...] တွေ့ရသည်။ အိန္ဒိယ ပြောင်းဖူး[...] ဖက်လိပ်များကိုလည်း တွေ့ရ[...] သည်။ လူတစ်ဦးမှာမူ ပြင်သစ်[...] ကာပိုရယ် စီးကရက်များကို[...] သောက်ထားသည်။ မက်ဒီတာ[...] ရိန်းနီးယန်းဘက်တွင် သောက်[...] လေ့ရှိပြီး အထူးသဖြင့် စပိန်တွင် အများအပြားတွေ့ရသော ကိုယ်[...] တိုင်လိပ်စီးကရက်တိုများကိုလည်း[...] တွေ့ရသည်။ အင်္ဂလိပ်လူမျိုးများ[...] ထဲမှ နိုင်ငံခြား စီးကရက် အရ[...] သာကို နှစ်သက်သူများသည် ဗာ[...] ဂျီးနီးယားဆေးကို အသုံးပြုကာ[...] စက်ဖြင့်လိပ်ထားသော စီးကရက်[...] ကိုသာ သောက်လေ့ရှိကြသည်[...] ထိုဆေးလိပ်မျိုး တစ်လိပ်တလေ[...]

www.burmeseclassic.com



မျှပင် မတွေ့ရချေ။ ထို့ကြောင့် ဤလူအုပ်စုသည် နိုင်ငံခြားသားများပင် ဖြစ်ရမည်ဟု တွက်ဆ၍ရသည်။

ဤ နိုင်ငံခြား အုပ်စုသည် တစ်စုံတစ်ရာကို ဆွေးနွေးရန်အတွက် ဤကဲ့သို့သော ထူးခြား၍ သီးသန့်ရှိသည့်နေရာကို ခက်ခက်ခဲခဲရွေးချယ် ခဲ့ကြသည်ကို အံ့ဩမိသည်။ အသေးအမွှားလေးကအစ ဂရုထားတတ်သော အစ်ဂနေးရှပ်(စ်)၏ မွေးရာပါ စူးစမ်းလေ့လာစိတ်တို့ နိုးကြားလာခဲ့သည်။

စေ့စေ့စပ်စပ် လျှောက်ကြည့်ရင်းမှ နောက်ထပ်အချက်တစ်ချက်ထပ်ရလာခဲ့သည်။ ဤသစ်တုံးပေါ်တွင် ထိုင်ခဲ့ကြသောသူများအနက်မှ တစ်ဦးသည် ကားပြောရင်း နားထောင်ရင်း သူ၏ဓားဖြင့် ရည်ရွယ်ချက်မရှိဘဲ သစ်တုံးကို ခုတ်ခဲ့ဖူးကြောင်း သိလာသည်...

သုံးပစ်၊ သည်ထစ်လုပ်၍ ဆော့ကစားတတ်သော အကျင့်ရှိကြောင်းသိလာသည်။ ကျောက်တုံးတွင် ဓားသွေးထားသည့် အရာများ၊ သစ်ပင်ကို ဓားဖြင့် ထစ်ထားသောအပေါက်များနှင့် ထင်စည်တွင် ဓားဖြင့် ထစ်ထားသော အရာများကိုလည်း တွေ့ရသည်။ အလွန်ထက်ရှသောမကဓားပိုင်ရှင်သည် ဓားကိုအလွန်ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ်တတ်ပြီး ခွန်အားဗလကြီးသူဖြစ်မည်ကိုလည်း ခန့်မှန်း၍ရသည်။ အပင်အောက်ခြေမြေကြီးပေါ်တွင် စာရွက်တစ်ရွက်ကို ပါးလွှာသော သစ်သားအလွှာပါးခပ်ရှည်ရှည်လေးများ၏ အရွယ်အစားအရ ဓားသွားသည် ခုနစ်လက်မခန့် ရှိမည်ကို ခန့်မှန်းနိုင်သည်။ နောက်ဆုံးဓားထစ်ရာ၏ အဆုံးတစ်ဖက်ကို ကြည့်ခြင်းအားဖြင့် အလွန်ကြောက်စရာကောင်းသော ဓားကောက်ကြီးဖြစ်သည်ကို သံသယမရှိ သိလိုက်ရသည်။ စပိန်လူမျိုးများ နှင့် တောင်အမေရိကဘက်တွင် နေထိုင်သူများ၏ တိုက်ခိုက်ရာတွင် သုံးသော လက်နက်တစ်မျိုး ဖြစ်သည်။

သူကောက်ချက်များဆွဲနေစဉ်မှာပင် မိုးကရွာချလိုက်သည်။ အစ်ဂနေးရှပ်(စ်) တစ်ယောက် လမ်းလျှောက်ပြန်လာခဲ့လေသည်။ မိုးကနေ့လယ်ခင်းတစ်ခင်းလုံး တောက်လျှောက်အားရပါးရကိုရွာချနေလေသည်။

အစ်ဂနေးရှပ်(စ်)၊ စိတ်တော့မလျှော့ချေ။ သူစပ်စပ်စုစုတွေ့ခဲ့ရသော အကြောင်းအရာနှင့် ပတ်သက်၍ စူးစူးစိုက်စိုက်ဆက်လုပ်ချင်သည်။ သူ ယခုတည်းခိုနေသော တည်းခိုခန်းရှိလူများသည်လည်းကောင်း၊ ညနေခင်းတွင် ဘားသို့လာရောက်ကြသော သူများသည် လည်းကောင်း၊ ဤခရိုင်တစ်ခရိုင်လုံးတွင် မည်သည့် နိုင်ငံခြားသားကိုမှ မတွေ့မိကြောင်း ပြောဆိုကြလေသည်။ ရွာငယ်လေးတစ်ရွာကို ဖြတ်သန်းသွားမည်ဆိုလျှင် နိုင်ငံခြားသားများဖြစ်စေ၊ ထိုရွာမှမဟုတ်သူဖြစ်စေ၊ မည်သူမဆို ရွာလူထုက သတိထားမိကြသည်သာ။ ရွာကလူများအထူးတလည် အာရုံစိုက်မခံရဘဲ ဖြတ်သွား၍မရချေ။ ယခုမည်သူကမျှ သတိမထားမိသည်က ထူးဆန်းနေသည်။ ကြိုတင်အစီအစဉ်ဆွဲ၍ လျှို့ဝှက်ကြံစည်နေခြင်း ဖြစ်မည်ထင်သည်။ ဘယ်သူမျှ မမြင်အောင် ရှောင်ပုန်း၍လှုပ်ရှားနေခြင်း ဖြစ်ဟန်တူသော်လည်း ဘာကိုမျှ ရေရေရာရာ ခန့်မှန်း



www.burmeseclassic.com

www.burmeseclassic.com



၍လည်း မရသေးချေ။

နောက်တစ်နေ့ မနက်တွင် သူ၏ခြေလျှင်ခရီးကို ဆက်လက်၍ စတင်လိုက်ပြန်သည်။ စီးကရက်တိုလေးများမှ အစပြုလိုက်သော အတွေးမျှင်တို့သည် ယခုအခါ သူ၏စိတ်အာရုံကို ဖမ်းစားလိုက်လေပြီ။ ထို့ကြောင့် သူ၏ခြေလှမ်းများကို စီးကရက်တိုများ တွေ့ခဲ့သောနေရာဆီသို့ ဦးတည်လိုက်သည်။

တောင်ကုန်းထိပ်ဘက် မတ်စောက်သော ဆင်ခြေလျှောများရှိရာ မနေ့က သူရောက်ခဲ့သော နေရာသို့ သွားရန် ကွင်းပြင်များကိုဖြတ်၍ လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ လမ်း၏ဘေးတစ်နေရာတွင် ခြေဖြင့်နင်းထားသကဲ့သို့သော အရာအနည်းငယ်သည် လမ်းကလေးတစ်လမ်းလိုလို ဖြစ်နေသည်ကို အမှတ်မထင်တွေ့ရသည်။ ထို့ကြောင့် သွားကြည့်လိုက်ဦးမည်ဟု အတွေးပေါက်ကာ အရာအတိုင်းလျှောက်သွားကြည့်သောအခါ သစ်ပင်ကစ်ပင်တွင် အဆုံးသတ်လေသည်။ နေရောင်အောက်တွင် အပင်ခြေရှိ စီးကရက်တိုများကို အဖွေးသားတွေ့လေသည်။

၎င်းစီးကရက်တိုများမှာမူ သူတောင်ကြားတွင် တွေ့ခဲ့ရသော စီးကရက်တိုများ အနက်မှ ပြောင်းဖူးဖက်လိပ် စီးကရက်တိုများ ဖြစ်နေသည်။ ၎င်းသည် မနေ့ညက တစ်ညလုံး ၎င်းနေရာတွင် ရှိနေခဲ့ပုံရသည် မနည်းလှသော စီးကရက်တိုများ၏ အရေအတွက်နှင့် ပစ်ထား သည်မှာသိပ်မကြာလှသေးသော အခြေအနေတို့က ဖော်ပြလျက် သည်။ အချို့ စီးကရက်တိုများ မီးရှာချခံထားရပုံရသကဲ့သို့ အ စီးကရက်တိုများမှာ မပျက်မ ရှိနေသေးသည့်အတွက် မီးတိ ပြီးနောက်ပိုင်းတွင်လည်း ဆ ရှိနေပုံရလေသည်။

ထို့ပြင် ၎င်းမျှကြာ စီးကရက်သောက်ရင်း ၎င်းနေ တွင်ရှိနေသမျှမှာသစ်ပင်အော တွင် နေနေခြင်းတော့ မဖြစ် မီးရှာနေစဉ် မီးရှာပြီး ၎င်း လောက် အချိန်ကြာအောင် သော်လည်း မြေပြင်ပေါ်တွင် ဖြင့် နင်းထားသောအရာ တ တစ်ရာမျှ ရှိမနေခြင်းက ဖေ နေလေသည်။ သစ်ပင်ပေါ် တိတ်တဆိတ်ရှိနေခဲ့ပုံရလေသ

အစ်ဂနေးရှပ်(စ်) သ ပင်ပေါ်သို့ တက်ကြည့်လိုက် နောက် ဆက်လက်တွေ့ရှိ အချက်များက ထိုသူသည်





www.burmeseclassic.com

www.burmeseclassic.com



သမားဖြစ်သည်ဟူ၍ သိရစေသည်။ အနီးရှိ သစ်ကိုင်းကို ဓားဖြင့်ဟိုပစ်၊ သည်ပစ်၊ ဟိုထစ်၊ သည်ထစ်လုပ်ကာဆော့ကစားထားသော အရာများကို တွေ့ရလေသည်။ တွေးကြည့်သည်။ ထိုသူ ဒီမှာ ဘာလာလုပ်သနည်းဟု။ အပင်ပေါ်မှ ဟိုဟိုသည်သည် လှမ်းကြည့် လိုက်သောအခါ တိုက်နံရံတွင်တွယ်တက်နေသော နွယ်ပင်စိမ်းများရှိသည့် ရှေးအိမ်တစ်လုံးကို ခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရလေသည်။ ပြတင်းပေါက် တစ်ခုခြင်းစီမှ မီးအလင်းရောင်ဖြင့် အခန်းများထဲကို မြင်နိုင်သည်။ ထိုသူသည် တစ်ညလုံးထိုင်၍ အချိန်ဖြုန်းကာ ထိုအိမ်တွင် နေထိုင်သူများ၏အခြေအနေကို လေ့လာခဲ့ဟန်တူပေသည်။

အစ်ဂနေးရှပ်(စ်)သည် ရှေ့ဆက်၍ မသွားတော့ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့သည်။ သူတည်းခိုရာ ရွာသို့မပြန်တော့ဘဲ ဤအိမ်အနီးအနားရှိ ရွာကလေးတွင် အခန်းတစ်ခန်းငှားလိုက်သည်။ လူအုပ်စုတစ်စု၏ တိတ်တဆိတ်အစည်းအဝေးနှင့် ပတ်သက်၍လည်းကောင်း၊ ဓားသမား၏ မကြံကောင်းမစည်ရာ လျှို့ဝှက်ကိစ္စကို လည်းကောင်း အဖြေရှာလိုလှသည်။

ထိုအိမ်ကြီးအကြောင်းကိုတော့ သိပ်မစုံစမ်းလိုက်ရဘဲ ယခု ထိုအိမ်တွင် ရှိမနေချေ။ အားလပ်ရက် အပန်းဖြေအိမ်ဖြစ်ပြီး နောက်သုံးလေးရက်ကြာလျှင် သူ့မိသားစုနှင့်အတူ ရောက်လာလိမ့်မည် ထင်သည်ဟု သိရသည်။ သူ့ဇနီး၊ ဆယ့်ငါးနှစ်အရွယ် သမီးတစ်ယောက်၊ ဆယ်နှစ်အရွယ်သားတစ်ယောက် ပါလာလိမ့်မည်ဖြစ်သည်။ မက်ဂရန်တို့ မိသားစုသည် ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေကြကြောင်း သိရသည်။

အစ်ဂနေးရှပ်(စ်)သည် ရာဇဝတ်မှုများနှင့် တစ်ခါမျှ ရင်ဆိုင်တွေ့ကြုံခဲ့ရခြင်း မရှိခဲ့ချေ။ ယခုကိစ္စတွင်မှ ဖြစ်လာနိုင်သော အလားအလာများကို တွေ့နေရသဖြင့် ရာဇဝတ်မှု တစ်ခုခုဖြစ်တော့မည်ကို ကြိုတင်မှန်းဆမိနေသည်။ထိုသကောင့်သားသည် ရာဇဝတ်မှု ကျူးလွန်ရန် အစီအစဉ်ပင် ဆွဲထားပြီးနေလောက်ပြီ။

ညဆယ့်တစ်နာရီခွဲခန့်တွင် တစ်ရွာလုံးအိပ်မောကျနေသဖြင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ ညကလည်း မှောင်မည်းလျက် ရှိသည်။ သူသည် ဗိုလ်ချုပ်မက်ဂရန်၏ အိမ်ခြံစည်းရိုးအနီးသို့ ရောက်နေသည်။ ထိုစဉ်တွင် ကြားလိုက်ရသော တိတ်တဆိတ် လှုပ်ရှားနေသလို အသံများက သူ့ကို ခြံစည်းရိုးတွင် နွယ်တက်နေသော ချုံပင်များအနီးရှိ ကောက်ရိုးပုံကြီးရှိရာသို့ခေါ်ဆောင်သွားလေသည်။

မိကျောင်းသွားသွား၍ အနီးကပ်ကြည့်လိုက်သောအခါ လူနှစ်ယောက်သည် တစ်စုံတစ်ရာကို ပြုလုပ်နေသည်ကို တွေ့ရလေသည်။ ချုံပင်များကြောင့် ဘာလုပ်နေသည်ကို မသိရသော်လည်း အသံများကို နားစွင့်ကြည့်သောအခါ မက်ဂရန်၏ ခြံဝင်းအတွင်း ခြံစည်းရိုးနှင့် ကပ်လျက် ကောက်ရိုးပုံထဲတွင် အပေါက် တစ်ပေါက်ဖြစ်အောင် ဖောက်နေသည်ဟု ထင်မိသည်။

ထူးထူးဆန်းဆန်းပါလား။ ခြံစည်းရိုးနှင့် ကပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



အခြမ်းတွင် အပေါက်ရှိသည်ကို မည်သူကမျှ စဉ်းစားမိလိမ့်မည် မဟုတ်။ ရှာဖွေလိမ့်မည်မဟုတ်၊ သိပင်သိလိမ့်မည်မဟုတ်ချေ။ သူ တွေ့ရှိသမျှကို ဆက်စပ် စဉ်းစားရင်း အချိန်တော်တော် ကြာသွားသည်။ သူတို့ ဘာကို ဖွက်မည်နည်း။ ပုန်းဖို့နေရာလား။ အပေါက်ဖောက်နေသူများမှာ မည်သူတွေနည်း။

မည်သူတွေနည်းဟူသော မွေးခွန်းအတွက် မကြာမီ အဖြေရလာသည်။ နှစ်ယောက် အနက် တစ်ယောက်က ရုရှားသံဝဲဝဲဖြင့် အင်္ဂလိပ်လို ပြောနေသည်။ နောက်တစ်ယောက်က စပိန်လို ပြန်ပြောသည်။ ထို့နောက် အင်္ဂလိပ်လိုပြောသည်။ သူတို့ အလုပ်အကြောင်းတွေ ပြောနေကြသည်။

''ဒါပေမဲ့ ငါတို့ရတဲ့ ပိုက်ဆံက ရသင့်ရထက် ပိုရနေတာကွ။ ငါတို့က အန္တရာယ်များတဲ့အလုပ်တွေကို လုပ်နေတဲ့ လူတွေလေ။ 'ရေးတင်း' ဆီက အခုလို အလုပ်မျိုးရလိမ့်မယ်လို့ မထင်မိဘူး''

ထိုစကားအရ ရေး

တင်းဟူသော အမည်တစ်ခုကို မှတ်မိလိုက်သည်။ ထို့နောက် အလုပ်ပြီးသွားပုံရသော စကားသံများကို ကြားရသဖြင့် အစ်ဂနေးရှပ်(စ်)သည် ပုန်းခိုရန်အတွက် နေရာရှာကာ ခြေလှမ်းအသာလေး အရှေ့တွင် ခြေချော်သွားလေသည်။ လဲမကျစေရန် ကိုယ်ကိုထိန်းကာ အနီးရှိ သစ်ပင်ကို ဖမ်းကိုင်လိုက်သည်။ ခန္ဓာကိုယ်၏ အရှိန်ကြောင့် သစ်ပင်သည် အနည်းငယ် လှုပ်ယမ်းသွားပြီး ချုံပုတ်မှ

သစ်ရွက်များ လှုပ်ရှားသွားသော အသံ အနည်းငယ် ထွက်သွား[...] သည်။

စပိန်ထံမှ အာမေဍိတ်[...] အသံကို ကြားလိုက်ရပြီး မှ[...] တရက် 'ဖတ်'ခနဲအသံနှင့်အ[...] အစ်ဂနေးရှပ်(စ်)၏ ကုပ်အ[...] ထဲသို့ ဘာမှန်းမသိသော အ[...] တစ်ခု ဝင်သွားလေသည်။နော[...] တစ်ကြိမ်'ဖတ်'ခနဲအသံနှင့်အ[...] တစ်စုံတစ်ခုသည် အစ်ဂနေးရှ[...] (စ်)၏ လက်ညှိုးကို ရှပ်ထိသွား[...] ကာ သစ်ပင်တွင် သွားစိုက်[...]





www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူလှမ်းကြည့်လိုက်သောအခါ ငှက်မွေးကလေးပါသော မြားသေးသေးလေး ဖြစ်နေလေသည်။ ချက်ချင်းဆိုသလိုပင် သူ့လက်ညှိုးသည် ပြင်းထန်စွာ နာကျင်လာလေသည်။ လျှပ်တပြက်အတွင်းတွင် မြန်လိုက်သည့်ဖြစ်ခြင်း။ နောက်ထပ်မြားတစ်စင်း မပစ်လွှတ်မီ အသံတိတ်ခါးကို ကုန်းကာ သတိကြီးစွာထားပြီး ဝေးဝေးသို့ လျင်မြန်စွာ ပြေးထွက်ရှောင်ရှားရလေသည်။ လိမ္မာပါးနပ်မှ တော်ကာကျမည်။

ယခုလောက်ဆိုလျှင် သူစောစောက ရှိနေခဲ့သော သစ်ပင်ဘက်သို့ ရောက်နေလောက်ပြီဖြစ်သော ထိုသူနှစ်ယောက်၏ အနောက်ဘက်သို့ရောက်အောင် မြန်ပတ်ကာ သွားပြန်လေသည်။ ကံကတော့ကောင်းနေသည်။ သူ ကောက်ရိုးပုံဆီသို့ ရောက်သောအခါ စောစောက သူရှိခဲ့သော နေရာတွင် ရောက်နေသော လူနှစ်ယောက်သည် သူ့ကို ရှာနေကြသည်။

"ဒီနားမှာ တွေ့လိုက်တာကွ"

စပိန်က ပြောသည်။

ရုရှားက –

"ဒါပေမဲ့ ဘယ်သူမှ မရှိတာ။ သစ်ပင်ကို လေတိုးတဲ့ အသံဖြစ်မှာပါ"

"မဟုတ်ဘူး၊ လူတစ်ယောက်ကွ"

"ဟော ဒီမှာ မင်း ပစ်လိုက်တဲ့မြား၊ သစ်ပင်မှာ စိုက်နေတယ် တွေ့လား။ စိုက်နေတဲ့နေရာက သစ်ခေါက်ကြီးကို မင်းက လူမျက်နှာလို့ ထင်သွားတာ ဖြစ်မှာပါ"

"ဟုတ်ချင်လဲ ဟုတ်မှာပါလေ။ ငါမြားချက်သာ မှန်လို့ကတော့ သူ့အလောင်းကို ဒီနေရာမှာ တွေ့ရမှာပဲ"

စပိန်သည် သူ ပစ်လိုက်သည်မှာ လူမဟုတ်ဟု ယုံကြည်သွားကာ ဆက်မရှာတော့ဘဲ ထွက်ခွာသွားလေသည်။

အခုမှ အစ်ဂနီးရှပ်(စ်) လန့်လာသည်။ သူ့အကျီအိတ်ထဲမှ ကြိုးစကို ထုတ်၍ လက်ကောက်ဝတ် အထက်နားတွင် တင်းကျပ်စွာ စည်းလိုက်သည်။ ဒဏ်ရာရှိအဆိပ်များ ပြန့်ကုန်မည်စိုး၍ လက်ညှိုးကို မလှုပ်မိစေရန် ပါလာသော ခဲတံတစ်ချောင်းဖြင့်ခံ၍ စည်းထားလိုက်သည်။ စပိန်တို့ အသုံးပြုလေ့ရှိသော ထိုလက်နက်သည် ပြောင်းတွင် မြားကိုထည့်ကာ ပါးစပ်ဖြင့် မှုတ်၍ ပစ်ရသော လက်နက်ဖြစ်သည်။ 'ကူရာရီ' အမည်ရှိသော အဆိပ်ကိုမြားတွင်သုတ်လိမ်းထားသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် အ လွန်ထိရောက်သော သေမင်းတမန် လက်နက်ဖြစ်သည်။

ထို့နောက်တွင် ကောက်ရိုးပုံကို စစ်ဆေးကြည့်သောအခါ ကောက်ရိုးပုံထဲတွင် မိကျောင်းတွားသွား၍ရသော အပေါက်တစ်ပေါက် ဖောက်ထားသည်ကို တွေ့ရလေသည်။

သေမင်းနှင့် သီသီလေး ကပ်လွဲလာသော အစ်ဂနေးရှပ်(စ်)သည် တည်းခိုခန်းသို့ အသော့နှင်၍ သူ့အခန်းသို့ ပြန်ရောက်လာသည်။ ဘယ်ဘက်လက်သည် နာကျင်လွန်းလှသဖြင့် သတိပင် လစ်လုမတတ်ပင်။ ဆိုးရွားလှသော ညကို ဖြတ်သန်းနေရင်းမှ ထိုအဆိပ်များ ပြန့်မကုန်သည်ကိုပင် ကြံဖန်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဖူးတင်ရသေးသည်။ အသက်နှင့်ကိုယ်ကတော့ အိုးစားမကွဲသေးချေ။

နောက်တစ်နေ့တွင် ထိုရွာ၌ တာဝန်ကျနေသော လန်ဒန်မှဆရာဝန်ထံတွင် ဆေးကုရသည်။ ဆရာဝန်က သွေးတိတ်ရန်စည်းထားသော ကြိုးရှိနေ၍သာ ဒဏ်ရာမှတစ်ဆင့် အဆိပ်များသွေးကြောများအတွင်းသို့ ပြန့်မကူးနိုင်ရခြင်းဖြစ်ကြောင်း ပြောပြသည်။ 'ဖတ်'ခနဲအသံမြည်ပြီးနောက် သူ့ကုတ်အင်္ကျီပွကြီးတွင် စိုက်နေသော မြားတိုကလေးကို စစ်ဆေးကြည့်သောအခါ အမှန်တကယ်ပင် "ကူရာရီ"အဆိပ်ဖြစ်နေလေသည်။ တော်ပါသေးရဲ့။ ကုတ်အင်္ကျီပွနေပေလို့ဟုတွေးမိသည်။

အစ်ဂနေးရှုပ်(စ်)သည် သူ့အခန်းသို့ ပြန်လာပြီးနောက် စီအိုင်ဒီမှထောက်လှမ်းရေးအရာရှိ တင်း(မ်)လီဗာထံသို့ အဖြစ်အပျက်အပြည့်အစုံကို ဖုန်းဆက်လိုက်ပြီးနောက် ပင်ပန်းနွမ်းနယ်နေသော သူ၏ ခန္ဓာကိုယ်ကြီးကို အိပ်ရာပေါ်သို့ လှဲချကာ အနားယူလိုက်လေသည်။

တင်း(မ်)လီဗာရောက်လာသောအခါ အစ်ဂနေးရှုပ်(စ်)ကို နှုတ်ဆက်လိုက်ပြီးနောက် သူ့ပုံစံအတိုင်း ရှင်ပျသွက်လက်စွာဖြင့် ကိစ္စကို ကိုင်တွယ်သည်။

တင်း(မ်)က "ဒီကိစ္စက တော်တော်ဆိုးရွားတဲ့ ကိစ္စပဲ။ ဒီကောင်တွေရဲ့ လက်စွမ်းကတော့အခု ခင်ဗျားကြုံခဲ့ရတာနဲ့ တင် သိခဲ့ရတယ်။ အချက်အလက်တွေအရ နိုင်ငံခြားသားတွေသောက်တဲ့ နိုင်ငံခြားဖြစ် စီးကရက်တိုတွေကတစ်ဆင့် သိလိုက်ရတဲ့ တိတ်တဆိတ် လှုပ်ရှားနေတဲ့ ဂိုဏ်းတစ်ဂိုဏ်း။ လက်နက်ပုန်း၊ စကားသံတွေထဲက "ရေးတင်း(စ်)"ဆိုတဲ့ နာမည်။ ရုရှားသွင်ပြင် လက္ခဏာတွေ၊ ရုရှားစီးကရက်၊ ကောက်ရိုးပုံနားမှာ ရောက်နေတဲ့ စပိန်နဲ့ရုရှားလူမျိုးတစ်ယောက် ချုပ်လိုက်ရင်တော့ ရုရှားကို သတိထားရမှာပေါ့။ ဒါနဲ့ အိမ်ပိုင်ရှင် 'ရေတပ်ဗိုလ်ချုပ် မက်ဂရန်" ဘယ်သူလဲ ဆိုတာ သိလား"

အစ်ဂနေးရှုပ်(စ်)က "သိတာပေါ့ဗျာ၊ သူဟာသိပ်ဦးနှောက်ကောင်းတဲ့ လူတစ်ယောက်ပဲ။ ရေတပ် သေနင်္ဂဗျူဟာ စစ်ပညာကို စာအုပ်လည်း ထုတ်တယ်။ သင်လည်းသင်ပေးတယ်။ နိုးကြားတဲ့ လူဖြစ်ပြီးတော့ ရေတပ်မှာ လက်ရှိအလုပ်လုပ်နေတယ်။သူလက်ထပ်ခဲ့တဲ့ အမျိုးသမီးကတော့ "

" ဟိုး ဟိုး ဆရာ ရေတပ်အကြောင်းပဲ ပြောပါဗျာ။ မိန်းမအထိတော့ မလိုပါဘူး" တင်း(မ်)လီဗာက ပြုံး၍ပြောလိုက်သည်။

"ကျွန်တော်တို့ စဉ်းစားရမှာက ဗိုလ်ချုပ်မက်ဂရန်အကြောင်းပါပဲ၊ သူဟာ ဒီနယ်မြေမှာရှိတဲ့ ရေတပ်ရုံးနဲ့ အဆက်အသွယ်ရှိတယ်။ နောင်ဆက်လက်တိုးတက်လာမယ့်ရေတပ်သေနင်္ဂဗျူဟာတွေကို ဝေဖန်အကြံပြုတဲ့ အုပ်စုတစ်စုဖွဲ့ထားတယ်။ ... ဟာလည်း နောင်ကြုံတွေ့ရမယ့် စစ်ပွဲတွေကို ရင်ဆိုင်ဖို့ ရေတပ်မတော်အတွက် စီမံကိန်းဆွဲတဲ့အခါ အကူအညီပေးဖို့ပါ..." တင်း(မ်)ကပြောနေရင်းမှ ခေတ္တစဉ်းစားလိုက်ပြီး–

"ဒီ နိုင်ငံခြားသားတွေ ... ပတ်သက်လို့ အထူးသဖြင့် ရုရှား...



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ပေါ့။ တစ်ခုတော့ ဆက်စပ် စဉ်းစားလို့ရတယ်။ ရေတပ်စစ်ပွဲတွေအတွက် ဗိုလ်ချုပ်ဟာ တက်ကြွစွာ ဆောင်ရွက်နေတာဆိုတော့ ဒီလူတွေဟာ ဗိုလ်ချုပ်ရဲ့အိမ်ကို ဝင်တိုက်ကြမလို့ အစီအစဉ် ဆွဲနေတာများလား။ နောက်တစ်ခုက သူတို့ဟာနောင်လာမယ့်စစ်ပွဲတွေအတွက် တိတ်တဆိတ်အကွက်ချအစီအစဉ်ဆွဲပြီး ဗိုလ်ချုပ်ကို တစ်ခုခုလုပ်လိမ့်မယ်။ ရုရှားနဲ့ ငါတို့အင်္ဂလိပ်တွေကြားက ချစ်ကြည်ရေးတည်မြဲစေမယ့် ရှုထောင့်က ကြည့်ရင် ဗိုလ်ချုပ်ဟာ ရေတပ်စစ်ပွဲ တစ်ခုကို ဆက်လက်လှုပ်ရှားဖို့ ပြင်ဆင်နေတယ်လို့ ထင်နေတာ ဖြစ်မယ်။ စစ်ပွဲအတွက် အနှောင့်အယှက်မရှိ ပြင်ဆင်နိုင်အောင် အစီအစဉ်ဆွဲနိုင်ဖို့ အားလပ်ရက်ကို ဒီအိမ်မှာလာ အသုံးပြုလိမ့်မယ်ဆိုတာကို သူတို့ကြိုသိနေလိမ့်မယ်--

"ခင်ဗျား တွေ့ခဲ့တဲ့ အထောက်အထားတွေဟာ ဒီကိစ္စအတွက်လုပ်နေကြတာ။ကောက်မိုးပုံထဲကအပေါက်ကတော့တိတ်တဆိတ် ချဉ်းကပ်တဲ့ အချိန်မှာ ပုန်းအောင်းဖို့ဖောက်ထားခဲ့တာပဲ" ထို့နောက် တင်း(မ်)က ဆက်၍-

"ခင်ဗျားကို မစွန့်စားစေချင်ဘူး၊ ကျန်တဲ့အပိုင်းကို ရှင်းဖို့ပဲ ကျန်ပါတယ်။ ခင်ဗျား တာဝန်ပြီးပါပြီ။ ထူးခြားရင် သတင်းပေးပါ့မယ်"

တင်း(မ်) ထွက်သွားပြီးနောက် အစ်ဂနေးရှုပ်(စ်)သည် ဖြစ်ပျက်ခဲ့သမျှကို ပြန်စဉ်းစားကြည့်ရင်း စိတ်ထဲတွင် တစ်ခုခု ထင်နေသဖြင့် နိုင်ငံတကာရေးရာနှင့်နိုင်ငံတကာ စီးပွားရေးကို အထူးပြု လေ့လာခဲ့သူ ရှေ့နေများဖြင့်ဖွဲ့စည်းထားသည့်ကုမ္ပဏီတစ်ခုသို့ ဖုန်းဆက်ကာ အလေးအနက်စိတ်ပါလက်ပါ အချိန်ရှည်ကြာစွာစကားပြောနေလေသည်။ ထို့နောက်ငြိမ်သက်စွာ ပြန်ထိုင်နေပြီး စောင့်နေလေသည်။

နောက်တစ်နေ့တွင် တင်း(မ်)လီဗာသည် အစ်ဂနေးရှုပ်(စ်)နှင့် ဆုံတွေ့ကာ အခြေအနေကို ပြောပြလေသည်။

"ခင်ဗျားရဲ့ ကိုယ်ပျောက်လူဆိုးတွေကိုတော့ မတွေ့သေးဘူး။ ဒါပေမဲ့ ဖမ်းဖို့တော့ပြင်ဆင်ထားတယ်။ ကမ်းရိုးတန်းကနေ တောင်ကြားကို သွားတဲ့လမ်းဘေးတစ်ဖက်မှာ အသုံးမပြုတော့တဲ့ ထုံးတွင်းဟောင်းတစ်ခုရှိတယ်။ အဲဒီမှာ ကားတစ်စီးထိုးထားတဲ့ အထောက်အထားတွေတွေ့ခဲ့ရတယ်။ အဲဒီထုံးတွင်းနားမှာရှိတဲ့ လမ်းမှာထိုးထားတဲ့ ကားဘီးရဲ့ တာယာကပန်းရဲ့အရာကိုတွေ့ရတယ်။ အဲဒီ ဘီးရာတွေဟာ လမ်းမကြီးဆီကို ရောက်တဲ့အခါမှာ ကားဘီးရဲ့ ပန်းကဒီဇိုင်းကိုမတွေ့ရတော့ဘူး"

"ဒါဆိုရင် ကားဘီးမှာ တာယာအပတ်အပိုကို ထပ်ပတ်ပြီး ပြောင်းပစ်လိုက်တာပေါ့"

"ဟုတ်တယ်။ ထပ်ပတ်ပြီး လမ်းကြောင်းကို ဖျောက်ပစ်လိုက်တာပဲ။ ဒါကိုကြည့်ခြင်းအားဖြင့် မရိုးသားတာကတော့ သေချာတယ်။ ဒါပေမဲ့ ထုံးတွင်းနားမှာရော လမ်းတစ်ခုချင်းစီမှာပါ ကျွန်တော့်ရဲ့ အထူးတပ်ဖွဲ့တွေ ကိုယ်ရောင်ဖျောက်နေရာချထားပါတယ်။ မလွတ်စေရပါဘူး"

တင်း(မ်)က ပြုံး၍ပြောလိုက်ပြီးဆက်၍-



www.burmeseclassic.com

www.burmeseclassic.com





''ဗိုလ်ချုပ်မက်ဂရန်ရဲ့ သဘောတူညီချက်နဲ့ သူ့လုံခြုံရေးအတွက် အောက်ထပ်မှာရော၊ စာကြည့်ခန်းမှာပါ ဗိုလ်ချုပ်အနားမှာ အစောင့်အကြပ်တွေ ချထားပေးပါတယ်။ ခြံဝင်းထဲမှာလဲ အစောင့်တွေရှိတော့ အိမ်ထဲကို လုံခြုံစေပါတယ်''

တင်း(မ်)နှင့် စကားပြောပြီးသောအခါ သူ့စိတ်ထဲမှ ထင်နေသော ကိစ္စအတွက် နိုင်ငံတကာ ရှေ့နေများအဖွဲ့သို့ ဖုန်းဆက်ပြန်သည်။ ကျေနပ်လောက်သည့်အချက်ကို မရရှိသေးချေ။

နောက်တစ်နေ့သို့ ရောက်လာပြန်သည်။ တင်း(မ်)ထံ အခြေအနေများ စိုးရိမ်ဖွယ်ရှိနေသော်လည်း ယခုအချိန်အထိ ဘာမှဖြစ်မလာသေးကြောင်း စပိန်ဓားသမားသည် မနေ့ညကလည်း စောင့်ကြည့်နေကျ သစ်ပင်တွင်ရှိသည်ဟု သတင်းပို့ကြောင်း။ မော်တော်ကားမှာလည်း ထုံးတွင်းသို့ရောက်မလာကြောင်းနှင့် စိုးရိမ်ဖွယ်ရာဖြစ်စဉ်မှုတစ်ခုမျှမရှိကြောင်း ပြန်ပြောလေသည်။

ယနေ့လည်း အစ်ဂနေးရှပ်(စ်)အဖို့ စိုးရိမ်ပူပန်ရသောနေ့တစ်နေ့ကို ဖြတ်သန်းရပြန်သည်။ ရှေ့နေများအဖွဲ့သို့ နောက်တစ်ကြိမ်ဖုန်းဆက်ကြည့်ပြန်သည်။ မထူးခြားသေးချေ။ ထို့ကြောင့်သည်တစ်ကြိမ်တွင်တော့ ရှေ့နေများအဖွဲ့၏ အကြီးအကဲထံသို့ စာတိုက်နှင့်ညှိနှိုင်းပေးရန် အကူအညီ တောင်းလိုက်သည်။ ဝင်လာသော ကြေးနန်းအားလုံးကို စစ်ဆေးပေးရန်နှင့် သတင်းထူးခြားလျှင် သူနှင့်ဆက်သွယ်ရန်အတွက် ကိုယ်တိုင် လက်ခံဆောင်ရွက်ပေးပါရန် တောင်းဆိုလိုက်လေသည်။

လူဆိုးများဘက်မှ ဘာမှ မလှုပ်ရှားလေလေ၊ အစ်ဂနေးရှပ်(စ်) စိတ်ပူလေလေ ဖြစ်လာသည်။ ညနေဘက်တွင် စိတ်မရှည်နိုင်တော့ဘဲ အချိန်မရွေး နေ့နေ့ညည လိုအပ်သောအချိန်တွင် အမြန်မောင်းနိုင်သော ကားတစ်စီးကို အဆင်သင့်ပြင်ပေးထားပါရန် ကားအငှားဌာနသို့ ဖုန်းဆက်မှာကြားထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တို့ တရွေ့ရွေ့နှင့်ဖြတ်သန်းသွားကြသည်။ ညဆယ့်တစ်နာရီ–ဘာသတင်းမျှမကြားရ။ ဆယ့်နှစ်နာရီ– ဘာဖုန်းမျှမလာ။ တစ်နာရီအထိ သူမအိပ်နိုင်သေး။ အဝတ်အစားလဲကာထိုင်နေသည်။ အဆင်သင့်ထ၍သွားနိုင်အောင်ဖြစ်သည်။ သူ တင်း(မ်)ထံသို့ ဖုန်းဆက်လျှင်ကောင်းမလား၊ သို့သော် တင်း(မ်)သည် မက်ဂရန်၏အိမ်တွင် တီတ်တဆိတ် တာဝန်ယူစောင့်ကြပ်နေသည်။ ဖုန်းသံမြည်လျှင် အစီအစဉ်အားလုံးပျက်ကုန်မည်ကို စိုးရိမ်ရသည်။

နှစ်နာရီ–စိတ်မရှည်နိုင်ခြင်းတို့ ဒီဂရီ တက်လာသည်။

အူကြောင်ကြောင်တော့နိုင်လှသည်။ တင်း(မ်)နှင့်အထူးအဖွဲ့သည် လူဆိုးတို့၏ပစ်မှတ်ဖြစ်သော ဗိုလ်ချုပ်မက်ဂရန်၏ အနီးတွင် ရှိနေသည်။ အိမ်သို့ ဝင်ရောက်လာမည့် အရိပ်အယောင်ပင် မတွေ့ရဘဲစောင့်ကြပ်နေသည်။ အစ်ဂနေးရှပ်(စ်)ဆိုလျှင်လည်း သည်ပုံစံနှင့်အတိုင်း ထိုင်စောင့်နေရသည်။ တစ်ခုခုဖြစ်မည်ကို မှန်းဆမိသော်လည်း ဘာဖြစ်မည်မှန်းမသိဘဲ စောင့်နေကြရသည်မှာ တကယ့်ကို အူကြောင်ကြောင်ပါပဲ။ သူဖုန်းဆက်ထားသောရွှေ့နေထံမှ ဘာသတင်းမျှမရလျှင် သည်အတိုင်း မနက်မိုးလင်းရတော့မည်။

နှစ်နာရီ ဆယ့်ငါးမိနစ်ခန့်တွင် ဖုန်းထမြည်လိုက်သောအသံသည် တိတ်ဆိတ်နေသောအခန်းအတွင်းဝယ်ကျွက်ကျွက်ညံနေလေတော့သည်။

"ဟုတ်ကဲ့ပါ ခင်ဗျာ။ သတင်းရပြီလား။ ကျွန်တော်ထင်နေသလို စိုးရိမ်ရတဲ့ ရာဇဝတ်မှုနှင့် ပတ်သက်နေပါသလား"

ရွှေ့နေက "ဟုတ်ပါတယ်။ တော်တော်စိုးရိမ်ရတဲ့ ရာဇဝတ်မှုပါပဲ" ဟုဆိုကာ ရရှိထားသော သတင်းကို ဖတ်ပြနေစဉ်တွင် လူငယ်လေး အစ်ဂနေးရှပ်(စ်)၏ မျက်နှာသည် ခက်ထန်သော အသွင်သို့ ပြောင်းလဲသွားလေသည်။ ထို့နောက်တွင်တော့ ဖုန်းဆက်မှာထားသော ကားကို ဖုန်းဆက်ကာ လှမ်းခေါ်လိုက်သည်။

နှစ်နာရီကြာမှ မောင်းပြီးသောအခါ မင်ချန်ဂန်၏ အိမ်ရှိရာ အနီးသို့ရောက်လာသည်။ အချိန်က မနက်လေးနာရီကျော်ကျော်၊ မိုးလင်းလုနီးပြီ။ အိမ်ဆီသို့အမြန်မောင်းသွားစဉ်တွင် မျက်နှာချင်းဆိုင်မှ ကားတစ်စီးနှင့် ဆုံသည်။ တင်း(မ်)၏ကားမှန်းသိသည့်အတွက် ကားရပ်၍အကျိုးအကြောင်းမေးကြည့်သောအခါ တင်း(မ်)က အတိုချုံး၍ ပြောပြသည်။

"ဒီညတော့ အလုပ်ပြီးပါပြီ။ ဘာမှမဖြစ်တော့ဘူး"

"လူဆိုးကောင်တွေ မလာဘူးလို့ ဆိုလိုတာလား"

"သူတို့လာတယ်။ ဆယ့်နှစ်နာရီလောက်မှာ ထုံးတွင်းဟောင်းကို ကားရောက်လာပြီး လူတွေက အိမ်ဘက်ကို ထွက်သွားတယ်လို့ သတင်းပို့တယ်။ ခုမနက် သုံးနာရီခွဲလောက်မှာ ထုံးတွင်းမှာ စောင့်နေတဲ့ ကျွန်တော့်လူက ဒီကောင်တွေ အားလုံးကားပေါ်ကို တက်ပြီး ပြန်မောင်းထွက် သွားတယ်လို့ အကြောင်းကြားတယ်။ ဘယ်သွားသလဲဆိုတာကိုအဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင့်နောက်ယောင်ခံလိုက်ကြည့် ခိုင်းလိုက်တော့ ပြန်ပြေးသွားတဲ့ ပုံစံမျိုးဖြစ်နေတယ်။ အိမ်ဆီကို လည်း လုံးဝလာဖို့ မကြိုးစား တော့တာကိုတွေ့ရတယ်။ တစ်ခု ခုကို ကြောက်သွားလို့ ထင်တာ ပဲ''

''သေချာလား''

''သေချာတာပေါ့၊ ကျွန်တော်တို့ ကြောင်တွေကြွက် ချောင်းသလိုချောင်းနေကြတာပဲ''

တင်း(မ်)ထံမှ အဖြေ ကိုရပြီးသောအခါက ချက်ချင်း ပင် လောဆော်လိုက်ကာ နှစ်ဦး စလုံးအိမ်ဆီသို့ ပြန်သွားလိုက် ကြသည်။

''ခင်ဗျားက ဘယ်လို ထင်ပြန်လို့လဲ'' တင်း(မ်)ကမေး လိုက်သည်။

''ထင်ပြန်တာ မဟုတ် ပါဘူး။ အစကတည်းက အဲဒီလို ထင်နေတာပါ။ ဘာမှန်းသေချာ မသိသေးပေမဲ့ ကျွန်တော်တွေး တာ မှန်ရင်တော့ ခင်ဗျား မြင်ရ ပါလိမ့်မယ်''

''အတွေးမှန်ပါစေဗျာ ဗိုလ်ချုပ်ကတော့ ကျွဲမြီးတိုနေ တယ်။ ကျွန်တော်တို့က ပြဿ နာမရှိ၊ ပြဿနာရှာသလိုဖြစ်နေ တာကိုး''

ဗိုလ်ချုပ်သည် အမှန် ပင်စိတ်တိုနေလေသည်။ ဤကဲ့ သို့ မနက်အစောကြီး လေးနာ ရီခွဲလောက်ကြီးတွင် သူကိုယ် တိုင်ဆင်း၍ တံခါးဖွင့်ပေးလေ သည်။ အစ်ဂနေးရှပ်(စ်)၏ မဆီ မဆိုင် မေးခွန်းက ဒေါသကို မီး ခဲဖြစ်အောင် ယပ်ခပ်ပေးလိုက် သလိုဖြစ်သွားလေသည်။

''ဗိုလ်ချုပ်ရဲ့သား အိပ် ရာထဲမှာ ရှိပါသလားခင်ဗျာ''

''စကေ့တလန် ယာဒ်ကတော့ဟေ့–အရူးတွေ ချည့်ပါပဲလား။ ဗိုလ်ချုပ်ရဲ့သား အိပ်ရာထဲမှာရှိပါသလား ဟုတ် လား။ ငါ့သားက မင်းတို့လို အရူးတွေ မဟုတ်ဘူးကွ၊ အိပ်နေ တယ်''

''သေချာအောင် ကျွန် တော် ကြည့်လို့ရမလား''

''မရဘူး''

အစ်ဂနေးရှပ်(စ်)၏ အ မေးကို စိတ်ဆိုးမာန်ဆိုးဖြင့် အော်၍ ဖြေလိုက်သည်။

''အခုကိစ္စက ဗိုလ်ချုပ် သားရဲ့ အသက်နဲ့ယှဉ်တဲ့ ကိစ္စ မို့လို့ပါ''

အစ်ဂနေးရှပ်(စ်)[illegible] တောင်းဆိုလိုက်သည်။ ဗိုလ်ချု[illegible] က အစ်ဂနေးရှပ်(စ်)ကို စူးစိုက်[illegible] ကြည့်လိုက်ပြီး သူ့သားအိပ်ခန်း[illegible] သို့ ခေါ်ဆောင်သွားလေသည်[illegible] အမှန်တကယ်ပင် သူ့သားသည်[illegible] အိပ်ရာထဲ၌ရှိမနေပါချေ။ သူ့[illegible] သားကို အိပ်ရာထဲမတွေ့သော[illegible] အခါ ထိတ်လန့်စွာ မြည်တမ်း[illegible] လေသည်။ သားတော်မောင်[illegible] အိပ်ခန်းဖြစ်သောပထမထပ်သို့[illegible] တက်လာခဲ့စဉ်က တွေ့ခဲ့ရသည့်[illegible] အမျိုးသမီးတစ်ဦးကလည်း ထိတ်[illegible] လန့်စွာ မြည်တမ်းပြန်လေသည်[illegible]

အစ်ဂနေးရှပ်(စ်)[illegible] ဘာမှ ပြောမနေဘဲ အိပ်ရာ[illegible] သို့ ခါးကိုကိုင်းကာ အနံ့ခံကြည့်[illegible] လိုက်သည်။ ဗိုလ်ချုပ်ကလည်း[illegible] သူ့အတိုင်း ခါးကိုကိုင်းကာ အနံ့[illegible] ခံကြည့်လေသည်။

''ကလိုရိုဖောင်း [illegible] ဆေးနံ့ပဲ''

''ဟုတ်ပါတယ်။ [illegible] ရမ်းကို မေ့မြောနေပြီး မနက် [illegible] လင်းမှ မေ့ဆေးက ပြယ်သွား[illegible] မှာပါ''

ဗိုလ်ချုပ်၏ ဖနီးဖြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟန်တူသော စောစောကအမျိုး သမီးသည် ငိုကြွေးလေတော့ သည်။

အစ်ဂနေးရှပ်(စ်) ချက် ချင်း သဘောပေါက်သွားလေ သည်။ ထို့ကြောင့် ဆရာဝန်တစ် ယောက် ချက်ချင်းခေါ်ထားရန် မှာကြားခဲ့ပြီး အခန်းထဲမှ အမြန် ပြေးထွက်ခဲ့လေသည်။ တင်း(မ်) နှင့် ဗိုလ်ချုပ်ကလည်း သူ့ နောက်မှပြေးလိုက်လာကြသည်။ မြန်နိုင်သမျှ အမြန်ဆုံး ပြေး ထွက်လာကြရင်း ကွင်းပြင်ကြီးကို ဖြတ်ကာ အရှေ့ဘက်ဦး၏ အလင်း ရောင် မသဲမကွဲတွင်ပင် သူတို့



ရှေ့မှောက်၌ ကောက်ရိုးပုံကြီး ဘွားခနဲ ပေါ်လာသည်။

အစ်ဂနေးရှပ်(စ်)သည် ကောက်ရိုးပုံနှင့် ခြံစည်းရိုးကြား တွင် ရပ်လိုက်ပြီး ရုရှားနှင့်စပိန် တို့ ဖောက်ထားခဲ့သည့် အ ပေါက်ကြီးကို ပိတ်ထားသော ကောက်ရိုးများကို ဆွဲဖယ်ပစ် လိုက်သည်။ သူ၏ဘေးတစ်ဖက် တစ်ချက်တွင် တင်း(မ်)နှင့် ဗိုလ် ချုပ်တို့ လာရပ်ကြသည်။ နောက် ဆုံးကျန်သော ကောက်ရိုးများကို ဆွဲဖယ်လိုက်သောအခါတွင် ဗိုလ် ချုပ်က 'ဟာ'ခနဲ အော်လိုက် လေသည်။ အပေါက်ထဲတွင်

ထည့်ထားသော ယောကျ်ားလေး တစ်ယောက်၏ ခေါင်းနှင့် ပခုံးကို တွေ့ရလေသည်။ ကောင်လေး သည် အိပ်ပျော်နေပုံရလေသည်။

အစ်ဂနေးရှပ်(စ်) က အပေါက်ထဲမှ မနက်ခင်း လေထု ထဲသို့ လွင့်မျော၍ ထွက်လာ သော အငွေ့တန်းကလေးကို လက်ညှိုး ညွှန်ပြလိုက်သည်။

"ဒါ အပူထွက်လာတာ ပဲ။ ကောက်ရိုးပုံက အသစ်မို့ ထွက်လာတဲ့အပူပဲ။ တစ်နည်း အားဖြင့် သေမင်းတမန်လို့လဲ ခေါ်နိုင်ပါတယ်"

ထို့နောက် ပြောပြော ဆိုဆို ကောင်လေး၏ ဦးခေါင်း ကို ဆွဲထုတ်၍ လည်ပင်းမှသွေး ကြောမကြီးကို စမ်းကြည့်လိုက် သည်။

"ဘုရားသခင်ရဲ့ ကျေး ဇူးတော်ကြောင့် သူအသက်ရှင် နေသေးတယ်။ ဒါပေမဲ့ နောက် ထပ် နာရီဝက်၊ တစ်နာရီ ဒီထဲမှာ ဆက်ရှိနေဦးမယ်ဆိုရင် တဖြည်း ဖြည်းနဲ့ သေသွားလိမ့်မယ်"

ကောင်လေးကို ထုတ် ၍ ချွေးစို့နေသော ခန္ဓာကိုယ်ကို ကုတ်အကျႌနှင့်ပတ်ကာ အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်လာခဲ့ကြသည်။ အသင့်စောင့်နေသောမိခင်နှင့် ဆရာဝန်ထံသို့ လွှဲပေးလိုက်ကြပြီး သူတို့သုံးဦး စာကြည့်ခန်းတွင် ဆုံကြသည်။

အစ်ဂနေးရှပ်(စ်)က စတင်၍–

''ဗိုလ်ချုပ်ရဲ့ ဇနီးက လက်မထပ်ခင်က နာမည်က မှတ်တမ်းအရဆိုရင် ရေးတင်းမိသားစုကဆို ဟုတ်ပါသလား။ ပြီးတော့ တောင်အမေရိကသူဆိုတာရော ဟုတ်ပါသလား''

''ဟုတ်ပါတယ်''

''ဒါဆိုရင် 'ပီပီရေးတင်း' နဲ့ မောင်နှမဝမ်းကွဲတော်တာပေါ့''

ဗိုလ်ချုပ်က ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး

''ဟုတ်ပါတယ်။ ဒီကောင်က သုံးစားမရတဲ့ ကောင်ပါ။ သူ့အကြောင်း ထည့်ပြောစရာ မလိုပါဘူး''

''ဘယ်လိုပဲ ဖြစ်ဖြစ်လေ။ သူက ဗိုလ်ချုပ်ရဲ့ ယောက္ခမကြီး ပိုင်ဆိုင်တဲ့ ဒေါ်လာသန်းပေါင်းများစွာကို အမွေရမယ့် ဒုတိယမြောက် ယောကျ်ားလေး ဖြစ်နေပါတယ်''

''ကိစ္စမရှိပါဘူး။ ကျွန်တော် ယောက္ခမကြီးက သူပိုင်ဆိုင်သမျှ အမွေအားလုံးကို ကျွန်တော့်သားကို ပေးပြီးသားပါ။ ကျွန်တော့်ဇနီးကွယ်လွန်ပြီးနောက်မှ ကျွန်တော့်သား ပိုင်မှာပါ''

ဗိုလ်ချုပ်က ပြောနေရင်း စကားကို ရပ်လိုက်သည်။ ယခုမှ တစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် မျက်နှာအရောင်ပြောင်းသွားကာ ...

''အို ဘုရားသခင်။ ကိုယ်သိပြီ။ တကယ်လို့ ကိုယ့်သားက သူ့အမေထက် အရင်သေသွားရင်တော့ ပီပီဟာ လုံးဝပြိုင်ဘက်မရှိတဲ့ အမွေဆက်ခံသူ ဖြစ်မှာပဲ''

''အဲဒါကို ကျွန်တော် သံသယ ဖြစ်တာ။ ဗိုလ်ချုပ်ရဲ့ ဇနီးဟာ တောင်အမေရိက သန်းကြွယ် သူဌေးကြီးရဲ့ သမီး ဖြစ်တယ်။ ကျွန်တော်အမှတ်မထင်ကြုံတွေ့ခဲ့ရတဲ့ လူဆိုးတွေက လူတစ်ယောက်ရဲ့ နာမည်ကို ပြောလိုက်တုန်းက သူဌေးကြီးရဲ့ နာမည်နဲ့ သွားတူတယ်။ ဒါကြောင့်

မစ္စတာ တင်း(ဗ်)လီဗာ စဉ်းစား... တဲ့ ရှုရှားစပိုင်ဆိုတဲ့ အတွေး... ထက်တောင်အမေရိကသားဘဏ်... များတဲ့ လူလည်တစ်ယောက်နဲ့... ပတ်သက်နေမလားလို့ စိတ်ထဲ... မှာ ထင်မိတယ်။ ဒါနဲ့ နိုင်ငံထ... က ရှေ့နေများအဖွဲ့ကိုဖုန်းဆက်... ပြီးတော့ တောင်အမေရိကသား... ရေးတင်းရဲ့ သေတမ်းစာနဲ့ ပတ်... သက်ပြီး စုံစမ်းပေးဖို့ တောင်းဆို... လိုက်တယ်။ ဒီမနက် (၂)နာရီ... ကျော်လောက်မှ သိရတာက ပီပီ... ဟာ ဒုတိယမြောက် အမွေဆက်... ခံသူ ဖြစ်ရုံသာမကဘူး မကြာ... သေးခင်က ငွေအများကြီးကို... ချေးယူခဲ့တယ်ဆိုတာလဲ သိခဲ့ရ... တယ်။ ဒုစရိုက်သမားတွေနဲ့... ဆက်သွယ်တာကိုလဲ သိလိုက်... ရတယ်။

မှတ်တမ်းတွေအရ... ပထမဦးဆုံး အမွေဆက်ခံသူဖြစ်... တဲ့ ဗိုလ်ချုပ်ရဲ့သားဟာ ကျန်း... မာနေတယ်။ အဲဒါကြောင့်လဲ... ဗိုလ်ချုပ်သား သေသွားဖို့ကို ဖန်... တီးခဲ့တာ။ ကောက်ရိုးပုံအပေါ်က... ဖောက်နေတုန်းက စပိန်သားနဲ့... ရှုရှားတို့ ပြောစကားအရ ... ရေးတန်းမိသားစုထဲက တစ်...



www.burmeseclassic.com

www.burmeseclassic.com



ယောက်က သူတို့ငှားခဲ့တာဆို တာကို သိလိုက်ရပြန်တယ်။ အမွေအားလုံးကို ရချင်လို့ ဗိုလ် ချုပ်ရဲ့သားကို သတ်ဖို့ဖြစ်နိုင် တာကို ဆက်စပ်တွေးမိတယ်''

ထိုစဉ် တင်း(မ်)က

''ဒီကောင်တွေ ဘာ လုပ်မယ်ဆိုတာကို ဘယ်လိုလုပ် တိတိကျကျ သိနေရတာလဲ''

''ကောက်ရိုးပုံကို သုံး လိမ့်မယ်ဆိုတာကို ကျွန်တော် သိခဲ့ပါဘူး။ ရှေ့နေဆီက ဒီ နေ့က် သတင်းရတဲ့အထိ ကျွန် တော် ရမ်းဆပြီးတွေးမိထားတာ ပဲ ရှိပါသေးတယ်။ တင်း(မ်)ရဲ့ ရွှားစပိုင်ဖြစ်နိုင်တယ်ဆိုတဲ့အယူ အဆကလည်းအကျိုးအကြောင်း ခိုင်လုံတဲ့အပြင် လူသတ်သမား ဟာ သူ့ရဲ့ ဓားနဲ့ ရိုင်းရိုင်းစိုင်းစိုင်း သတ်လိမ့်မယ်။ ဒါမှမဟုတ် ကူရာ မီ အဆိပ်မြားနဲ့ လုပ်ကြံလိမ့်မယ်။ ဒီလိုပဲ ထင်ထားခဲ့တာပါ။ တင်း (မ်)နဲ့တွေ့တော့မှ လူဆိုးတွေဟာ အိမ်အနီးတစ်ဝိုက်မှာ တစ်ချိန် လုံးရှိနေခဲ့ရက်နဲ့ အေးအေးဆေး ဆေး တိတ်တိတ်ဆိတ်ဆိတ် ပြန် သွားကြတယ်ဆိုမှတော့ ကောင် လေးရဲ့ အခန်းကို ကြည့်ဖို့ ဆုံး ဖြတ်လိုက်တာ--

''ကလိုရိုဖောင်းနဲ့ သတိ မေ့အောင် လုပ်ပြီးခေါ်သွားတာ ကို သိလိုက်ရတဲ့အခါ ဆက်စပ် စဉ်းစားလိုက်တော့ ကောက်ရိုး ပုံထဲက အခေါင်းပေါက်ဟာ ထိတ်လန့်စရာကောင်းတဲ့ ထူး ခြားချက်မှန်း သဘောပေါက် လိုက်တယ်။ အဲဒီအထဲမှာ လူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ဖွက်ထားလို့ရတယ်လေ။လူသတ် သမားရဲ့ အဓိက အသုံးပြုတဲ့ လက်နက်ဟာ ကောက်ရိုးပုံပဲ''

''ထူးထူးခြားခြားပါ လား၊ ရှင်းပါဦး''

''ဒီကောက်ရိုးပုံက အ သစ်ကြီးဗျ။ လူသတ်သမားက အဲဒါကို ထည့်တွက်ထားတာ။ ကောက်ရိုးပုံအသစ်ဟာ အသက် အန္တရာယ်ရှိတယ်။ ဓာတ်ပြောင်း လဲမှုဖြစ်ပြီး တဖြည်းဖြည်း ပူလာ မယ်။ လူရှိရင် ချွေးတွေပြန်လာ မယ်။ ဒီဓာတ်ပြုမှုမှာ လွန်ကဲတဲ့ အပူကို ထုတ်ပေးရုံမက တစ်ခါ တစ်ရံ လောင်ကျွမ်းအပူကြောင့် မီးထတောက်တတ်တယ်။ အပူ ငွေ့တွေ ထွက်နေတာ ခင်ဗျားတို့ မြင်ခဲ့ကြတယ်မဟုတ်လား။ ကြာ

လာရင် 'အက်ဆီတယ်လ်ဒီ ဟိုက်' လို့ခေါ်တဲ့ သေစေနိုင်တဲ့ အဆိပ်ငွေ့တွေက တဖြည်းဖြည်း ထွက်လာတယ်။ ဒါကြောင့် ကောက်ရိုးပုံလေးက နွေးနေတာ ပဲဆိုပြီး ကောက်ရိုးပုံပေါ် တက် အိပ်တဲ့လူတွေ သေသေကုန်တာ ပေါ့။ တချို့ရွာတွေမှာဆိုရင် ကောက်ရိုးပုံပေါ် တက်မအိပ်နဲ့ သရဲကုပ်ချိုး သတ်လိမ့်မယ်လို့ တောင်ပြောကြတယ်။ ဒီကောင် တွေက အဲဒီ စုန်းကဝေ အယူ အဆတွေနဲ့ သေကြောင်းကြံ လိုက်တာလဲ ဖြစ်နိုင်တယ်--

ပြတင်းပေါက်က မီး အလင်းရောင်တွေကို ကြည့်ပြီး သစ်ပင်ကနေ မှန်ပြောင်းနဲ့ လေ့ လာတာဟာ ဗိုလ်ချုပ်ကိုမဟုတ် ဘူး။ ဗိုလ်ချုပ်သားရဲ့ အခန်းကို လေ့လာတာပါ။ လူသတ်သမား ဟာ အိမ်ဘေးက နွယ်ပင်တွေ ကတစ်ဆင့် အခန်း ရှိရာကို မျောက်တစ်ကောင်လို သွားနိုင် တာပဲ။ သူကိုယ်တိုင်က အသံလုံ တဲ့အပြင် လေကလဲ တိုက်နေ တော့အသံသိပ်မကြားရဘူးပေါ့။ ပြတင်းပေါက်က ဝင်ပြီး မေ့ဆေး နဲ့ ကလေးကို အုပ်ခေါ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ပြီးတော့ ကောက်ရိုးပုံထဲက အပေါက်ထဲမှာ ကလေးကို ထည့်ထားလိုက်တာပဲ---

"မနက်ရောက်တော့ ကလေး ပျောက်နေလိမ့်မယ်။ ကလိုရိုဖောင်း အနံ့ကလဲ မနက်ဆိုရင် ပျက်နေပြီ။ ပထမတော့ ကလေးဟာ အပြင်ထွက်လည်နေတယ်လို့ပဲ ထင်ကြလိမ့်မယ်။ နောက်မှ ပျောက်နေတာမှန်း သိပေမယ့် ရှာလို့တွေ့မှာ မဟုတ်ဘူး။ ကောက်ရိုးပုံထဲမှာ အပေါက်ရှိတာကို ဘယ်သူမှ စဉ်းစားမိမှာ မဟုတ်ဘူး။ အဲဒီ ကောက်ရိုးပုံကြီးကို ရှင်းတဲ့အချိန် တစ်နှစ်ကြာမှလဲ ဖြစ်ချင်ဖြစ်မယ်။ ထားပါတော့ အမြန်ဆုံးဆိုရင် တစ်ပတ်လောက်တော့ ကြာဦးမှာပဲ။ အဲဒီအခါကျမှ ကလေး အလောင်းကို တွေ့ရလိမ့်မယ်"

အစ်ဂနေးရှပ်(စ်)က ဗိုလ်ချုပ်ကို လှမ်းကြည့်လိုက်ပြီး

"ဗိုလ်ချုပ် ဆိုရင်ရော ဒီကလေးဟာ ငယ်သေးတဲ့ အတွက် မစဉ်းမစား စွန့်စားပြီး ဆော့ခဲ့တာလို့ ထင်မိမှာပဲ။ ကြီးမားတဲ့ အန္တရာယ်ကို မသိနားမလည်သေးတဲ့ ကလေးအရွယ်မို့ ဆော့ကစားရင်း သေဆုံးသွားတာလို့ ယူဆမိမှာပဲ။ သေဆုံးသွားပုံကလည်း သဘာဝအတိုင်း သေဆုံးသွားတာ ဖြစ်နေတယ်။ ပီပီရေးတင်း ဖန်တီးခဲ့တဲ့ ရာဇဝတ်မှုဆိုတာကိုတောင် စဉ်းစားမိမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်ဗျာ။ ခုတော့ ရှင်းသွားပါပြီ"

"ကံကောင်းထောက်မစွာ အချိန်မီသွားတာကို ကျေးဇူးတင်ရပါမယ် ဗိုလ်ချုပ်ခင်ဗျာ"

တင်း(မ်)က သွက်လက်စွာ မတ်တတ်ရပ်လိုက်သည်။ ပြီးနောက် . . .

"ဒီလက်ဖျားခါလောက်တဲ့ အာဂလူဟာ ဘယ်လိဒါတောင်ကြားမှာ အမှတ်မထင်တွေ့ခဲ့ရတဲ့ ဆေးလိပ်တိုတွေကို အမှုမဲ့အမှတ်မဲ့ မနေဘဲ လေ့လာဆန်းစစ်ရင်းနဲ့ ဒီရာဇဝတ်မှုကြီးကို ဖော်ထုတ်နိုင်ခဲ့တဲ့ အပြင် ရာဇဝတ်မှု ကျူးလွန်နိုင်တဲ့ အနေအထားကို ကောက်ချက်ချနိုင်ခဲ့လို့လဲ ဗိုလ်ချုပ်သားရဲ့ အသက်ကို လက်မတင်လေးမှာ ကယ်လိုက် နိုင်တာပဲ--

"သီးခြားစီရှိနေတဲ့ အချက်အလက်တွေကို လေ့လာပြီး တစ်ခုနဲ့တစ်ခု ပဟေဠိအကွက်တွေ ဆက်သလို ဆက်စပ်ကြည့်လိုက်တော့ တဖြည်းဖြည်းနဲ့ ရုပ်လုံးပေါ်လာတာပဲ။ မြင်တောင် မမြင်နိုင်ဖူးတဲ့၊ လူသတ်သမားကို ရှာတွေ့နိုင်ခဲ့တာလဲ အစ်ဂနေးရှပ်(စ်)ရဲ့ အစွမ်းပါပဲ--

"အံ့သြတယ်ဗျာ။ အခု ခင်ဗျား ကြုံခဲ့ရတဲ့ လူတွေကို တစ်ယောက်မှ ခင်ဗျားမသိဘဲနဲ့ မြင်တောင်မမြင်ဖူးဘဲနဲ့ လူသတ်သမားကိုဏ်းကြီးတစ်ခုလုံးကို ဖမ်းမိလိုက်တာပဲ။ ငယ်ရွယ်ပေမယ့် စွမ်းရည်ပြည့်ဝတဲ့ ခင်ဗျား ဦးနှောက်ကိုတော့ ချီးကျူးပါတယ်ဗျာ"

တင်း(မ်)က စကားစကို ဖြတ်လိုက်သည်။ ရာဇဝတ်ကောင်များကို ဖမ်းရဦးမည်။

ယုယုလွင်

DAUGLAS NEWTON ၏ "The Hole In The Haystack" ကို ဆီလျော်အောင် ပြန်ဆိုထားသည်။



www.burmeseclassic.com

www.burmeseclassic.com



# နာဂစ်မုန်တိုင်း လေပွေရိုင်းနှယ်

ရှို(တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



## "နာဂစ်မုန်တိုင်း လေပွေရိုင်းနယ်" ရှိ(တဏှာသိုလ်)

၂၀၀၈ ခုနှစ်၊ မေလ(၂) ရက်နေ့တွင် ဖြစ်ပွားခဲ့သောမုန်တိုင်း၊ လူတိုင်း မယုံကြည်စွာခံစားလိုက်ရသောမုန်တိုင်း၊ အသက်(၈၀)ကျော် အဘိုးအဘွားများရဲ့ သက်တမ်း တစ်လျှောက် မကြုံခဲ့ရသောမုန်တိုင်း၊ နာဂစ်မုန်တိုင်း။

နာဂစ်ဆိုသော လေမုန်တိုင်း၏ ကလူကျီစယ်မှုကြောင့် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့မှာ အားပြင်းသောလေဒဏ်ကို အလူးအလဲခံခဲ့ကြရသည်။

ယင်းတို့အနက်---။

××××

မြို့တစ်မြို့ရဲ့ အရှေ့ပိုင်း ကမ်းနားလမ်းတွင် မိပိုင်းတို့မိသားစု နေထိုင်ကြသည်။ မိသားစုဆိုတာ မိပိုင်းရယ်၊ မိပိုင်းယောက်ျား ဖိုးထူးရယ်၊ ငါးနှစ်သားအရွယ် ဖိုးသားရယ်၊ (၆)လသားအရွယ်မီးမီးရယ်၊ မိသားစု လေးယောက်တည်းပါ။ မိပိုင်းက ယောက်ျားမျက်နှာ တစ်ရွာအမှတ်နဲ့ လိုက်လာခဲ့တဲ့ အညာသူ၊ ဖိုးထူးကတော့ ငါးဖမ်းလှေမှာ အလုပ်လုပ်သည်။

ဖိုးထူးက ငါးဖမ်းလှေဖြင့် ပင်လယ်ထွက်သည်က များသည်။ ဖိုးထူး လှေထွက်သည်နှင့် ပိုင်ရှင်ဦးစိုးက ငွေကြိုထုတ်ပေးပြီးသား။ ဒါကို မိပိုင်းက ရာသီပေါ်စာများကို ရင်းနှီးရောင်းချကာ ဖိုးထူး ပြန်မလာမချင်း မိသားစုကို ကျွေးမွေးစောင့်ရှောက်သည်။ မညည်းမညူ ပင်။

မိပိုင်းသည် သားနှင့်သမီးကို အလွန်ချစ်သည်။ ဂရုစိုက်သည်။ ဖခင်မေတ္တာ အပြည့်အဝမရကြသော်လည်း မိပိုင်းရဲ့ နွေးထွေးသော မိခင်မေတ္တာအပြည့်နှင့် သားနှင့် သမီးကို မိပိုင်း ပြုစုယုယသည်။ ဖိုးထူးတို့ လှေဝင်တဲ့နေ့ဆို မိပိုင်းတို့မိသားစု ပျော်မဆုံး တပြုံးပြုံးနဲ့။ ဖိုးထူးကလည်းရိုးသားသည်။ မိသားစုကို ခင်တွယ်မြတ်နိုးသည်။

ဒီတစ်ခါ လှေဝင်လာသော ဖိုးထူး ဘာစိတ်ကူးပေါက်သည် မသိ။ မိသားစုကို ရွှေတိဂုံဘုရား လိုက်ပို့သည်။ ကလေးတွေကို အ ဝတ်အစား၊ ကစားစရာဝယ်ပေးပြီ မိပိုင်းအတွက် ကျောက်စိမ်းကွင် လက်ကောက်တစ်ခုကို အမှတ် ဝယ်ပေးခဲ့သည်။ (မိပိုင်းဖြင့် ပျော် လိုက်တာ မပြောပါနဲ့တော့ စ ညားကတည်းက တစ်ခါမှ ဒီလို သွားဖူးဘူးလေ)

သည်လိုနှင့် --။

ဖိုးထူး လှေထွက်ဖို့ ပြ ဆင်ရပြန်သည်။ လှေမှာက ဖိုးထူး ရှိ၍ မဖြစ်။ ရိုးသားကြိုးစားသော ဖိုး ထူးကို ပိုင်ရှင် ဦးစိုးက လူယုံတ ယောက်အဖြစ် လှေမှာ ဦးစီးခိုင် သည်။ မိပိုင်းကလည်း ဦးစိုးမိန် မန္တလေးခိုင်းသမျှကို မညည်းမည လုပ်ကိုင်ပေးတတ်သည်။ မန္တယ် လည်း မိပိုင်းကို ညီမတစ်ယော လို သဘောထားသည်။

"မိပိုင်းရေ ဒီတစ်ခါ ကို ထူး လှေဝင်လာရင် သားလေး ရှင်ပြုပေးရအောင်၊ သားလေ လည်း ရှင်ပြုလို့ရတဲ့ အရွယ်ရော နေပြီပဲ။ အင်း ပင်လယ်ထွက် ဖမ်းတဲ့အလုပ်လုပ်နေပေမယ့် ပေါ်ပြန်ရောက်တော့လည်း ကုသို



www.burmeseclassic.com

www.burmeseclassic.com



ရအောင် အလှူအတန်းတော့ ပြု လုပ်ချင်သား"

မီးမီးလေးကို နို့တိုက်နေသော မိပိုင်းဘေးနားတွင် ဝင်ထိုင်ရင်း ဖိုးထူးကပြောလိုက်သည်။

"ဒီလိုပေါ့ ကိုဖိုးထူးရယ် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် လုပ်ကိုင်ရှာဖွေစားသောက်နေရတာပဲ အကုသိုလ်၊ ကုသိုလ်လို့တော့ ဘယ်ခွဲခြားလို့ရမလဲ၊ လှူစရာရှိလို့ လှူပြီဆိုရင် စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူလိုက်၊ အဲ့ဒါ ကိုယ့်အတွက်၊ ကိုယ့်ဘဝအတွက် ကုသိုလ်အထုပ်ထုပ်ရသလိုပါပဲရှင်"

"အင်း ငါ့မိန်းမပြောမှပဲ ရင်ကိုပေါ့ပြီး အားရှိသွားတော့တယ်၊ တယ်တော်တဲ့မိန်းမ ကဲ ..."

လျှပ်တစ်ပြက် ဖိုးထူးက မိပိုင်းကိုဖက်ပြီး အနမ်းတစ်ပွင့် ခြွေလိုက်သည်။ မိပိုင်းက ရှက်စနိုးဖြင့်-

"အိုး ... ကိုဖိုးထူးကလည်းသမီးလေးရှေ့မှာ" မီးမီးလေးက သူ့အဖေကိုကြည့်ပြီး သူ၏လက်ဖဝါးလေးနှစ်ဖက်ကို တီးနေသည်။ ဖိုးထူးက

"ဟိုမှာ သမီးကိုကြည့်ပါဦး၊ လက်ခုပ်တီးပြီး ရယ်နေတယ်၊ ဟုတ်တယ်ဟုတ်မလားသမီး၊ ဖေကြီးသမီးကို မွေးမွေးပေးရဦးမယ်" ပြောပြီး မိပိုင်းပေါင်ပေါ်တွင်ရှိသော သမီးကိုဖက်နမ်းပြီး-

"မေကြီးကိုလည်း မွေးမွေးပေးရမယ် ကဲ ..." "အိုး" မိပိုင်းရဲ့ပါးပြင်ကို ခပ်ကြမ်းကြမ်းနမ်းပြီး ပြေးဆင်းသွားသော ဖိုးထူးရဲ့ကျောပြင်ကို ရင်ခုန်စွာကြည်နူးတဲ့ အကြည့်ကလေးနဲ့ မိပိုင်းကြည့်နေမိတော့သည်။

ဖိုးထူးတို့ လှေထွက်သွားတာ လဝက်ခန့်ရှိပြီ မိပိုင်းကလည်း ဖိုးထူးကိုလွမ်းတိုင်း ဖိုးထူးဝတ်ဆင်ပေးခဲ့သော ကျောက်စိမ်းလက်ကောက်လေးကို ပွတ်သပ်ကိုင်ကြည့်ရင်း သားနဲ့သမီးကို ပြုစုစောင့်ရှောက်ရင်း အလွမ်းဖြေခဲ့ရသည်။

ဒီနှစ်ကျောင်းဖွင့်ရင် ဖိုးသားလေးကို ကျောင်းထားရတော့မှာမို့ မိပိုင်းပျော်နေမိသည်။ သား





www.burmeseclassic.com

www.burmeseclassic.com



လေးကို ကျောင်းအပ်ရင် ကျောင်းစိမ်းဝတ်စုံနဲ့ လွယ်အိတ်လေးကို လွယ်ထားတဲ့ ဖိုးသားကိုလက်တွဲပြီး သမီးလေးကိုချီထားတဲ့ ဖိုးထူးရဲ့ လက်မောင်းတစ်ဖက်ကို တွဲခိုကာ ကျောင်းကြီးဆီသို့ ကျောင်းသားရဲ့ မိဘနေရာကနေ ရင်ခုန်စွာခံစားရင်း ရာသီပေါ်စာများကို ရောင်းချကာ အမြတ်အစွန်းလေးဖြင့် ဝယ်ထားသော ကျောင်းစိမ်းပုဆိုးလေး နဲ့ရှပ်အင်္ကျီအဖြူ၊ လွယ်အိတ်အစိမ်းရောင်လေးကို ထုတ်ကြည့်ရတာ အမောသား။ ဖိုးသားလေးကို ဝတ်ကြည့်ပေးရတာ အခါခါဖြင့် မိဝိုင်းပီတိဖြစ်ခဲ့လေသည်။

မိဝိုင်း ဈေးရောင်းထွက်တဲ့အခါတိုင်း ကလေးနှစ်ယောက်ကို ခေါင်းရင်းအိမ်မှ ကြီးကြီးမေတို့ မိသားစုထံ အပ်နှံခဲ့သည်။ ကလေးနှစ်ယောက်စလုံးကို ကြီးကြီးမေတို့ မိသားစုက ချစ်ကြသည်။ ဖိုးသားလေးက ကြီးကြီးမေရဲ့သား ကိုအောင်နဲ့ သွားလေရာပါသည်။ မီးမီးလေးကလည်း ကြီးကြီးမေရဲ့သမီး အိမ်ထောင်ကျပြီး ကလေးမရသေးသော မိချိုနဲ့ ကိုမျိုးတို့လက်ထဲတွင် သွားလေရာ ချီသွားစမြဲ။

ဒီတစ်ခါ ကိုဖိုးထူးတို့လှေ ဝင်လာရင် မိုးတွင်းတစ်တွင်းလုံး နားကြမည်၊ အိမ်ကလေးကို ပြန်ပြင်ဆောက်ပြီး သားကလေးကိုလည်း ရှင်ပြုပေးမည်။ မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် တစ်ဖက်မှလည်း မိဝိုင်းဈေးရောင်းရင်း ချွေးခြံချွေတာ စုဆောင်းခဲ့လေသည်။ ဒီနေ့ ဈေးရောင်းရင်း မိုးရွာလာတယ်။ မနွယ်တို့ရပ်ကွက်တွင်ဖြစ်လို့ မနွယ်တို့ အိမ်ဝင်ရင်း ကိုဖိုးထူးတို့လှေ ဘယ်တော့ဝင်မလဲဆိုတာကိုပါ စုံစမ်းလိုက်တယ်။

နောက်နှစ်ရက်ဆို ကိုဖိုးထူးတို့လှေ ဝင်တော့မယ်။ ကိုဖိုးထူးလာရင် မိမိရဲ့စိတ်ကူးတွေကို ပြောပြမည်။ မိုးကလည်း နားလိုက်ရွာလိုက်ဖြင့် အေးစိမ့်နေသည်။ ညတီဗီကို ပြီးအောင်ကြည့်တတ်သော ဖိုးသားကြောင့် ကိုအောင်ပြန်လာပို့မှ မိဝိုင်းအိပ်ရသည်။ မီးမီးလေးက အိပ်ပျော်နေသည်။ မကြာခင် ဖိုးသားလေးကလည်း အိပ်ပျော်သွားသည်။ အိပ်မပျော်တာဆိုလို့ မိဝိုင်းတစ်ယောက်သာ ကျန်နေသည်။

အတွေးတွေက တော[illegible] ရောက်လိုက် မြောက်ရောက်လိုက်[illegible] နဲ့ မိဝိုင်းအိပ်မရသေး။ ညနေက မနွယ်ပြောလိုက်သော မုန်တိုင်း[illegible] တယ်တဲ့ ကိုဖိုးထူးအတွက်လည်း မိဝိုင်းစိတ်ပူမိသည်။

မိဝိုင်းအတွေးတွေနဲ့ အိပ်မရသေး၊ သားနဲ့သမီးကတော့ အ[illegible]ပြစ်ကင်းစွာ အိပ်မောကျလို့နေ[illegible] နေ့မနက်အတွက် ခွန်အားတွေ[illegible] မိဝိုင်းအိပ်ရန် မျက်လုံးကို မှိတ်လိုက်သည်။

ထိုအခိုက်မှာပင်။

xxxx

လေပြင်းတစ်ချက် အ[illegible]တိုက် အိမ်ကလေးသိမ့်ခနဲ တုန်[illegible] သွားကာ မိဝိုင်း လန့်ပြီးထိုင်မိသည်။ သားနဲ့သမီးနားမှာ အသာထိုင်ရင်း နားစွင့်လိုက်သည်။ လေတိုက်သံမှာ ကြောက်စရာကောင်းလိုက်တာ မိဝိုင်း အားငယ်နေမိသည်။ အပြင်မှာ လေတွေပြင်းထန်စွာ တိုက်နေ[illegible]သည်။ ခနိမိုး ထရံကာဖြစ်သော မိဝိုင်းတို့ အိမ်ကလေးကို လေပြင်း[illegible] တွန်းလှဲသလို ခံစားရသည့် မိဝိုင်း ရင်ထဲမှာ ကြောက်နေမိသည်။ လ[illegible]



www.burmeseclassic.com

www.burmeseclassic.com





ထဲကလူတွေရဲ့ ကြောက်လန့်တကြား အော်ဟစ်သံတွေလည်း ကြားနေရသည်။

မှန်တိုင်း တကယ်ဝင်ပြီလား။ ဒါဆို ကိုဖိုးထူးတို့လှေ လွတ်နိုင်ပါ့မလား။ မိဝိုင်းရင်ထဲ ပြောင်းဆန်စွာပူလောင်မိသည်။ မဖြစ်တော့ဘူး သားနဲ့သမီးကို နှိုးလိုက်သည်။ သားလေးက အိပ်ချင်မူးတူးနဲ့။ သမီးက ငိုလိုက်သည်။ သမီးကို မိဝိုင်း ကောက်ချီသည်။ သားကို ကြည့်တော့ ငိုက်နေသည်။ ထိုစဉ် ခေါင်းရင်းအိမ်က ကြီးကြီးမေအသံကို ကြားရသည်။

"ဟဲ့ မိဝိုင်း ... အပြင်မှာ လေတွေတအားတိုက်နေတယ်၊ မုန်တိုင်းကျပြီတဲ့၊ နင့်ကလေးတွေခေါ်ပြီး ကုန်းပေါ်က ဘုန်းကြီးကျောင်းကိုသွား၊ ငါလဲသွားတော့မှာ မြန်မြန်သွား"

"ဟုတ်ကဲ့ ကြီးကြီး ဟုတ်ကဲ့"

ငိုက်နေတဲ့သားကို လှုပ်နှိုးပြီး -

"သားလေး မေမေတို့ ဘုန်းကြီးကျောင်းကို သွားကြမယ်၊ အပြင်မှာ လေတွေတအားတိုက်နေတယ်။ သားလေး မအိပ်နဲ့တော့နော်၊ ညီမလေးကို ပေါင်ပေါ်မှာ ခဏချီထား မေမေယူစရာရှိတာ ယူလိုက်ဦးမယ်"

မိဝိုင်း အတွင်းခန်းထဲသို့ ပြေးအဝင် ယူစရာရှိတာယူနေတုန်း "ဝုန်း"ဆိုပြီး အိမ်ပေါ်ကို သရက်ကိုင်းကျိုးသံ ခနိမ့်မိုးပေါ်မှတစ်ဆင့် အရှိန်ဖြင့်ကျိုးကြကာ ကံဆိုးချင်တော့ ပေါင်ပေါ်တွင် မီးမီးလေးကိုချီပြီးအိပ်ငိုက်နေသော ဖိုးသားရဲ့အပေါ်တည့်တည့်သို့ မိဝိုင်း မျက်လုံးတွေ ပြာဝေသွားသည်။

"သား ... သား ... အမလေး ...."

မိဝိုင်း ကလေးတွေနားရောက်အောင် သစ်ကိုင်းကို တွန်းဖယ်သည်။ မရ အပြင်မှာ လေတွေ တအားတိုက်နေသည်။ ကူကယ်ရာမဲ့တဲ့ မိဝိုင်းရဲ့ဘဝကို ကူညီမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ အားလုံးပြေးလွှားလှုပ်ရှားနေသည့်အချိန်။ မိဝိုင်းရဲ့အဖြစ်ကို ဘယ်သူမျှ မသိ။ မိဝိုင်းဘာကိုမျှ မမြင်။ သူ့သားနဲ့ သမီးကို ပိနေသော သစ်ကိုင်းကို ဆွဲဖယ်တွန်းလှန်နေသည်။ ခနိုးမီးတွေလည်း အကုန်လန်ကုန်ပြီ ထရံတစ်ဖက်လည်း ပွင့်ထွက်သွားသည်။ မိဝိုင်း ဂရုမစိုက်၊ သစ်ကိုင်းကိုသာ ဖယ်နေသည်။

လေတွေ တရကြမ်းတိုက်နေသည်။ မိဝိုင်းမမူ။ သားနဲ့ သမီးကို ဆွဲထုတ်သည် မရ။ အဲဒီမှာ အိမ်တိုင်တစ်ခုက မိဝိုင်းခေါင်းပေါ်ပြုတ်ကျကာ မိဝိုင်းဘဝ အမှောင်အတိ ဖြစ်ခဲ့သည်။

မိဝိုင်းသတိရတော့ ခေါင်းမှာ အဝတ်စတစ်စဖြင့် ပတ်ထားသည့်သူ့ခေါင်းကို ကိုင်ကြည့်ရင်း မျက်လုံးတွေက အကြောင်သား။ လူတွေလည်း အများကြီး။ အားလုံးယောက်ယက်ခတ်နေကြသည်။ လေ ဒဏ် မိုးဒဏ်ခံခဲ့ရသော လူအချို့ကို ကျောင်းဝန်းထဲမှာ စခန်းချထားခြင်း ဖြစ်သည်။

"မိဝိုင်း သမီး သတိရလာပြီလား"

ကြီးကြီးမေရဲ့အမေးကို မိဝိုင်းမဖြေ၊ အကြောင်သားကြည့်နေသည်။ အဲ့ဒီအချိန်မှာ ကလေးတွေ ငိုသံကို ကြားလိုက်သည်။ မိဝိုင်း မျက်လုံးတွေ ပြူးကျယ်ပြီး ထထိုင်ကာ-

"သား ... သား"ဆိုပြီး ပြေးရန်ပြင်နေသော မိဝိုင်းကို ကြီးကြီးမေက ဆွဲထားရင်း "မိဝိုင်း သတိထားစမ်းပါ ... သမီးရယ်"

"အဟင့် ... ဟင့် ... ကျွန်မသားလေး သစ်ကိုင်းအောက်မှာ သူတို့ကို သွားခေါ်ပေးပါ။ ကျွန်မ သားလေးရော၊ ဟင့်အင်း သမီးရော .... သမီးပါ သစ်ကိုင်းအောက်မှာ ... ကျွန်မ သွားခေါ်မယ် ... ဟီး ... ဟီး ... ဟင်း"

"အေးပါသမီးရယ် သတိထားပါကွယ် ... အခုသွားပြီးခေါ်နေပါတယ် မိဝိုင်းရယ်"

စိတ်မကောင်းစွာဖြင့် ကြီးကြီးမေဆိုရင်း ကြီးကြီးမေရဲ့ မျက်ဝန်းထဲမှာ မျက် ရည်တွေဝဲလို့ပေါ့။ တကယ်တော့-

ဖိုးသားနဲ့ မီးမီးလေး
ကြီးကြီးမေတို့မိသားစုလက်မှာကြ
ခဲ့ကြရတာ။ မိဝိုင်း ဈေးရောင်းသွား
တိုင်း နှစ်ယောက်စလုံး ကြီးကြီးမေ
တို့အိမ်မှာထားနေကြ။ ထမင်းစား
ယောက်ပြီး အိပ်ခါနီးမှ ပြန်နေကျ
ဒီကလေးတွေရဲ့အဖြစ်က သစ်ကိုင်း
အောက်မှာ မြင်ရက်စရာမရှိဘူးလို့
စိတ်မကောင်းစွာဖြင့် မိဝိုင်းကိုသွား
ကူညီလာသော သားနဲ့သမက်ကဆို
လို့ ကြီးကြီးမေရင်ထဲ မကောင်းပါ
အိမ်ကသမီးဆို ကလေးတွေရဲ့အ
ဖြစ်ဆိုးကို သိလိုက်ရတဲ့အချိန်က
ပြီး ငိုနေမိတာ။ သားသမီးအရင်း
ဟုတ်တာတောင် ဒီလောက်ခံစား
နေရတာ သားသမီးတွေရဲ့ မိခင်ရင်း
ဖြစ်တဲ့မိဝိုင်း ဘယ်လောက်ခံစား
နိုက်မယ်ဆိုတာ -

မိဝိုင်းရဲ့အသိက ရှိတ
ချက် လွတ်တစ်ချက်နဲ့ မိဝိုင်း သွေး
ပျက်နေပါပြီ။ မိမိရင်သွေးနှစ်
ယောက်စလုံး မိမိရဲ့မျက်လုံးရှေ့မှာ
တင် အဖြစ်ဆိုးရွားစွာ တွေ့လိုက်ရ
သဖြင့် မိဝိုင်း သွေးပျက်ရုံတင်မ
ဦးနှောက်ပါ ပျက်ခဲ့လေသည်။

www.burmeseclassic.com



မုန်တိုင်း ပြီးဆုံးသွားခဲ့လေသည်။ ခဏလေးပါ နာဂစ်ဆိုသော မုန်တိုင်းဝင်ရောက်ခဲ့တာ ခဏလေးပါ။ သို့သော် ထိုခဏလေးဆိုသောအချိန်ကပင် လူများစွာ သေကျေပျက်စီးကြကုန်ကြသည်။ အဆောက်အအုံတွေ အမိုးတွေ လန်ကုန်ပြီး အိမ်တချို့ပြိုကျပြီး သစ်ပင်တွေ အမြစ်တွေ။ အမြစ်ကနေ ဆွဲနုတ်ထားသလို အမြစ်တွေ လန်ကုန်သည်။ လမ်းတိုင်းမှာရှိသောသစ်ပင်တွေ လဲပြိုလို့ မိဝိုင်းတို့ အိမ်ရှိရာ ရပ်ကွက်သည် အိမ်အများစု သစ်ပင်ပိ၊ ပြိုကျ ပျက်စီးမှုများကြောင့် ရပ်ကွက်ပျက်၊ မြို့ပျက်ကြီးသဖွယ် တွေ့မြင်ကြရသည်။


လှေပိုင်ရှင် ဦးစိုးတို့လင်မယား မိဝိုင်းရှိရာ ဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့ ရောက်ချလာသည်။ မိဝိုင်းသည် သူ့နေရာလေးမှာ ထိုင်ရင်း ငေးငိုင်နေသည်။ တစ်ခါတလေ ကိုဖိုးထူးဝယ်ဝတ်ပေးထားသော ကျောက်စိမ်းလက်ကောက်လေးကို အသာအယာပွတ်သပ်ရင်း မျက်ဝန်းထဲမှ မျက်ရည်များစီးကျလို့ ဘာမှတော့မပြော

ကြီးကြီးမေက ဦးစိုးတို့လင်မယားကို ကျောင်းပေါ်သို့ခေါ်သွားသည်။

"မောင်စိုး မိဝိုင်းရဲ့ အဖြစ်ကို သိပြီးပြီလား"

"ဟုတ်ကဲ့ ကြီးမေ ကျွန်တော်သိပြီးပါပြီ၊ တော်တော်စိတ်မကောင်းဖြစ်ခဲ့ရတယ်၊ ကလေးနှစ်ယောက်အဖြစ်ကတော့ တော်တော်ကြေကွဲစရာကောင်းပါတယ် ကြီးကြီးရယ်။ မိဝိုင်းအဖြစ်ကတော့ ပိုပြီးကြေကွဲဖို့ကောင်းတာပေါ့၊ ဖိုးထူးတို့လှေလည်း မြစ်ဝမှာ မုန်တိုင်းမိပြီးပျောက်နေတယ်။ ရာသီဥတုငြိမ်သက်ရင်တော့ စုံစမ်းရဦးမယ် ကြီးကြီး၊ ဖိုးထူး အသက်ရှင်ရက် ပြန်လာပါနိုင်ပါစေလို့ ကျွန်တော်တို့ ဆုတောင်းကြတာပေါ့ ကြီးကြီးရယ်၊ မိဝိုင်းကိုတော့ ဖိုးထူးပြန်မလာမချင်း ကျွန်တော်တို့ တာဝန်ယူပါ့မယ်"

ကျောင်းပေါ်မှ ဆင်းလာသော ဦးစိုးတို့လင်မယားကို မိဝိုင်းတွေတွေကြီးကြည့်နေသည်။ ဦးစိုးမိန်းမ မနွယ်ကတော့ မိဝိုင်းကို ပြေးဖက်ပြီး မျက်ရည်အရွဲသားနဲ့





www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ မနွယ် စိတ်မကောင်းလိုက်တာ"

မိဝိုင်းကတော့ ဘာမျှမပြော သူ့လည်းမျက်ရည်တွေ စီးကျနေပါတော့သည်။

ရာသီဥတုတွေလည်း ငြိမ်သက်သွားသည်။ ကယ်ဆယ်ရေးက လူငယ်တွေလည်း ရောက်လာကုန်ပြီ။ ပစ္စည်းဝေ၊ ထမင်းဝေနေတဲ့ အချိန်မှာ မိဝိုင်းကိုရှာမတွေ့။ ဘုန်းကြီးကျောင်းအနှံ့ ကြီးကြီးမေရှာသည် မတွေ့။ လူတစ်ယောက်စ နှစ်ယောက်စကို မေးကြည့်သည် မသိ။ လူတွေလည်း ကိုယ့်အပူနဲ့ ကိုယ်မို့ ကြီးကြီးမေ မမေးတော့။

အဲဒီအချိန်မှာ-

ကယ်ဆယ်ရေးက လူငယ်တစ်ယောက် ပွေ့ချီလာသော သတိလစ်နေတဲ့ မိဝိုင်းရဲ့ ခန္ဓာကိုယ်လေးကို ကြီးမေက သူ့အိပ်ရာပေါ်သို့ တင်ပေးရန် လူငယ်လေးကို လိုက်ပြသည်။ လူငယ်က-

"ကြီးကြီးအသိလား"

"အေး .... မိဝိုင်းဘာဖြစ်လို့လဲ သား"

ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့တွေက အိမ်ပြိုအိမ်ပျက်ထဲမှာလူတွေရှိမလားလို့ ရှင်းလင်းနေကြတာ၊ အဲဒီအစ်မက အိမ်ပြိုတစ်ခုထဲ အတင်းဝင်မွှေရင်း သစ်ကိုင်းအောက်မှာပိနေတဲ့ ကလေးအလောင်းနှစ်လောင်းကို မြင်ပြီး သတိမေ့သွားတာပဲ။ အဲဒါနဲ့ ကျွန်တော်လည်း ဒီကယ်ဆယ်ရေးစခန်းကို ခေါ်လာတာ၊ ကလေးတွေကိုတော့ ကျွန်တော်တို့အဖွဲ့က မြေမြှုပ်ခဲ့ပြီးပါပြီ ကြီးကြီး"

"အဲ့ဒါ သူ့သားနဲ့ သမီးပေါ့ကွယ်"

ရင်ထဲမှာ ဆို့နင့်စွာ ကြီးကြီးမေပြောလိုက်သည်။ ယခုအချိန်မှာ လူတိုင်းလူတိုင်း အပူကိုယ်စီနဲ့မို့ မိဝိုင်းကို မကြည့်နိုင်ပါ။ မိဝိုင်းကလည်း ဒုက္ခမပေး။ မိဝိုင်းရဲ့ မသိစိတ်က အိမ်ဝိုင်းလေးကို ရောက်တတ်သည်။ ဟိုရှာ၊ ဒီရှာလုပ်လိုက်။ ဗိုက်ဆာရင် ကယ်ဆယ်ရေးစခန်းပြန်လာလိုက်။ အဲ့ဒီက ယူထားပေးတဲ့ ထမင်းကို စားပြီး အိပ်ချင်ရင်ရောက်တဲ့နေရာမှာ အိပ်လိုက်နဲ့ မိဝိုင်းဘဝတစ်နေ့ကုန်ခဲ့ပြန်သည်။

ယခုအချိန်ထိ ကိုဖိုးထူးတို့ သတင်းမရသေးပါ။ မိဝိုင်းတို့လည်း ကယ်ဆယ်ရေးစခန်းမှ ဦးဆိုင်တို့လင်မယား သူတို့အိမ်သို့ခေါ်ဆောင်သွားလေသည်။

ဖိုးထူးတစ်ယောက် သေသလား၊ ရှင်သလား ဆိုတာ မိဝိုင်းမသိ။

သားနဲ့ သမီးအပေါ် ကြင်နာမှု မေတ္တာအပြည့်နဲ့ စောင့်ရှောက်လာခဲ့သော မိဝိုင်း။

ယောကျ်ားကို မြတ်နိုးစွာ ချစ်ခင်တတ်သော မိဝိုင်း။

သားလေးကျောင်းအပ်ရန် စိတ်ကူးနဲ့ ပျော်ခဲ့ရသော မိဝိုင်း။

ယခုတော့မူ-

နာဂစ်ဆိုသော လေပြင်းမုန်တိုင်း သို့မဟုတ် လေပွေရိုင်း၏ ကလူကျီစယ်မှုရဲ့ နောက်ဆက်တွဲ အကျိုးဆက်ကား မိဝိုင်း၏ဘဝ၊ မိဝိုင်း၏စိတ်ကူး၊ မိဝိုင်း၏ မျှော်လင့်ချက်မှန်သမျှကို အားသကုန် ဝါးမျိုသွားလေတော့သည်။

**ရှိ (တတ္တသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com


# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE Restaurant** သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉ ၄၃၀၃၄၂၁၉၊ ၀၉ ၄၁၀၄၄၃၅၂၊ ၀၉ ၄၃၁၅၈၅၈၉


www.burmeseclassic.com

www.burmeseclassic.com

ညီလေးပတ်ဖို့ရေးတဲ့စာ



# ခင်ရှုနဲ့ မရုံလောက်ပါ

ဆူးသစ်



www.burmeseclassic.com

www.burmeseclassic.com



**"ခင်ရုံနဲ့ မလုံလောက်ပါ"**

**ဆုံးသစ်**

ဦးလေးရေ---

စင်ကာပူနိုင်ငံက နိုင်ငံသားတော်တော်
ုားများဟာ နေ့ညအချိန်အခါမရွေး အပြေး
လေ့ကျင့်ကြပါတယ်။ အစ်ကိုတို့လို တခြားနိုင်ငံက
ခလုပ်လာလုပ်တဲ့ လူတွေကတော့သူတို့လိုပြေးဖို့
နေသာသာ ကိုယ်ဘာသာ အားအောင်တောင်
တော်တော်လုပ်ယူနေရတာဆိုတော့ မပြေးနိုင်ကြ
ါဘူး။ ဒါပေမဲ့ အဲဒီလိုမပြေးနိုင်ရတဲ့ကြားထဲကပဲ
တစ်လောကတင် စင်ကာပူရဲ့ အထင်ကရ AYE
ိုတဲ့ အဝေးပြေးလမ်းမကြီးပေါ်မှာ အစ်ကို တက်
ပြေးခဲ့ရပါသေးတယ်။ အကြောင်းက ဒီလိုပါ။

အစ်ကိုအလုပ်လုပ်တဲ့ လုပ်ကွက်မှာ ပရော
ျက် တော်တော်ကျပ်ချိန်မို့ ညဆယ်နာရီလောက်
ထိ အလုပ်လုပ်ကြရပါတယ်။ အဲဒီမှာညဘက်
ာစ်ည ကိုးနာရီခွဲလောက် အစ်ကိုရုံးဘက်ကို ပြန်တဲ့
ချိန် ကြီးကြပ်ရေးမှူးလေးတစ်ယောက်က အစ်ကို့
ို ပြောပါတယ်။ "အစ်ကို အိန္ဒိယ အလုပ်သမား
သားတစ်ယောက် Siteထဲကနေ Safety Harnes
ဘွတ်ချွတ်၊ ဦးထုပ်တွေချွတ်၊ ပိုက်ဆံအိတ်နဲ့ ဖုန်းတွေ
ုင့်ပစ်ပြီး ထွက်ပြေးသွားတယ်"တဲ့။

အစ်ကိုက ဘေးအန္တရာယ်ကင်းရှင်းရေး
တာဝန်ခံဆိုတော့ အဲဒီ အလုပ်သမားလေးရဲ့ ကြီး
ကြပ်ရေးမှူးကိုခေါ်ပြီး လုပ်ကွက်ထဲသွားမေးတယ်။
မြင်မိတဲ့ အလုပ်သမားလေးတွေက လုပ်ကွက် အ
ပြင်ကို ထွက်ပြေးသွားတယ်လို့ပြောတယ်။ အစ်ကိုနဲ့
မြန်မာကြီးကြပ်ရေးမှူးနှစ်ယောက် လုပ်ကွက်အပြင်
ကို လိုက်ရှာခဲ့ကြတယ်။ မတွေ့ပါဘူး။

အစ်ကိုတို့ သတင်းကြားတာက အဲဒီ
အိန္ဒိယ အလုပ်သမားလေးဟာ မနက်ပိုင်းက သူဌေး
က ခေါ် သွားလို့ သွားတွေ့ရတယ်တဲ့။ အကြောင်းက
အရင် နေ့ညဘက်အဆောင်မှာ မူးပြီးစိန်ခေါ်လို့တဲ့။
ဖြစ်ချင်တော့ သူနဲ့တစ်ခန်းတည်းနေတဲ့ ကုမ္ပဏီရဲ့
ယာဉ်မောင်းက သူဌေးကို ပြန်ပြောတော့ သူဌေးက
ခေါ်တွေ့ပြီး "မင်း နောက်တစ်ကြိမ် အဲဒီလိုလုပ်ရင်
မင်းကို Warning Letter ပေးမယ်" လို့ပြောလိုက်
တယ်တဲ့။

ဒီမှာပဲ အဲဒီအလုပ်သမားလေးဟာ တစ်
နေကုန်အလုပ်ထဲမှာ ငူငူငေါင်ငေါင်နဲ့၊ ထမင်းစား
ချိန်မှာတောင် တစ်ယောက်တည်းခွဲထွက်သွားတယ်
လို့ သူ့ရဲ့ မြန်မာကြီးကြပ်ရေးမှူးလေးက ပြန်ပြောပါ
တယ်။ တကယ်လို့ စောစောကသာသိရင် အစ်ကို
လည်း သူ့အတွက် တစ်ခုခုလုပ်ပေးနိုင်မှာဖြစ်ပေမဲ့
အခုကနောက်ကျကုန်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အလုပ်ထဲလိုက်ရှာလည်း မတွေ့ဘဲ ဆယ်နာရီထိုးလို့ အလုပ်သိမ်းတော့ အစ်ကိုလည်း သူဌေးကို အကြောင်းကြားရပါတော့တယ်။ သူဌေးကလည်း တွေ့အောင်ရှာဖို့ပြောတော့ အလုပ်ပြန်ကားတွေနဲ့ ပြန်ပြီး ရှာတဲ့အခါ တစ်နေရာမှာ လမ်းဘေးမှာအိပ်နေတာကို သွားတွေ့ပါတယ်။ ဒါနဲ့ ကားပေါ်ဆွဲတင်ပြီး အဆောင်ပြန်ပို့ခဲ့ရပါတယ်။ သူဌေးကတော့ မနက်ကျရင် အဲဒီအလုပ်သမားကို သူ့ကို လာတွေ့ဖို့ ထပ်ပြောပါတယ်။

မနက်လည်းရောက်ရော အလုပ်သွားတဲ့ လမ်းမှာ အဲဒီအလုပ်သမားလေး အဆောင်က အထွက် ဂိတ်ကလုံခြုံရေးကို ပေါက်ကရပြော လုံခြုံရေးက ဖမ်းဖို့ကြိုးစားရာက အလုပ်ကိုလာ ဘတ်စ်ပေါ်ကို ပြေးတက်လိုက်လာတယ်လို့ ကြ တယ်။ ပါးစပ်က ပေါက်ကရအော်တယ်တဲ့။ ဖြစ် တော့ ဘတ်စ်ကားပေါ်ကလူတွေက သူ့ကိုတစ်နေ မှာ ချပေးခဲ့ပြီး၊ အဲဒီဘတ်စ်ကား ပေါ်ပါလာ ရုံးကဝန်ထမ်းတစ်ယောက်က အစ်ကိုတို့ စီးလာ ကားယာဉ်မောင်းကို ဖုန်းလှမ်းခေါ်ပါတယ်။

ဖြစ်ချင်တော့ အဲဒီအချိန်မှာ အဲဒီအ သမားလေးဟာ အစ်ကိုတို့ကား ရောက်နေ စင်ကာပူ က အဝေးပြေးလမ်းမတစ်ခုဖြစ်တဲ့ AY





www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်မှာ ဖိနပ်မပါဘဲ လမ်းလျှောက်နေရာက အစ်ကိုတို့ လှမ်းခေါ်တဲ့အခါ လမ်းမအလယ်ကောင်ကိုတက်ဖို့ ကြိုးစားပါတော့တယ်။ ကားပေါ်မှာ Site Manager နဲ့အတူ အစ်ကိုရယ်၊ အင်ဂျင်နီယာတွေရယ်ပါလာလို့ ဆင်းပြီးလိုက်ဖမ်းတဲ့အခါ သူကထွက်ပြေးပါတယ်။ နောက်ဆုံး ကားမှတ်တိုင်တစ်ခုအရောက် လမ်းချိုးထဲ ဖျတ်ခနဲဝင်ပြေးလို့ ဆက်လိုက်လို့မရတော့ပါဘူး။

မန်နေဂျာလည်း ကားပေါ်ပြန်တက်၊ သူဌေးကို အကြောင်းကြားပြီး အစ်ကိုတို့အားလုံး အလုပ်ကို ဆက်ထွက်ခဲ့ရတော့တာပေါ့။ AYE လမ်းပေါ်မှာတော့ ပြေးတမ်းလိုက်တမ်းကစားသလို ရှုတ်ရှုတ်ရှုတ်ရှုတ်နဲ့ ကားတွေလည်းပိတ်၊ လူတွေလည်း ကြည့်တော့ အစ်ကိုတို့လည်း စင်ကာပူမှာ တကယ့်အတွေ့အကြုံသစ်ကို ရတော့တာပါပဲ။

**ညီလေးရေ---**

အဲဒီ အိန္ဒိယအလုပ်သမားလေးဟာ လမ်းချိုးထဲဝင်သွားတာ အလကားမဟုတ်ပါဘူး။ သူက အစက အစ်ကိုတို့ကိုရိုက်ဖို့ တုတ်သွားယူတာလို့ သူ့ကို စောင့်ကြည့်ဖို့ ထားခဲ့တဲ့ အိန္ဒိယအလုပ်သမားလေးတစ်ယောက်ကဖုန်းဆက်ပြောပါတယ်။ အစ်ကိုတို့ လိုက်ဖမ်းတုန်းကလည်း သူ့ကိုမိဖို့လက်ကို ဖမ်းဆုပ်တဲ့ အိန္ဒိယ အင်ဂျင်နီယာတွေကို သူကပြန်ထိုးမယ်လုပ်လို့ ပြန်လွှတ်ခဲ့ရတယ်။

**သူက အစက အစ်ကိုတို့ကိုရိုက်ဖို့ တုတ်သွားယူတာလို့ သူ့ကို စောင့်ကြည့်ဖို့ထားခဲ့တဲ့ အိန္ဒိယ အလုပ်သမားလေးတစ်ယောက်က ဖုန်းဆက်ပြောပါတယ်။ အစ်ကိုတို့**

• • • • • • • • • • • • • • •

ဒီလိုနဲ့ ကားမှတ်တိုင်နားမှာ တုတ်ကိုင်ပြီးရမ်းနေတဲ့ သူ့ကို ရဲကဖမ်းသွားတယ်လို့ အလုပ်ထဲအရောက်ကြားရပါတော့တယ်။ နေ့ခင်းမှာတော့ သူ့ကို လေဆိပ်ကို လိုက်ပို့ခဲ့တယ်လို့ ရုံးအဖွဲ့တွေဆီက သိရတယ်။

အဲဒါနဲ့ တစ်ပြိုင်နက်တည်းမှာပဲ သူနဲ့ပတ်သက်တဲ့အကြောင်းအချို့ကို အလုပ်ထဲက သူ့သူငယ်ချင်း အိန္ဒိယလူငယ်လေးတစ်ယောက်ဆီက သိရပါတယ်။

**ညီလေးရေ---**

စိတ်လွတ်သလိုဖြစ်သွားတဲ့ အဲဒီ အလုပ်သမားလေးက အဆောင်မှာ သူနဲ့တွဲတဲ့သူတွေ နောက်ထပ်သုံးယောက်ရှိပါသတဲ့။ တစ်ယောက်က သူဌေးနားကလူ၊ သူဌေးရုံးခန်းကလူပါ။ နောက်တစ်ယောက်က ရုံးကကားတွေစီစဉ်တဲ့ ယာဉ်မောင်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်ယောက်ကတော့ အလုပ်သမားပါ။

အဲဒီ အလုပ်သမားလေးဟာ အဲဒီသုံးယောက်စလုံးနဲ့ တော်တော်လေးခင်ပေမဲ့ လွဲနေတာတစ်ခုက အဲဒီသုံးယောက်စလုံးက အဲဒီ အလုပ်သမားလေးကို ဝိုင်းကျပ်ကြတယ်လို့ဆိုတယ်။ သူတို့အားလုံး အိန္ဒြိယတွေချည်းပါပဲ။ ကြာတော့ အဲဒီ အလုပ်သမားလေးမှာ ယုံကြည်မှု ပျောက်ဆုံးလာပါတော့တယ်။ သူခင်တဲ့လူတွေက သူ့ကိုမဟုတ်တာတွေပဲ တစ်ခုပြီးတစ်ခု လုပ်နိုင်းပြီး နောက်ဆုံးသူဘယ်သူ့ကိုမှ မယုံတော့တာပါပဲ။

ဒီကြားထဲ သူ့ပိုက်ဆံတွေကို သူပေါင်းတဲ့လူသုံးယောက်ထဲက အလုပ်သမားကောင်လေးက ခိုးတယ်လို့ယူဆပြီး အဆောင်မှာ ညဘက်အရက်သောက်လို့ ပွဲကြမ်းပါတော့တယ်။ သူက စိန်ခေါ်ပြီး ချမယ်တွေ ဘာတွေလုပ်တော့ နောက်နေ့မှာ သူဌေးက ခေါ်တွေ့တာတဲ့။ သူဌေးက မင်းနောက်တစ်ခါ အဲဒီလိုလုပ်ရင် သတိပေးစာ (Warning Letter) ထုတ်မယ်ပြောတော့ သူ ကြောက်သွားတယ်။ အစ်ကိုတို့ကုမ္ပဏီမှာ အဲဒီလို သတိပေးစာ အထုတ်ခံရရင် Bonus ပြုတ်ပါတယ်။ အဲဒီအလုပ်သမားလေးဟာ သူ စင်ကာပူကိုလာတဲ့ အေးဂျင့်ပိုက်ဆံကပြီးခဲ့တဲ့လကမှ ကျေတာတဲ့။ ဒီတော့ သူ့အတွက် Bonus ရရင် အမြတ်ကရမှာပါ။



သူထင်တာက သူမမှားဘူး။ သူ့ကို အပေါင်းအသင်းတွေ ကျပ်လို့ သူစိန်ခေါ်တယ်။ သူဌေးက အဲဒီလိုပြောတော့ သူ့စိတ်ထဲမှာ ငါ မမှားဘဲ ငါ့ကိုကျတော့ အပြစ်ပေးမယ်ဆိုတာကို မတရားဘူးလို့ခံစားရတယ် ထင်ပါတယ်။ ဒါပေမဲ့ ဖြစ်စဉ်က အဲဒီလိုဖြစ်နေတယ်။ နောက်ဆုံးတော့ မျိုးသိပ်ထားသမျှဘယ်သူမှ မပြောဘဲ သူ့ဘာသာစိတ်တွေ ကစဉ့်ကလျားတွေ ဖြစ်သွားပုံပါပဲ။

**ညီလေးရေ----**

လေဆိပ်ထဲကို ပို့လိုက်တဲ့ အဲဒီအလုပ်သမားလေး ပြန်သွားတယ်လို့ ညီလေးထင်လား။ ကုမ္ပဏီက ပြန်ပို့ပေးမယ့် သူကလေဆိပ်ထဲမှာ ဟိုအော်၊ သည်အော်နဲ့မို့ ရဲကဖမ်းပြီး ဆေးရုံပို့လိုက်တယ်တဲ့။ အဲဒီဆေးရုံမှာ တစ်ခါရပ်ထားတဲ့ကားကို တက်မောင်းပြီး ထွက်ပြေးလို့ နောက်ဆုံး စိတ်ကျန်းမာရေး ဆေးရုံကို ပို့တာ၊ သူ တစ်ခါအော်တိုင်း ဆရာဝန်က ဆေးတစ်လုံးထိုးပြီး အိပ်ခိုင်းတာ နောက်ပိုင်းမှာ ပြန်ကောင်းသွားပါတော့တယ်။

www.burmeseclassic.com



ဒါတောင် တစ်ရက်မှာ ဆရာဝန်စားပွဲသွားထိုင်ပြီး ကျန်တဲ့လူတွေကို သူကဆေးကုပေးမယ်လုပ်နေလို့ ဆရာဝန်က ဆေးထိုးလိုက်မှ ငြိမ်သွားတော့တယ်တဲ့။ အခုတော့ အေးအေးချမ်းချမ်း ပြန်သွားပါပြီ။ ဒါပေမဲ့ သူက ရမ်းကားမှု၊ ကားလုပြေးမှု၊ လေဆိပ်ထဲ အော်ဟစ်မှု စတာတွေကြောင့် စင်ကာပူတော့ ပြန်လာလို့ ရမယ်မထင်တော့ပါဘူး။ သူ့စိတ်ကျန်းမာရေးကလည်း တစ်ခါဖောက်ပြန်ထားတာကိုး။

**ညီလေးရေ----**

ဘဝမှာ ကိုယ်နဲ့ခင်ရတဲ့သူတွေ အများကြီးရှိပါတယ်။ တကယ်ယုံကြည်ရမယ့်သူ၊ မယုံရတဲ့သူဘယ်နှစ်ယောက်ရှိမလဲ မသိနိုင်ပါဘူး။ ကိုယ်ကယုံလို့ ပေါင်းပေမဲ့ ကိုယ့်ကိုနောက်ကျောဓားနဲ့ ထိုးသူတွေ ရှိတတ်သလို အတည်ပေါက်နဲ့ ကျပ်နေသူတွေလည်း တစ်ပုံကြီးပါပဲ။

ဒီတော့ အပေါင်းအသင်းဆိုတာကို ကြည့်ပေါင်းရင်း ကိုယ့်ခံစားချက်တွေကိုလည်း မျိုသိပ်မထားပါနဲ့ဆိုတာ အစ်ကိုတော့ သတိပေးချင်တယ်။ အပေါင်းအသင်းကောင်းတာတွေ အများကြီးရှိပေမဲ့ မိသားစုဆိုတာကတော့ သွေးသားရင်းတွေမို့ ကိုယ့်ဘဝရဲ့ အရေးကြီးတာတွေကို မိသားစုနဲ့ တိုင်တိုင်ပင်ပင်လုပ်တာ အကောင်းဆုံးလို့ ပြောချင်တယ်။

**ညီလေးရေ---**

လူတိုင်းဘဝမှာ မှားခွင့်ရှိပါတယ်။ ဒါပေမဲ့ စိတ်ဖောက်ပြန် ရှုးသွပ်သွားရင်တော့ ပြန်ကောင်းသည့်တိုင် လူမှုရေးကဏ္ဍတွေမှာ ဆုံးရှုံးသွားတတ်ပါတယ်။ အခု အိန္ဒိယအလုပ်သမားလေးကို စင်ကာပူက လက်မခံတော့ပါဘူး။ သူ့အတွက် အစ်ကိုတို့စိတ်မကောင်းပေမဲ့ သူပြန်လာ အလုပ်လုပ်မယ်ဆိုလည်း အစ်ကိုတို့လို ဘေးအန္တရာယ်ကင်းရှင်းရေးဝန်ထမ်းတွေကပါ လန့်ပါတယ်။ မတော်လို့ အမြင့်က ခုန်ချရင် အားလုံးတာဝန်ကြီးတာကိုး။

ဒီတော့ လူမှုအသိုင်းအဝိုင်းမှာ ခင်တာနဲ့ တင် မလုံလောက်ဘဲ သူငယ်ချင်းအပေါင်းအသင်းအဖြစ် ပေါင်းသင်းကြရင် တစ်ယောက်အကြောင်းတစ်ယောက်အတွင်းသိတာကလွဲလို့ ကြည့်ပေါင်းသင့်တယ်ဆိုတာလေးကို ဒီဆောင်းပါးလေးနဲ့ ဥပမာပေးလိုက်ပါတယ်ကွာ။

**ဆုးသစ်**

**၁၉း၅၈နာရီ**

**၁၅-၁၂-၂၀၁၃**



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရှုထောင့်၊
ပြောင့်ချက်နှလုံးသား

# ရင်မှဖွင့် အလွမ်း

ဖြူစင်ရှင်း(သချာ)၊
ဘုတထင်




သတိရစိတ်တွေနှင့် ယှက်တင်လိမ်ကောက် မွှေနှောက်ထားတဲ့ တောင်ပံမဲ့စိတ်လိပ်ပြာရဲ့ တနုံ့နုံ့ခံစားပြီး ကြေကွဲနေ တမ်းချင်းတစ်ပုဒ် ဟစ်ကြွေးနေခြင်းကိုပဲ အလွမ်းဟုခေါ်သလား။ ဒါမှမဟုတ် အလိုအလျောက်စိတ်ဘဝင်နှောက်အောင် အတိတ် တစ်စစီ တိုးပွဲ့ခဲ့တဲ့ ပုံဆောင်ခဲကြေမွစာများကို အမှတ်ထင်ထင်စွဲဝင်ကျန်ရစ် မမေ့ပစ်နိုင်တဲ့ ပုံရိပ်မဲ့ဂရပ်ဖစ်တွေ ပြန်လည်မြင်ယောင် နေခြင်းကိုပဲ အလွမ်းဟုခေါ်လေမလား။ ဘာပဲဖြစ်ဖြစ်သတိရစိတ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ မမေ့လိုက်နိုင်တဲ့ ရင်တွင်းထုထည်မှ အခဲကိုပဲ အလွမ်းဟုခေါ်ရမည်လား။ အဲဒါ တွေအားလုံးကိုသာ အလွမ်းဟုခေါ်ရရင် "ယမင်း""မောင့်"ကို အရမ်းလွမ်းနေပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းတာရှိရင်နာတာလေးနဲ့ ဖြေသိမ့်ရမယ်" လို့ "ယမင်း"ကြားဖူးတယ်"မောင်"။ "မောင်"ဟာ"ယမင်း"အပေါ်မှာ ဘယ်တုန်းကမှ စိတ်နာအောင်မလုပ်ခဲ့ဖူးတော့"ယမင်း"ရဲ့ ရင်တွင်းတစ်နေရာက လွမ်းချင်းဝေဒနာကို ဘယ်လိုဖြေရမှာလဲ"မောင်"။ မဖြေသာတဲ့ဝေဒနာတွေဟာ အနေကြာလာတော့ "ယမင်း"အတွက် ခြွင်းချက်မရှိဘဲ ခံစားရတော့မှာပေါ့။ ယခုအချိန်မှာ တိတ်ဆိတ်စွာ ကြိတ်မှိတ်ခံစားနေရသူဟာ "ယမင်း"ပါ "မောင်"ရယ်။ ဟိုစဉ်"မောင်"ပြောခဲ့တဲ့ ဆွတ်ပျံ့ကြည်နူးဖွယ် စကားတွေဟာ "ယမင်း"အတွက် ဖြေဆေးတစ်ခွက်ဖြစ်ခဲ့ရပြီလေ။ အဲ့ဒီဖြေဆေးတစ်ခွက်ဟာ ဆေးခါးကြီးသဖွယ်မို့ နာကြည်းရင်ထိတ်စွာနဲ့ပဲ ဖြေသိမ့်ဖို့ကြိုးစားမျိုသိပ်နေရပြီပေါ့"မောင်"။

"အတိတ်ကိုလည်း ပြန်မတမ်းတနဲ့။ အနာဂတ်ကိုလည်း မမျှော်မှန်းနဲ့။ ပစ္စုပ္ပန်တည့်တည့်ကိုပဲ ရှုရမယ်" လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ဒါပေမဲ့ အတိတ်ကပျော်ရွှင်ကြည်နူးခဲ့ရတဲ့ "မောင်"နဲ့"ယမင်း"ရဲ့ ချစ်ခြင်းဖွဲ့အလင်္ကာတွေက အလွမ်းရသမြောက်လွန်းတော့ မတမ်းမတဘဲ မနေနိုင်ပါဘူး"မောင်"။ အခုချိန်ထိကိုပဲ တစိမ့်စိမ့်တွေးရင် တရေးရေးမြင်တုန်းပါ"မောင်"ရယ်။

"ယမင်း"ဟာကြိုးမဲ့တဲ့ အရုပ်လေးတစ်ရုပ်ဆိုရင် "ယမင်း"ဘဝကို ပထမဦးဆုံးတကြွဖျတ်လတ်လှုပ်ရှားတတ်အောင် ကြိုးတပ်ပေးခဲ့သူဟာ "မောင်"ပဲမဟုတ်လား။ သက်မဲ့တဲ့အရုပ်လေးတွေတောင် ကြိုးတပ်ပြီးဆွဲပေးရင် ကွေးအောင်တတက်တော့ နှလုံးသားနှင့်ခံစားမှုပေါင်းစုပြီး ဖြစ်တည်ရှင်သန်နေတဲ့ "ယမင်း"ဟာ ဘယ်လိုငြိမ်းရတော့မှာလဲ။ တကယ်တော့"မောင်"တပ်ပေးခဲ့တဲ့"ယမင်း"အတွက်ကြိုးဟာ သာမန်မဟုတ်တဲ့ သံယောဇဉ်နှောင်ကြိုးတစ်မျှင်ပါ"မောင်"ရယ်။

အခုတော့"ယမင်း"အပေါ်မှာ နတ်ရှိုင်းစွာယုတ်သိုင်းထားတဲ့"မောင်"ရဲ့သံယောဇဉ်ကြိုးလေးက ဘာကြောင့်များဆွေးမြည့်ပြတ်တောက်သွားတာလဲ။ "ယမင်း"မဝေခွဲတတ်တော့ဘူး "မောင်"။ ထုံးကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရမလား။ ဒါမှမဟုတ် သံသရာဝဋ်ကြွေးကိုပဲ ပုံချရမလား။ ပြန်ဆုံနိုင်ခွင့်မရတဲ့"ယမင်း"ဘဝမှာ မှုခင်းရှုထောင့် ရသစုံမဂ္ဂဇင်းပေါ်က နှလုံးသားရှုထောင့်စာမျက်နှာတွေမှတစ်ဆင့် "မောင့်"ကို အပြစ်တင်စွပ်စွဲရတော့မှာပေါ့"မောင်ရယ်"။ ဒါပေမဲ့"မောင့်"ကို အပြစ်မတင်ရက်ပါဘူး။ တကယ်တမ်း အပြစ်တင်ရမှာက "ယမင်း"နဲ့"မောင်"တို့ဘဝကို နီးစပ်အောင် စည်းသတ်ပေးတဲ့ "ယမင်း"တို့ရွာရဲ့ တွဲဖက်ကျောင်းလေးကိုပါ။ နောက်ပြီးတော့ တွဲဖက်ကျောင်းလေးမှာပဲ လုပ်အားပေးဆရာမဝင်လုပ်မိတဲ့"ယမင်း"ကိုယ့်ကိုယ်ကိုယ်အပြစ်ဖို့ရတော့မှာပေါ့"မောင်"။ ပြီးခဲ့တာတွေကိုမေ့ပစ်ဖို့ ကြိုးစားရန်းကန်တိုင်း ရင့်ကျက်မှုမရှိတဲ့"ယမင်း"နှလုံးသားက အနာတရဒဏ်ရာတာ ပြန်ကာထခဲ့ရတယ်။ နဖူးမှအမာရွတ်ကိုမြင်တိုင်း "တေဝင့်ပုထာဏ္ဏဟား"က"မင်းမဟော်"ကို သတိရသလို ရင်တွင်းအလွမ်းဒဏ်ချက်တွေ "ယမင်း"ကိုနှိပ်စက်တိုင်း အတိတ်က"မောင်"နဲ့ ပတ်သက်ခဲ့သမျှအားလုံး ပြန်လည်မြင်ယောင်မိပါတယ်"မောင်"ရယ်...။

မှတ်မှတ်ရရရှိနေဆဲပါ"မောင်"။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပြက္ခဒိန်စာမျက်နှာတွေဟာ "ယမင်း"ရဲ့ ပျော်ရွှင်ခြင်းတွေ ရှင်သန်နိုးထလာခဲ့တယ်။ ငါးနှစ်ဆိုတဲ့အတိုင်းအတာဟာ တအားချစ်နေရင် ပျော်မြူးနှစ်သိမ့်စရာကောင်းပြီး ဘာမှမကြာနိုင်တဲ့ ကာလအပိုင်းအခြားပါ။ ဒါပေမဲ့ ရေနည်းငါး တစ်ကောင်၊ အမြီးပြတ်အိမ်မြှောင်တစ်ကောင်လို အပြီးသတ်မှာ ဝေဒနာတွေ ရာထောင်မက ပြည့်စုံကြွယ်ဝခဲ့ရသူဟာ "ယမင်း"တစ်ယောက်ပါ"မောင်"ရယ်။ ရုပ်လုံးဖော်ကြည့်လို့ မရနိုင်တော့တဲ့ "ယမင်း"ရဲ့ နာလန်မထူနိုင်တဲ့ချစ်ခြင်းမှာ "မောင်"ပစ်ခွင်းလိုက်တဲ့ အလွမ်းမြားတစ်ချက်က ယန္တရားစက်တွေလို မရပ်မနားတရစ်စပ်သွားနေပါတယ်"မောင်"။

www.burmeseclassic.com



"မောင်"ဟာ"ယမင်း"ရဲ့အသက်ဝိညာဉ်ထဲမှာ အမှတ်မထင်ဆုံတွေ့ခဲ့ရသူပါ။ "မောင်"ပထမဆုံး"ယမင်း"တို့ရွာရဲ့ကျောင်းလေးကို ရောက်လာတဲ့နေ့လေ မှတ်မိသေးပါရဲ့လား"မောင်"ရယ်။ ကျောင်းအုပ်ဆရာကြီး"ဦးခင်ဆောင်"က လက်ရှိဆရာ/မတွေ၊ ကျောင်းသား/သူ တွေနဲ့ "မောင့်"ကို မိတ်ဆက်ပေးတယ်လေ။ ဖော်ရွေရည်မွန်ပြီး စကားပြောကောင်းတဲ့ "**သန့်လွင်မောင်**"ဆိုတဲ့"မောင်"နဲ့ ကျောင်းသူ /ကျောင်းသားတွေရော ဆရာ၊ဆရာမတွေပါ တစ်ခါတည်း ခင်မင်ရင်းနှီးသွားကြတယ်။ ပြီးတော့ ဟန်ဆောင်မှုမရှိဘဲ ရိုးသားပျူငှာစွာ ကြိုဆိုတတ်တဲ့ရွာ သူရွာသားတွေနဲ့လည်း တစ်ခဏအတွင်းမှာပဲ တစ်



သားတည်းကျသွားခဲ့တယ်နော်။

သင်ကြားဖို့တာဝန်ကျရာ ဘာသာရပ်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြတာ "ယမင်း"နဲ့ "မောင်"တို့ရဲ့ ကူညီမှုတွေပဲပေါ့။ "မောင်"ဟာသင်္ချာမှာ အယူအဆကောင်းပြီး နားရှင်းအောင် ပြသနိုင်သလို မြန်မာစာမှာလည်း ကျောင်းသားတွေကို ဆွဲဆောင်မှုရှိစေတယ်နော်။ "ယမင်း"ကတော့ သမိုင်းနဲ့ပထဝီသင်ကြားရတာ "မောင်"အသိပဲလေ။ ဘာသာပြဆရာ/ဆရာမ အချင်းချင်း ပြိုင်ဆိုင်သင်ကြားရာကနေ တစ်ဆင့် "ယမင်း" နဲ့ "မောင်"ပိုပြီး ရင်းနှီးလာခဲ့တယ်။ အခြေစိုက်ကျောင်းမှ ပင်မကျောင်းသို့ သင်ခန်းစာညှိဖို့သွားရတဲ့ ခရီးတိုလေးတွေက "ယမင်း"နဲ့"မောင့်"ရဲ့ နီးစပ်မှုအတွက် တွန်းအားအဖြစ်ပံ့ပိုးခဲ့တယ်မဟုတ်လား။ အစကတော့ ရိုးသား ပွင့်လင်းခင်မင်ခြင်းနဲ့သာ ခင်မင်ခဲ့တာပါ။ နောက်တော့မှ ဝေါဟာရကြွယ်ဝစွာပြောလာသမျှ"မောင့်"စကားတွေထဲ ငွေ့ရည်ဖွဲ့တိမ်တောင်တစ်ခုလို လဲပြိုအိတွဲ ဖုတ်ခနဲကြွေခဲ့ရတယ် 'မောင်'။ အိုးချင်းထားရင် အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိသလို နှလုံးသားချင်းနီးတော့ ရင်ခုန်သံတွေကို ပဲ့တင်ထပ်စေခဲ့တယ်။

နာရီမှန်မှန်၊ ရစ်သမ်ကိုက်ကိုက်၊ စည်းချက်လိုက်သလို လျှို့ဝှက်ရင်ခုန်သံတွေ နှစ်ဦးစလုံးရင်အစုံမှာ ဘယ်လောက်ခုန်ခဲ့ပါစေ ဘေးလူတွေမရိပ်စားမိကြတာ 'မောင်'နဲ့ 'ယမင်း' တို့ရဲ့ချစ်ခြင်းမှာ အပြစ်ကင်းခဲ့ကြလို့ပါ "မောင်"။

ကဗျာစပ်ပိုင်နိုင်သလို အပြောချိုပြီး လိုရာဆွဲဆောင်တတ်တော့ "မောင့်"ကိုအထင်ကြီးလေးစားခဲ့ရတာ အမှောင်"မောင်"ရယ်။ "ယမင်း"ကို ရည်းစားစကားပြောတုန်းကကြည့်လေ။ သင်္ချာရှုထောင့်ကနေ ငြင်ငြင်သာသာ ပြောခဲ့တော့ ခေါင်းခါဖို့မငြင်းသာတော့ဘူးပေါ့။ "မောင့်"ရဲ့ထူထဲနက်မှောင်တဲ့ မျက်လုံးတွေအောက်က တောက်ပစူးရှပြီး ယောကျ်ားဆန်တဲ့ အကြည့်နဲ့ တည်ကြည်စွာကြည့်တာ "ယမင်းအတွက် သင်္ချာ

www.burmeseclassic.com



လေ "အေ"ဟာ"ဘီ"နဲ့ ညီတယ်။ ပြီးတော့ "အေ"ဟာ "စီ"နဲ့လည်းညီတယ်ဆိုရင် "ဘီ"နဲ့"စီ"ဟာ အလိုအလျောက် ညီသွားပြီပေါ့နော်တဲ့။ "မောင်"ပြောလိုက်တဲ့စကား "ယမင်း"လည်းသိပြီးသားပါ။ ဒါပေမဲ့ ဘယ်လောက်များဆန်းပြားသလဲဆိုတာ ဒုတိယစကားကြားမှ "ယမင်း"နှုတ်စိတ်ရှက်ရွံ့ခဲ့ရတယ်။ "အဲ့ဒီတော့"ယမင်း"ရယ် မင်းသမီး "ဝန်းဖြူ"က "ယမင်း"နဲ့တူတယ်။ ပြီးတော့ "ဝန်းဖြူ"ကို ကျွန်တော် crazyဖြစ်တယ်ဆိုရင် ကျွန်တော်မြတ်နိုးစွဲလမ်းနေတာ"ယမင်း"ရော ဖြစ်မနေဘူးလား"တဲ့။ စကားကို ပရိယာယ်ကြွယ်ဝစွာပယ်ချမရအောင် ပြောလာတော့ ချက်ချင်းပဲ "မောင်"ရဲ့အချစ်စက်ကွင်းထဲမှာ "ယမင်း"သက်ဆင်းမိခဲ့ရတယ်။

"ယမင်း"ကို အညာလွယ်သူတစ်ယောက်အနေနဲ့ ထင်ချင်ထင်သွားလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်လေ ချိုမြိန်မှည့်ဝင်းတဲ့ အသီးတိုင်းဟာ အညာလွယ်တတ်တာ "မောင်"သိမှာပါ။ နယူတန်ရှေ့မှာ ကြွေကျခဲ့တဲ့ပန်းသီးဆို အညာမလွယ်ဘဲ ခိုင်မြဲနေမယ်ဆိုရင် အကျိုးရှိတဲ့သူ့နိယာမဘယ်လိုမှရခဲ့မှာမဟုတ်ပါဘူး။ သက်ရောက်မှုတိုင်း တန်ပြန်သက်ရောက်မှုရှိတယ်ဆိုတဲ့ သူ့နိယာမ အညာလွယ်တဲ့ပန်းသီးက အခြေခံပြီးရခဲ့တယ်ဆိုရင် သမိုင်းဆရာမတစ်ယောက်အနေနဲ့ "ယမင်း"ရိုင်းရာကျပါလိမ့်မယ်"မောင်"။ အနာဂတ်သမိုင်းတွေလုပ်ဖို့ လတ်ရှိဝန်ထမ်းအလုပ်တွေကောင်းရလိမ့်မယ်ပေါ့။ "ယမင်း"နဲ့ "မောင့်"ရဲ့ အနာဂတ်ချစ်သမိုင်းဟာ ညစ်ထိုင်းသွားလိမ့်လို့မမျှော်လင့်ခဲ့ဖူးပါဘူး"မောင်"။

စံပယ်ပန်း အမြဲတမ်းလိုလိုပန်ဆင်တတ်တဲ့ "ယမင်း"ကို မြန်မာစာဆရာဝီဝီ "မောင်"ကကဗျာတစ်ပုဒ်ရေးပြီး ပေးခဲ့တယ်နော်။ အဲ့ဒီကဗျာလေးကို "ယမင်း"ခုချိန်ထိ အလွတ်ရနေတုန်းပါပဲ "မောင်"ရယ်။

**"တွေ့စရာ ရင်ခုန်**
**မြင်ဝိုးဝါး သိပ်ဆန်း**
**ထေသာမှာ စံပယ်ပန်းနှင့်**
**အသားရေ ဖြူဝါဝင်းတယ်**
**မောင့်ရဲ့ ယမင်း"** တဲ့ မှတ်မိသေးတယ်မို့လား။

နောက်ပြီး စံပယ်ပန်းစွဲလမ်းတတ်တဲ့ "ယမင်း"ကို ဦးပုညရဲ့ စံပယ်ပန်းကဗျာလေးရွတ်ပြပြီး အဓိပ္ပာယ်တွေရှင်းပြသေးတယ်နော်။ ဒါပေမဲ့ "ယမင်း"နဲ့"မောင်"ဟာ ဘဝနဲ့ဆန္ဒတစ်ထပ်တည်းမကျသူမို့ ခံပန်းခိုင်ဘဝနဲ့သာ ကျေနပ်ခဲ့ရတော့တာပေါ့။ "မြစ်ပြင်က ဗေဒါတွေဟာ ရေကြောင့်ဆုံစည်းကြသလို ရေကြောင့်ပဲကွဲကွာကြရတယ်"လို့ အရှင်ဆန္ဒာဓိကရဲ့ စာအုပ်ထဲမှာ ဖတ်လိုက်ရတယ်။ အဲ့ဒီလိုဆိုရင် ပညာရေးမြစ်ပြင်ထဲက "ယမင်း"နဲ့"မောင်"ဟာလည်း ရွာတွဲဖတ်ကျောင်းလေးကြောင့် ဆုံစည်းကြသလို အ.လ.က(ခွဲ)ရလို့များ မရမကကွဲသွားရတာလား "မောင်"။ ဘုရားပြီးရင်တော့ ငြိမ်းဖျက်ကြစမြဲပါပဲ။ ဒါပေမဲ့ "မောင်"မောင်ရယ် ကံကြမ္မာအလှည့်အပြောင်းကြောင့် ရွှံ့စောင်းသွားတာကို "ယမင်း"ခံနိုင်ပေမဲ့ တစ်ယောက်တည်းပေါက်ကွဲပြီး

## "ယမင်း"ကို အညာလွယ်သူတစ်ယောက်အနေနဲ့ ထင်ချင်ထင်သွားလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်လေ ချိုမြိန်မှည့်ဝင်းတဲ့ အသီးတိုင်းဟာ အညာလွယ်တတ်တာ "မောင်"သိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



**"ယမင်း"အိမ်ကိုပြန်ရောက်တော့လည်း ဘာ့ကြောင့်လဲ ဘာ့အတွက်လဲ စတဲ့ မသဲမကွဲ မေးခွန်းတွေနဲ့အတူ "ယမင်း"ရဲ့ရင်ထဲ ဆူနာမီငလျင်ကြီး အ ကြိမ်တစ်ရာမကလှုပ်ခဲ့သလို အသိစိတ်ဦးနှောက်လှိုင်းမှာ နာဂစ်မုန်တိုင်း တိုက်သလို ပြင်းထန်စွာခံစားခဲ့ရတယ်"မောင်"။**

---

ကျန်ရစ်ရတဲ့အဖြစ်မျိုး ရင်မဆိုင်ရဲဘူး"မောင်"။ လွမ်းလည်းမလွမ်းရဲသေးဘူး"မောင်"ရယ်။ ဒီအကြောင်းတွေကို တန့်နှံ့တွေးရင်း တအုံ့အုံ့ဆွေးရတုန်းပါပဲ"မောင်"။ "မောင့်"ရဲ့အခြေအမြစ်မရှိတဲ့ အကြောင်းပြချက်တွေကြောင့် စိတ်ဖောင်းပွခဲ့တဲ့ရက်တွေ များလှပါပြီ။ မတွေးဘူးဆိုပေမဲ့ တွေးမိသေးတယ်"မောင်"။

"မောင်" မြို့ကိုပြန်သွားပြီ ဆိုတဲ့နေ့ကလေ လင်ကိုယ်မယားနှစ်ယောက်တည်းသာရှိပြီး သားအရင်းတမျှမောင့်ကို ချစ်ကြတဲ့ ဘကြီးသာအောင်နဲ့ ဒေါ်လေးပိုင်းစိန်တို့ အိမ်ကိုသွားမေးတော့ "ယမင်း"အတွက် စာတစ်စောင်ပေးခဲ့ကြောင်း ကရုဏာသက်တဲ့လေသံတွေနဲ့ အတူပြောတာ လျှို့ဝှက်နက်နဲတဲ့မျက်ဝန်းတွေနဲ့ ကြည့်ကြတယ်"မောင်"။ အဲဒီအချိန်မှာ ခံစားချက် မျက်ရည်မိုးတို့ ဖြိုင်ဖြိုင်မရွာခင် "မောင်"ပေးခဲ့တဲ့စာ လက်ထဲမှာ တင်းတင်းဆုပ်ပြီး ခေါင်းငုံ့တာပြေးထွက်ခဲ့ရတာ ဒေါ် လေးပိုင်းစိန်တို့အသိပါ"မောင်"။ "ယမင်း"အိမ်ကိုပြန်ရော တော့လည်း ဘာ့ကြောင့်လဲ ဘာ့အတွက်လဲ စတဲ့ မသဲမ မေးခွန်းတွေနဲ့အတူ "ယမင်း"ရဲ့ရင်ထဲ ဆူနာမီငလျင်ကြီး အ ကြိမ်တစ်ရာမကလှုပ်ခဲ့သလို အသိစိတ်ဦးနှောက်လှိုင်းမှာ နာဂ မုန်တိုင်းတိုက်သလို ပြင်းထန်စွာခံစားခဲ့ရတယ်"မောင်"။ ရယ် စက်လိုက်တာ"မောင်"ရယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ "မောင်"ရောက်လာလိမ့်နိုးနဲ့ မျှော်ခိုးစောင့်စားခဲ့ရတာ ကြာလှပါ ပြီ။

လှိုင်ထိပ်ခေါင်တင်မင်းသမီးက မောင်တော်ကနောင် မင်းသားကြီးကို မျှော်ငေးရင်း သူ့ဘက်ကိုသဘောတော်လည်အောင် ဘောလယ်သီချင်းတွေ ရေးစပ်ဆိုညည်းခဲ့တယ် မဟုတ်လား။ "မောင်"ကတော့"ယမင်း"အပေါ်မှာအချစ်လျော့ပြီး Hip Hop သီချင်းတွေပဲ သံကုန်ဟစ်နေလေမလား။ "ယမင်း" အတွက်သေချာတာတစ်ခုကတော့ ဒီအချိန်မှာ အလွမ်းသီချင်းတွေဆိုဖို့မပြောနဲ့ ကြားချင်စိတ်တောင်မရှိဘူး"မောင်"ရယ်။ အဲ ဒါ"မောင့်"အပေါ်မှာချစ်ခဲ့ရခြင်းရဲ့"ယမင်း"အတွက် ရလဒ်တွေ ပါ"မောင်"။ "ယမင်း"ခံစားချက်တွေတစ်လှေကြီးနဲ့ အလွမ်း ရေစီးမှာ ရေစုံမျောရမယ့်ကိန်း ဆိုက်နေတော့ "မောင့်"ရဲ့ ဆွေးမြည့်နေတဲ့ သံယောဇဉ်ကြိုးလွန်းကျန်တစ်မျှင်ကလေးကို တားဆီးချုပ်နှောင်ပိုင်ခွင့်မရှိတော့ဘူးလား"မောင်"။ ချစ်သူဘ မှာ အပြစ်တူသမျှသွေ့ကွယ်ဖုံးလို့ အလွယ်ဆုံးကာရန်မဲ့ ကဗျ စပ်နည်းလေးတွေ "မောင်"ပေးခဲ့တယ်။ "ယမင်း"ခံစားချက် အပြည့်နဲ့ ကာရန်မဲ့ကဗျာတစ်ပုဒ် မွေးထုတ်ခဲ့တယ်။ ဒါပေမဲ့ အနုပညာဆန်တဲ့"မောင့်"အနေနဲ့တော့ ရယ်စရာဖြစ်ချင် ဖြစ် နေလိမ့်မယ်။ ပေးဆပ်မှုတွေအပြောက်အမြားနဲ့ နှစ်ယောက်သ



www.burmeseclassic.com

www.burmeseclassic.com



ေးကွာသွားတဲ့အချိန်မှာ "ယမင်း"ရဲ့တဗျာလေးက ဝိုပြီး
အမိဟွာယ်ရှိတယ်လို့ထင်တယ်"မောင်"။ တဗျာလေးရဲ့ခေါင်းစဉ်
ဘို "ယမင်း"ဘယ်လိုအမည်ပေးရမလဲ မသိဘူး။

"-----"

မောင်ရယ်---
ရင်ထဲမှာကြေကွဲ
အစကတည်းက
မချစ်ခဲ့မိရင် ကောင်းမှာပဲနော်---။

မောင်ရယ်---
အသည်းထဲမှာမွန်းကျပ်
ချစ်တတ်ကတည်းက
မစွဲလမ်းခဲ့မိရင် ကောင်းမှာပဲနော်---။

မောင်ရယ်---
နှလုံးအိမ်မှာ လွမ်းမော
စပြောကတည်းက
ငြင်းပယ်ခဲ့မိရင် ကောင်းမှာပဲနော်---။

မောင်ရယ်---
စိတ်ထဲမှာ ဆွေးမြည့်
စတွေ့ကတည်းက
ရင်ခုန်ခဲ့မိရင် ကောင်းမှာပဲနော်---။

မောင်ရယ် ---
မောင်ရယ် ---
မောင်ရယ် ---
မောင်ရယ် ---

------- တောင်းမှာပဲနော် ---။

"မောင့်"ကိုချစ်ခဲ့တဲ့"ယမင်း"ရဲ့ ချစ်ခြင်းရင်ဖွင့်အလွှမ်းကို "မောင်"ဖတ်မိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ "ယမင်း"နဲ့"မောင်" ဒီဘဝမှာဒီမျှနဲ့ ဆုံတွေ့နိုင်ခွင့်မရတော့ဘူးဆိုရင်တောင် "မောင့်"ရဲ့ဆင်ခြေဆင်လက်တွေနဲ့အတူ ဖြောင့်ချက်နှလုံးသားတဗျာက ဖြေရှင်းချက်ကို နောက်ဆုံးအနေနဲ့ "ယမင်း"ဖတ်ချင်ပါသေးတယ်"မောင်"။ "ယမင်း"ရဲ့တောင်းဆိုမှုနိုးတို "မောင်"ဘယ်လိုနိဒါန်းပျိုးပြီး စကားလုံးလှလှနဲ့သုံးနှုန်းပြမယ်ဆိုတာ ခေါင်းအုံးထက်တမျက်ရည်ကြားမှာ ပါးအပ်ပြီး စောင့်စားနေပါမယ်"မောင်"။

**ကြည်နူးစရာ ချစ်ခြင်းတို**
**ရင်နင့်စွာလွမ်းဆေးရင်းနဲ့**
**စောင့်ရဲ့ ယမင်း။**

**ဖြူစင်ရှင်း (သချာ)-ဘုထထင်**

တဲ -- **ဖြူစင်ရှင်း (သချာ) (ဘုထထင်)**ရဲ့ "**ရင်ဖွင့်အလွှမ်း**"ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက "ယမင်း"ရဲ့ စွပ်စွဲချက်တွေကို "မောင် (ခ) သန့်လွင်မောင်" က ဘယ်လိုပြန်ပြီးဖြေရှင်းမလဲ။ မောင်ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး (၁၁-၄-၂၀၁၄)ရက်နေ့ နောက်ဆုံးထားတာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**စောင်ငြိမ်းသူ (ကြို့ဝင်ထောက်)**
**တာဝန်ခံအယ်ဒီတာ**
**ရွှေထောင့်မှုခင်းနှင့်ရာဇဝတ်မှုစင်း**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားရှထောင့်၊ ဖြောင့်ချက်နှလုံးသား

## တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက်

**ဝဏ္ဏာမရွေးချယ်စိစစ်ချက်**



၂၀၁၃ခုနှစ်၊ အောက်တိုဘာလထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ "**ပြည့်ဖြိုး(စထ်အယ်ထ်)**"ရဲ့ "**အဓုန်**
**မရှိတဲ့ နားဒီရာ**"ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက "**ထွတ်(၁)အောင်ပြည့်စုံထွတ်**"ရဲ့ စွပ်စွဲချက်တွေကို "**ထထ (၁) မေထု**
**ထိုထ်**"ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ဝဏ္ဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလို
ပါတယ်---



www.burmeseclassic.com

www.burmeseclassic.com



၁။ ဇင်ဇင်ဦး “ရွယ်စူးခဲ့ပေမဲ့”
၂။ ကြည်သာသူ “လမ်းခွဲစကား”
၃။ ဥမ္မာသော် “နားလည်နိုင်ပါစေ”
၄။ စိုးစိုးမာ “ဘယ်သူ့အပြစ်လဲ”
၅။ မော်မော်မြင့် “မြေသာနိုင်ပါစေ”
၆။ ကြော့မှုံးခင် “စဉ်းစားကြည့်ပါ”
၇။ နန်းသီတာ “ပူအမျှ”
၈။ ကိုရဲ (သာကေတ) “တောင်ပံကျိုးတဲ့ ငှက်ဇင်ယော်”
၉။ နှင်းမြူသျှင် (သံတွဲ) “အဆိပ်သင့်မြေခွေး ချစ်ရိုင်းဝေး”
၁၀။ ဟန်နီ(တောင်ကြီး) “အသိုက်ပြောင်းတဲ့ငှက်”

## ပြန်လည်စိစစ်သုံးသပ်ချက်

၁။ **ဇင်ဇင်ဦး “ရွယ်စူးခဲ့ပေမဲ့”**

ပွဲဦးထွက်လက်ရာသင့်ပါတယ်။ ဒါပေမဲ့ ကျိုးကြောင်းဖော်ပြချက်မှာ အားနည်းနေပါတယ်။

၂။ **ကြည်သာသူ “လမ်းခွဲစကား”**

ကျိုးကြောင်းဖော်ပြချက်သင့်ပေမဲ့၊ ရန်တွေသံတွေညံနေလို့ ဆွဲဆောင်မှုရသ ပျက်သွားပါတယ်။

၃။ **ဥမ္မာသော် “နားလည်နိုင်ပါစေ”**

အစချီလာတာကောင်းပြီး၊ အဖျားရှူးသွားတယ်။ စရေးရင် စိတ်ရှည်ရပါတယ်။

၄။ **စိုးစိုးမာ “ဘယ်သူ့အပြစ်လဲ”**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။ ဒါပေမဲ့ အရေးအသားပြေပြစ်မှုမှာ အားနည်းနေပါတယ်။

၅။ **မော်မော်မြင့် “မြေသာနိုင်ပါစေ”**

အရေးအသားပြေပြစ်ပေမဲ့၊ ကျိုးကြောင်းဖော်ပြချက်မှာ နည်းနည်းလွဲချော်နေပါတယ်။ မှုရင်းနှလုံးသားရှုထောင့်ကို သေသေချာချာဇတ်ရှုပြီးမှ ပြန်ရှင်းရပါတယ်။

၆။ **ကြော့မှုံးခင် “စဉ်းစားကြည့်ပါ”**

စကားပြေနဲ့စကားပြော ရောနေပါတယ်။ ကိုယ်နှစ်သက်ရာကို ဦးစားပေးရေးသားပါ။ စကားပြေဆိုရင်လည်း စကားပြေ ချည်းရေးသားပါ။

၇။ **နန်းသီတာ “ပူအမျှ”**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။

၈။ **ကိုရဲ (သာကေတ) “တောင်ပံကျိုးတဲ့ငှက်ဇင်ယော်”**

ထခင်လလတ်ရာကို မမီပါ။

၉။ **နှင်းမြူသျှင်(သံတွဲ)“အဆိပ်သင့်မြေခွေး ချစ်ရိုင်းဝေး”**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။ တဗျာကပိုင်နိုင်မှ ထည့်ရေးစေချင်ပါတယ်။

၁၀။ **ဟန်နီ (တောင်ကြီး) “အသိုက်ပြောင်းတဲ့ငှက်”**

သဘာဝယုတ္တိရှိပြီး ဆွဲဆောင်မှုရှိပါတယ်။

**“အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်”**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက် နှလုံးသားပိုင်ရှင်က တော့ **“ဟန်နီ (တောင်ကြီး)** ဖြစ်ပါသည်။ ကဲ-- ဟန်နီ (တောင်ကြီး)ရဲ့ **“အသိုက်ပြောင်းတဲ့ငှက်”** ဆိုတဲ့ ဖြောင့်ချက် နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ (ကြို့ပင်တော)**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့် ရသစုံဝတ္ထုစင်း**



www.burmeseclassic.com

www.burmeseclassic.com

# အသိုက်ပြောင်းတဲ့ငှက်

ဟန်နီ(တောင်ကြီး)




"ထွတ်" ရှင်းမပြ ပြန်ရင် လည်း ပစ်ပြေးတယ်လို့ထင်မယ်။ ရှင်း ပြပြန်တော့လည်း ဆင်ခြေပေးတယ်လို့ ဆိုလေဦးမ[…] ဘာပဲဖြစ်ဖြစ် ဒီကိစ္စက ရှင်းရမယ်ထင်လို့ ရှင်းပါစေ။ ထွတ်က ထွတ်ရဲ့အမြင်နဲ့ပြောခဲ့သလို "ယယ" ကလည်း 'ယယ'ရဲ့ခံစား[…] ပြောပါရ စေ။ 'ယယ'ရဲ့ မျှော်လင့်ချက်နဲ့ ပန်းတိုင်ကို 'ထွတ်'ကသိပြီးသားပဲလေ။ 'ယယ'က အောင်မြင်တဲ့ မော်ဒယ်တစ်[…] ဖြစ်ချင်သလို အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီးလည်း ဖြစ်ချင်တယ်။ 'ယယ'က အနုပညာသမား ခပ်များများကို သဘောကျ အထ[…] တာလည်း 'ထွတ်'အသိပဲလေ။ ဘာလို့လဲဆိုတော့ 'ယယ'က အနုပညာအသိုင်းအဝိုင်းထဲကို ဝင်ချင်လို့ပေါ့။ 'ထွတ်'နဲ့စ[…] မိတ်ဆက်တုန်းကလည်း 'ထွတ်'က'ယယ'အားပေးတဲ့ အဆိုတော်တစ်ယောက်ပဲ။ 'ထွတ်'နဲ့ချစ်သူတွေဖြစ်လိမ့်မယ်လို့ '[…] မျှော်လင့်မထားခဲ့ပါဘူး။ 'ယယ'နဲ့'ထွတ်'ကို ဆုံတွေ့ဖို့ ဟံဇာတ်ဆရာတပဲ ဖန်တီးခဲ့တာမဟုတ်ဘူးလား။ 'ထွတ်'ကို သဘော[…] 'ထွတ်'ကို တွယ်တာလို့ပဲ ထွတ်ဆီကိုဖုန်းတွေ ခဏခဏဆက်ဖြစ်ခဲ့တာ ရင်ထဲက သံယောဇဉ်ကြောင့်ပါပဲကွယ်။

မှန်ပါတယ် 'ထွတ်'နဲ့ချစ်သူဖြစ်ပြီး 'ထွတ်'နောက်ကို တကောက်ကောက်လိုက်ခဲ့တာ၊ မျက်နှာပြောင်တိုက်ပြီး အ[…]

www.burmeseclassic.com



ခဏာခဏ ဝင်ထွက်ခဲ့တာကလည်း 'ထွတ်'ကိုချစ်လို့ပါပဲ။ ဒါပေမဲ့ 'ထွတ်'။ 'ယယ'ခဏာခဏ လာလို့ 'ထွတ်'အမေက 'ယယ'ကို နောက်မလာ ဖို့ပြောခဲ့တာကော 'ထွတ်'သိလား။ အရင် တုန်းက 'ထွတ်'အမေက ဘာမှမပြောခဲ့ပါဘူး။ 'မေမီလွင်'နဲ့ကျမှ 'ယယ' ကိုမလိုလားတဲ့ပုံစံတွေ ပြခဲ့တာပါ။ မေမီလွင် ထွတ်တို့အိမ်ကို ဝင်ခလုတ်ထွက်ခလုတ် လုပ်နေတဲ့အချိန်ကျတော့ ထွတ်အမေ က 'ယယ'ကို ပေါ်တင်ပြောတာပါ။ မေမီလွင်နဲ့ထွတ်ကို ရည်စူး ထားတာမို့ မေမီလွင်ကိုပဲ ကြည်ဖြူချင်တယ်၊ 'ယယ'ကို အသွား အလာဆင်ခြင်ပါလို့ပြောတယ်၊ ဒီထက်မက ပြောခဲ့ပါသေးတယ်၊ အပြောခံရတဲ့ 'ယယ'ရင်ထဲကို ထွတ်ဝင်ကြည့်စမ်းပါ။ အရှက် တရားတွေနဲ့ ဘယ်လောက် မွန်းကျပ်နေမလဲဆိုတာ၊ 'ယယ'ကို မလိုလားတာ၊ 'ယယ'ကိုချွေးမမတော်နိုင်တာ 'ယယ'နားလည် တာပေါ့။ မေမီလွင်က ပြည့်စုံချမ်းသာကြွယ်ဝတာကိုးနော်။

ထွတ်ရဲ့အမေ သဘောကျတာလည်း ယယအပြစ်မ ဟုတ်ပါဘူး။ ဒါတွေက လူ့သဘာဝတွေပဲဆိုတာ ယယနားလည်ပါ တယ်။ ယယလည်း ကိုယ့်ရဲ့မျှော်လင့်ချက်လမ်းစတွေ ပေါ်ဖို့ လမ်းရှာခဲ့တာပါ။ ဒီလမ်းကြောင်းကိုရောက်ဖို့ ရှာရင်း လျှောက်ရင်း ထွတ်နဲ့ အလှမ်းဝေးမှန်းမသိ ဝေးခဲ့တာလည်း အမှန်ပါပဲ။ အရင် ကလို ထွတ်နောက်ကို တကောက်ကောက် မလိုက်တော့ဘူး လေ။ ကိုယ့်ရဲ့လမ်းကြောင်းကို ခိုင်အောင်လုပ်ရဦးမယ်၊ ကိုယ့် ရဲ့ကြိုးစားအားထုတ်မှုမပါဘဲနဲ့တော့၊ ဘယ်တော့မှ နေရာတစ်ခု ရလာမှာ မဟုတ်ဘူးဆိုတာကို ယယ ကောင်းကောင်းနားလည် တာပေါ့။ ယယက ဝါသနာပါပေမဲ့ အိမ်ကအများကြီး မပံ့ပိုး နိုင်ဘူးလေ။ သားသမီးဆိုတာက ယယ တစ်ယောက်တည်းမှ မဟုတ်တာ။ အစ်ကို၊ အစ်မ၊ ညီမ၊ မောင်တွေနဲ့ ယယတို့က မောင်နှမများတယ်။ ယယတစ်ယောက်တည်းကို ဘယ်လိုလုပ် အလုံးစုံ ပံ့ပိုးနိုင်ပါ့မလဲ။ အဲဒီတော့ ယယလည်း လမ်းကြောင်း ရှာတယ်။ အဲဒီအတွက်လည်း အများကြီးအပြောခံရပါတယ်။

အဲဒီထဲမှာပဲ ပညာတွေလည်းအများကြီးရလိုက်သလို သင်ခန်းစာ တွေလည်း အများကြီးရလိုက်တယ်။

ယယက ဒီဘက်မှာ အာရုံတွေများသလို၊ ထွတ်လည်း မေမီလွင်နဲ့ အတွဲများနေတာကို ထွတ်ဘာကြောင့် ရေငုံနှုတ် ပိတ်ပြီးနေနေခဲ့တာလဲ။ ထွတ်က သားလိမ္မာဆိုတာ ယယ သိပါ တယ်။ ထွတ်ကို ထွတ်ရဲ့အမေကပဲ စီမံလုပ်ကိုင်ပေးတယ်ဆိုတာ ကိုလည်း ယယသိတာပေါ့။ အရာရာထွတ်က အမေ့စကားပါပဲ။ ယယ ထွတ်ဆီမလာနိုင်လို့ ဖုန်းဆက်ပေမဲ့ ထွတ်ကလာခဲ့ပါလား၊ တွေ့ချင်တယ်လို့ တစ်ခွန်းမှ မခေါ်ခဲ့တာဘာကြောင့်လဲ။ ထွတ် ကတွေ့ချင်တယ်ဆိုရင် အပြေးလာခဲ့မယ့်သူပါ။ ယယ အလာခက် နေတာကို ထွတ် မသိခဲ့တာလား၊ ထွတ်ဆီကိုလာရင် ထွတ် အမေရဲ့အကြည့်ဒဏ်ကိုမခံချင်ဘူး။ ယယမှာလည်း မာနရှိပါ တယ်၊ ရှက်တတ်ပါတယ်။ ထွတ်အမေရဲ့ အကြည့်က အရိုက် ခံရတာထက် နာဖို့ကောင်းတယ်။

ထွတ်ရှိမှန်းသိရက်နဲ့ ထွတ်အမေက 'ထွတ်မရှိဘူး'၊ 'အပြင်သွားတယ်'၊ 'အခန်းအောင်းပြီး သီချင်းတွေ ရေးနေတယ် အနှောင့်အယှက်အပေးနဲ့၊ ဒီလောက်တောင် နားလည်မှုမရှိဘူး လား'ဆိုတဲ့ စကားတွေနဲ့ ထွတ်အိမ်ကခဏာခဏ လှည့်ပြန်ခဲ့ ရတာ၊ ယယက အပြန် မေမီလွင်က ထွတ်အိမ်ကိုအလာ ဆုံ ကြတယ်လေ။ ထွတ်အမေက မေမီလွင်ကို အိမ်ထဲခေါ်သွား တယ်။ ယယက ပြန်လာခဲ့ရတယ်။ ယယ ဘယ်လောက်ခံစားခဲ့ ရတယ်ဆိုတာ ထွတ်မစဉ်းစားမိဘူးလား၊ အဲဒီလို အရှက်ခွဲခံခဲ့ရ ဖူးလား၊ အဲဒီလို ရှက်ရွံ့သိမ်ငယ်မှုတွေနဲ့ အိမ်ပြန်ခဲ့ဖူးသလား။ ယယ နားလည်သွားခဲ့တယ်။

ထွတ်က အမေ့ရဲ့စီမံမှုအောက်မှာ ကြီးပြင်းနေတဲ့ သူလေ။ ထွတ်ကိုလမ်းခွဲစကားမပြောခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ သိပ်ချစ်လို့ပေါ့။ ထွတ်ကလည်း မေမီလွင်နဲ့ သွားလာနေတာ ပဲလေ။ ယယ ထွတ်ကို မေးခဲ့တာ မမေ့သေးဘူးထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထွတ် မေမီလွင်နဲ့ ခဏခဏ တွေ့တွေ့နေတယ်နော်" လို့ ယယ ပြောတော့ "အမေ့သူငယ်ချင်းသမီးမို့ပါ အမေကလိုက်ပို့ခိုင်းလို့" လို့ လေအေးအေးနဲ့ပဲ ဖြေခဲ့တယ်နော်။ ယယ ထွတ်ကို ယုံပါတယ်၊ ဒါပေမဲ့ထွတ်က ထွတ်မေမေရဲ့ လောင်းရိပ်အောက်မှာ ရှင်သန်နေတဲ့သူလို့ မြင်ခဲ့တယ်လေ။ ထွတ်နဲ့ပတ်သက်ရင် ထွတ်အမေကပဲ ပုံဖော်ပေးခဲ့တာ၊ ဆုံးဖြတ်လုပ်ကိုင်ခဲ့တာ၊ ဒါကိုတော့ ထွတ်ငြင်းမယ်မထင်ပါဘူး။ နောက်ပိုင်း ထွတ်ကို ဖုန်းမဆက်နိုင်တာ တကယ်လည်းမအားသလို၊ ယယဘာလုပ်ရမလဲလို့ စဉ်းစားနေတာလည်း ပါပါတယ်။ ယယအသိုက်ပြောင်းဖို့ စဉ်းစားနေခဲ့မိပြီဆိုတာ ဝန်ခံပါတယ်။

ထွတ်ရေ အဖြေကထွက်ပြီးသားပါ။ ထွတ်က မေမီ



လွင်ကို မချစ်ပေမဲ့၊ မေမီလွင်က ထွတ်ကို နှစ်သက်
ထွတ်အမေက မေမီလွင်ကိုသဘောကျတယ်၊ ထွတ်က
ချစ်တယ်၊ ထွတ်အမေက ယယကို မလိုလားဘူး။ ထွ
ထွတ်ရဲ့အမေစီမံမှုအောက်မှာ နေသားကျ ခေါက်ရိုးကျိုးနေ
ထွတ်က ထွတ်ရဲ့မိဘကို ဘယ်တော့မှ စိတ်ဆင်းရဲအောင်
ဘူးလို့လည်း ပြောခဲ့တယ်လေ။ ထွတ်ရဲ့မျှော်လင့်ချက်အိပ်
တွေကို အကောင်အထည်ဖော်ပေးခဲ့လို့ မိဘကို စိတ်မဆ
စေရဘူးလို့ ထွတ်ဆုံးဖြတ်ထားတာ ယယ သိနေခဲ့တာပဲ။

ယယဘာကိုမျှော်လင့်ပြီး ဘာကိုမျှော်ကိုးပြီး ထွ
ငေးခွင့်ရှိမှာလဲ၊ တားဆီးမရနိုင်တဲ့ ချစ်ခြင်းကလွဲလို့ ထွ
ပိုင်ဆိုင်ခွင့်မရှိမှန်း အစောကြီးကတည်းက နားလည်သိ
ခဲ့တာပါ။ ယယ နောက်ပိုင်း ထွတ်ဆီ မလာနိုင်တော့တာလ
အလုပ်တွေများခဲ့တယ်၊ ကိုယ့်အလုပ်အဆင်ပြေဖို့ သူတို့အ
တွေကိုလည်း လိုက်လုပ်ပေးရသလို သူတို့သွားချင်တဲ့
လည်း အဖော်လိုက်ပေးရတယ်၊ ကိုယ့်စိတ်ပါ၏ မပါ၏ဆို
ကိုယ်တွေးရမယ့် အတွေးမဟုတ်သလို ဖြစ်သွားခဲ့တယ်။
က ဒါကို လိုချင်ရင်တော့ တစ်ခုခုကို ရင်းနှီးရတာ မမှ
မဟုတ်လား။

ယယမှာ ငွေကြေးအလုံအ လောက်မရှိဘူး၊ ယ
ပျိုးထောင်မယ့် လူကို သူတို့သဘောကျအောင်တော့
ပေးရမှာပေါ့။ အတိုင်းအတာတစ်ခုအထိပါ။ လူတွင်ပါလို့
ကျားကိုက်တယ်လို့ စကားနာ ထိုးချင်လည်းထိုးပါ။ ကိုယ
သိပ်ဖြစ်ချင်နေမှတော့ အထိုက်အလျောက်တော့ ရင်းနှီးရမှာ
"ယယက သူတို့စိတ်တိုင်းကျ" ဆိုတဲ့ စကားအထိတော့ သိ
တွေကို အဆုံးအထိ မချခဲ့ပါဘူး။ လူတွေကလည်း အ
အရိုင်းအစိုင်းတွေတော့ မဟုတ်ဘူးလေနော်။

"အနေဝေးရင် သွေးအေးတယ်" ဆို
ထက်၊ ထွတ်ကိုမပိုင်ဆိုင်ရမှန်းသိကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အားစက်သွားပေမဲ့၊ ထွတ်ကိုပိုင်ဆိုင်ဖို့ အတွေးတွေအားစက်
ွားခဲ့တာတော့ အမှန်ပါ။ ကိုယ့်ကိုမလိုလားတဲ့၊ မနှစ်သက်တဲ့
ူဆီကို မလာချင်ဘူး၊ ဒါက ယယရဲ့မာနလို့ဆိုချင်ဆို။ ထွတ်က
ှစ်ပေမဲ့ ထွတ်ရဲ့ အမေကမနှစ်သက်၊ သဘောမကျတာ နှုတ်က
င့်ပြောထားတာ၊ "မင်းသာရုက်တတ်၊ နားလည်တတ်၊ တွေး
ာတ်တဲ့သူတစ်ယောက်သာဆိုရင်၊ ငါပြောတာကိုသဘောပေါက်
ာပါ"ဆိုတဲ့ ထွတ်အမေရဲ့စကားကြားပြီးကတည်းက ထွတ်ကို
င်ဆိုင်ဖို့ စွန့်လွှတ်ထားပြီးသားပါ။ မမုန်းနိုင်လို့သာ လမ်းခွဲ
ကားမပြောထွက်နိုင်ခဲ့တာ။အခုလိုထွက်ဖြစ်သွားလိမ့်မယ်လို့
ယယ မထင်ခဲ့ဘူး။

မှန်ပါတယ်။ ထွတ်နဲ့မိတ်ဆက်ပေးခဲ့တဲ့ ကိုအောင်နဲ့
ာက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာ။ ထွတ် ကားအက်ဆီးဒင့်မဖြစ်ခင်
ာပါ။ ယယကိုနားလည်တဲ့ လိုလားတဲ့သူကိုပဲ ယယလက်တွဲ
ျင်တယ်။ ကိုအောင်က မိဘတွေနဲ့ အရင်ဦးဆုံး လာကြောင်း
ာမ်းတာပါ၊ ယယနဲ့ တတွဲတွဲလုပ်နေလို့ ယယရဲ့ အစ်ကိုက
င်းသဘောကျရင် အိမ်ကိုလာခွင့်တောင်းလို့ ပြောလိုက်တာ၊
ဘားပတ်ဝန်းကျင်မှာ ငါ့ညီမသိက္ခာကျတယ်လို့ ကိုလေးက
ပြောတာနဲ့ ကိုအောင်က မိဘတွေနဲ့ အရင်လာနားဖောက်လိုက်
တာပဲ။ ဒါကို ထွတ် မသိလိုက်ဘူးလေ။ ယယ နှလုံးသားနဲ့
းနှောက်တွေ ရှုပ်ထွေးသွားခဲ့တာ အမှန်ပါပဲ။ ယယထွတ်ကိုချစ်
တ သံယောဇဉ်ရှိတာလည်း ကိုအောင်သိတယ်။ ယယ ပြောပြ
ိုက်တာပါ။ ယယ သစ္စာဖောက်ခဲ့တယ်၊ ယယငွေချစ်ခဲ့မိတယ်။
ွတ်စွပ်စွဲသလိုပါပဲ။ ယယရဲ့ အောင်မြင်မှု၊ ယယရဲ့ဝန်းတိုင်၊
ယရဲ့ကျော်ကြားမှုအတွက် ကိုအောင့်ကိုလက်တွဲဖို့ ခေါင်း
ြိတ်ခဲ့မိတာပဲ။ ထွတ်ကိုလမ်းခွဲစကား ပြောမထွက်ခဲ့ဘူး၊ ထွတ်
ို စချစ်ခဲ့တာလည်း ယယပါပဲ၊ ပစ်ပြေးခဲ့တာလည်း ယယ
ရင်ဆုံးဖြစ်ခဲ့တယ်နော်။

ထွတ်ကတော့ ယယရဲ့အတွေးကို မသိနိုင်မမြင်နိုင်



ခဲ့လို့ပါ။ မေမီလွင်နဲ့ ရည်စူးထားမှန်း ထွတ်လည်း သိတယ်လို့
ထွတ် အမေပြောပြတယ်၊ ဒါပေမဲ့ ထွတ် ယယကိုမပြောပြခဲ့ဘူး။
ယယတတော့ ယယရဲ့တစ်ဖက်သတ်အတွေး တစ်ဖက်သတ်
ဆုံးဖြတ်ချက်တွေကြောင့် ဘေးကို ခြေတစ်လှမ်းစလှမ်းခဲ့တာ
ယယရဲ့ အမှားလို့ဆိုချင်တယ်ဆိုရင် ယယမှားခဲ့ပါတယ်။ ယယရဲ့
ရှေ့ခရီးအတွက် မရေမရာလှတဲ့အချစ်နဲ့ မသေချာတဲ့ဘဝတစ်ခု
အတွက် ဦးနှောက်နဲ့ဆုံးဖြတ်ခဲ့တာကို ဝန်ခံပါတယ်။ ယယကို
နားလည်သဘောပေါက်နိုင်မယ့် လူတစ်ယောက်ဖြစ်ဖို့ လိုတယ်
လေ။ သဘောထားမကြီးနိုင်ရင်၊ သံသယများနေရင်တော့ ယယ
တို့ အနုပညာအသိုင်းအဝိုင်းမှာ မခိုင်မြဲနိုင်ဘူး။ ဒါကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ထွတ်လည်း အသိဆုံးပဲ။

ထွတ် ကားအက်ဆီးဒင့်ဖြစ်တယ်လို့ သတင်းကြား ကြားချင်း ယယအလွန်ကို ထိတ်လန့်ခဲ့မိတယ်။ ထွတ်တစ်ခုခု ဖြစ်သွားမှာကို အလွန်စိုးရိမ်ခဲ့မိတယ်။ ထွတ်ဆေးရုံမှာ ဆိုတာနဲ့ ယယရောက်လာခဲ့ပါတယ်။ "ထွတ်အမေက ထွတ် အိပ်ပျော်နေတယ်၊ ထွတ် စိတ်ကောလူကော အနားယူဖို့လိုတယ်" တဲ့၊ ဒါကြောင့် ယယ ပြန်လာခဲ့တယ်။ ထွတ်ဒီလိုဖြစ်ပြီး မေမီလွင်နဲ့ တစ်ခန်းရပ်ခဲ့တာ ယယ ကြားပါတယ်။ ယယစေ့စပ်သတင်းကို မထည့်နိုင်းပါဘူး။ ဒါပေမဲ့ မိဘနဲ့မောင်နှမတွေ၊ ဟိုဘက်က မိဘတွေရဲ့ဆန္ဒကြောင့် ထည့်လိုက်တာပါ၊ အများအမြင်မှာ ယယကို အမြင်စောင်းမှာ အိမ်ကမလိုလားကြဘူးလေ။ ထွတ်ကို အလွန်အားနာခဲ့ပါတယ်။ ရှက်လည်းရှက်ခဲ့တယ်။ ချစ်သူဒီလို ဖြစ်မှ ပစ်ပြေးခဲ့တဲ့ သတ္တိကြောင်တဲ့ လူတစ်ယောက်ဖြစ်ခဲ့တယ်။ ထွတ်ကိုမမုန်းခဲ့ပါဘူး၊ ထွတ်ရဲ့စာကိုဖတ်ပြီး ထွတ်ကိုအားနာခဲ့မိတယ်။ ထွတ်အမေနဲ့ ယယရဲ့ကြားမှာ ကြီးမားတဲ့တံတိုင်းကြီး တစ်ခုရှိမှန်း ထွတ် မသိခဲ့တာ သိခဲ့ရတယ်။

ထွတ်အမေဆေးရုံမှာ ယယကိုအားနာပြီး ဘာစကားမှ သိပ်မပြောခဲ့တာ နားလည်ပါတယ်။ ဒါပေမဲ့ထွတ်ရယ် တစ်ဖက်မှာ ကျွံခဲ့တဲ့စကား၊ ပေးခဲ့တဲ့ကတိ၊ သဘောတူခဲ့တဲ့ ကတိတွေကြောင့် ယယ ဆက်ပြီးလျှောက်ရဦးမှာပဲ။ ထွတ်အပေါ် သစ္စာဖောက်ခဲ့တယ်၊ လမ်းခွဲစကားမဆိုနိုင်လို့ ရေငုံနှုတ်ပိတ်နေခဲ့မိတယ်၊ မုန်းတယ်ဆိုတဲ့စကားကို မဆိုချင်ပါဘူး၊ ယယ ထွတ်ကို မမုန်းနိုင်ခဲ့လို့ပါ။ ကိုအောင်ကိုတော့ သင့်တော်တယ်လို့ ယုံကြည်လို့ လက်တွဲလိုက်တာပါ။ အဲဒီအတွက် ထွတ်အပေါ် ရထံစက်ခဲ့မိတယ်။ ထွတ်ဒီလို ဒုက္ခိတဖြစ်လို့ ပစ်ပြေးသွားခဲ့တာမဟု ပါဘူး။ စေ့စပ်သတင်းကတော့ အကြောင်းတိုက်ဆိုင်စွာ နော ဖြစ်ခဲ့တာပါ။

ကိုအောင်က လူကြီးတွေနဲ့ နားဖောက်ခဲ့တာ ထွ ကားအက်ဆီးဒင့် မဖြစ်ခင် ရှေ့ကပါ။ ဘာပဲဖြစ်ဖြစ်ပေါ့ ယ မှားခဲ့တယ်၊ ယယရက်စက်ခဲ့တယ်၊ ယယ သစ္စာမဲ့ခဲ့တယ်၊ ယ ဒီလမ်းကိုလျှောက်ဖို့ တွန်းပို့ခဲ့တဲ့အတွက် အမေကိုလည်းစိ မိတယ်။ ထွတ်မယုံရင် ထွတ်အမေဒီလို စကားတွေ ယ ပြောခဲ့သလားလို့ မေးကြည့်ပါ။ ဒါကိုတော့ ယယ မညာပါ ထွတ်ကိုမမုန်းနိုင်လို့ လမ်းခွဲစကားတွေ မပြောခဲ့တဲ့ ယ ထွတ်စိတ်နာပါ၊ မုန်းလိုက်ပါ။ သစ္စာမဲ့တဲ့ ယယကို နာကြည် တွေနဲ့ မုန်းလိုက်ပါ ထွတ်ရယ်၊ ထွတ်ဒီဘဝရောက်လို့ လက် နိုင်ခဲ့တာ မဟုတ်ပါဘူး။ အရင်က ခြေလှမ်းပျက်ခဲ့ရလို့ ဝမ်းန အားနာပါတယ်ထွတ်။

**ခွင့်လွှတ်ပါလို့မတောင်းဆိုခဲ**


**"ယယ**


**ထန်နီ(တောင်ကြ**





www.burmeseclassic.com

www.burmeseclassic.com









အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၈၊ ၂၀၅၈၅၄၊ ၂၀၅၄၀၄၊ ၂၀၅၈၈၉

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

## မာယာပရောဂျက် ရုပ်ရှင်ဇာတ်ကား သူတို့ပါဝင်ထား

**ကျော်ဇောဟိန်း (ဒေါ်ပုံ)**

ဒါရိုက်တာဝိုင်းက မိုးကောင်းကင် ဗီဒီယို ထုတ်လုပ်ရေးအတွက် လွန်းထားထား (ဆေးတက္ကသိုလ်)ရဲ့ ဝတ္ထုကို သီဟစိုးက ဇာတ်ညွှန်းနဲ့ ပုံဖော်အသက်သွင်းရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို **"မာယာပရောဂျက်"**လို့ အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားပါ။

နေတိုးက "မင်းလုလင်"၊ ကျော်ကျော်(35)က "မိုးသက်တံ့"၊ သက်မွန်မြင့်က "မိုးကြိုးမေ"၊ ဖွေးဖွေးက "စွဲညှို့ရှင်" အဖြစ်အဓိကဦးဆောင်ထားကြပြီး ညီကျော်၊ လှလှမိုး စတဲ့ဇာတ်ပို့ဇာတ်ရန်များစွာ ပါဝင်ထားကြပါတယ်။



မိဘများမရှိကတည်းက မိုးကြိုးမေက မောင်အရင်း မိုးသက်တံ့ကို ပြုစုပျိုးထောင်ခဲ့တယ်။

မိုးသက်တံ့ရဲ့ ချစ်သူ **စွဲညှို့ရှင်**ကို အိမ်သို့ ဖိတ်ခေါ်ကာ သဘောမတူကြောင်းပြောင်ဖွင့်ပြောတယ်။ စွဲညှို့ရှင်ကလည်း မခံချင်စိတ်နဲ့ မိုးသက်တံ့ကို ရအောင်ယူမယ်လို့ ပြန်ပြီးစိန်ခေါ်လိုက်တယ်။

စွဲညှို့ရှင်ကို မကျေမချမ်း ဖြစ်နေတဲ့ မိုးကြိုးမေက ရုပ်ရည်ချောမောပြီး ညို့ယူဖမ်းစားနိုင်တဲ့ မျက်ဝန်းပိုင်ရှင် လင်းလုလင်ကို အခကြေးငွေပေး ငှားရမ်းကာ စွဲညှို့ရှင်ကို ချဉ်းကပ်စေခဲ့တယ်။

လင်းလုလင်က စွဲညှို့ရှင်နောက်တစ်ကောက်ကောက် လိုက်ကာ ချစ်ခွင့်ပန်ဖို့ကြိုးစားရင်း အိမ်ကိုပင်မပြန်တော့။ စွဲညှို့ရှင်တို့ အိမ်အနီးရှိ လက်ဖက်ရည်ဆိုင်မှာပဲ ညလုံးပေါက်ထိုင်စောင့်တယ်။ စွဲညှို့ရှင်က မိမိမှာ ချစ်သူရှိကြောင်း ဖွင့်ပြောပေမယ့် အကြောင်းမထူးဘဲ လိုက်မြဲလိုက်နေတယ်။ မိုးသည်းညတစ်ည .. လက်ဖက်ရည်ဆိုင်ရှေ့မှာ ခုံလေးတစ်လုံးနဲ့ မိုးရေထဲတစ်ယောက်တည်းထိုင်နေတဲ့ လင်းလုလင်ကိုကြည့်ကာ အဲဒီည



www.burmeseclassic.com



စွဲညှို့ရှင် အိပ်မပျော်ခဲ့။ နံနက်မိုးလင်းတဲ့အခါ ခါတိုင်းလို ထိုင်စောင့်နေတဲ့ လင်းလုလင်ကို မတွေ့ရတော့။ အဲဒီနေ့မှစပြီး လင်းလုလင် ပျောက်ချင်းမလှ ပျောက်သွားတော့တယ်။ မိမိနောက်မှာ အရိပ်ပမာရှိနေခဲ့ရာမှ ပျောက်ဆုံးသွားတဲ့အတွက် စွဲညှို့ရှင် စိတ်ထဲမှာ တစ်စုံတစ်ခု လစ်ဟာသွားသလို ခံစားလိုက်ရတယ်။

မိုးကြိုးမေမှာ လင်းလုလင်ကို ခေါ်တွေ့ပြီး ဆက်သွယ်ရ လွယ်ကူစေဖို့ Hand Phone တစ်လုံးပေးခဲ့တယ်။

လင်းလုလင် ပြန်ပေါ်လာတဲ့အခါ စွဲညှို့ရှင် ဝမ်းသာသွားပြီး ရင်းနှီးမှုရသွားကြတယ်။ လင်းလုလင်ကအလွမ်းသယ်ရာ စွဲညှို့ရှင်မှာ မိမိအနေနဲ့ လင်းလုလင်ကို သံယောဇဉ်ဖြစ်နေပြီလို့ ခံစားလိုက်ရတယ်။ ဒီအတောအတွင်း မိုးကြိုးမေကလည်း လင်းလုလင်ကို ကားတစ်စီးဝယ်ပေးတဲ့အထိ အခွင့်အရေးပေးလာခဲ့သလို၊ တစ်လပြည့်လို့ ရောက်လာတဲ့ မိုးသက်တံ့ကိုလည်း စွဲညှို့ရှင်က မချစ်နိုင်တော့ကြောင်းပြောကာ လမ်းခွဲလိုက်တယ်။ မိုးသက်တံ့ကလည်း စွဲညှို့ရှင်ပြောင်းလဲသွားခြင်းမှာ အစ်မဖြစ်သူမိုးကြိုးမေရဲ့ ပယောဂပါဝင်ကြောင်း စွပ်စွဲပြောဆိုကာ မိုးကြိုးမေတားနေတဲ့ ကြားက အိမ်မှ ဆင်းသွားခဲ့တယ်။ လင်းလုလင်နဲ့ စွဲညှို့ရှင်တို့ ချစ်သူများ ဖြစ်သွားကြတယ်။

တစ်နေ့ လင်းလုလင်ရှိနေခိုက် စွဲညှို့ရှင် အိမ်ကို မိုးသက်တံ့ ရောက်လာတယ်။ လင်းလုလင်နဲ့ စကားများရန်ဖြစ်ကြတယ်။ ရပ်ကွက်ထဲ လူသိရှင်ကြား ဖြစ်ကုန်လို့ စွဲညှို့ရှင်လည်း အရှက်တကွဲ ဖြစ်ရလေတယ်။

မိုးကြိုးမေက ချိန်းဆိုပြီး စွဲညှို့ရှင်လာတွေ့တဲ့အခါ လင်းလုလင်မှာ စွဲညှို့ရှင်ကို တကယ်ချစ်သူမဟုတ်ဘဲ မိုးသက်တံ့နဲ့ ပြတ်စဲရေးအတွက် ငှားရမ်းထားတဲ့ အလုပ်သမားသာဖြစ်ကြောင်း သိရှိလိုက်ရပြီး နာကြည်းခံပြင်းသွားရတယ်။

လင်းလုလင်နဲ့ စာရင်းရှင်းတဲ့အခါ လင်းလုလင်က စွဲညှို့ရှင်ကို မိမိတကယ်ချစ်ခဲ့ခြင်း ဖြစ် ကြောင်း တောင်းပန်ပေမဲ့ စွဲညှို့ရှင် လက်မခံတော့။

လင်းလုလင်က မိမိအား ပေးထားတဲ့ Hand Phone နဲ့ကားကို လာပြန်ပေးပြီး မိုးကြိုးမေကို ချဉ်းကပ်ပြန်တယ်။ မိုးကြိုးမေ အမျိုးမျိုး ငြင်းဆန် ရှောင်ရှားပေမဲ့ ဇွဲကောင်းကောင်းနဲ့ အရိပ်ပမလိုက်နေတဲ့ လင်းလုလင်ကို သံယောဇဉ် ဖြစ်လာတော့တယ်။ မိုးသည်းထန်တဲ့ ညတစ်ည ခြံရှေ့အုတ်ခုံမှာထိုင်နေတဲ့ လင်းလုလင်ကို မိုးကြိုးမေ အိမ်ပြန်ခိုင်းနေစဉ် မမျှော်လင့်ဘဲ မိုးသက်တံ့ရောက်လာပြီး လင်းလုလင်ကို ဒေါသတကြီး ထိုးကြိတ်တယ်။ ပြန်လည်ခုခံခြင်းမပြုဘဲ ငုံ့ခံနေတဲ့ လင်းလုလင်အဖြစ်ကို မကြည့်ရက်နိုင်တော့တဲ့ မိုးကြိုးမေက လင်းလုလင်မှာ မိမိချစ်သူဖြစ်ကြောင်း ပြောဆိုဟန့်တားလိုက်ရာ မိုးသက်တံ့နာကြည်းစွာ ထွက်သွားတော့တယ်။


ရှေ့ဆက် ဘာတွေဖြစ်ပေါ်လာမလဲဆိုတာ စောင့်မျှော်ကြည့်ကြပါ။

**ကျော်ဇောဟိန်း-ဒေါ်ပုံ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## “ဖာဆိုလာ”

**နိုင်ဇင်သန့်**

ကိုကြည်ဖြူနဲ့ မသက်မာတို့ လင်မယားမှာ အသွင်မတူသော ဇနီးမောင်နှံဖြစ်ကြသည်။ ကိုကြည်ဖြူကဂီတနှင့်ပင် အသက်မွေးဝမ်းကျောင်းပြုနေရသူဖြစ်သည်။ မသက်မာက ဂီတကိုကျောခိုင်းသူဖြစ်ပြီး အိမ်၌ ကက်ဆက်ဖွင့်သည်ကိုပင် နားငြီးသူဖြစ်သည်။ နေ့စဉ်မနက် စန္ဒယားဖြင့် သံစဉ်များ စမ်းသပ်ရင်း ‘ဖာဆိုလာ’ ‘ဖာဆိုလာဟု ဆို၍ သံစဉ်ရှာရသည်။ ဒိုရေမီဖာ၊ ဆိုလာ၊ ဒီဒို တီးခက်ရသည်။ မသက်မာနဲ့မိခင်က ခြံထဲတွင်သစ်ပင် များစိုက်ရင်း ‘ဖာဆိုလာ’ ‘ဖာဆိုလာ’ အသံကို ‘ဖာဆိုလာ’ ‘ဖာဆိုလာ’ ဟုကြား၍ ဒေါသဖြစ်ပြီး ကိုကြည်ဖြူအား ရန်ပြုကာစကားများရသည်။

ကိုကြည်ဖြူကတော့ သည်းခံခြင်းသည် အောင်မြင်ခြင်းဟူသော ဆောင်ပုဒ်ကို လက်ကိုင် ထားသူဖြစ်၍ အစဉ်အလျော့ပေးနေသည်။ လင်မယားနှစ်ယောက်ကြား အဆင်မပြေဖြစ်နေသည့်အထဲ ကြား ပွဲစား မဥမ္မာဆိုသူ အမျိုးသမီးကြီးကဝင်ပြီး အတို့ အထောင်လုပ်နေသည်။

တစ်နေ့ ပိုင်းဆရာ ကိုကြည်ဖြူမှာ ဂီတဖျော် ဖြေမှုအတွက် နယ်ခရီးထွက်ပြီးအပြန် လက်ဆွဲသားရေ အိတ်တွင်းမှ အဆိုတော် ပန်းအိန္ဒြယ်၏ အင်္ကျီပါလာမှု ကြောင့် ပြဿနာပေါ်ရသည်။ အမှန်မှာ ၎င်းပိုင်းမှပင် ယောက်ျားပင်တိုင် အဆိုတော် ဇင်အောင်လွင်က ပန်း အိန္ဒြယ်အား ချစ်ကြိုက်နေ၍ ဆရာ ကိုကြည်ဖြူကပင် ချစ်သူနှစ်ဦးနီးစပ်ဖို့အရေး အကူအညီပေးနေရသည်။

ညဘက် ကိုကြည်ဖြူရဲ့ ဂီတမာလာတေးဂီတ အဖွဲ့မှ တေးသီချင်းသွင်းပြီး အိမ်ပြန်ကြသည်။ အ လုပ်သမားတစ်ဦးက ပန်းအိန္ဒြယ် လက်ပွေ့အိတ်အ တွင်းမှ ကျကျန်နေသော ဓာတ်ပုံဘောင်ချာစာရွက်ကို လာရောက်ပေးအပ်သဖြင့် အင်္ကျီအိတ်ထဲတွင် ထည့် ထားမိသည်။ အိမ်ပြန်၍ဇနီးဖြစ်သူက လင်တော်မောင်ရဲ့





www.burmeseclassic.com

www.burmeseclassic.com



အကျီအိတ်အတွင်းမှ ဓာတ်ပုံဘောင်ချာကို မသက်ာဖြစ်သဖြင့် မည်မှာကိုတင်ပြပြီး ဓာတ်ပုံဆိုင်တွင် ဘောင်ချာပြကာ ဓာတ်ပုံရွေးကြည့်ရာ ပန်းအိန္ဒယ် ဓာတ်ပုံဖြစ်နေ၍ ပြဿနာ တစ်ရပ်တိုးပြန်သည်။ ကိုကြည်ဖြူအား (သည်းခံခြင်းသည်အောင်မြင်ခြင်း) စာတန်းက ထိန်းထားသည်။

ဇော်အောင်လွင်နဲ့ ပန်းအိန္ဒယ်တို့တစ်ဦးနှင့်တစ်ဦး ချစ်ကြည်နူးသည်အထိ ခရီးရောက်နေကြသည်ကို ဆရာက ကျေနပ်နေမိသည်။ ဇော်အောင်လွင်ရဲ့ အချစ်မေးခွန်းတစ်ခုကို နှုတ်ဖြင့်မေးလိုက်သည်ကို ပန်းအိန္ဒယ်က ကန္တဲ့ကလျ ပြန်ထားသည့်စာကို ဇော်အောင်လွင့် တိုက်ပုံအကျီနှင့် ကိုကြည်ဖြူ့ တိုက်ပုံအကျီ မှားယွင်းထည့်ထားလိုက်မိသဖြင့် ကိုကြည်ဖြူနှင့် မသက်မာ ပြဿနာပေါ်ရပြန်သည်။

ဇော်အောင်လွင်က ချစ်သူ ပန်းအိန္ဒယ်အား နိုင်ငံခြားသဘောအရာရှိလေး စိန်လှအောင် ဆိုသူနှင့် မိဘများသဘောတူနေသည့်အပြင် ပန်းအိန္ဒယ်အား ချုပ်ချယ်လိုက်သဖြင့် ပန်းအိန္ဒယ်က သူ့အားလာခိုးပါရန် ဆိုလာပြန်သဖြင့် ဆရာ ကိုကြည်ဖြူနှင့် နှစ်ယောက် အစီအစဉ်လုပ်ကြရသည်။

အစီအစဉ်မှာ တလွဲတချော်ဖြစ်မှုကြောင့် ကိုကြည်ဖြူနှင့် ပန်းအိန္ဒယ်တို့ ချိန်းဆိုထားသော နေရာသို့ ဇော်လွင်အောင်တစ်ယောက် အချိန်မီ မရောက်လာ၍ ပန်းအိန္ဒယ်အား ကိုကြည်ဖြူ၏ မိခင်အိမ်သို့ခေါ်သွားရာ ဇနီး မသက်မာနှင့် ပက်ပင်းတိုးသဖြင့် ကိုကြည်ဖြူတစ်ယောက် ချောက်ကျရပြန်သည်။ ဇော်လွင်အောင်မှာ အချိန်မီပေါက်ချလာသဖြင့် ပန်းအိန္ဒယ်အား လွှဲအပ်ထားခဲ့ပြီး ဇနီးသည်ထံ ဖြေရှင်းရန်အပြေးအလွှားလိုက်သွားသော်လည်း (ဒီဘဝဒီမျှသာ) ဟူသော ဆိုင်းဘုတ်လေးနှင့် အဝတ်သေတ္တာလေးက ဆီးကြိုနေ၍ ပြန်ခဲ့ရသည်။

ကိုကြည်ဖြူတစ်ယောက် ဇနီးသည်မသက်မာကို မည်သို့ဖြေရှင်းပြီး မည်သို့ပြေလည်သွားမယ်ဆိုတာတော့ ဆက်လက်ကြည့်ရှုခံစားရမှာ ဖြစ်ပါသည်။

ဇာတ်ကားဖြစ်ဖို့အတွက် ဘိတ်က လာတဲ့ ငံပြာရည်၏ ဇာတ်လမ်းကို သီကိုရဲ့ ဇာတ်ညွှန်းအား ဒါရိုက်တာ ကျော်စိုးက မာန်ထက်ချို ဗီဒီယိုထုတ်လုပ်ရေးအတွက် မစန်းစန်းဝင်း(မော်လမြိုင်) စီစဉ်ထားမှုနှင့် ပုံဖော်ထားပြီး အသက်သွင်းရိုက်ကူးထားခြင်း ဖြစ်ပါသည်။

ဟိန်းဝေယံက ကိုကြည်ဖြူ။ ခိုင်သင်းကြည်က မသက်သက်မာအဖြစ် အဓိကဦးဆောင်ထားကြပြီး ဝင်းနိုင်(အနုပညာ)၊ မြင့်မိုရ်၊ မြတ်မို့မို့သိမ့်၊ မိုးကျော်၊ ကျော်စိုး၊ ခင်မို့မို့အေး၊ ဒေါ်အေးမြင့်၊ ဂွမ်းပုံလေး၊ အောင်ဇော်မင်း၊ အိမ့်ကြာဖြူတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

**နိုင်ဇင်သန့်.**



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

ကိုကြီးထူး



**"မြန်မာပြည်စာရေးဆရာများအသင်းမှသည် မြန်မာနိုင်ငံစာရေးဆရာအသင်းဆီသို့"**

**"သုခမ္မဇေယျဗောဓိစောတဓရဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန်(မောင်စိုး၊ထိုက်-သုံးဆယ်)လူမှုထူးချွန်(ဝထမအဆင့်)နှင့် စာပေဆုများရှင်"**၏ ဤစာအုပ်တွင် မြန်မာပြည်စာရေးဆရာအသင်း အဆင့်ဆင့်ဖွဲ့စည်းပေါ်ပေါက်လာပုံ သမိုင်းကြောင်းများနှင့် ဓာတ်ပုံမှတ်တမ်းများကို ပြည့်စုံစွာစုစည်းဖော်ပြထားရာ၊ သုတေသီတိုင်းဝယ်ယူသိမ်းဆည်း ထားသင့်သည်။ စာကြည့်တိုက်တိုင်းတွင်လည်း ထားရှိသင့်သည်။ အမေ့သားထိုက်စာပေ ဖုန်း-ဝ၁-၅၉ဝ၁၂၃/ဝ၉-၄၂၁၁၄၆၉၇၈ မှ တစ်အုပ်လျှင် -၃၅ဝဝနှုန်းဖြင့် တစ်ပြည်လုံး သို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**"မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများကို စစ်ထမ်းထုတ်ကြည့်ခြင်း"**

**"ဆရာသန်းဝင်းလှိုင်"**၏ ဤစာအုပ်တွင် ခေတ်ဟောင်းပါတီစုံစနစ်အစ ပျိုးခဲ့သော ဒိုင်အာခီစနစ်နှင့် ရွေးကောက်ပွဲများ၊ ၉၁ ဌာန အုပ်ချုပ်ရေးခေတ်ရွေး ကောက်ပွဲများ၊ လွတ်လပ်ရေးရပြီးနောက်ပါလီမန်ရွေးကောက်ပွဲများ၊ ပါတီစုံဒီမိုကရေစီ ခေတ်ရွေးကောက် ပွဲများအကြောင်း မှတ်တမ်းတင်ပြုစုထားရာ မှတ်သားဖွယ်ကောင်း သည်။ သုတေသီများအကြိုက်ဖြစ်သည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင်- ၁၅ဝဝိ/ နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။






www.burmeseclassic.com

www.burmeseclassic.com



## "အညံ့စားဒီမိုကရေစီနှင့် နိုင်ငံရေးအတွေးအမြင်စာစုများ"



**"ဆရာခင်မောင်ဌေး(ဝဉ္စာရေး)"**၏ဤစာအုပ်တွင်၊ နိုင်ငံရေးအတွေးအခေါ်များကို၊ ဖေါ်ထုတ်ရေးသားထားရာ၊ လေးနက်ထက်မြက်စူးရှထိရောက်မှုရှိသည်။ "အတိုက်အခံရှိနေခြင်းသည်၊ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည်" "အသင်းအဖွဲ့ဖွဲ့ခြင်းသည် လူပေါ်လူထင်လုပ်ရန်မဟုတ်ပါ။ ပူးပေါင်းဦးဆောင်၊ ပူးပေါင်းလက်တွဲလုပ်ဆောင်ကြရန်ဖြစ်သည်" "ခရိုနီဆိုသည့် လူနပ်ချမ်းသာများသည် နိုင်ငံပိုင်ပစ္စည်းများကို တစ်စစီခွဲယူနေကြသည်"ဟူသော အတွေးအခေါ်များကို လက်ခံကျင့်သုံးသင့်ကြ သည်။ ရန်အောင်စာပေ မှ တစ်အုပ်လျှင် ၁၈၀၀ိ/နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက် ရှိသည်။



## "မြေခံတောင်းသည့် တို့မြန်မာပြည်"

**"ဆရာမြေထက် ထင်ကျော်မိုး"**၏ ကဗျာစုစည်းမှုစာအုပ်တွင် ကဗျာ(၅၁)ပုဒ်ပါသည်။ မြန်မာ့အလှ၊ မြန်မာ့ သဘာဝအပါအဝင်၊ အလွှာစုံမှတွေ့ကြုံသမျှကို ကဗျာဖြင့်ဖွဲ့သထားသည်။ ကဗျာချစ်သူများ လက်ခံကြပေလိမ့်မည်။ ခရီးဖော်မီဒီယာ ၀၁-၆၆၁၄၆၅၊ ၀၉-၄၂၅၂၇၅၃၃၄မှ တစ်အုပ်လျှင် ၈၀၀ိ/နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

## "မြန်မာစာသင် မြန်မာစာဆရာများ၏ ဖူးပွင့်ဝေ အောင်ပွဲဝင်စာစီစာကုံးများ"




**"ဆရာကျော်(ရန်ကုန်တက္ကသိုလ်)"**စီစဉ်သည့်၊ ဤစာအုပ်တွင်၊ နာမည်ကြီး မြန်မာစာပြဆရာ (၁၀)ဦး၏ သရုပ်ဖော်စာစီစာကုံး(၃၂)ပုဒ်၊ ဖြစ်စဉ်ပြစာစီကုံး(၉)ပုဒ်၊ ဖွင့်ဆိုရှင်းပြစာစီစာကုံး (၁၉)ပုဒ်၊ ကျိုးကြောင်းပြစာစီစာကုံး အပုဒ်(၃၀) စုစုပေါင်း စာစီစာကုံး အပုဒ်(၉၀) တိတိပါဝင်သည်။ မြန်မာစာဂုဏ်ထူးထွက်လိုကြသူများ အချိန်မီဝယ်ယူဖတ်ရှုနည်းယူသင့်ကြသည်။ ခေတ်သစ်ထွန်းစာပေ ဖုန်း ၀၉-၄၃၀၉၅၉၆၄၊ ၀၉-၇၃၀၅၂၇၁၇ မှ တစ်အုပ်လျှင် ၂၀၀၀ိ/နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ထိုကြီးထူး

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



တာဝန်ယူရဲသောစိတ်ဖြင့် တာဝန်ကျေနေမည့် ကာလ။ စာနာစိတ်ကြီးမားနေမည်။ မိမိကိုယ်မိမိ ယုံကြည်မှုပြည့်ဝနေလိမ့်မည်။ စည်းကမ်းကြီးမားခြင်းကြောင့် ဆန္ဒရည်ရွယ်ချက်တို့ အောင်မြင်မည်။ အောင်မြင်မှု၏ လျှို့ဝှက်ချက်က ကြိုးစားအားထုတ်မှုဆိုတာ သဘောပေါက်ခွင့်ရရှိမည်။ ကျန်းမာရေးကိစ္စ ပြောင်းလဲမှုမကြုံနိုင်ပေ။

မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်လည်း အသွားအပြန်ရှိကြောင်း တွေ့ရပေလိမ့်မည်။ ချစ်သူထံက ချစ်ပါကြောင်း မေတ္တာတုံ့ပြန်မှုပေးလိမ့်မည်။ အချစ်ကံ ဆန်းကြယ်ကောင်းမွန်နေ၏။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ စနေ။

**အကျိုးပေးဝထာန်း** – (၁ ၈ ၄) (၆ ၈ ၄)

**ထဖြော**– မိသားစုကို မိမိနှစ်သက်ရာ အစားအသောက်ဖြင့် ဒါနပြုကျွေးမွေးပါ။

## တနင်္လာ



အောင်မြင်မှုသောင်ကမ်းကို လှမ်းမြင်နေရမည့် ကာလ။ အံ့သြစရာကောင်းလောက်သော အဆင်ပြေ[illegible] များကြုံရမည်။ မိမိလုပ်ငန်းတာဝန်အပေါ် စိတ်ဝင်စား[illegible] စူးစူးစိုက်စိုက်ဆုံးခန်းတိုင်အောင် လုပ်ဆောင်နေပေလိ[illegible] မည်။ မိသားစုအတွက် ရင်ခုန်ပြုံးလေးများ ပြုံးရပေ[illegible] သည်။ ကျန်းမာရေးသင့်၏။

စားထက်ပေါ်က ပျားရည်စက်ကိုမှ နှစ်သက်[illegible] သဖြင့် ချစ်ကံခေလွန်းနေမည်။ မာယာဘုရင်၊ အချ[illegible] ကျမ်းကြေလွန်းသူကိုမှ မာနများခဝါချကာ ချစ်မိတ[illegible] သည်။ အချစ်ရေး ဆုံးဖြတ်ချက်မှားတတ်သည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ အင်္ဂါ။

**အကျိုးပေးဝထာန်း** – (၈ ၈ ၃) (၂ ၈ ၇)

**ထဖြော**– တစ်နေ့တည်း ဘုရားသုံးဆူ လှည့်ဖူးပြီ[illegible] တစ်မျိုးတည်းသော ဆုကို တောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



သဘာလိုလို၊ တမာလိုလို အခြေအနေမျိုးနှင့် ကြုံရမည့်ကာလ။ အကြံတူသည့် ရန်သူလည်း ရှိနိုင်သကဲ့သို့ အကြံတူသည့် မိတ်ဆွေများလည်း သင့်ဘေးမှာ ရှိနေသည်။ လောကမှာ မည်သည့်အရာမှ အချောင်မရနိုင်ပေ။ မိမိလိုချင်သော ရည်ရွယ်ချက်ကို မဆိုင်းမတွ ချက်ချင်း အကောင်အထည်ဖော်ရန်လို၏။ ကျန်းမာရေးအတွက် အရိပ်အေးအေးမှာ စိတ်အေးအေးဖြင့် နားနားနေနေ နေထိုင်သင့်၏။

အချစ်ရေး စန်းပွင့်ပြီး ချစ်သူ၊ ခင်သူပေါ်များနေတတ်၏။ ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ကို ပစ်ခွင်းရန် ကြုံရတတ်သည်။ ချစ်သင့်သူ ဟုတ်/မဟုတ်ကို သေချာစွာ ရွေးသင့်၏။

**ထီကိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၁ ၈ ၇) (၂ ၈ ၄)

**ထကြာ**– မွေးနေ့မှာ သီလခံယူလျက် ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်သင့်၏။

## ဗုဒ္ဓဟူး



ကံတရားကို ဉာဏ်ကစားနေမည့် ကာလ။ အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားသိမြင်စွမ်းကောင်းနေမည်။ ပြောင်းလဲမှုများကြောင့် ကံတက်လမ်းပွင့်မည်။ လူတကာ၏ လိုက်လံပူဇော်စွာ ချီးကျူးအားပေးမှုခံရမည်။ ကျေးဇူးတုံ့ပြန်ခံရဖွယ်ကြုံမည်။ သူတစ်ပါး ကိုချီးမွမ်းထောမနာပြုဖို့ မမေ့သင့်ပေ။ ကျန်းမာရေး အနည်းငယ် ချူချာနေတတ်သည်။

အစွဲအလမ်းကြီးစွာ မာနကို ရှေ့တန်းတင်လွန်းနေမည်။ ချစ်အိပ်မက်လှလှလေး မပြိုကွဲစေရန် ဒေါသနှင့် မာနကို ချိုးနှိမ်ထားသင့်၏။ မကြာမီကာလမှာ အချစ်ကံကောင်းမည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၁ ၈ ၆) (၆ ၈ ၃)

**ထကြာ**– မွေးနေ့မှာ မိမိတတ်နိုင်သလောက် စေတနာအရင်းခံလျက် ဒါနပြုလှူဒါန်းသင့်၏။

## ကြာသပတေး



ခြေစုံရပ်လျက် တွေဝေနေမိချိန်။ ရပ်မနေသင့်ပေ။ ဆက်လျှောက်လိုက်ပါ။ မိမိ၏ အားနည်းချက်၊ အားသာချက်များကို နေ့စဉ် ဉာဏ်ပညာနှင့် နှိုင်းယှဉ်လေ့လာဆန်းစစ်သင့်၏။ သိလွယ်၊ မြင်လွယ်လျှင် အောင်မြင်ခြင်းကြီးယ် ထွန်းလင်းတောက်ပပေလိမ့်မည်။ သင့်မိသားစုအတွင်းရေးမှာ ဆန်းကြယ်လွန်းပြီး ပေါ်ပြူလာဖြစ်နေမည်။ ကျန်းမာရေးသင့်၏။

နေနှင့်လ၊ စိန်နှင့်မြသဖွယ် တင့်တယ်နေမည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က သင့်အချစ်ရေးကို မျက်စိဒေါက်ထောက်ကြည့်နေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ကြာသပတေး။

**အကျိုးပေးဝထာန်း** – (၆ ၈ ၉) (၉ ၈ ၆)

**ယတြာ–** ယောဂီဝတ်ကို ငွေလှူပါ။ ကိုယ်ဝန်ဆောင်ကို ဆေးနှင့် မုန့်လှူပါ။

**သောကြာ** 

အတိုင်းအတာတစ်ခုအထိ အောင်မြင်မည့်ကာလ။ နေရာတကာ ဉာဏ်နှင့်ယှဉ်လျက် လုပ်ကိုင်ဆောင်ရွက်နေလိမ့်မည်။ ပုံသေအလုပ်ထက် ပြောင်းလဲမှုမရှိသော အလုပ်များကို ပိုမိုစိတ်ဝင်စားနေမည်။ ဘဝမှာ ပြောင်းလဲသည်ဖြစ်စေ၊ မပြောင်းလဲသည်ဖြစ်စေ တာဝန် ကျေပွန်စွာ ဆောင်ရွက်ရန် အရေးကြီး၏။ ပေးထားသည့် ကတိတည်နိုင်ရန် ကြိုးစားသင့်၏။ ကျန်းမာရေးသင့်၏။

ချစ်သူက အစားမှား၊ ဆေးမှားပြီး ချူချူချာချာဖြစ်နေတတ်၏။ ချစ်သူလေး၏ ကျန်းမာရေးအတွက် အ ရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်နေရမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အကျိုးပေးဝထာန်း** – (၉ ၈ ၃) (၆ ၈ ၉)

**ယတြာ–** တုံ့ပြန်မှုကို မမျှော်လင့်ဘဲ အခက်အခဲရှိသူတ တတ်နိုင်သရွေ့ ကူညီလိုက်ပါ။

**စနေ** 

အသိဉာဏ်ပညာကြွယ်ဝနေချိန်။ အိမ်ခြံမြေ ကားအရောင်းအဝယ်လုပ်ငန်းများနှင့် အကျိုးအမြတ် ရှိပေလိမ့်မည်။ ကံကောင်းနေချိန်ဖြစ်သော်လည်း ရတန သုံးပါးကို မမေ့သင့်ပေ။ အများအတွက် ကောင်းကျိ ချမ်းသာရှိမည့် ကိစ္စရပ်များကို လုပ်ဆောင်ခွင့်ရရှိမည် ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာမှုများ ကြုံရပေလိမ့်မည်။

နားလည်မှု ပြည့်ဝပြီး မာနများ ခဝါချသည် ချစ်သူချောလေးနှင့် ကြုံမည်။ စာနာ၊ နားလည်မှုအပြည် ဖြင့် အချစ်ခရီးပန်းတိုင်ကို လျှောက်လှမ်းနေပေလိမ့် မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အကျိုးပေးဝထာန်း** – (၃ ၈ ၀) (၉ ၈ ၀)

**ယတြာ–** မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ အရင်း တည်လျက် သမထ၊ ဘာဝနာအလုပ်များကို မိမိ တတ်နိုင် သလောက် ပြုလုပ်သင့်၏။

**တက္ကသိုလ်စိုးမိုး**